

စာမူခွင့်ပြုချက်အမှတ် — — ၂၀၃/၉၄(၃)

မျက်နှာဖုံးနှင့်ရေခံခွင့်ပြုချက်အမှတ်— ၂၂၈/၉၄(၄)


ထုတ်ဝေသူ - ဦးကျော်လေး (၀၁၅၆၉)
ရွှေပြည်တော်စာပေ
၂၂၆/၃၂-လမ်း၊
ရန်ကုန်။

ပုံနှိပ်သူ — ဒေါ်ခင်သန်း (၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်
၂၀၃/ဗညားဒလလမ်း၊
မအူကုန်း၊ရန်ကုန်။

မျက်နှာဖုံး ပုံနှိပ်သူ — ဒေါ်ခင်သန်း (၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်
၂၀၃/ဗညားဒလလမ်း၊
မအူကုန်း၊ရန်ကုန်။

မျက်နှာဖုံးပန်းချီ — ပန်းချီမင်းသိုက်
အုပ်ရေ — ၅၀၀
တန်ဖိုး — ၆၃-ကျပ်
ပထမအကြိမ်
ဇွန်လ၊၁၉၉၄-ခုနှစ်၊



မကေ့ား

# ညိုစိမ့်

## ထံငေ့ါ်

ရွှေဇင်ဧယာ်


စာပေ
စုဿျာဉ်တန်းလမ်း - သာပေါင်းမြို့

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်
အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး
ကူညီကြသူများအား နဝရတ်စာပေ
ကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း။

မောင်ခင်ဇော် (စက်မှုတက္ကသိုလ်)
စီစဉ်သူ



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

စည်းကမ်းလိုက်နာ အေးကောင်းကွာ
ရိုးသားကြိုးစား လုပ်အားမြှင့်နိုင်ငံတည်
ရပ်ရွာအေးချမ်းစေလို ဥပဒေရိုမ်ကိုရို

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအညီ
ပြည်ထောင်စုသားအားလုံး၏
အဓိကကျသောတာဝန်ဖြစ်သည်။

# ရွှေဇင်ယော်

၈ ၁ ၆ ၂

စုံလျှော်ဥတန်းလမ်း • သာဓပေါင်းဖြိ •

မကွေးညိုစိမ့်

---

ကံဇော်

# ရွှေဇင်ယော်

၈၁၆၀

ဥယျာဉ်တန်းလမ်း • သာဃလ ါင်းမြို့

# ရွှေဇင်ယော်

၈ ၁ ၆ ပ

ဥယျာဉ်တန်းလမ်း - သာဓေါင်းမြို့

ကဏ္ဍ-၁

## ဆိပ်ကမ်းမှ အလောင်းတစ်လောင်း

---

ရွှေရင်သိမ်းသစ်။
မြစ်မျိုးမဲ့မထင်။
ဆူဆူဖြိုးဖြိုး။
အလှတွေ့တိုးနေတဲ့အရွယ်။
သယ်ကျော်သက်။

ကိုယ်ခန္ဓာအချိုးအဆစ်တာ ယောကျ်ားမှန်ဆမျှ ကြိုက်နှစ်သက်တဲ့ အရွယ်။

အခုတော့ ဗလာနတ္ထိ။
ဘာမှ သုံးမဖြစ်တော့။
သက်မဲ့ ကိုယ်ခန္ဓာကြီးဟာ မော်တော်ဆိပ်ကို ခေါင်းပြုနေသည်။

နဝရတ်စာပေ

'တိုးတိုး...တိုးတိုး...သဖန်းပိုး'

ဆိုသကဲ့သို့....

လာရောက်ကြည့်ရှုသူများက တစ်ယောက်နဲ့တစ်ယောက် ငြင်းခုံနေကြသည်။

'ဟော့....ဒါ ပင်လယ်ဖျံ စားတော်ဆက်က အဆိုတော် အလေးကွ'

ယောကျ်ားကြီးတစ်ယောက်က အလောင်းနှင့် ပတ်သက်ပြီး ယှဉ်တွဲနေတဲ့ အမျိုးသမီး၏လုပ်ငန်းကို အစဖော်ပေး၏။

'ဟုတ်တယ်ကွ....ငါလဲမြင်ဖူးပါတယ်ဆိုပြီး ကြည့်နေတာ၊ ဆက်မသတ်တော့ ပင်လယ်ဖျံ စားတော်ဆက်က ဆုဖြိုးဆွေဆိုတဲ့ ကောင်မလေးပါလားကွ'

တစ်ယောက်က သေသူ၏ အမည်နာမကို ထုတ်ဖော်၍ ပြောပြ၏။

'လည်ပင်းကို ဓားနဲ့လှီးထားတယ်ဟေ့'

တစ်ယောက်က ဒဏ်ရာကိုဖွင့်ဟ၏။

'မျက်ခွက်ကိုလဲ အစင်းကြောင်းကြီး ဆွဲထားတယ်ကွ။ တော်တော်ယုတ်မာတဲ့ လူသတ်ကောင်ပဲ'

'ကောင်မလေးက ဆောတယ်ကွ၊ တစ်လကို လခ နှစ်ထောင်ရတဲ့အပြင် တစ်ညကို ဘောက်ဆူးက ငါးထောင် လောက်ရတာ'





'အေး....ဟုတ်တယ်ကွ၊ အဲဒီငွေကို ယူချင်လို့ သတ်တာ ဖြစ်မှာ၊ ကြည့်စမ်း.... လက်ပွေ့အိတ်ကြီးကိုက လူသတ်ချင် စရာကြီးကွ'

'ဟော့ကောင်တွေ သောက်ရမ်း ဝေဖန်မနေကြနဲ့၊ ဟိုမှာ ကြည့်စမ်း၊ လက်ဆယ်ချောင်းလုံးမှာစိန်လက်စွပ်တွေအပြည့်'

'ခြေထောက်မှာလဲ လက်ကောက်ကြီးနဲ့'

'နင့်မေကာလိန်း.... ခြေထောက်မှာ လက်ကောက် ဝတ်မလားကွ၊ ရွှေခြေချင်းပါ'

'ခြေချင်းမဟုတ်ဘူးကွ၊ ဟန်းချိန်းလို့ခေါ်တဲ့ လက်မှာ ဝတ်တဲ့ လက်ကောက်အပျော့ကို ဝတ်ထားတာကွ၊ ဒါတွေ တောင် မယူဘူးဆိုတော့ ဒီလူသတ်ကောင်ဟာ ကောင်မလေး ကို သောက်မြင်ကတ်လို့ သတ်တာသေချာတယ်ကွ'

တစ်ယောက်တစ်ပေါက် မြင်းအိုးပေါက်သလို ဝေဖန် ပြောဆိုနေကြခိုက် မြည်သူ့ရဲတပ်ဖွဲ့ကားများ ရောက်လာကြ သည်။

'ပီပေါ်....ပီပေါ်....ပီပေါ်'

ပြည်သူ့ရဲ ဝါယာလက်ကားများ ရောက်လာပြီး ယူနီ ဖောင်းအပြည့်အစုံနှင့် နံပါတ်တုတ်များကိုင်ထားသည့် ပြည် သူ့ရဲများ ကားပေါ်က ဆင်းလာပြီး ဝိုင်းအုံကြည့်နေကြ သော လူထုပရိသတ်ကြီးကို ဘေးသို့ဖယ်ရှားစေလေ၏။

စိုင်းကြည့်နေသော ပရိသတ်ကြီးမှာ နွားရိုင်းများ ပြေးလွှားသကဲ့သို့ ဝရုန်းသုန်းကားဖြစ်ကာ ထွက်ပြေးကြလေ၏။

'ဝီ....ဝီ....ဝီ'

'ပီပေါ်....ပီပေါ်....ပီပေါ်'

မြစ်ကွေ့မြို့မှ ဆေးရုံကားတစ်စီး ဆိုက်ရောက်လာ၏။

ကားပေါ်မှ ယောကျ်ားသူနာပြုများ ဆင်းလာပြီး ပြည်သူ့ရဲမှ လုပ်ကိုင်စရာ ရှိသည်များကို လုပ်ကိုင်စေပြီးနောက် ပလတ်စတစ်အိတ်ဖြင့် အလောင်းကိုထည့်၍ သူနာပြုကားပေါ်သို့တင်ကာ ဆေးရုံသို့မောင်းထွက်ခဲ့လေတော့သတည်း။

တဒင်္ဂအတွင်း သည်ကိစ္စကို မေ့လိုက်ကြကာ ရေဝတီမြစ်၏ အနောက်ဘက်ကမ်းသို့ ခရီးထွက်မည့် သူများမှာ စိတ်အေးချမ်းသာစွာဖြင့် ပဲ့တောင်ပေါ်သို့ အသီးသီးဆင်းသွားကြလေတော့သတည်း။





ကဏ္ဍ-၂

လိုင်စင်ယူထားရသည့် လက်သီး

---

'မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်'

မိုးလုံလေလုံ အားကစားရုံကြီး၏ နံရံတွင် လွန်စွာကြီးမားသော စာလုံးကြီးများဖြင့် 'မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်'ဟု ထင်ရှားစွာ ရေးသားထားသည်ကို တွေ့မြင်ရ၏။

ထိုအားကစားရုံကြီး၏ အဝင်ပေါက်တွင် လက်အိတ်ကြီးများ စွပ်ထားသည့် လက်ဝှေ့ဟန်ရေးပြနေသော ပုံကြီးနှစ်ပုံ ရေးဆွဲထားသည်ကို လက်ဝှေ့ပွဲ လာရောက်ကြည့်ရှုသူများက ရှင်လန်းအားရစွာ ကြည့်နေလေ၏။

'ကံဇော်'

အထက်မြန်မာပြည် ချန်ပီယံ။

| | |
|---|---|
| အသက် | ၁၇ နှစ်။ |
| အရပ် | ၆ ပေ။ |
| ရင်အုပ် | ၂၂ လက်မ။ |
| လက်မောင်းကြွက်သား | ၁၆ လက်မ။ |
| ပြိုင်ပွဲဝင်ပြီးပွဲပေါင်း | ၃၀ ပွဲ။ |
| နိုင်ပွဲ | ၂၅ ပွဲ။ |
| သရေပွဲ | ၅ ပွဲ။ |
| အတတ်ပညာ | ကရာတေး၊ ဂျူဒို။ |
| ပညာအရည်အချင်း | ပထဝီစတုတ္ထနှစ်။ |
| အသားအရောင် | ဝါနီ။ |
| ဆံပင်အရောင် | ရွှေရောင် (ဆံရှည်)။ |
| ဇာတိချက်မြှုပ် | မုန်းသလဲရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း။ |

အားကစားရုံကြီး၏ အဝင်ပေါက် ညာဘက်မှ ချိတ်ဆွဲထားသော ပန်းချီကားကြီး၏ ကားချပ်နေသော ခြေနှစ်ချောင်း၏ကြားတွင် ၎င်း၏ကိုယ်ရေးအချက်အလက်များကို လက်ရေးလှလှဖြင့် စနစ်တကျ ရေးသားဖော်ပြထား၏။

ပန်းချီကားကြီးမှာ မြေပြင်မှ ပေသုံးဆယ်ခန့်မြင့်၏။ ပန်းချီဆရာ မောင်စစ်နိုင်၏ လက်ရာမြောက်မှုကြောင့် လာရောက် ကြည့်ရှုကြသော လက်ဝှေ့ဝါသနာရှင်များမှာ တစ်ဖက်တစ်ချက် ရေးဆွဲထားသော ပန်းချီကားကြီးများ၏အနီး၌ မခွာနိုင်ဘဲ ဖြစ်နေကြ၏။





'ကံဇော်ကွ'

'ကံဇော်နိုင်ရမယ်ဟေ့'

ကံဇော် အပေါ် သံယောဇဉ်ရှိနေသော လက်ဝှေ့ဝါသနာရှင် ပရိသတ်ကြီးက အားရဝမ်းသာ အော်ဟစ်ကာ ရှေ့ထဲသို့ ငင်သွားကြသည်။

'ကောင်းထက်ဇော်'

ညာလက်သီး လိုင်စင်ယူထားရသူ။

မြေလတ်ချန်ပီယံ။

| | |
|---|---|
| အသက် | ၁၉ နှစ် |
| အရပ် | ၆ ပေ ၁ လက်မ |
| ရင်အုပ် | ၂၀ လက်မ |
| လက်မောင်းကြွက်သား | ၁၅ လက်မ |
| ပြိုင်ပွဲဝင်ပွဲပေါင်း | ၃ ပွဲ။ |
| နိုင်ပွဲ (အဓေသပွဲ) | ၃ ပွဲ |
| အတတ်ပညာ | လက်သီးထိုးခြင်း သက်<br>သက် |
| ပညာအရည်အချင်း | ရူပဗေဒ၊ တတိယနှစ် |
| ထူးခြားချက် | ညာ ဘက် လက် ဖျံ တင်<br>ချောင်းတည်း။ |
| အသားအရောင် | ဖြူ |
| ဆံပင်အရောင် | အနက် |
| ဇာတိချက်မြှုပ် | နတ်မောက်မြို့၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်း။ |

ပန်းချီဆရာက ကောင်းထက်ဇော်၏မျက်နှာပုံသဏ္ဌာန်ကို ရှုသိုးသိုး ရေးဆွဲထား၏။

ကံဇော်ကို နှစ်သက်သူတို့က ကောင်းထက်ဇော်၏ ပန်းချီကားကို တံခတွားဖြင့် ထွေးဝင့်သွားကြသည်။

ကောင်းထက်ဇော်ကို အားပေးသူ နည်း၏။

သို့သော်

သုံးပွဲသာထိုးပြီး သုံးပွဲစလုံး အစာသထိုးသူနှင့် ပွဲ ၃၀ ထိုးရာတွင် အလဲပွဲ ၂၅ ပွဲ ထိုးသွားခဲ့သူ၊ ဒိုင်ပွဲရပ်ဖြင့် နိုင်ခဲ့သူတို့၏ ကျားနှင့်ဆင် တွေ့ဆုံပွဲကို လက်ဝှေ့ဝါသနာရှင်များ လွန်စွာ တောင့်တနေကြလေ၏။

အားကစားရုံကြီး ကွဲထွက်သွားတော့မလောက် ပရိသတ်ကြီး ပြည့်ကျပ်နေသည်။

ရုံထဲတွင် လူများပြည့်ကျပ်သော်လည်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည့် ပြိုင်ပွဲဝင်နှစ်ဦးမှာ အားကစားရုံနားသို့ပင် မရောက်ကြသေးပေ။

ထိုးရမည့်အချိန်က အချိန်တိုကလေးပဲ ဖြစ်သည်။

သုံးမိနစ် သုံးလား သုံးကြိမ်ထိုးရမှာ ဖြစ်သည်။

ဒိုင်လူကြီးများလည်း စုံနေချေပြီ။

လေးဖက်လေးနံတွင် ဒိုင်လူကြီး လေးဦးထားပြီး ရှေ့မျက်နှာစာတွင် အချက်ပေးမောင်းထုမည့် ဒိုင်နှင့် အထွေထွေဆောင်ရွက်မည့် ဒိုင်တို့ကိုထား၏။





ထိုးသတ်ရန် ငါးမိနစ်အလိုတွင် ကံဇော်သည် အက်စ်အီးကားအဖြူကလေးဖြင့် လက်ဝှေ့ရုံသို့ ရောက်လာပြီး မိမိအတွက်ထားသော အခန်းထဲသို့ ဝင်သွားခဲ့၏။

ရှေ့ဆင့်နောက်ဆင့်ဆိုသကဲ့သို့ပင် ကောင်းထက်ဇော်သည် မော်တော်ဆိုင်ကယ်ကိုစီး၍ လက်ဝှေ့ရုံသို့ ရောက်လာခဲ့လေသည်။

ဤသို့ လက်ဝှေ့သမားများ ရောက်လာသည်ကို ပရိသတ်လုံးဝ မသိလိုက်ပေ။

'မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်' ဆိုသည့် သီချင်းသံက အားကစားဇာတ်ရုံထဲတွင် လွှမ်းမိုးနေလေ၏။

လက်ဝှေ့ရုံ၏ ဘေးပတ်ဝန်းကျင်တွင် မြင်းလှည်းများ၊ ဆိုက်ကားများနှင့် စက်ဘီးများ ပြည့်ကျပ်နေ၏။

ကွင်းဝင်ကြေးမှာ လူတစ်ယောက်လျှင် ၃ဝိ/-ဖြစ်သော်လည်း ပွဲကြီးပွဲကောင်းဖြစ်သဖြင့် လက်လုပ်လက်စားသမားများကပါ မရှိရှိတာ ပေါင်နှံရောင်းချပြီး လက်လွတ်မခံဘဲ ဤပွဲကို လာရောက် ကြည့်ရှု အားပေးကြလေ၏။

လောင်းကြေးမှာ ကံဇော်က အလေးသာ၏။ ကောင်းထက်ဇော်ဘက်မှ လောင်းမည့်သူမရှိ။

'ကောင်းထက်ဇော်က တစ်ကွက် ကောင်း သ မားကွ၊ ပညာသားမပါဘူး၊ လက်ဝှေ့ပညာ လုံးဝမရှိဘူး၊ ကြက်ဆန်းဆန်အိုးတိုးမှ နိုင်မှာ'

ဟု လာရောက် ကြည့်ရှုသူများက တညီတညွတ်တည
ဆုံးဖြတ်ကြ၏။

'ကံဇော်'

ကံဇော်၏ဘဝသည် ဤလက်ဝှေ့ပွဲ၏အပေါ်တွင် မျ
စွာ တည်ရှိနေ၏။

လက်ဝှေ့ပွဲသွင်းသူမှာ ကံဇော်၏ ဆရာအရင်းခေါ
ခေါက်ဖြစ်သည်။

ကံဇော်၏ဆရာသည် မြစ်ကွေ့မြို့၏ မျက်နှာဖုံး ဘုရာ
ဒကာ ကျောင်းဒကာ ဦးပန်ကာဖြစ်သည်။

ဆီစက်ရှိသည်။

ပဲစက်ရှိသည်။

ဆန်ပွဲရုံရှိသည်။

မြစ်ကွေ့မြို့ကြီးကို တိုးချဲ့လိုက်သောအခါ ရန်ဝေးအ
ကို အိမ်ဝိုင်းငါးဝိုင်း ဆက်တိုက်ဝယ်လိုက်ပြီး မြေလတ်တ
ထွက်သော ကုန်များနှင့် ပတ်သက်သည့်ပွဲရုံများ စက်မျ
တည်ဆောက်လိုက်၏။

၎င်းဆီစက်များ ပဲခွဲစက်များအပြင် လွန်စွာကြီးကျ
သော တည်းခိုခန်းကြီးကို မြစ်ကွေ့မြို့၏ ကားဂိတ်အနီးတ
နှစ်ထပ်တိုက်ကြီး ဆောက်လုပ်ထားပြီး မကောင်းမှုမှန်သ
လျှို့ဝှက်သိပ်သည်းစွာ လုပ်ကိုင်နေသူ ဖြစ်ချေ၏။





၎င်းတည်းခိုခန်း၏ အပေါ်ထပ်တွင် ဂျင်ဝိုင်းရှိသည်။
ပဲဝိုင်းရှိသည်။ မာကျောက်ဝိုင်း ရှိသည်။ ယုတ်စွ အဆုံး
မကောင်းသည့် အမျိုးသမီးမှအစ မွေးမြူထား၏။

၎င်းဦးပန်ကာ ကိုယ်တိုင်က ဖင် ဖဲ ရိုက်၊ ကြက် တိုက်၊
လောင်းကစားမှန်သမျှ ဝါသနာပါသည်။

အထူးသဖြင့် အသတ်အပုတ် ဝါသနာထုံ၏။

ဘောက်စင်ပွဲများကို မကြာခဏသွင်း၏။

မြန်မာ့လက်ဝှေ့ပွဲ။

အင်္ဂလိပ်လက်ဝှေ့ပွဲ။

မြင်းပွဲ။

နွားပွဲ။

စသည်တို့ကို မိမိကဦးစီးပြီး ကြီးကြီးကျယ်ကျယ် လုပ်
တတ်၏။

လက်ဝှေ့ပွဲကိုလည်း ထိုးသတ်သူ များများမသွင်း။

မြန်မာပြည်တစ်နံတစ်လျားမှ အကောင်းဆုံးဆိုသည့် နှစ်
ယောက်ကိုသာခေါ်ပြီး သူသေကိုယ်သေ ယှဉ်ပြိုင်ခိုင်းလိုက်
တတ်လေ၏။

ထိုနှစ်ယောက်တွင်လည်း မိမိက အကောင်းဆုံးဆိုသူ
တစ်ယောက်ကို အိမ်မွေး ခြံပေါက်အဖြစ် လစာကောင်း
ကောင်းပေးပြီး မွေးကျွေးထား၏။

ကျွေးပြီးမှ မွေးထားခြင်း မဟုတ်။

သေသေချာချာ မွေးထားပြီးမှ ကျွေးထားပြီး လောင်းကြေးကို ငှင်းမွေးထားသူအပေါ်မှ တနင့်တပိုး တင်ပြီး လောင်းတတ်ချေ၏။

လောင်းကြေးကိုလှူသေကောင်အား မြေပြီးယူသကဲ့သို့ ယူတတ်၏။

မိမိ မွေးထားသူနှင့် ယှဉ်ပြိုင်သူသည် တစ်နည်းနည်း တစ်ခုခုတော့ အားနည်းချက် ရှိရမည် ဖြစ်၏။

ယခု လက်ဝှေ့ပွဲတွင် ကံဇော်မှာ မိမိ မွေးထားသူဖြစ်၏။

မြစ်အနောက်ဘက်သား ဖြစ်၏။

တစ်ဇောက်ကန်းသမား။

တစ်ကောင်ကြွက် တစ်မျက်နှာသမား။

သံယောဇဉ် တွယ်တာစရာမရှိ။

ထိုင်းနယ်စပ်ထိ တစ်ယောက်တည်း ပသျှူးများနှင့် မြန်မာလက်ဝှေ့ပွဲများကို အနိုင်ထိုးသတ်ခဲ့သူဖြစ်၏။

ဤမျှ သတင်းကျော်စောနေသူ အတွက် ဦးပန်ကာ မစွန့်စရာမရှိ။ စွန့်ရမည်။ ဤအကွက်သည် ပိုင်ကွက်ပဲဖြစ်သည်။

ဦးပန်ကာ၏ ပြိုင်ဘက်မှာ ဖိုးကျော်ဖြစ်၏။

ဖိုးကျော်ကလည်း လောင်းကစားသမားဖြစ်သည်။

ဘောလုံးပွဲအစ မကျန်အောင်လောင်းသူ ဖြစ်သည်။





ဦးပန်ကာနှင့်ဖိုးကျော်တို့ တွေ့ကြပြီဆိုလျှင် ရှိတာအကုန်ချွတ်၍ လောင်းတတ်ကြသည်။

ယခု ကံဇော်နှင့် ကောင်းထက်ဇော်တို့၏ လက်ဝှေ့ပွဲကြီးမှာ ဦးပန်ကာနှင့် ဖိုးကျော်တို့၏ စည်းစိမ်ပြုတ်လောင်းကြေးပွဲကြီးဖြစ်သည်။

အနက်ရောင် မာစီးဒီးကားကလေး လက်ဝှေ့ရုံအနီးသို့ ဆိုက်ကပ်လာ၏။

ကား၏ နောက်ခန်းတံခါး ပွင့်လာပြီး တောင့်တောင့်ဖောင့်ဖောင့် လူနှစ်ယောက် ဆင်းလာသည်။

ငှင်းနှစ်ယောက်သည် ထခုက်စွတ်ခေါ် အားကစားဝတ်စုံများ ဝတ်ထား၏။

ကား၏ ရှေ့တံခါးကို ထိုလူနှစ်ယောက်ထဲမှ တစ်ယောက်က ဖွင့်ပေးသည်။

ဖိုးကျော်သည် ကားပေါ်မှ ဆင်းလာ၏။

ထိုလူနှစ်ယောက်မှာ ဖိုးကျော်၏ သက်တော်စောင့်များ ဖြစ်ကြသည်။

တစ်ချိန်က လက်ဝှေ့ကျော် ဟောင်းကြီး များ လည်း ဖြစ်၏။

ယက္ခနှင့် ဂုမ္ဘာန်ဟု ခေါ်သည်။

ယက္ခနှင့် ဂုမ္ဘာန်တို့မှာ ဖိုးကျော်၏ သက်တော်စောင့်များ ဖြစ်သကဲ့သို့ ယခုပွဲတွင် လက်ဝှေ့ယှဉ်ပြိုင်မည့် ကောင်းထက်ဇော်၏ စင်္ကြံခေါ် ပြုစုစောင့်ရှောက်မည့်သူများ ဖြစ်သည်။

ဖြိုးကျော်သည် အခမ်းအနားမှူး အစီအစဉ်ကြေငြာသူ၏ နောက်တွင်ရှိသော ကုလားထိုင်ပေါ်တွင် ထိုင်လိုက်၏။

ယက္ခနှင့် ဂုဏ္ဏာန်တို့နှစ်ယောက်သည် ဖြိုးကျော်၏ လက်ဝဲလက်ယာမှ ရပ်လျက်ရှိ၏။

'ရွှေပွဲလာပရိသတ်အပေါင်းတို့ခင်ဗျား'

'ရွှေခါးပတ်လုပွဲကြီးကို ယခုအချိန်မှ စတင်ပါတော့မယ်'

'အနီထောင့်မှ ကံဇော်ဟာ အရှေ့တောင်အာရှကျွန်းဆွယ် ချန်ပီယံဖြစ်ပါတယ်'

'ပြိုင်ပွဲ ၃၀ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ၂၅ ပွဲ အနိုင်ထိုးခဲ့ပြီး ၅ ပွဲ သရေကစားခဲ့ပါတယ်၊ ယခုလက်ရှိ အထက်မြန်မာပြည်ချန်ပီယံဖြစ်ပါတယ်'

'အပြာထောင့်မှ လက်ဝှေ့သမားကတော့ လက်ဝှေ့ပွဲ အတွေ့အကြုံ တော်တော်နုပါတယ်၊ နာမည်က ဓားထက်ဇော်လို့ ခေါ်ပါတယ်'

'ပြိုင်ပွဲ အတွေ့အကြုံ ၃ ပွဲပဲ ရှိပါသေးတယ်၊ ဒါပေမယ့် ဒီ ၃ ပွဲလုံးမှာ သူနဲ့ယှဉ်ပြိုင်သူသုံးယောက်စလုံး ကြိုးဝိုင်းထဲမှာပဲ သေဆုံးခဲ့ပါတယ်'

'ဒါကြောင့် သူ့ ညာဘက်လက်သီးကို အရမ်းမဲ့ သုံးခွင့်မပြုပါဘူး'

'ဒီပွဲမှာလဲ ညာဘက်လက်သီး သုံးခွင့်မရှိပါဘူး၊ သူ့ရဲ့ ညာဘက်လက်ဖျံရိုးဟာ ထူးထူးခြားခြား တစ်ချောင်းတည်း





ဖြစ်နေပါတယ်၊ ဘယ်ဘက်လက်ဖျံကတော့ သူများနည်းတူ နှစ်ချောင်းပဲ ဖြစ်ပါတယ်'

'ဒီပွဲမှာ သေကောင်ပေါင်းလဲ ခံရမှ ညာဘက်လက်သီးကို သုံးခွင့်ပြုမှာ ဖြစ်ပါတယ်၊ သို့သော် ညာဘက်လက်သီးကြောင့် ယှဉ်ပြိုင်သေဆုံးခဲ့ပါက လူသတ်မှုဖြင့် တရားစွဲမှာဖြစ်ကြောင်း ကြိုတင်ပြီး ရွှေပွဲလာများ သိရှိထားရန် ကြေညာလိုက်ရပါတယ်'

အခမ်းအနားမှူး ဒိုင်ချုပ်က ကြေညာ၏။

ပရိသတ်များ လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။

'ဒီကောင်က သူ့လက်ကို လိုင်စင် ယူမထားဘူးလား'

ပွဲကြည့်ပရိသတ်တစ်ယောက်က အနီးအနားတွင် ကပ်နေသူအား မေးလိုက်၏။

'လိုင်စင်မထားလို့ ဖြစ်မှာပေါ့ကွ'

တစ်ယောက်ကဖြေ၏။

ထိုသို့ အမေးအဖြေလုပ်နေသူများကို ဖြိုးကျော်က လှမ်းကြည့်ပြီး မသိမသာခေါင်းညိတ်ပြီး ထောက်ခံ၏။

လက်သီးကို လိုင်စင်ယူရမည်ဖြစ်ကြောင်း ဓားထက်ဇော် မသိ။

နားလည်းမလည်ပေ။ ဆင်ကန့်တောတိုးသမား ဖြစ်၏။ တုံးဆိုတိုက် ကျားဆိုကိုက် မိုက်မိုက်ကန်းကန်း တဇောက်ကန်းသမား ဖြစ်ချေ၏။

'ဖြောင်း.... ဖြောင်း.... ဖြောင်း'

'ဝေး.... ဝေး....'

'ကံဇော်ကွ ကံဇော်'

လက်ဝှေ့ မဲ့ကွင်းကြီး တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

ပရိသတ်၏အချစ်တော် ကံဇော်သည် စွပ်ကျယ်ချိုင်းပြတ် အနီရောင် ဝတ်ထားပြီး ဘောင်းဘီကလည်း အနီရောင်ပင် ဖြစ်၏။

ခြေအိတ်ကလည်း အနီ။

နောက်ဆုံး ဘောက်စင်ရှူး (Boxing Shoe) ကအစ အနီရောင် ဖြစ်သည်။

လက်အိတ်ကလည်း ကံဇော် အတွက် အနီရောင်သားရေနှစ်ကို သီးသန့် မှာချုပ်ထားသည်။

ခါးတွင် ထိုင်းနှင့် မြန်မာနယ်စပ်တွင် ကျင်းပခဲ့သည့် မြန်မာ့လက်ဝှေ့ပြိုင်ပွဲတွင် အနိုင်ရ၍ ဆုရခဲ့သော သိမ်းငှက်ကြီး ဒေါ်သကြီးစွာ ပျံသန်းနေသည့် ပန်းပဝါ ခါးပတ်ခေါင်းကြီးပါသည့် ရွှေခါးပတ်ကြီးကို ပတ်ထားသည်။

ကံဇော်သည် အကူလူများ၏ ပံ့ပိုးမှုဖြင့် ကြိုးဝိုင်းထဲသို့ ဝင်ခဲ့ပြီး ပရိသတ်ကို ကြိုးဝိုင်းပေါ်မှ လက်မြှောက်ကာ နှုတ်ဆက်ဂါရဝပြုလေ၏။

လက်ဝှေ့ပွဲလာ ပရိသတ်ကလည်း လိုလိုချင်ချင် နှစ်နှစ်ခြိုက်ခြိုက် အားပေးကြ၏။





'ကံဇော် ချန်ပီယံ'

'ချန်ပီယံ ကံဇော်ကွ'

'ဆွေမျိုးမေ့အောင် သင်ခန်းစာပေးလိုက်ဟေ့'

အရပ်ရှစ်မျက်နှာမှ လူအားလုံးကို ကံဇော်သည် ရှိခိုး၍ ဂါရဝပြုလိုက်သည်။

အရှေ့။

အနောက်။

တောင်နှင့် မြောက်အပြင်

အရှေ့ထောင့်။

အနောက်ထောင့်။

တောင်ထောင့်နှင့် မြောက်ထောင့်တို့မှ ပရိသတ်များကို ရှိခိုး၍ ဂါရဝပြုလိုက်ခြင်း ဖြစ်၏။

ကံဇော်၏ အပြုအမူကို ပရိသတ်က များစွာ သဘောကျနှစ်ခြိုက်လေ၏။

လေးဖက်လေးတန်မှ ဗီဒီယို မှတ်တမ်းတင်အဖွဲ့ကလည်း ကံဇော်၏ လုပ်ဆောင်ချက်အားလုံးကို မလွတ်တမ်း မှတ်တမ်းတင်ထား၏။

ဇင်ယော်ဗွီဒီယို။

ဝင်းခေတ်အောင် ဗီဒီယို။

ဖူဂျီဗွီဒီယိုနှင့် စံပြဗွီဒီယိုတို့ ဖြစ်ကြ၏။

ကံဇော်သည် ပရိသတ်ကို ဂါရဝပြုပြီးသော် မိမိအတွက် သတ်မှတ်ထားသော အနီထောင့်နေရာသို့ သွားရောက်၍ ထိုင်လေ၏။

မျှားမကြာမီ အချိန်အတွင်းမှာပင် ပုဆိုးကို ခပ်တိုတို ဝတ်၍ လက်အိတ်မပါ ဗလာချီသက်သက်ဖြင့် ကောင်းထက် ဇော် ကြိုးဝိုင်းအတွင်းသို့ ကြိုးများကို လက်ဖြင့်ထောက်ပြီး ခုန်၍ ဝင်လိုက်၏။

'နွားကြီး'

'ဝက်ကြီး'

'ရှုံးမျိုးကြီးကွ'

'ဟား.... ဟား.... ဟား'

ပရိသတ်က ရယ်စရာသတ္တဝါတစ်ကောင်ရောက်လာသကဲ့ သို့ ကောင်းထက်ဇော်အား သရော်လှောင်ပြောင်ကြလေ၏။

ကောင်းထက်ဇော်သည် မိမိနေရမည့် အပြာထောင့်သို့ သွားပြီး လုံချည်ကို ကွင်းလုံးကျွတ်ချွတ်ချကာ အပြာထောင့် ကြိုးတန်းပေါ်တွင် တင်ထားသော မည်းကြုတ်ကြုတ်လက် အိတ်နှစ်ခုကိုယူ၍ စွပ်လိုက်လေ၏။

ကောင်းထက်ဇော် ထိုသို့ လက်အိတ်များ စွပ်နေခိုက် ယက္ခနှင့် ဂုမ္ဘာန်တို့ ကြိုးဝိုင်းပေါ်သို့ တက်လာကြပြီး ကောင်း ထက်ဇော်၏ လက်အိတ်မှ ကြိုးများကို သေသပ်ခိုင်ခံ့အောင် ချည်နှောင်၍ ပေးလေ၏။

ဂုမ္ဘာန်သည် ကောင်းထက်ဇော် ချွတ်၍ ပုံထားသော လုံချည်ကို ခြေထောက်ဖြင့်ကန်၍ ကြိုးဝိုင်း၏ အပြင်သို့ ထုတ် လွှတ်လိုက်၏။

ကောင်းထက်ဇော်၏ အပေါ်မှ ရှပ်အင်္ကျီကို ချွတ်လိုက် သောအခါ ညစ်ထေးထေးအရောင် စွပ်ကျယ်ပေါ်လာ၏။





စွပ်ကျယ်သည် အသစ်မဟုတ်။

လက်ဝှေ့ဖွဲ့မှန်သမျှ ဤစွပ်ကျယ်ပဲ ဝတ်ခဲ့ပုံပေါ်၏။

သွေးခြောက်များ စွပ်ကျယ်အနှင့် ကပ်လျက်ရှိ၏။

စွပ်ကျယ်တွင် အင်္ဂလိပ်စာတန်းတစ်ခု ထိုးထားသည်။

ထိုစာတန်းမှာ....

'Killer'

'ကေးလား'

ဟူ၍ ဖြစ်သည်။

အရှင်းဆုံး ဘာသာပြန်ရလေသော်....

'လူသတ်ကောင်' ဟူ၍ ဖြစ်လေသတည်း။

လက်ဝှေ့ပွဲထိုးသတ်သူ၏ လိုအပ်ချက်များအားလုံးလုပ်ပြီး သော် ယက္ခနှင့် ဂုမ္ဘာန်တို့နှစ်ယောက်က ကြိုးဝိုင်းအပြင်သို့ ထွက်သွားကြ၏။

ကောင်းထက်ဇော်သည် ကြိုးဝိုင်းအလယ်သို့ရောက်အောင် လာပြီးသော် ပွဲကြည့်ပရိသတ်ကို အရပ်ရှစ်မျက်နှာသို့ လှည့် ကာ လက်သီးဆုပ်၍ ပြလေ၏။

ပရိသတ်ကို လက်သီးဆုပ်ပြပြီးသော် အနီထောင့်တွင် ထိုင် နေသော ကံဇော်ကို လက်သီးပြ၍ အံကိုက်၊ အံကြိတ်၍ ရှိုင်းပျစွာ ပြလေ၏။

ထို့နောက် မိမိထိုင်ရမည့် အပြာထောင့်သို့သွားပြီး မထိုင် ဘဲ ကြိုးကိုလက်နှစ်ဖက်ဖြင့် မိမိရရကိုင်ကာ ဖြိုးကျော်ကို စိမ်း စိမ်းကားကားကြီး ကြည့်နေလေ၏။

ဖြိုးကျော်က ပြုံးမြသည်။

ကောင်းထက်ဇော်က ထိုသို့ ပြုံးပြမှုကို တစ်ချက်ကလေးမှ အသိအမှတ်မပြု။

ဖြိုးကျော် နှာခေါင်းရှုံ့သွားလေ၏။

'အရိုင်းအစိုင်းကောင်'

'အတ္တဘောကောင်'

ပရိသတ်က မကျေနပ်ဖြစ်ကာ ရိုင်းပြသော စကားများဖြင့် ကောင်းချီးပေးလေ၏။

'ကံဇော် ချန်ပီယံ'

'ချန်ပီယံ ကံဇော်'

ကံဇော့်ကိုသာ အင်တိုက်အားတိုက် အားပေးကြတော့သည်။

ကြိုးဝိုင်းဒိုင်လူကြီး ကြိုးဝိုင်းထဲသို့ ဝင်လာ၏။

ထို့နောက် ကံဇော်နှင့် ကောင်းထက်ဇော်တို့နှစ်ယောက်ကို ကွင်းအလယ်သို့ ခေါ်ယူလိုက်သည်။

ထောက်စင်၏ စည်းကမ်းချက်များ ပြောပြ၏။

လက်ဝှေ့အိတ်ကို စစ်ဆေး၏။

ထို့နောက် မိမိတို့၏နေရာအသီးသီးသို့ ပြန်၍ သွားစေ၏။

ထိုသို့သော အခြေအနေအားလုံးကို လက်ဝှေ့စင်၏ အပေါ်ထပ် မှန်လုံခန်းထဲမှ ဦးပန်ကာက ကြည့်နေ၏။

ဦးပန်ကာနှင့် ဖြိုးကျော်တို့၏ လောင်းကြေးမှာ ၁၀ သိန်းဖြစ်ချေ၏။

ဤသို့ လောင်းကြေးရှိသည်ကို မည်သူမှ မသိ။





ဦးပန်ကာနှင့် ဖြိုးကျော်တို့၏ သက်တော်စောင့်များပင် မသိကြပေ။

ဖြိုးကျော်သည် မှန်လုံခန်းပေါ်သို့ မော့ကြည့်ပြီး ဦးပန်ကာကို လက်မထောင်ပြ၏။

ဦးပန်ကာကလည်း ဖြိုးကျော်ကို ပြန်၍ လက်မထောင်ပြလိုက်သည်။

လက်ဝှေ့ဒိုင်ချုပ်မှ ပထမအချီ လက်ဝှေ့ပွဲထိုးသတ်ရန် အချက်ပေးသော မောင်းသံက ဆူညံနေသော ပရိသတ်၏ အသံကို ကျော်လွှား၍ ထွက်ပေါ်ခဲ့လေတော့သတည်း။

**ရွှေဇင်ယော်**

၈ ၁ ၆ ၀

စုဈေးဥ်တန်းလမ်း- သာပေါင်းမြို့

## အခန်း-၂

## လှေခွက်ချည်းကျန် အလံမလှဲ

'တာလီးယားသည်ရှင်း'

Clear the Ring

'ဖတ်စ် ရောင်း'

'First Round'

'ကြိုးဝိုင်းရှင်းပြီးပါပြီ၊ ပထမအကြိမ်ထိုးပါ'

'ဒေါင်'

ဒိုင်ချုပ်စားပွဲမှ အချက်ပေးသံချောင်းသံနှင့် ဘောက်
စင်ပွဲစပြီဖြစ်ကြောင်း ကြေငြာသံထွက်လာသည်။

ကြိုးဝိုင်းဒိုင်က ကွင်းအလယ်မှာ မတ်တတ်ရပ်ပြီး အနီ
ထောင့်နှင့် အပြာထောင့်မှ လက်ဝှေ့ယှဉ်ပြိုင်မည့်သူနှစ်ဦးကို
လက်ယပ်ပြ၍ ခေါ်လိုက်၏။





ကောင်းထက်ဇော်သည် ကြိုးများကို လက်ကကိုင်ထား
ပြီး ဒိုင်ကို ရှုသိုးဆိုး မျက်နှာဖြင့် ကြည့်နေ၏။

ဒိုင်ခေါ်ရာသို့မသွား။

ပေကတ်ကတ် လုပ်နေသည်။

ကံဇော်သည် အနီထောင့်မှထ၍ ဒိုင်လူကြီးထံ ထွက်လာ
၏။

'ကံဇော်ကွ... ကံဇော်'

'ချန်ပီယံ ကံဇော်'

ပရိသတ်က ကောင်းချီးသြဘာပေး၏။

ကံဇော်ကို ပရိသတ်က ချစ်ကြသည်။

ကံဇော်တို့က သွားလေရာ လူချစ်များသည်။

ဘယ်မြို့မှာပဲ သွားပြိုင်ပြိုင် ပွဲကြည့်ပရိသတ်၏ မေတ္တာရိပ်
ကြောင့် အနိုင်ရသည်က များသည်။

အားတစားသမား မှန်သမျှသည်....

ပရိသတ် အားပေးမှုက ပထမ။

ပရိသတ် အားပေးမှုက အဓိက။

ပရိသတ် အားပေးမှုက ပဓာနကျလေ၏။

ကံဇော်သည် ဒိုင်လူကြီးနှင့် လက်တစ်ကမ်းအကွာသို့
ရောက်သော် ညာဘက်လက်သီးကို မေးဖျားတွင်လည်း
ကောင်း၊ ဘယ်ဘက်လက်သီးကို မျက်နှာကိုလည်းကောင်း
ကွယ်ထား၍ ထိုးသတ်ရန် အသင့်သင့် စောင့်နေလေသည်။

ကောင်းထက်ဇော် လုပ်ကိုင်နေပုံကို ဒိုင်လူကြီး စိတ်
မရှည်တော့။

ညာဘက်လက်ဖဝါးကို ပက်လက်လှန်လျက် လက်ဝါးကို ဖြန့်လိုက် ဆုပ်လိုက်လုပ်ကာ ကောင်းထက်ဇော်ကို လှာရန် ခေါ်နေလေ၏။

ကောင်းထက်ဇော်သည် သမင်လည်ပြန် လှည့်ကြည့်ကာ မလှည့်ချင်လှည့်ချင် ဒိုင်လူကြီးဘက်သို့ လှည့်၏။ မလှမ်းချင် လှမ်းချင် လှမ်း၍ ကွင်းအလယ်သို့ လျှောက်လာခဲ့သည်။

'အတ္တဘောကြီး'

'အရှိုင်းကောင်ကြီး'

'နွားကြီး'

'ဝက်ကြီး'

'ကံဇော်ဒီကောင်ကြီးကို အသေဖြိုလိုက်ဟေ့၊ မင်းနောက်မှာ ငါတို့ရှိတယ်ကွ'

ကောင်းထက်ဇော်၏ မထိမဲ့မြင်လုပ်နေမှုကို မကျေမနပ်ဖြစ်ကြကာ အော်ဟစ်ဆဲဆို နေကြလေ၏။

လုံးလုံး ဂရုမစိုက်။

ကောင်းထက်ဇော်က လုံးလုံးဂရုမစိုက်။

ဖရိုသတ်ကို ဖုဘ်လေသည့်ငါးပိ ရှိလေသည်မှ မထင်။ စားတော့ဝါးတော့မည့် အကြည့်ဖြင့် ကံဇော်ကိုသာ စူးစူးစိုက်စိုက်ကြည့်ပြီး တရွေ့ရွေ့ဖြင့် တစ်လှမ်းချင်း လျှောက်လာနေလေ၏။

ကွင်းလယ်ဒိုင်လူကြီး စိတ်မရှည်တော့။

ကံဇော်လည်း စိတ်မရှည်တော့။





'ထိုး'

ဒိုင်လူကြီးက ကောင်းထက်ဇော် အဆင်သင့်မဖြစ်မီပင် ထိုးဖို့ အမိန့်ပေးလိုက်သည်။

ကံဇော်သည် ဒိုင်လူကြီး၏ အမိန့်စကားမဆုံးမီပင် ပြေး၍ ညာဝိုက်လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

'ဖောင်း'

'ဝှီး'

'ဟေး....ဟေး....ဟေး'

'ကံဇော်ကွ'

ပရိသတ်က တစ်ခဲနက် အားပေးသည်။

ကံဇော်၏ လက်သီးချက်က ပြင်းထန်လွန်း၏။

ကောင်းထက်ဇော်၏ ပါးစပ်ထဲမှ ရေမြှုပ်က အပြင်သို့ ခုန်ပေါက်ထွက်လာပြီး ပွဲကြည့်ပရိသတ်ဆီသို့ ပြေးထွက်သွား၏။

မျက်နှာက နောက်သို့ လည်ထွက်သွားသည်။

'ဒုတ်'

'အင့်'

'ဖောင်း'

'ဝုန်း'

ကောင်းထက်ဇော် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

ကံဇော်က ဆက်ထိုးမည်လုပ်ရာ ကြိုးဝိုင်းဒိုင်က ကံဇော်၏ရှေ့မှကာကွယ်၍ ကောင်းထက်ဇော်ကို ခွပြီး ရပ်ထား၏။

ကံဇော်သည် ကောင်းထက်ဇော်၏ ဝမ်းဗိုက်ကို ဘယ်ဖြောင့် လက်သီးသွင်းပြီး ညာပင့်လက်သီးတစ်လုံးက ဇယ်ဆက်သကဲ့သို့ ဆက်တိုက်ထိုးချလိုက်ရာ ဗရိသတ်၏ ချဉ်ဖတ်ကြီး ကောင်းထက်ဇော်တစ်ယောက် ကြမ်းပြင်ပေါ် သို့ မှောက်လျက် လဲကျသွားသည်။

ကံဇော်၏ လက်သီးချက်တာ နာသည် မနာသည်တော့ မသိ။

ကြမ်းပြင်နှင့် မျက်နှာ ရိုက်မိသည့်ဒဏ်ကတော့ ကောင်းထက်ဇော်တစ်ယောက် မသက်သာလိုက်ပေ။

ကောင်းထက်ဇော်၏ မျက်နှာတွင် သွေးများ ချင်းချင်းနီလာသည်။ မူးမိုက်သွားသဖြင့် ခေါင်းပင် မထူနိုင်ပေ။

'တစ်'

'နှစ်'

'သုံး'

ဒိုင်လူကြီး၏ ဂဏန်းရေတွက်သံများ ကြားနေရသည်။

လက်ဝှေ့ပွဲကွင်းကြီး ကွဲထွက်သွားတော့မလောက် ကံဇော်၏ အမည်များကို ခေါ်၍ အားပေးနေသံများ ဆူညံနေ၏။

'လေး'

'ငါး'

'ခြောက်'

ဒိုင်လူကြီးက ဂဏန်းကို ဆက်လက်၍ ရေတွက်နေ၏။





ကံ့ဇော်သည် လက်နှစ်ဖက်ကိုမြှောက်၍ ပရိသတ်ကို ချာချာလှည့်ကာ နှုတ်ဆက်နေ၏။

ဒိုင်လူကြီးသည် ဂဏန်းရေတွက်နေရာမှ ကံဇော်၏ပခုံးကို ဆွဲပြီး အဖြူထောင့်တွင် ဣန္ဒြေရရသွားနေရန် ကိုယ်ဟန်အမူအရာဖြင့် ပြလိုက်သည်။

'ခုနစ်'

'ရှစ်'

'ကိုး'

ကံဇော်သည် အဖြူထောင့်သို့သွားနေရင်းမှ ပရိသတ်ကို ပြုံးရွှင်စွာဖြင့် နှုတ်ဆက်နေသည်။

ကောင်းထက်ဇော်သည် လက်နှစ်ဖက်ကိုအားယူ၍ ကြမ်းပြင်ကိုထောက်ပြီး လဲနေရာမှ ထ၍ရပ်လိုက်၏။

ဂဏန်းရေတွက်မှု ၁၀ သို့ မရောက်လိုက်ပေ။

ဒိုင်လူကြီးသည် ကောင်းထက်ဇော်၏ လက်အိတ်နှစ်လုံးကို ဆွဲယူကာ မိမိ၏ဘောင်းဘီဖြင့် ဖုန်များကို သုတ်လိုက်သည်။

ကောင်းထက်ဇော်၏ မျက်လုံးထဲတွင် လက်ဝှေ့ကွင်းကြီး ချာချာလည်နေ၏။

ပရိသတ်များလည်း ချာချာလည်နေသည်။

မျက်လုံးထဲသို့ သွေးများတချို့ဝင်လာ၏။

အမြင်အားလုံး မှုန်ဝါးဝါးဖြစ်နေသည်။

ခေါင်းထဲအလည်း မူးမိုက်မိုက်ဖြစ်နေ၏။

ဘာကိုဘာမှ မကြည်လင်။

နားထဲတလည်း လေများထွက်နေသည်။

'တော်တော် လက်သီးပြင်းတဲ့ကောင်ပဲ'

ကောင်းထက်ဇော် မှတ်ချက်ချလိုက်၏။

ရွှေရတဲ့မျက်နှာ။

ဦးပန်ကာ၏ မျက်နှာက ရွှေရတဲ့မျက်နှာ။

တစ်ကိုယ်လုံး လှုပ်ယမ်းနေအောင် နှစ်နှင့်ခြိုက်ခြိုက် ရယ်နေ၏။

မျောက်ကိုက်ခံရသည့် မျက်နှာ။

ပြီးကျော်၏ မျက်နှာပြင်မှာ မျောက်ကိုက် ခံရသကဲ့သို့ မှဲ့နေ၏။

'ဘောက်စ်'

ဒိုင်လူကြီးက ထိုးရန် အချက်ပေးလိုက်သည်။

ကောင်းထက်ဇော် ကံဇော်ကိုထိုးရန် ကြည့်လိုက်သည်။

နှစ်ယောက်။

ကောင်းထက်ဇော်၏ မျက်လုံးထဲတွင် ကံဇော်နှစ်ယောက် ဖြစ်နေသည်။

မပီ....

မပြင်....

ဝိုးတိုးဝါးတားသာ မြင်နေရ၏။

'ဘယ်ဟာ ကံဇော် အစစ်လဲ'

စိတ်ထဲမှ မေးကြည့်မိ၏။

ကံဇော်သည် သိုင်းကွက်ဖြင့် ခြေနင်းကာ ကောင်းထက်ဇော်၏ အနီးသို့ ကပ်လာပြီး ဘယ်ဝိုက် လက်သီးတစ်လုံး





ကောင်းထက်ဇော်၏ ညာဘက် မေးရိုးသို့ မိမိရရ ထိုးချလိုက်၏။

'ဖောင်း'

'အား'

သွေးများ ပါးစပ်ထဲမှ ဖြာထွက်လာပြီး ဒိုင်လူကြီးနှင့် ကံဇော်ကို စင်ကုန်၏။

ကံဇော်သည် ဘယ်ညာ လက်သီးများ ဆက်တိုက်ပစ်သွင်း၏။

ကောင်းထက်ဇော် ကြိုးတန်းပေါ်သို့ ကျောဖြင့်ပိုး လျက်တင်သွား၏။

ဝမ်းဗိုက်နှင့် အရိုက်တို့ကို ကံဇော်က ဘယ်ပင့် ညာပင့် လက်သီးများ ပစ်သွင်း၏။

'ဒေါင်'

ပထမအကြိမ် စေ့သွားကြောင်း အချက်ပေးသံချောင်း မြည်လာ၏။

'ဘရိတ်'

'ရပ်တော့'

ဒိုင်လူကြီး၏ တားမြစ်ချက်ကြောင့် ကံဇော် အထိုးရပ်သွားသည်။

ကောင်းထက်ဇော်တစ်ယောက် ကြိုးတန်းကိုကျောမှီရာမှ ဘဖြည်းဖြည်း ဒူးထောက်ကျသွား၏။

အနီးထောင့်တွင် ကံဇော်သည်ကောင်းစွာအနားယူနေ၏။

ငင်း၏ ဒုတိယလူများက ရေပတ်တိုက်ပေးခြင်း၊ နှိပ်နယ် ပေးခြင်းများ ပြုစုပေးနေ၏။

'ဒုတိယအချီမှာ အပြတ်ဆော်ပေတော့'

'မြန်မြန်ပွဲသိမ်းလိုက်ဟေ့ ကံဇော်'

'ရေရှည်ဆွဲထိုးနေလဲ မင်းပင်ပန်းတယ်'

'ဟိုမှာကြည့်လိုက်စမ်း၊ တို့ဆရာကြီး ဦးပန်ကာ ဘယ်လောက် ပျော်နေသလဲ၊ မင်းကတော့ သုံးသိန်းထက်မနည်း ဘောက်ဆူးရမှာကွ၊ ဟား ဟား ဟား'

'တို့ကိုလဲ ပြုစုဖို့မမေ့နဲ့နော်'

ကံဇော်၏ ဒုတိယလူများက ကရားရေလွှတ် တတွတ်တွတ် ပြောနေလေ၏။

ကံဇော်၏ကိုယ်လုံးတွင် ချွေးများနှင့် ကောင်းထက်ဇော်၏ သွေးများကလွှဲပြီး မည်သည့် ဒဏ်ရာဒဏ်ချက်မှ မရှိပေ။ ဖင်တကြွကြွဖြစ်နေ၏။

ဖြိုးကျော် ဖင်တကြွကြွ ဖြစ်နေသည်။

သိန်းဒေပါင်း မြောက်မြားစွာသော ငွေများ လေပြင်း မုန်တိုင်းထဲတွင် လွင့်မျောနေသည်ကို မျက်စိထဲတွင် မြင်ယောင်နေ၏။

မိမိလက်ထဲမှ ငွေစက္ကူများသည် ဘောက်စင် (လက်ဖွေ့) ထိုးနေသော ကြိုးစင်ပေါ်မှဖြတ်၍ အထက်ဆင့် မှန်လုံခန်း ထဲတွင် ထိုင်ပြီးကြည့်နေသော ဦးပန်ကာ၏လက်ထဲသို့ ပြေး လွှား ဝင်ရောက်သွားနေသည်ဟု မြင်ယောင်နေ၏။





ကောင်းထက်ဇော်သည် ယိုင်ယိုင်နဲ့နဲ့ဖြစ်လျက် ကြိုးတန်း ကို လက်ဖြင့်ကိုင်ပြီး အပြာထောင့်သို့ ရောက်သည့်တိုင်အောင် ကြိုးစား၍ သွားနေရလေ၏။

'ဟေ့ကောင် ထိုင်ကွာ'

ယက္ခက အမိန့်ပေး၏။

ကောင်းထက်ဇော်က ယက္ခကို စူးစူးဝါးဝါးကြည့်လိုက် သည်။

'ထိုင်ကွ၊ မင်းမျက်နှာ သွေးတိတ်အောင် ရေခဲကြပ်ပူ ထိုးရမယ်'

ဂုမ္ဘာန်က သတိပေး၏။

မထိုင်ချင့်ထိုင်ချင် ခုံပေါ်သို့ ထိုင်လိုက်သည်။

ရေသန့် ရေပုလင်းတစ်လုံး ကောင်းထက်ဇော်၏ လက်ထဲ သို့ ထည့်ပေးလိုက်သည်။

ကောင်းထက်ဇော်သည် ရေသန့်ပုလင်း အဖုံးဖွင့်ပြီးသား ကို လက်အိတ်ကြီးဖြင့်ပင် မမိတမိကိုင်လျက် ရေကိုမော့၍ တစ်ငုံငုံလိုက်ပြီး ပလုတ်ကျင်းထဲ ရေများကိုထွေးလိုက်သည်။

အဖြူရောင် ရေသန့်များသည် ကောင်းထက်ဇော် ပါးစပ် ထဲမှ ပြန်ထွက်လာသောအခါ အနီရောင်သို့ ပြောင်းလဲသွား တော့သည်။

'သွားကျိုးသွားသေးလား'

ဂုမ္ဘာန်က မေး၏။

ကောင်းထက်ဇော်က မပြော။

သွားကိုစေ့၍ နှုတ်ခမ်းကို ဖိပြ၏။

'မင်း တစ်ချက်မှ ပြန်မထိုးပါလား'

ယက္ခက ပြောသည်။

'သူက လက်ဦးနေတာ၊ ကိုယ်က ဘယ်လိုလုပ်ပြီး ထိုးမလဲ'

'သူလဲလူ ကိုယ်လဲလူ သူထိုး ကိုယ်ထိုးပေါ့'

'လွယ်လိုက်တာ ဂုရုမ္ဘာန်၊ ပြောသလောက်လွယ်ရင် လူတိုင်း ထလုပ်နေတော့မှာပေါ့'

'ဒေါင်'

'ကလီးယားသည်ရင်း'

'စက္ကင်းရောင်း'

'ကြိုးဝိုင်းထဲမှာ ရှင်းပါပြီ'

'ဒုတိယအကြိမ် ထိုးပါ'

ဒိုင်ချုပ်သတိပေးချက်အရ အဖြူထောင့်တွင် ရပ်နေသော ကြိုးဝိုင်းဒိုင်လူကြီးသည် လက်ဝှေ့ကြိုးဝိုင်း အလယ်သို့ ဝင်ရောက်ရပ်လိုက်ပြီး ကံဇော်နှင့် ကောင်းထက်ဇော်တို့ကို ပြိုင်ပွဲစတင်ရန် ခေါ်ယူလိုက်သည်။

'ဘောက်စ်'

ကောင်းထက်ဇော်နှင့် ကံဇော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လက်တစ်ကမ်းအကွာသို့ ရောက်သော် ကြိုးဝိုင်းဒိုင်က ထိုးရန် အချက်ပေးလိုက်လေ၏။

'ဝှီး'

သည်အချိတွင် ကောင်းထက်ဇော်က စတင်ထိုး၏။

ဘယ်ဝိုက်။

ညာဝိုက်။





ဘယ်ပင့်။

ညာမင့် ဆင့်ကာ ဆင့်ကာ ထိုးလိုက်သော်လည်း တစ်ချက်မှ ကံဇော်ကို မထိ။

ခြေတစ်လှမ်း နောက်ဆုတ်၍လည်းကောင်း။

ခေါင်းကို ငုံ့၍လည်းကောင်း။

သိကာပွတ်ကာကလေး ရှောင်လိုက်တိမ်းလိုက် လုပ်နေရာ လုံးဝကို မထိပေ။

'ဖုန်း'

'အင့်'

'ခွပ်'

ရှောင်နေရင်းမှ ကံဇော်က ဘယ်ဝိုက် လက်သီးတစ်လုံး ခေါင်းငုံ့ရှောင်ရင်း ထိုးသွားရာ ကောင်းထက်ဇော်၏ နှာရင်းကို ထိုးမိလေ၏။

ကောင်းထက်ဇော် ချာခနဲ လည်ထွက်သွားသော အခါ ညာပင့်လက်သီးဖြင့် ကောင်းထက်ဇော်၏ မေးရိုးကို ထိုးချလိုက်၏။

'ဝုန်း'

'အင့်'

ကောင်းထက်ဇော် ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လျက် လဲကျသွားသည်။

ကံဇော်က အပြတ်ဖြတ်ရန် ကောင်းထက်ဇော် ထံသို့ ပြေးဝင်လာ၏။

'ဘာရိတ် ဘာရိတ်'

'ရပ် ရပ်'

'ဟိုး ဟိုး'

အင်္ဂလိပ်လိုရော မြန်မာလိုရော ကြိုးဝိုင်းဒိုင်က သံကုန်ဟစ်ကာ အော်၍ ကြားမှ ငင်ရပ်ပြီး လက်ဝှေ့ပွဲကို ခေတ္တနားစေ၏။

ကောင်းထက်ဇော်သည် ဖင်ထိုင်လဲကျရာမှ ပြန်၍ရပ်၏။

'အလဲထိုး အလဲထိုး'

'အသေ တစ်ခါတည်း ထိုးလိုက်ဟေ့'

'ကံဇော်ရေ အပြတ်ရှင်းလိုက်ကွ'

ပရိသတ်က ကံဇော်ကို အပြတ်အသတ် အားပေးနေလေ၏။

ကောင်းထက်ဇော်ကို လွန်စွာ အထင်သေးသွားပြီ ဖြစ်သည်။

ကောင်းထက်ဇော်က ဦးခေါင်းကို ဟိုဘက် သည်ဘက် ခါယမ်းလိုက်သည်။

အသက်ရှူရလည်း ပြင်းထန်လှပြီ။

သုံးမိနစ်သာ ထိုးရ၍ တော်တော့သည်။ သုံးနာရီသာ ထိုးရလျှင် မောတာနှင့် အသက်ထွက်လောက်၏။

အလေ့အကျင့်မရှိ၍ မောနေခြင်းမဟုတ်။

ကံဇော်၏ လက်သီးချက်က ပြင်းထန်လွန်း၍ဖြစ်၏။

အချက်ကို အထိုးခံရသည်မှာလည်း ခဏခဏ ဖြစ်နေ၏။

အကျင့်နာ၍သာ ဤမျှ ခံနိုင်ခြင်း ဖြစ်၏။

သို့မဟုတ်က မလွယ်ကြော။



ကောင်းထက်ဇော်သည် ဖိုးကျော်၏ နေရာသို့ လှမ်းကြည့်လိုက်သည်။

ဇောချွေးတွေပြန်နေသည်။

သည်လောက်ငွေကလေး ရှုံးတာကို ဖိုးကျော် မဖြုံ။

ဖိုးကျော် ဇောချွေး ထွက်နေရသည်က ဦးပန်ကာကို ရှုံးသည်ဆိုသည့် နာမည်ဆိုးကို ကြောက်နေခြင်း ဖြစ်၏။ ရှက်နေခြင်းဖြစ်၏။

ဖိုးကျော်၏ မျက်နှာကြီးမှာ ရှုံ့မဲ့နေသည်။

ကောင်းထက်ဇော်သည် ဖိုးကျော်ကို ကောင်းကောင်းမမြင်။ မျက်လုံးထဲသို့ ချွေးများဝင်နေသဖြင့် မပီဝိုးတဝါး ဖြစ်နေ၏။

'ဘောက်စ်'

ဒိုင်က ကောင်းထက်ဇော် မတ်တတ်ရပ်သဖြင့် ဘောက်စင်ပွဲ(လက်ဝှေ့ပွဲ)ကို ပြန်စပြီဖြစ်ကြောင်း ကြေညာပြီး ထိုးခွင့်ပြုလိုက်၏။

ထိုအသံကို ကောင်းထက်ဇော် မကြားမိ။

ကောင်းထက်ဇော်က ဖိုးကျော်၏ထံသို့သာ စိတ်ရောက်နေ၏။

'ဖတ်.... ဖတ်.... ဖတ်'

လူတစ်ယောက် ပြေးဝင်လာတဲ့ ခြေသံကို ကောင်းထက်ဇော် ကြားလိုက်ရသဖြင့် အသံကြားရာဆီသို့ လှမ်းကြည့်မိ၏။

မျက်လုံးထဲတွင် အရိပ်လိုလို မိမိထံ ပြေးဝင်လာသည်ကို မြင်တွေ့လိုက်ရသည်။

'ခွေးမသား သေဒပေတော့'

ကောင်းထက်ဇော်သည် အံကို တင်းတင်းကြိတ်ပြီး ပြေးဝင်လာသော အရိပ်ကို စောင့်နေ၏။

ကံဇော်သည် အပိုင် တွက်ထား၏။ ထို့ကြောင့် ဇွတ်ဝင်လာပြီး ကောင်းထက်ဇော်၏ မျက်နှာကို ညာဖြောင့်လက်သီးဖြင့် အပိုင်ထိုးလိုက်သည်။

'ဖုန်း'

'အင့်'

ကံဇော်၏ လက်သီးချက်ကို ကောင်းထက်ဇော်သည် ငုံ့ရှောင်ပြီး ညာပင့်လက်သီးဖြင့် ပြေးဝင်လာသော ကံဇော်၏ အရှိက်ကို ထိုးချလိုက်သည်။

'အင့်….'ခနဲမြည်ကာ ကံဇော် အပြေးရပ်သွားသည်။

ရပ်သွားသော ကံဇော်၏ ပါးချိတ်ကို ကောင်းထက်ဇော်သည် ဘယ်ဝိုက်လက်သီးဖြင့် မိတ်ဖွဲ့ခေလိုက်သည်။

'ဖြောင်း….'

ကြံခင်းကို ဆင်ဝင်တိုးလိုက်သကဲ့သို့ အသံမြည်လာကာ ကံဇော် ချာချာလည်သွားသည်။

'ဆက်ထိုး၊ ဆက်ထိုး'

ယက္ခနှင့် ဂုမ္ဘာန်က အော်ဟစ် သတိပေး၏။

'ကံဇော် သတိလက်မလွှတ်နဲ့၊ ပြန်ထိုး ပြန်ထိုး'

ပရိသတ်က ကံဇော့်ကို အားပေး၏။

ကောင်းထက်ဇော်သည် တစ်လှမ်းချင်း ကံဇော်၏ထံသို့ လျှောက်သွားနေသည်။





ကံဇော်သည် မထင်မှတ်ဘဲ ခံလိုက်ရသဖြင့် ကောင်းထက်ဇော်ကို စိမ်းစိမ်းကားကားကြည့်နေ၏။

လက်နှစ်ဖက်က ပြုတ်ကျနေသည်။

ကောင်းထက်ဇော်၏ ညာလက်သီးအကြောင်း ကံဇော် သိ၏။ ညာလက်သီးတစ်ချက်က ကံဇော် မျက်ချေးထွက်ရပြီ။

ကောင်းထက်ဇော်သည် ဘယ်ဝိုက်လက်သီးဖြင့် ကံဇော်၏ ညာဘက်ပါးချိတ်ကို မိမိရရထိုးလိုက်သည်။

'ဖောင်း'

'ဝုန်း….'

သစ်ပင်ကို အရင်းက ခုတ်ချလိုက်သကဲ့သို့ ကံဇော်တစ်ယောက် ချာလပတ်လည်သွားပြီး ကြိုးတန်းပေါ်သို့ ကျောမှီပြီး ကျသွား၏။

'ဖုန်း…. ဖုန်း…. ဖုန်း'

'ဖျောင်း…. ဖျောင်း…. ဖျောင်း'

ဘယ်ပင့် ညာပင့်လက်သီးများ မနားတမ်း ဆက်တိုက်ပစ်ထိုးနေ၏။

ကံဇော် ဘယ်လိုမှ မလှုပ်နိုင်တော့။

'ဒေါင်….'

ဒုတိယအချိန်စေ့ သံချောင်း (မောင်း)သံ ထွက်လာ၏။

ကောင်းထက်ဇော်သည် နောက်ဆုံး ကြားလိုက်ရသော အချက်ပေး မောင်းသံနှင့်အတူ လက်ဖျံတစ်ရှိန်းတည်းသာရှိသော မိမိ၏ ညာဘက်လက်သီးဖြင့် ကံဇော်၏ အရှိက်ကို အားကုန်ပစ်ထိုးချလိုက်သည်။

'ဖောင်း....'

'အား....'

'ဝုန်း....'

ပြင်းထန်သော လက်သီးချက်ကြောင့် ကံဇော် မြောက်တက်သွားပြီး ကြိုးတန်းပေါ် ပစ်တင်၏။

ပုခက်လွဲလိုက်သကဲ့သို့။

ဒန်းလေးလွဲလိုက်သကဲ့သို့။

ကံဇော်သည် ကြိုး၏တွန်းအား၊ ကန်အားဖြင့် ကိုယ်ခန္ဓာကြီးက ကောင်းထက်ဇော်ထံသို့ ရောက်လာ၏။

ကောင်းထက်ဇော်သည် ညာလက်သီးဖြင့် ကံဇော်၏ မျက်ခွက်ကို ဖြောင့်လက်သီးဖြင့် သွင်းလိုက်ရာ ကံဇော်၏ နှာခေါင်းရိုးကျိုးသွားပြီး သတိလက်လွတ်ဖြစ်ကာ လက်ဝှေ့ကြိုးဝိုင်းကြမ်းပြင်ပေါ်တွင် မှောက်လျက်လဲကျသွားလေ၏။

ကောင်းထက်ဇော်၏ လက်သီးထိုးကွက်မှာ လွန်စွာကြည့်၍ ကောင်း၏။

ကြိုးတန်းမှ လွင့်လာသော ကံဇော်ကို မျက်ခွက်ကို ထိုးမိလိုက်သောအခါ တွန်း ကန် အား အာရှိန် လျော့ သွား ပြီး ကံဇော် ပြုုးတူးပြဲတဲဖြင့် မတ်တတ်ကြီးရပ်နေ၏။

နောက်မှ မှောက်လျားထိုး ဝုန်းခနဲကျသွားရာ ဒဏ်ရာ ပြင်းထန်စွာ ရသွားလေ၏။

'တစ်'

'နှစ်'

'သုံး'





'လေး'

ဒိုင်လူကြီးက မှားပြီး နံပါတ်ရေနေ၏။

'ဒေါင်.... ဒေါင်.... ဒေါင်'

ဒိုင်ချုပ်ထှ ခေါင်းလောင်းဖြင့် သံချောင်းခေါက်ပြီး ဒုတိယအချိန်ပိုင်းနားကြောင်း သတိပေး၏။

အမှန်မှာ နံပါတ်ရေစရာမလို။

အချိန်စေ့ပြီဖြစ်ရာ နားခွင့်ရ၏။

ကံဇော်၏ အကူလူနှစ်ယောက်မှာ မှောက်လျားထိုးလဲကျနေသော ကံဇော်ကို လာပွေ့ပြီး အနီထောင့်သို့ မယူသွား၏။

'ဝက်ကြီး'

'နွားကြီး'

'ခွေးကြီး'

ပရိသတ်က ကောင်းထက်ဇော်ကို ဆဲရေးတိုင်းထွာ၏။

ကောင်းထက်ဇော်က အပြာထောင့်သို့ပြန်မသွားသေးဘဲ ပရိသတ်ကို လက်သီးမြှောက်ပြပြီး ထိမထင်သောအမူအရာများ ပြ၏။

'ဟေ့ ကောင်တွေ၊ မင်းတို့ ကံဇော်ဆိုတဲ့အကောင် ဒီတစ်ချီထလာရင် ဟောဒီ ငါ့ညာလက်သီးနဲ့ အသေထိုးပြမယ်ကွ'

ကြိုးဝိုင်းထဲမှ ကောင်းထက်ဇော်က စည်းကမ်းမဲ့စွာ အော်လေ၏။

ကောင်းထက်ဇော်၏ ဘယ်ဘက်မျက်လုံးမှာ မျက်ခုံးကြီးများ ဖူးရောင်ပြီး အုပ်နေသဖြင့် မမြင်ရတော့ပေ။

ဇက်ကြိုး ကျိုးကျနေသည်။

ကံဇော်၏ ဇက်ကြိုးကျိုးကျနေသည်။

'ဖျော.... ဖျော.... ဖျော'

ရေပုလင်းထဲမှ ရေများဖြင့် ကံဇော်၏ ဦးခေါင်းပေါ်မှ ရေများ ဖြိုး၍ လောင်းချလိုက်သည်။

'ဖူး.... ဖရူးရူး'

ရေများမွန်းနေသဖြင့် ကံဇော် သတိလက်လွှတ်ဖြစ်နေရာမှ သတိပြန်ဝင်လာ၏။

ရေခဲများဖြင့် ကံဇော်၏ မျက်ခွက်ကို အုပ်ပေး၏။

ကံဇော်၏ ညာဘက်မျက်လုံးပေါ်မှ မျက်ခုံးကြီးမှာ သိသိသာသာကြီး ဖူးရောင်လာပြီး မျက်လုံးကို ပိတ်သွားသည်။

ကံဇော်၏ ညာဘက်မျက်လုံးမမြင်ရတော့ပေ။

ကံဇော်၏ အကူလူများသည် ကံဇော်၏ တစ်ကိုယ်လုံးကို ဘီပီအိုင်မှထုတ်သော မုန့်ညင်းဆီများဖြင့် လိမ်းပေး၏။

အာငွေ့ဖြင့် ကြပ်ပူထိုးပေး၏။

ကံဇော်၏ အကူလူများသည် ကံဇော်တစ်ယောက် အားအင် ပြန်လည် ပြည့်ဖြိုးလာအောင် အမျိုးမျိုးကုသပေးခဲ့ရ ကောင်းမွန်သော အနေအထားသို့ ရောက်သွားပြီဖြစ်၏။

ကောင်းထက်ဇော်နှင့် ပြန်လည် ဆုံတွေ့ရန် အသင့်အနေအထားမှာ ရှိနေပြီဖြစ်၏။

သို့သော်....





ကံဇော်၏ ညာဘက်မျက်လုံးမှာ ဘာမှ မမြင်ရတော့ သကဲ့သို့ ကောင်းထက်ဇော်၏ ဘယ်ဘက်မျက်လုံးမှာလည်း ဘာမှမမြင်ရတော့ပေ။

နှစ်ယောက်စလုံး၏ ပါးများမှာလည်း ဖူးရောင်နေပြီ ဖြစ်ကြ၏။

နှစ်ယောက်စလုံး စိတ်မာတ်ကြံ့ခိုင်၏။

နှစ်ယောက်စလုံး မာရေကျောရေရှိသည်။

နှစ်ယောက်စလုံး သေရမှာကို မကြောက်သူများဖြစ်ကြလေသည်။

'ကောင်းထက်ဇော်'

'ဘာလဲ ဂုရွာန်'

'ဆရာကြီး ဖြိုးကျော်က မှာလိုက်တယ်'

'မင်းဆရာကြီးက ဘာတဲ့တုံး'

'ညာလက်သီးကို သုံးလိုက်တော့တဲ့၊ ဒီကောင် မလွယ်ဘူးတဲ့၊ ပရိသတ်က သူ့ဘက်ကရှိနေတယ်တဲ့၊ အမှတ်နဲ့ အနိုင်အရှုံး ဆုံးဖြတ်ရင်တော့ မင်းရှုံးဖို့ များတယ်တဲ့'

'သေသွားရင် ဘယ်လိုလုပ်မလဲ'

'ဆရာကြီးဖြိုးကျော်က သူ အကုန်တာဝန်ယူမယ် ပြောတယ်'

'ကောင်းပြီ၊ ဒီတစ်ချီ ငါအသေ ဆော်လိုက်မယ်'

ကောင်းထက်ဇော်က ကတိပေးလိုက်သည်။

ပရိသတ်ကတော့ ကံဇော်မှ ကံဇော်၊ ကံဇော်နိုင်ရမည်ဟု လုံးဝဥဿုံ ထင်မြင် ယူဆနေချေ၏။

ပရိသတ်၏ တစ်ဖက်သတ် အားပေးမှုသည် ကံဇော်
အတွက် အားဆေးတစ်ခွက် ဖြစ်နေချေ၏။

'ကံဇော်'

'ဘာလဲ.... ဘာလဲ ဆရာဟိန်း'

'မင်း ဒီကောင့် ညာလက်သီးကို လွတ်အောင်ရှောင်နေ၊
ဒီကောင့် ညာလက်သီးစာမိသွားရင်တော့ ကလေးဘဝပြန်
ရောက်သွားလိမ့်မယ်'

'ဟုတ်တယ် ဆရာဟိန်း၊ ဒီကောင့် ညာလက်သီးကတော့
တစ်သက်မမေ့အောင်ကို ပြင်းထန်တာပဲ၊ လက်ဝှေ့ပညာ
ဘာမှ ဒီကောင့်မှာ မရှိဘူး၊ ... တဇောက်
ဆန်းသမား၊ ဒီကောင့်ကို ကျွန်... နိုင်
နိုင်ပါတယ်'

'ဟုတ်တယ် ကံဇော်၊ မင်း အဲဒါ သတိထားပါ'

ကံဇော်၏ အကူလူက သတိပေးစကားပြော၏။

'ရော့....ဒီလစ်ပွန် သောက်သွားလိုက်ဦး'

ဆရာဟိန်းက လစ်ပွန်တစ်ပူလင်းစလုံး သောက်ခိုင်းလိုက်
၏။

ကံဇော်က တစ်ချက်တည်းမော့ပြီး ကုန်အောင် သောက်
ချလိုက်သည်။

'ဒေါင်'

'ကလီးယားသည့်ရင်း'

'လတ်ဖ် အဲန် သတ်ထ်ရောင်း'

'ဘောက်စ်'





'လက်ဝှေ့ကြိုးဝိုင်းထဲမှာ ရှင်းပါပြီ၊ တတိယအကြိမ်ဖြစ်
တဲ့ နောက်ဆုံးပွဲစဉ် စတင်ကစားနိုင်ပါပြီ'

ဒိုင်ချုပ်က လက်ဝှေ့ပွဲတို၏ ထုံးတမ်းစဉ်လာအရ ပြော
လိုက်ရာ ကြိုးဝိုင်းဒိုင်က ကြိုးဝိုင်း၏ အလယ်သို့လာပြီး လက်
ဝှေ့သမားနှစ်ယောက်ကို ခေါ်လေ၏။

'ဘောက်စ်'

'ထိုး'

ဟု အချက်ပေးလိုက်ရာ ကံဇော်က ညာဝိုက်လက်သီးဖြင့်
လျှပ်တစ်ပြက် ထိုးလိုက်ရာ ကောင်းထက်ဇော်၏ ဘယ်ဘက်
ပါးချိတ်ကို မိမိရရ ထိုးမိလိုက်သဖြင့် ကောင်းထက်ဇော်၏
ပါးစပ်ထဲမှ သွားခံ ရော်ဘာတုံး လွင့်ထွက်သွားပြီး လူက
ကြိုးတန်းပေါ် သို့ သွားရောက်တင်နေလေ၏။

'ဖုန်း....ဖုန်း....ဖုန်း'

ဘယ်ညာ ဖြောင့်လက်သီးများနှင့် ဝိုက်လက်သီးများက
ကောင်းထက်ဇော်၏

နားထင်၊ ပါးချိတ်၊ မေးကြောနှင့် ဝမ်းဗိုက်တို့ကို ထိုးမိ
နေလေရာ ကောင်းထက်ဇော်သည် ဘာမှ ပြန်မလုပ်နိုင်ဘဲ
သဲအိတ်ကြီးကဲ့သို့ ခံစားနေရလေ၏။

ထိုး၍ အားရသောအခါ နောက်ဆုံးဖွဲ့သိမ်းအဖြစ် ရည်
ရွယ်၍ ကံဇော်သည် နောက်သို့ ပြန်လှည့်ထွက်မယောင်
အယောင်ဆောင်လိုက်၏။

အာဒယ်၍ ကောင်းထက်ဇော် ပြေးလိုက်လာပါက ဘောက်
စင် စည်းကမ်း၊ လက်ဝှေ့ပွဲ၏ စည်းကမ်းအပြင်ဘက်မှ ထိုး

သတ်နည်းဖြစ်သော လက်ပြန်ရိုက်ချက်(ဓာရာဓား)တိုက်ကွက်
ဖြင့် အသေရိုက်သတ်ရန် ရည်ရွယ်လိုက်ခြင်း ဖြစ်၏။

ကံဇော် တွက်ထားသည့်အတိုင်းပင် အံ့ဝင်ခွင်ကိုက်ဖြစ်
ဖြစ်သွား၏။

ကောင်းထက်ဇော်သည် ကြိုးတန်းပေါ် ပက်လက်လဲနေ
ရာမှ တရစပ်ထိုးနေသော လက်သီးချက် ရပ်သွားသော
အခါ ဘာဖြစ်ပါလိမ့်ဟု ကြည့်လိုက်ရာ ကံဇော်သည် ကွင်း
အလယ်သို့ ပြန်ထွက်သွားကြောင်း မြင်ရ၍ နောက်မှ တစ်
ဇွတ်ထိုး ပြေးလိုက်သွားလေ၏။

'ဖုန်း'

'အား'

'ကံဇော်ကွ ကံဇော်'

'ဝက်ကြီးကို အသေသတ်ဟေ့'

'အပြတ်ရှင်းလိုက်တော့ ကံဇော်'

'ပွဲသိမ်းလိုက်တော့ ကံဇော်ရေ'

'ဖုန်း'

'အင့်'

'ဖုန်း.... ဖုန်း.... ဖုန်း'

'ခွပ်'

'အု.... အု.... အား'

'ဝုန်း'

'ဝုန်း'

'ဟာ'





'ဟင်'

'ဘယ်လိုဖြစ်သွားတာလဲဟ'

'အထင်တခြား အမြင်တခြားပါလားဟေ့'

နောက်မှ ပြေး လိုက်လာသော ကောင်းထက်ဇော်၏ မျက်နှာကို ကံဇော်က လက်ပြန်ရိုက်ချလိုက်၏။

ကောင်းထက်ဇော်၏ မျက်နှာကို မိမိရရ ရိုက်မိလေရာ ကောင်းထက်ဇော်၏ နှာခေါင်းရိုးကျိုးသွားပြီး သွေးများ လျှံကျလာပြီး ကောင်းထက်ဇော်တစ်ယောက် အရှိန်ပြင်းစွာဖြင့် ကြိုးတန်းပေါ်သို့ နောက်မှီလဲကျသွား၏။

ကြိုးတန်းသည် ကောင်းထက်ဇော်၏ ကိုယ်ခန္ဓာကြီးမှီသည့် အင်အားကြောင့် လေးကြိုးများဆွဲ၍ တင်လိုက်သကဲ့သို့ ကြိုးဝိုင်းအပြင်သို့ ကျွေးညွတ်၍ထွက်သွားပြီးနောက်

မြားကို ပစ်ထုတ်လိုက်သကဲ့သို့ ကောင်းထက်ဇော် ကိုယ်ခန္ဓာကြီးကို တွန်းထုတ်လိုက်သည့် အချိန်တွင်

ကံဇော်ကလည်း ကောင်းထက်ဇော်ကို ပွဲသိမ်းလက်သီးထိုးရန်အတွက် ကောင်းထက်ဇော်ရှိရာ ကြိုးတန်းဆီသို့ ပြေးအဝင် အင်အားနှစ်ခု ပေါင်းစုမိသွားခိုက်

အရှိန်ပြင်းစွာ မောင်းလာသော မီးရထားနှစ်စီး၊ သို့မဟုတ် လေယာဉ်ပျံနှစ်စင်း ခေါင်းချင်း ဝင်တိုက်မိသကဲ့သို့ ဖြစ်သွားသည့်အချိန်တွင်

ကံဇော်သည် ကောင်းထက်ဇော်၏ မျက်နှာကို မိမိရရထိုးလိုက်သည်။

ထိုနည်းတူစွာ

ကောင်းထက်ဇော်ကလည်း ကံဇော်၏အရှိက်ကို လက်ဖျံ တစ်ချောင်းတည်းသာရှိသော မိမိ၏ အားအကိုးရဆုံး ညာလက်သီးဖြင့် အသေအကြေ ပစ်ထိုးလိုက်လေ၏။

ကံဇော်သည် မျက်လုံးကြီးပြူးပြီး ကောင်းထက်ဇော်ကို ကြည့်နေ၏။

သတိလုံး၀ မရတော့။

စက္ကန့်ဝက်မျှ မတ်တတ်ကြီး ဖြစ်နေပြီးနောက် ကြိုးဝိုင်းကြမ်းပြင်ပေါ်သို့ မှောက်လျားထိုး ဝုန်းခနဲ ပစ်ကျသွားလေ၏။

ပါးခပ်မှ သွေးများ တပွက်ပွက်ကျနေ၏။

ကောင်းထက်ဇော်ကတော့ ကံဇော်၏ ညာဝိုက်လက်သီးဒဏ်ကြောင့် ကြိုးတန်းပေါ်သို့ တစ်ပတ်လည် ကျသွားပြီး ဆွဲမိဆွဲရာ ဆွဲထား၍ ကြိုးတန်းပေါ်တွင် တန်းလန်းကြီး ချိတ်မိနေလေ၏။

'တစ်.... နှစ်.... သုံး....'

'လေး.... ငါး.... ခြောက်....'

ကြိုးဝိုင်းဒိုင်က လဲကျနေသော လက်ဝှေ့သမားနှစ်ဦးကြားမှ အမှတ်ကို ရေတွက်နေ၏။

'သရေပွဲကွ'

'ဘယ်သူမှ မနိုင်ဘူးဟေ့'

'ကံဇော် ထဟေ့ ထကွ'

ကံဇော်သတိရလာပြီ။ ကြမ်းပြင်ပေါ်သို့ လက်ထောက်၍ ကုန်းထနေ၏။





ကောင်းထက်ဇော် ခေါင်းကိုယမ်းလိုက်သည်။ နှာခေါင်းမှ ထွက်ကျလာသော သွေးများက ပွဲကြည့်ပရိသတ်ကို သွားရောက် ထိမှန်လေ၏။

နှစ်ယောက်စလုံး သတိရလာပြီ။

'ခုနစ်'

'ရှစ်'

'ကိုး'

ဒိုင်လူကြီး၏ အမှတ်ရေတွက်မှု ကိုးသို့ရောက်သောအခါ နှစ်ယောက်စလုံး ၎င်းတို့၏ ခြေထောက်ပေါ်သို့ ယိုင်တိယိုင်တိုင်ဖြင့် ရပ်နေနိုင်ပြီ ဖြစ်၏။

'ဖြောင်း....ဖြောင်း....ဖြောင်း'

'ကံဇော်ကွ'

'ကောင်းထက်ဇော်ကွ'

ပရိသတ်အားပေးမှုက နှစ်ဖွဲ့ဖြစ်လာပြီ။

ကောင်းထက်ဇော်၏ ဇွဲသတ္တိနှင့် ခံနိုင်ရည်စွမ်းအားကြောင့် ကောင်းထက်ဇော်ဘက်သို့ အားပေးမှု ယိမ်းယိုင်လာသည်ကို တွေ့ရလေသည်။

ကောင်းထက်ဇော်က ဒါတွေ လုံး၀သတိမထား။

ကံဇော်ကို လူ့ဘ၀က အပြီးအပိုင် မောင်းထုတ်ပစ်ရန်သာ စိတ်ထဲ စွဲမှတ်ထားလိုက်သည်။

ကြိုးဝိုင်းဒိုင်လူကြီးသည် ကံဇော်နှင့် ကောင်းထက်ဇော်ကြားမှ ဝင်ရပ်ပြီး နှစ်ယောက်စလုံးကို အဖြူထောင့်များဆီသို့ သွားခိုင်း၏။

ကံဇော်သည် စည်းကမ်းကို လိုက်နာသူပီပီ အဖြူရောင် ထောင့်သို့ သွားသော်လည်း ကောင်းထက်ဇော်က မသွား သဖြင့် ဒိုင်လူကြီးက တွန်းထိုးလွှတ်ရလေ၏။

ကောင်းထက်ဇော်သည် ယောင်ပေပေလုပ်ပြီးမှ အဖြူ ရောင်ထောင့်ဆီသို့ သွားလေ၏။

ကြိုးဝိုင်းဒိုင်သည် ဆရာဝန်ကိုခေါ်၍ လက်ဝှေ့ထိုးနေသူ နှစ်ဦးကို စစ်ဆေးစေသေး၏။

ဆရာဝန်သည် ကုလားထိုင်ပေါ်မှတစ်ဆင့် ကြိုးဝိုင်းထဲသို့ ဝင်လာပြီး ကံဇော်ကို စတင်စစ်ဆေးလေ၏။

ကံဇော်အသက်ရှူမမှန်တော့။

အစာအိမ်နေရာမှ အောင့်နေ၏။

အဆုတ်က အလုပ်မလုပ်ဘူးထင်၏။

အသက်ရှူရသည်မှာ တင်းကျပ်နေပြီး လေရှူ၍မဝဘဲဖြစ် နေချေသည်။

ဝမ်းထဲမှာ ဖြစ်နေခြင်းဖြစ်၏။ အပြင်တွင် မည်သည့်ဒဏ် ရာမှမတွေ့။ ဆရာဝန် မျက်စိမှောက်ပြီး ရောဂါရှာမတွေ့ မာတိမှန်ရိုက်ကြည့်မှ တွေ့ရှိမည့် ဒဏ်ရာဖြစ်လေရာ အပြင် မျက်လုံးဖြင့်ကြည့်သော် ဘယ်လိုမှ မြင်နိုင်ဖွယ်ရာမရှိပေ။

'ဆက်ထိုးနိုင်တယ် မဟုတ်လား'

ဆရာဝန်က မေးသည်။

ကံဇော် ခေါင်းညိတ်ပြ၏။

'ကောင်းပြီ ဆက်ထိုးပါ'





ဆရာဝန်ကပြောပြီး ကောင်းထက်ဇော်ထံသို့ လျှောက်လာသည်။

ဆရာဝန်က ကံဇော်ကို စစ်ဆေးနေခိုက် ဂုဏ္ဍာန်နှင့်ယက္ခ တို့နှစ်ယောက်က နှာခေါင်းမှထွက်သော သွေးများတိတ် သွားအောင် ရေခဲအုပ်၍ ဆေးကြောသုတ်သင်ထားလေ၏။

မျက်နှာကတော့ ဖူးရောင်နေပြီဖြစ်သည်။

'နှာခေါင်းရိုး ကျိုးသွားသလား'

ဆရာဝန်က မေး၏။

'လက်ဝှေ့သမား နှာခေါင်းရိုးကျိုးတာ အဆန်းလား၊ ကျွန်တော် ဘာမှမဖြစ်ဘူး ဆက်ထိုးနိုင်တယ်'

ကောင်းထက်ဇော်က ယတိပြတ်ပြော၏။

ဆရာဝန်သည် ကောင်းထက်ဇော်၏ ပိတ်နေသော မျက် လုံးကို ဖွင့်ကြည့်၏။

မျက်လုံးသူငယ်အိမ်က အကောင်း။ အပေါ်ယံအရေ ပြားရောင်နေခြင်းဖြစ်၏။

'မင်း ဆက်ပြီးထိုးချင်တယ်ပေါ့'

'ထိုးမယ်'

'ကောင်းပြီ ဆက်ထိုးပါ'

ဆရာဝန်သည် ကြိုးဝိုင်းဒိုင်ထံသို့သွားပြီး နှစ်ယောက်စလုံး ဆက်၍ ကစားနိုင်ကြောင်း ပြော၏။

ဆရာစန် ကြိုးဝိုင်းပေါ်မှ ဆင်းသွားသောအခါ လက်ဝှေ့ပွဲစတင်ရန် ကြိုးဝိုင်းဒိုင်ဆာ လက်ဝှေ့သမားနှစ်ဦးစလုံးကို ကြိုးဝိုင်းအလယ်သို့ ခေါ်ယူလိုက်၏။

'တန်တယ်ဟေ့'

'ပိုက်ဆံပေးရသလောက် တန်တယ်ကွ'

ပရိသတ် အားပေးမှုဆာ လက်ဝှေ့ရုံကြီး အမိုးပွင့်သွားတော့မတတ် ဆူညံနေ၏။

မျောက် မီးခဲကိုင်မိသကဲ့သို့ ဖြစ်နေကြ၏။

ကံဇော်ဘက်မှ လောင်းကြေးထပ်ထားသော ဦးပန်းဆာနှင့် ကောင်းထက်ဇော်ဘက်မှ လောင်းကြေး ထပ်ထားကြသော ဖြိုးကျော်တို့ နှစ်ယောက်မှာ မျောက်မီးခဲကိုင်မိသလို ဖြစ်နေ၏။

နှစ်ယောက်စလုံး မထိုင်နိုင် မထနိုင်ဖြစ်နေကြသည်။

ဘယ်သူနိုင်မယ်။

ဘယ်သူရှုံးမယ် ဘယ်လိုမှ ဆုံးဖြတ်၍မရ ဖြစ်နေ၏။

'လာခဲ့ ကံဇော်၊ ဒီတစ်ခါတော့ မင်း သေမင်းဆီကို လေးဖက်ထောက်ပြီး သွားပေတော့ကွ'

ကောင်းထက်ဇော်က ဒိုင်လူကြီးကို အလယ်မှ ထားပြီး ကံဇော်ကို စလိုက်လေ၏။

ကံဇော် ဘာမှပြန်မပြောနိုင်၊ အဆက်ရှူမဝ ဖြစ်နေ၏။ အတွင်းကြေ ကြေနေပေပြီ။





'ထိုး'

ဒိုင်လူကြီးက အချက်ပေးလိုက်သည်။

ကံဇော်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကောင်းထက်ဇော်၏ မျက်ခွက်ကို ဘယ်ဝိုက်ညာဝိုက်နှစ်ချက် ဆင့်၍ထိုးလိုက်၏။

'ဖုန်း....ဖုန်း'

လက်သီးချက်က မပြင်းတော့။

ပျော့ဖတ်ဖတ် ဖြစ်နေပြီ။

ကောင်းထက်ဇော်သည် မျက်ခွက်ကို ရှေ့သို့ ထိုးပေးပြီး ကံဇော်ထံသို့ တိုးသွား၏။

ကံဇော်သည် တဖုန်းဖုန်းထိုးနေသည့်ကြားမှ နောက်သို့ ဆုတ်နေရ၏။

ခြေလှမ်းများက နောက်သို့ ဆုတ်သွားပါသော်လည်း လက်သီးထိုးကတော့ တစ်ချက်တလေးမှ မလျော့၊ ဆက်တိုက် ထိုးနေ၏။

ကောင်းထက်ဇော်သည် အံကိုတင်းတင်းကြိတ်ထားလျက် က တဖုန်းဖုန်းထိုးနေသော လက်သီးချက်များ အထိုးခံပြီး ကံဇော်၏နောက်သို့ ဇွတ်လိုက်သွားရာ ကံဇော်တစ်ယောက် ကြိုးတန်းပေါ်သို့ နောက်ကျော မှီသွားသဖြင့် နောက်သို့ ဆုတ်၍မရတော့ပေ။

'တာ့တာ'

'ဘိုင့်ဘိုင် ငါ့လူ'

'ငရဲပြည်ကို ရှေ့ကသွားနှင့်ပေတော့ သူငယ်ချင်း'

'ဖောင်း....ဖောင်း'

'အင့်'

'ဖုန်း'

'အား....အ....အ'

'ဒုန်း'

'ဖောင်း'

'ဝုန်း'

ညာပင့်လက်သီးနှင့် ဘယ်ပင့်လက်သီး ဆယ်လုံးလောက် မနားတမ်း ကံဇော်၏အရှိက်ကို ပင့်ထိုးလိုက်သည်။

'အပ်ပါးကပ်'

ဟု ခေါ်၏။

အလွန်ပြင်းသော လက်သီးချက်များဖြစ်၏။

ကံဇော်၏မျက်လုံးထဲမှ ကြယ်စုံလစုံများထွက်သွားသည်။

အမြင်အားလုံး မှုန်ဝါးဝါးဖြစ်သွားပြီး ကံဇော် တစ်ယောက် လောကကြီးကို မေ့မြော ကျောခိုင်းသွားပြီ ဖြစ်ပေ၏။

ဒိုင်လူကြီးသည် စည်းကမ်းချက်အတိုင်း နံပါတ်များ ရေတွက်ပေး၏။





တစ်ဆယ်ပြည့်သွားသော်လည်း ကံဇော် လုံးဝမထတော့ပေ။

သွေးအိုင်ထဲတွင်မှောက်လျက်လဲကျနေပေတော့သတည်း။

●

အလွှာ-၄

မောင်

---

'ချန်ပီယံ ငါကွ'

'ဒီနေ့ကစပြီး ချန်ပီယံအစစ်ဟာ ဆောင်းထက်ဇော် ဆိုတာ ဂဏှာယဲ မှတ်ထားကြဟေ့'

'မင်းတို့အားပေးနေတဲ့ ကံဇော် ဘာတတ်နိုင်သေးလဲကွ'

ဆောင်းထက်ဇော်ဟာ ကံဇော်၏ နောက်ကျောပေါ်သို့ ညာခြေတင်ထားပြီး လက်သီးနှစ်ဖက်ကို အထက်သို့မြှောက်ထားတာ အော်လေ၏။

စည်းမဲ့ကမ်းမဲ့ ပြုမူချက်ကို ဒိုင်လူကြီးကလက်မခံ။

ထို့ကြောင့် ကံဇော်၏ ကျောပေါ်သို့ ခြေထောက်တင်ထားသော ဆောင်းထက်ဇော်ကို ဆွဲချလေ၏။





ဆောင်းထက်ဇော်က ဒိုင်လူကြီးကိုတော့ ဆလန်ကဆန့် မလှုပ်။

ကွင်းလယ်သို့ ရောက်သော် ဒိုင်လူကြီးက ဆောင်းထက်ဇော်၏ ညာဘက် လက်ကို ဆွဲကိုင်မြှောက်ပြီး ပထမ ရရှိကြောင်း ပရိသတ်ကိုပြ၏။

ဒိုင်ချုပ်က အသံချဲ့စက်ဖြင့် ဆောင်းထက်ဇော်မှ ကံဇော်အား အလဲထိုးအနိုင်ယူလိုက်ကြောင်း ကြေညာပေးလေ၏။

ပရိသတ်က လက်မခံပေ။

'ကြက်တန်း ဆန့်အိုးတိုးတာဟေ့'

'ပြေးရင်းလွှားရင်း ချေး(ချီး)ပုံ အပ်မိတာကွ'

'ဟေး....ဟေး....ဟေး'

'ဆောင်းထက်ဇော် အလိုမရှိ'

'ဝှီး'

'ဖုန်း'

လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ခရမ်းချဉ်သီးများ။

ငှက်ပျောသီး အမှည့်လွန်များ။

လိမ္မော်သီးအမှည့်လွန်များ ရောက်ရှိလာ၏။

ဂုရ္ခာနှင့်နှင့် ယက္ခတို့က ကြိုးဝိုင်းပေါ်သို့ပြေးတက်လာပြီး ပရိသတ်ကပစ်သော ပစ္စည်းများ ဆောင်းထက်ဇော်ကို မမှန်အောင် ကာကွယ်ပေးလေ၏။

ယက္ခနှင့် ဂုမ္ဘာန်တို့ ရောက်မလာမီက ပစ်လိုက်သော ခရမ်းချဉ်သီးနှင့် လိမ္မော်သီးအမှည့်များ ကောင်းထက်ဇော်၏ တစ်ကိုယ်လုံး ပေကျံနေတော့သည်။

ဤကဲ့သို့ ပရိသတ်က ပစ်နေသည့်ကြားက ကောင်းထက်ဇော်က ပရိသတ်ကို မထိမဲ့မြင်လုပ်နေပေသေးသည်။

ယက္ခနှင့် ဂုမ္ဘာန်က ကောင်းထက်ဇော်ကို ကြိုးဝိုင်းထဲမှ ဆွဲထုတ်ပြီး နားနေခန်းသို့ သွားကြလေ၏။

ပရိသတ်ကလည်း တားမရဆီးမနိုင် ဖြစ်နေ၏။

သေနတ်သုံးလေးချက်ပစ်၍ ထိန်းရလေ၏။

'ဒိုင်း'

'ဒိုင်း'

'ဒိုင်း'

'ဟေး.... ပြေးလေ့'

'ဝုန်း'

'ဖြောင်း'

'ဖြောင်း'

ပရိသတ်က ထရံများကို ချိုးဖဲ့ပြီး အပြင်သို့ထွက်ကြ၏။

ရှုတ်ရှုတ်သဲသဲဖြစ်နေသည်။

ရှုတ်ရှုတ်သဲသဲ တောင် ပြေး မြောက် ပြေး လုပ် နေ သည့် ပရိသတ်ကြားမှ မလှုပ်မယှက်မေ့ပြီး လဲကျနေသော ကံဇော်





ကို ၎င်း၏ လူကူနှစ်ယောက်က ထမ်းစင်ဖြင့် မ၍ နားနေဆောင်သို့ သယ်ပြေးလေ၏။

မှန်အလုံခန်းမှ ကြည့်နေသော ဦးပန်ကာသည် ညာဘက်လက်ကို လက်သီးဆုပ်လျက် ဖြန့်ထားသော ဘယ်လက်ဝါးပေါ်သို့ ထိုးနေလေ၏။

'တောက်....'

'ဒီကောင် ငါ့ကို ဆင်းရဲတွင်းနက်အောင် လုပ်ပစ်တာပဲ၊ ငါ့မှာရှိတဲ့ စည်းစိမ်ကုန်ပြီ၊ ဒီကောင့်ကို ငါ အရှင်မထားဘူး'

ဟု ကြိမ်းမောင်းကာ ကံဇော် ဝင်သွားသည့် နားနေဆောင်သို့ ထွက်လာလေ၏။

ပန်ကာ၏နောက်မှ သက်တော်စောင့်ခြောက်ယောက်ပါ လိုက်ပါ၍ သွားလေသည်။

ပရိသတ်တချို့က ဦးပန်ကာကို ထိပ်တိုက် ဝင်တိုး၏။ ၎င်းတို့မှာ မသက်သာ။ ပန်ကာ၏ သက်တော်စောင့်များက ဦးပန်ကာ၏ အနီးသို့ ကပ်လာသူများအား လက်သီးဖြင့် ဆွဲ၍ ထိုးလေ၏။

တချို့ သက်တော်စောင့်များက လက်ပြန်ရိုက်ချ၏။

'ဖြောင်း'

'ဝုန်း'

'အား'

'ခွပ်'

'အား.... အ အ'

ကြာတော့ အန္တရာယ်ကို သိလာကြသည်။

ဦးပန်ကာနှင့် ဓေးရာသို့ ပြေးသွားကြလေသည်။

'ရုန်း'

'ဒိုင်း'

ဦးပန်ကာသည် ကုံဇော် နားနေဆောင်အခန်းတံခါးဝကို ခြေဖြင့်ကန်၍ ဖွင့်လိုက်လေ၏။

'ပတ္တမြားမှန်ရင် နွံမနစ်ပါဘူးကွ'

တစ်ဖက်ခန်းမှ ကောင်းထက်ဇော်၏ အော်သံမှာ သတိမေ့နေသော ကံဇော်၏ အခန်းထဲသို့ ပြေးဝင် ထိုးဖောက်လာပြီး ဦးပန်ကာ၏ နားအုံထဲသို့ အဘားအဆီးမရှိဝင်ရောက်နှောင့်ယှက်လေ၏။

'ဝုန်း'

'ဒိုင်း'

'ခွေးသား'

'ဝက်မြေး'

'ကျီးသမက်'

'ကြက်ယောက်ဖ'

ဒေါသကြီးစွာ ဆဲရေးတိုင်းထွာပြီး တံခါးကို ခြေဖြင့်နောက်ပြန်ကန်၍ ပိတ်လိုက်ပြီး သတိမေ့နေသော ကုံဇော်၏ ခုတင်အနီးသို့ ဦးပန်ကာ သွား၍ရပ်၏။



သုံးထပ်သားများဖြင့် ကာထားသောဦးပန်ကာ၏ အခန်းထဲသို့ အခန်းချင်းကပ်လျက် အနားယူနေသော ကောင်းထက်ဇော်၏ မထီမဲ့မြင်အော်ဟစ်နေသော အသံက နားမချမ်းသာအောင် ထပ်ပြန်တလဲလဲကြားနေရလေ၏။

'တောက်....မိမဆုံးမ ဖမဆုံးမအကောင် ကိုယ်ရောင်တုန်းထားဦးပေါ့ကွာ၊ တစ်နေ့ ပန်ကာအကြောင်းသိရမှာပေါ့'

ဟု စိတ်ထဲမှ ဦးပန်ကာ တေးထား၏။

ကောင်းထက်ဇော်ကတော့ အရူးတစ်ယောက်ပမာ ကုန်း၍သာ အော်နေလေ၏။

'ကောင်းထက်ဇော် သူဌေးလေး'

'သူဌေးလေး ကောင်းထက်ဇော်ကွ'

'ပတ္တမြားမှန်ရင် နွံမနစ်ဘူးဆိုတာ မှတ်ထားကြကွ'

'ပတ္တမြားမှန်ရင် နွံမနစ်ဘူးဟေ့'

ဤစကားဆယ်လုံးကို အသံများတိမ်ဝင်သွားသည်အထိ ဘက္ကနှင့် ဂုမ္ဘာန်တို့က တားနေသည့်ကြားမှ ဖင်မှလိပ်ခေါင်းထွက်သာသည်အထိ အော်ဟစ်၍ နေလေတော့သည်။

'ပတ္တမြားမှန်ရင် နွံမနစ်ဘူးဟေ့'

'ကောင်းထက်ဇော်တဲ့ကွ'

'တစ်ကောင်းတည်းရှိတယ်'

'တစ်ထက်တည်းရှိတယ်'

'တစ်ဇော်တည်း ရှိတယ်ကွ

နဝရုပ်စာပေ

'ကောင်းထက်ဇော်တဲ့ကွ'

'ပတ္တမြားမှုန်ရင် နွံမနစ်ဘူးဆိုတာ သိထားကြ'

'ဟား.... ဟား.... ဟား'

●

နဝရတ်စာပေ

ကဏ္ဍ-၅

## ဂူဿာမဏ္ဍရိယ ကံဇော်

အပ်ကျသံပင် ကြားရလောက်အောင် လက်ဖွေ့ပွဲစင် တစ်ကွင်းလုံး ငြိမ်သက်နေသည်။

ပလတ်စတစ်ကောက်သော ကလေးငယ်များသာ လက်ဖွေ့ကြိုးဝိုင်းစင်အနီးတွင် ပရိသတ်များ ကျကျန်ရစ်သော ပစ္စည်းများ ကောက်ယူနေကြသည်ကို တွေ့ရှိရလေ၏။

တချို့ တစ်ဆယ်၊ ဆယ့်ငါးကျပ်ပင် တွေ့ရှိကြလေ၏။

'ဒုန်း.... ဒုန်း.... ဒုန်း'

ကြမ်းပြင်တစ်ခုလုံး ဦးပန်ကာ၏ ခြေနင်းချက် ပြင်းထန်မှုကြောင့် ဆူညံနေ၏။

သိန်းနှင့်ချီ၍ အရှုံးပေါ်သွားသဖြင့် တစ်ကမ္ဘာလုံးကို မကျေမနပ် ဖြစ်နေ၏။

နဝရတ်စာပေ

အထူးသဖြင့် အထင်တကြီးနှင့် အားကိုးအားထားပြုထား ခဲ့မိသော ကံဇော်၏ အပေါ်တွင် ပို၍ မကျေမနပ် ဖြစ်နေ ချေသည်။

'အဲဒီ ခွေးကောင်ကို သတိရအောင် မြန်မြန်လုပ်စမ်း'

ပက်လက် သတိမေ့နေသော ကံဇော်ကို လက်ညှိုးထိုး၍ ဦးပန်ကာက ပြောသည်။

ဦးပန်ကာ၏ တပည့်များသည် သောက်ရေတစ်အိုးကို ယူ ပြီး အိုးလိုက်ပင် မ၍ အိုးထဲရှိသမျှ ရေများကို သတိမေ့နေ သော ကံဇော်၏ မျက်နှာပေါ်သို့ လောင်းချလိုက်လေ၏။

တစ်အိုးသာ ကုန်သွားသည် ကံဇော် သတိရမလာပေ။ ထို့ကြောင့် နောက်ထပ်တစ်ဦး ထပ်၍ ယူရပြန်၏။

'ဒီခွေးကောင့်လက်သီးက ဒီလောက်တောင်မှ ပြင်းရသလား ကွာ'

'သံတိုင် သံခဲလို မာတဲ့ အကောင်လားကွ'

ကြိတ်မနိုင် ခဲမရဖြစ်ကာ ဦးပန်ကာ မြည်တွန်တောက်တီး နေ၏။

'ပီပေါ် .... ပီပေါ် .... ပီပေါ်'

အရေးပေါ် ဆေးရုံကား ရောက်လာလေ၏။

ကြက်ခြေနီ လူငယ်များက ရေရွှဲရွှဲစိုနေသော ကံဇော်၏ ကိုယ်ခန္ဓာကြီးကို ထမ်းစင်ပေါ် မတင်ပြီး ကားပေါ်သို့ တင်လေ၏။

ကားပေါ်သို့ ရောက်သော် သွေးကြောထဲသို့ ဂလူးကို့စ် အရည်များ ဆက်သွင်းလေ၏။



ကြက်ခြေနီ လူငယ်တစ်ယောက်က ကံဇော်၏ အသည်း နှလုံးနေရာဆီသို့ လက်ဖြင့် နှိပ်နယ်ပေး၏။

ကြက်ခြေနီတစ်ဦးက ကံဇော်၏ ပါးစပ်နှင့် မိမိ၏ ပါးစပ် ကို ထိထားပြီး လေများ မှုတ်သွင်းပေးလေ၏။

သင်ကြားတတ်မြောက်ထားသော ရှေးဦးသူနာပြု နည်း မျိုးစုံဖြင့် ကံဇော်ကို သတိရလာအောင် ပြုစုပျိုးထောင်၍ ပေးလေ၏။

ကံဇော်သည် ကြက်ခြေနီ ကားပေါ်မှာပင် သတိရ၍ လာ လေ၏။

'ငါ ဘယ်ရောက်နေပါလိမ့်'

ဖြူဖြူဖွေးဖွေး မျက်နှာကြက်ကြီးကို မြင်တွေ့နေရလေရာ ကံဇော်တစ်ယောက် ဘယ်ကိုရောက်နေပါလိမ့်ဟု တွေးတော ကြံဆနေရလေ၏။

ကံဇော်သည် သတိကောင်းစွာ ရလာ၏။

မိမိအား ကောင်းထက်ဇော်ကို တစ်ဖက်သတ် အနိုင်ယူထိုး နေမှုကို ဦးနှောက်အသိက သိရှိလာပြီး ပုံရိပ်များ ပေါ် လာ၏။

ကံဇော်သည် မိမိက အပေါ်စီးမှ ရလာသောအခါ ကောင်းထက်ဇော်ကို အပြတ်ရှင်းလိုက်ရန် ဇွတ်ဝင်ထိုးရာ တွင်

ကောင်းထက်ဇော်သည် အထိုးခံ၊ အနာခံပြီး ရင်းအား ကိုးနေသော ညာလက်သီးဖြင့် မိမိကို သတိမေ့သွားအောင် ထိုးလိုက်ခြင်းဖြစ်သည်ကို သတိပြန်ရလာသည်။

သုံးမိနစ်။

သုံးချီ သုံးလားသည် ဘဝကြီး တစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်၏။

လက်ရည်တူချင်း ထိုးရသည့်ပွဲသည် လွန်စွာ မောပန်း၏။

ထိုသို့ မောပန်းခိုက် အရှိုက်ကို မိမိရရ အထိုးခံရလေသောအခါ ကံဇော့် ဘဝသည် ဘုရားမကယ်ဘဲ ဖြစ်သွားရလေ၏။

ရွှေတောင်ကြီး ပြိုကျသွားသကဲ့သို့ ကံဇော်၏ ဘဝသည် ဆည်ကျိုးသွားသော ကန်ပမာ ဆင်းရဲတွင်း နက်သွားလေတော့သတည်း။

'တောက်'

ကံဇော် တက်ကိုပြင်းစွာခေါက်မိ၏။

ထပီတည်း ပိ။

တပေါ်တည်းပေါ်နေသော အလန်းဥဩဆွဲသံ ကြားနေရခြင်း။

ဟိုလူး သည်လှိမ့် ဖြစ်နေခြင်းတို့ကြောင့် ကံဇော် တစ်ယောက် လူနာတင်ကားပေါ် ရောက်နေကြောင်း သိရှိရလေ၏။

ညာဘက်လက်တွင် ဂလူးကို့စ်ဓာလည်း သွင်းထားသေးသည်။

ကံဇော်သည် မျက်စိကို စုံမှိတ်၍ မှိန်းနေလိုက်လေ၏။

ဤသို့ဖြင့် လူနာတင်ကားက ဆေးရုံအရေးပေါ် အဆောင်ရှေ့သို့ ရပ်သွားလေ ၏။





မျှားမကြာမီ ရှေ့ဆင့် နောက်ဆင့် ဦးပန့်စာတို့ကား ရောက်လာသကဲ့သို့

ဖြိုးကျော်၏ အက်စ်အီး ကားဖြူလေးလည်း ရောက်လာ၏။ သေတာသေတယ် ငါ့လောက် မနာပါဘူးကွာ ဆိုသကဲ့သို့ ဖြစ်၏။

ကံဇော်ကဲ့သို့ ကောင်းထက်ဇော် သတိမမေ့သော်လည်း မျက်နှာကြီးတစ်ခုလုံး ဖူးရောင်နေ၏။

ဘယ်ဘက်မျက်လုံးက လုံးဝ မမြင်ရတော့။

ထို့ကြောင့် အရေးပေါ်ခန်းသို့ လာ၍ပြရခြင်းဖြစ်၏။

'ကံဇော် ဘယ့်နှယ်နေသလဲဟေ့'

ကောင်းထက်ဇော်က အိပ်စင်ပေါ်မှ ကံဇော်ကို မေး၏။

'ဘဝတစ်ခုလုံး ပြောင်းလဲသွားမယ့်ကိစ္စပဲဗျာ၊ ဒီလောက်တော့ ရှိမှာပေါ့'

ကံဇော်က ဖြေ၏။

'တစ်နေ့နေ့ တစ်ချိန်ချိန် တို့ပြန်တွေ့ကြရဦးမှာ'

ကံဇော်က စိမ်းစိမ်းကားကား ကြည့်ကာ ကောင်းထက်ဇော်ကို ပြော၏။

'မမျှော်လင့်နဲ့တော့ ငါ့လူ၊ ငါတို့ ပြန်မတွေ့နိုင်တော့ဘူး'

ကောင်းထက်ဇော်က ဖြေသည်။

'ဘယ်လို.... ဘယ်လိုဗျ'

'ဟုတ်တယ် ကံဇော်၊ မင်းနဲ့ငါ ပြန်မတွေ့နိုင်တော့ဘူး၊ ငါက သူဌေးဖြစ်သွားပြီကွ၊ ဒီလက်ဖွေ့ အလုပ်ကို စွန့်လိုက်ပြီ၊ ဒါကြောင့် မင်းနဲ့ငါ ပြန်မတွေ့နိုင်တော့ဘူး'

လက်မထောင်၍ ဘောင်းထက်ဇော်က ပြောပြီး အရေး ပေါ် အခန်းထဲသို့ ဝင်သွားလေ၏။

'အနိုင်နဲ့ပိုင်းလို့ရမတဲ့လား ဘောင်းထက်ဇော်၊ မင်းက မတွေ့ချင်ပေမယ့် ငါက တွေ့အောင် ပြန်ကြိုးစားရမှာပဲကွ'

ဟု ကံဇော်က စိတ်ထဲမှ ပြောလိုက်၏။

'ကံဇော်.... ဘယ်လိုနေသေးလဲကွ'

ဦးပန်ကာက ကံဇော်၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်၍ မေး၏။

'ဘောင်းသွားမှာပါ ဦးပန်ကာ၊ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ၊ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်ဆိုသလိုပေါ့ဗျာ၊ တစ် နေ့နေ့ သူနဲ့ပြန်တွေ့ရဦးမှာပေါ့'

ကံဇော်က ကြိမ်းမောင်းလေ၏။

'အေး....မင်း တစ်နေ့နေ့ဆိုတာက ဘယ်နေ့မှန်းတော့ မသိဘူး၊ အခုတော့ ငါ့စည်းစိမ်တစ်ဝက် ပြုတ်သွားပြီ၊ ငါ့ အစီအစဉ်က မင်းကို လူ့ဘဝကြီးက အပြီးအပိုင် ထုတ်ပစ် ဖို့ပဲ၊ ဒါပေမယ့် ငါတစ်ခု စဉ်းစားမိတာက မင်းနဲ့ငါ တိုင်ပင်ပြီး ဒီကောင်တွေအကျိုးကို ဖျက်ဆီးပစ်ဖို့ ကြံစည် ချင်တယ်၊ မင်းရဲ့သဘော ဘယ်လိုရသလဲ'

လူနာတင် လက်တွန်းလှည်းကလေးပေါ်တွင် ပက်လက် ဖြစ်နေသော ကံဇော်ကို တိုင်ပင်၏။





'ဆရာကြိုက်သလို လုပ်ပါ၊ ကျွန်တော် သုံးလလောက် နားပြီး ဘောင်းထောင်းကျင့်ချင်တယ်၊ မကွေးနဲ့ ၄ မိုင် ဝေးတဲ့ ကံပြားရွာမှာ နေမယ်၊ လုပ်စရာရှိတာ အဲဒီကနေ လာပြီး လုပ်ချင်တယ်၊ ဘယ့်နှယ်လဲ ဆရာ'

ကံဇော်က လေသံကလေးထွက်ရုံ ပြောပြ၏။ ဦးပန်ကာ ကံဇော်၏ ပါးစပ်နားသို့ကပ်၍ တော်တော်ကြီး ဂရုစိုက်ပြီး နားထောင်ယူရလေ၏။

'မင်းကြိုက်သလို စီစဉ်၊ ဒီကောင်တွေ ခြေလှမ်း ဘယ်လို လှမ်းတယ်ဆိုတာ ငါတို့စောင့်ကြည့်ရမယ်၊ ဒီနေ့ကစပြီး မင်းကို ငါနာမည်ပေးလိုက်မယ်'

'ဘယ်လိုလဲဆရာ၊ ဘယ်လိုပေးမှာလဲ ဆရာ'

'မင်းနဲ့ငါဟာ သူများကြီးပွားချမ်းသာမှာကို မလိုလား၊ မနာလို မရှုဆိတ်တဲ့အတွက် စည်းရုံးကြမှာ ဖြစ်တယ်၊မင်းဟာ မင်းရဲ့ပိုင်ဘက် ဘောင်းထက်ဇော် ကြီးပွားချမ်းသာမှာကို မနာလိုတာ ဖြစ်တယ်'

'အဲသလို မနာလိုပြီး ဘောင်းထက်ဇော်တစ်ယောက် ပျက်စီးရာ ပျက်စီးကြောင်းကို လုပ်မှာဖြစ်တဲ့အတွက် မင်းရဲ့ နာမည်ကို ဒီနေ့ကစပြီး....'

'ဣဿာမစ္ဆရိယ ကံဇော်လို့ ပြောင်းလိုက်မယ်၊ ဘယ့် နှယ်လဲ'

ကံဇော်ကိုကြည့်၍ ဦးပန်ကာက လေးလေးနက်နက် ပြော၏။

ကံဇော်သည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

‘ဣသာမဏ္ဍရိယ ကံဇော်’

‘ဣသာမဏ္ဍရိယ ကံဇော်’

ပါးစပ်မှ တိုးတိုးကလေးရွတ်ပြီး ခေါင်းညိတ်ပြ၍ လက်ခံကြောင်း အသိပေးလိုက်ပေတော့သတည်း။



ကဏ္ဍ-၆

## ဥစ္စာလိုလျှင် အရင်းရိုက်

အရေးပေါ်ဆေးခန်းမှာ လူနာများ ပြည့်နေ၏။

ကံဇော်မှာ ခုတင်ပေါ်တွင် ပက်လက်ပဲ ရှိသေး၏။

ဖျားနာသူများ။ ကားတိုက်ခံရသူများ။ ကားမှောက်သူများ။ ရိုက်မှုများ။ မြွေကိုက်ခံရသူများဖြင့် အရေးပေါ်ဆေးခန်းတွင် လူများပြည့်ကျပ်နေ၏။

ဓောင်းထက်ဇော်၏ ဘယ်ဘက်မျက်လုံးမှာ ပတ်တီးစည်းထား၏။

သူနာပြုဆရာမ၏ အောင်ဟစ် ကြိမ်းမောင်းသံများမှာ အရေးပေါ်ဆေးခန်းတွင် ဆူညံနေ၏။

ထိပ်ပေါက်ခေါင်းကွဲဖြစ်သူများ၏ အနာများကို အပ်ချုပ် ချုပ်လေရာ အနာမခံနိုင်သူများ၏ အော်ဟစ်သံများမှာ မြို့ပျက်မတတ် ဆူညံနေ၏။

အနာမျိုးကို ဖန်ဆေးခြင်း။

ဆေးထည့်ခြင်းနှင့် ချုပ်လုပ်ခြင်း အလုပ်ကို ဆေး
အမှိုက်လှည်းများက ဆောင်ရွက်၏။ ဆေးရုံသန့်ရှင်းရေး
သမားက ဆောင်ရွက်၏။

ဆရာဝန်နှင့် သူနာပြုဆရာ၊ ဆရာမများက ပြန်စောင်းမှ
လှည့်မကြည့်။

ချုပ်ရိုးကောင်းကောင်း၊ မကောင်းကောင်း သူတို့နှင့်
လုံးဝ မပတ်သက်။ ဆေးရုံသန့်ရှင်းရေးသမားများကလည်း
စနစ်တကျ သင်ကြားတတ်မြောက်ခဲ့သည် မဟုတ်။

မျက်မြင်ဖြင့် လက်တွေ့လုပ်နေကြခြင်း ဖြစ်၏။

ကိုယ့်အသားနာသည် မဟုတ်တော့ လက်ဖက်ရည်ဖိုး
ပေးလျှင် အပ်ချွန်ချွန်နှင့် ဖြည်းဖြည်းသက်သာ ချုပ်ပေး၏။

လက်ဖက်ရည်ဖိုးမရက အင်တုံးတုံးနှင့် ကြမ်းကြမ်း
တမ်းတမ်း ချုပ်ပေး၏။

ငွေသည် သည်းခြေကြိုက်ဖြစ်၏။

ငွေမပေးနိုင်သည့်လူနာများ၊ ဆေးရုံ၏ထုံးစံကို မသိသော
လူနာများ သေဖို့သာ ပြင်တော့။ အအောင့်ကျင့်ဖို့သာ ပြင်
ကြပေတော့။

နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဤအရေးပေါ်ဆေး
ခန်းမှာ ငရဲပြည်နှင့် တူလှပေ၏။





ကောင်းထက်ဇော်သည် အောင့်အည်း သည်းခံပြီး အရေး
ပေါ်ဆေးခန်းမှ ထွက်လာကာ အသင့်စောင့်နေသော ဖြိုး
ကျော်၏ အက်(စ်)အီး ကားဖြူကလေးပေါ်သို့ တက်ထိုင်
လိုက်ပေသည်။

'ကောင်းထက်ဇော်၊ မင်း ငွေတစ်သိန်းရမယ်၊ ဘာလုပ်
မယ် စိတ်ကူးသလဲ'

ဖြိုးကျော်က ကားပေါ်သို့ရောက်လာသော ကောင်းထက်
ဇော်ကို မေးလေ၏။

'မိန်းကလေးတွေ မွေးစားမယ်'

ကောင်းထက်ဇော်က အရင်းမပါ အဖျားမပါ ဖြေ၏။

'ဘာကွ၊ မကောင်းတာလုပ်စားမယ်ပေါ့ ဟုတ်လား'

နောက်ကျောမှီနေရာမှ မတ်မတ်ရပ်၍ ဖြိုးကျော်က
အထိတ်တလန့်မေး၏။

'ထပ်တရီး၊ ပေါက်တတ်ကရဗျာ၊ ကျုပ်လိုကောင်က
ဒီအလုပ် လုပ်စားမတဲ့လားဗျ'

ကောင်းထက်ဇော်က ခေါင်းတယမ်းယမ်း လက်တခါ
ခါဖြင့် ဖြေ၏။

'ဒါဖြင့် မင်းဥစ္စာက'

'ဒီလိုရှိတယ်ဗျ၊ အခု ရန်ကုန်မှာ စားတော်ဆက်တွေပေါ
နေတယ်၊ အဲဒီ စားတော်ဆက်တွေမှာ အဆိုတော်တွေခေါ်

ကြတယ်၊ အဲဒီမှာ ကျွန်တော်တို့မွေးထားတဲ့ အမျိုးသမီးတွေ ပို့ထားရရင် မကောင်းဘူးလား’

ကောင်းထက်ဇော်က ရှင်းပြ၏။

‘နိုပ်ဟ၊ မဆိုးဘူး၊ အကြံကောင်းတော့ တစ်ချက်တဲ့ကွ၊ ဟုတ်တယ်၊ မင်းပြောမှ ငါလဲ သဘောပေါက်တယ်၊ ငါတို့ ရန်ကုန်ကို ပြောင်းမယ်၊ ကာရာအိုကေတွေ ပေါ်နေတော့ ကာရာအိုကေစက်တွေ ဝယ်မယ်၊ ကောင်မလေးတွေကို ကာရာအိုကေကျင့်ခိုင်းမယ်၊ စူပါတွေကို စားတော်ဆက်တွေပို့မယ်၊ တို့ ကိုယ်တိုင်လဲ စားတော်ဆက်တွေ ထောင်မယ်၊ ကောင်းတယ်ဟေ့၊ မင်း အကြံအစည်သိပ်ကောင်းတယ်’

‘မင်း တစ်လကို ၂၀၁၀ ယူ၊ လုံခြုံရေးကို မင်း ကိုင်ပေတော့၊ မင်းအခုရမယ့် ငွေတစ်သိန်းကို ငါ့ရဲ့ စားတော်ဆက်မှာရှယ်ယာထည့်၊ ရှင်းရှင်းပြောရရင် ရှယ်ယာနဲ့ ပတ်သက်လို့ အမြတ်ကို ခွဲပေးမယ်၊ ငွေ ၂၀၀၀ က မင်းအတွက် လစဉ်လစာငွေဖြစ်တယ်၊ ဘယ့်နှယ်လဲ’

ဖိုးကျော်က အားတက်သရောပြောပြ၏။ မဆွတ်ခင်က ညှဉ်းချင်နေသူဖြစ်ရာ ကောင်းထက်ဇော်သည် ဖိုးကျော်၏ ပြောပြချက်ကို အလွယ်တကူ သဘောတူလိုက်လေတော့သည်။

‘ကျွန်တော့်ကို တစ်သိန်းပဲ ပေးမှာလားဗျ၊ တစ်သိန်းလုံး ရှယ်ယာထည့်လိုက်ရင် ကျွန်တော် လောလောဆယ်သုံးဖို့ ဘာယ်ရှိတော့မလဲ’





ဟု ကောင်းထက်ဇော်က အကြောင်းအချက်ခိုင်လုံစွာဖြင့် ထောက်ပြ၏။

‘ဥစ္စာလိုချင်ရင် အရင်းစိုက်ရတယ်ကွ၊ အရင်းမစိုက်ချင် င် မင်း လေ့ထိုးသွားပဲ ဖြစ်တော့မပေါ့၊ မင်း ငါ့အထဲကို ယ်ယာဝင်လိုက်တဲ့အတွက် မင်းဟာ ငါ့လို ရည်တူတန်းတူ ငွေးဖြစ်သွားမယ်၊ ငါတို့ တည်ထောင်မယ့် စားတော်ဆက် ပေါ်မှာ မင်းလဲ ဩဇာအာဏာရှိလာမယ်၊ ကိုင်း ဘယ့် ယ်လဲ’

ဟု ဖိုးကျော်က ရှင်းပြ၏။

‘ကျွန်တော် သဘောပေါက် နားလည်ပါတယ်၊ ကျွန် တော် ဒီလက်သီးထိုးပြီး ငွေရှာတဲ့ အလုပ်ကိုလဲ စိတ်ကုန်ပါ ၊ ဒါပေမယ့် အခုလောလောဆယ် ကျွန်တော် ပြန်ပြီး န်သန့်မာမာဖြစ်အောင် ဆေးထိုးရဦးမယ်၊ နောက်ပြီး ခုလောလောဆယ် ဗိုက်ပြသနာကလဲ ရှင်းဖို့လိုသေးတယ်’

ရှုံကာမဲ့ကာဖြင့် ကောင်းထက်ဇော်က ရှင်းပြ၏။

ကောင်းထက်ဇော်ဘက်မှ ကြည့်တော့လည်း တစ်ချက် လေးမှ မမှား။ အမှန်တွေချည်း ဖြစ်ချေ၏။

ခေတ်ကာလက ငွေတစ်သိန်းမပြောနှင့် တစ်ကျပ်တစ် ားပင် အကြောင်းမသင့်က ရှာဖို့မလွယ်။

သို့သော်

ဟိုဟာတိုတို၊ သည်ဟာတိတိ ဝယ်လိုက်ပြန်တော့လည်း သည်ငွေတစ်သိန်းက ဘာမှ ဝယ်မရ။ ဘာမှ မည်မည်ရရ ပစ္စည်းမရနိုင်။

ငွေတန်ဖိုးက ကျမှန်းမသိ တော်တော်ကလေးကျနေ၏။

ကုန်ဈေးနှုန်းက ဖင်ကိုဂျက်တပ်လိုက်သတောင်မှ မမီနိုင်။

အစိုးရလခစားတွေ ငွေချေးမလို့တဲ့ဆိုတဲ့ အောလာဟာလ သတင်းကလေးထွက်လာရုံရှိသေး ဆန်ဈေးက ၆၅ ကျပ်ဖြစ် သွားသည်။

ကုန်သည်ကြီးများ၏ လက်ထဲတွင် ပြည်သူပြည်သား များ၏ အသက်ပြဿနာက ဆိုက်ရောက်နေ၏။

'ကျားသနားမှ နွားချမ်းသာမည်'

ဆိုသကဲ့သို့ တိုင်းသူပြည်သား လူအများ၏ စားဝတ်နေ ရေးက ကုန်သည်ကြီးများ၏ လက်ထဲတွင် ထောင်ချောက် ပိတ်၍ မိနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံမှထွက်သော ဆန်သည် မြန်မာပြည်သူ ပြည် သားများနှင့် လုံလောက်ပါသော်လည်း ကုန်သည်ကြီးများ နှင့် ငွေရှင်ကြေးရှင်တို့၏ မသမာမှုကြောင့် ပြည်သူတို့ ဒုက္ခ ရောက်နေကြသည်။

မြန်မာလူမျိုးတို့သည် ဂျုံကို မှီခိုအားထားနေကြသူများ မဟုတ်။ ဆန်ကဖြစ်သော ထမင်းကိုသာ အားထားနေသူများ ဖြစ်၏။





ဆန်ဈေးတက်လာသောအခါ ဆီ၊ ဆား၊ ငရုတ်၊ ကြက် သွန်များပါ နောက်က အမီလိုက်ပြီး ဈေးတက်လာချေ တော့သည်။

တစ်ချိန်က မြန်မာပြည်တွင် ထမင်းငတ်၍ သေသော သူ မရှိဟု ဆိုရိုးရှိခဲ့၏။

ယခု မဟုတ်တော့ပြီ။

တစ်နေ့မှ ၉ ကျပ်၊ ၁၀ ရသော လက်လုပ်လက်စား နေ့ စားသမားတို့၏ အိမ်တွင် ထမင်းရည်ပင် ဝလင်အောင် သောက်ကြရတော့ပေ။

နိုင်ငံတော်အစိုးရ၏ တိုင်းသူပြည်သားများအပေါ် ထား သော စေတနာမှန်ကို ငွေရှင်ကြေးရှင်များနှင့် ကုန်သည် ကြီးများက ငွေအားဖြင့်ဖိ၍ ပျက်အောင်ဖျက်နေ၏။

ဆန်ထွက်သော မြန်မာပြည် အောက်ပိုင်းမှ မြို့ရွာအနှံ့ အားကြီးကားဝယ်များဖြင့် ဆန်ဈေးကို မဘန်မဆ မြှင့်ပေး ဝယ်ယူပြီး နိုင်ငံခြားသို့ ကလေးကစားစရာ ပစ္စည်းများ၊ တိုသံစများ၊ အိုးခွက်ပန်းကန်များနှင့် လဲနေကြ၏။ ဝလုံး ပြန်စနေရသော မြန်မာနိုင်ငံတွင်....

နယ်စပ်ဒေသ ဖွံ့ဖြိုးရေး။

မြို့ရွာဒေသအနှံ့ တံတား ဆည်မြောင်းနှင့် လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို ဇောက်ချပြီး နိုင်ငံတော် က လှုပ်ဆောင်ပေးနေချိန်တွင်....

မြည်သူတို့၏ စားဝတ်နေရေးကို မြည်သူတို့ဘာသာ လွ
လပ်စွာ ဆောင်ရွက်ခွင့်မပေးခဲ့၏။

ရိုးသားခြင်း။

ကြိုးစားခြင်းတို့ဖြင့် အရင်းတည်ပါက ကုန်ဈေးနှုန်
တက်စရာအကြောင်း လုံးဝမရှိ။

မြစ်ကွေ့မြို့သို့ ဘေးသမ္မန် နှစ်တွဲဖြင့် သင်္ဘောကြီး
မဆိုက်ကပ်ဖူး မြို့လယ်ကောင် မြစ်ဆိပ်တွင်ဆိုက်ကပ်လာ၏

သင်္ဘောကြီးပေါ်တွင် စိဘိတွဲများနှင့်အပြည့် ဆန်အိတ်
များပါလာ၏။

ဆန်ဈေးကလည်း အိပ်မက် မက်သကဲ့သို့ ချိုလှ၏။ မြို
ပေါ်ရှိ လက်လုပ် လက်စားများက တစ်ပြည်စ နှစ်ပြည်
ဝယ်ချင်သော်လည်း သင်္ဘောကြီးပေါ်မှ အိတ်လိုက်မှလွဲ၍
မရောင်း။

များမကြာမီ မြစ်ကွေ့မြို့ပေါ်မှ ကုန်သည်ကြီးများနှင့်
ငွေရှင်ကြေးရှင်များက သင်္ဘောကြီးပေါ်မှ ဆန်အားလုံးကို
ဆန်စေ့တစ်စေ့မျှ မကျန်အောင် ဝယ်ယူ၍သွား၏။

၎င်းတို့လက်ထဲသို့ရောက်သော် ဆန်တစ်ပြည် ၆၅ ကျပ်
ဖြစ်သွားလေတော့၏။

နှမ်းစိုက်သူသည် နှမ်းဆီစစ်စစ် မစားရတော့။

စပါးစိုက်သူသည် ဆန်ကောင်းကောင်း မစားရတော့။





လခစားတွေ လစာတိုးပေးသည်။ (.......) စားက ယခု
၇၀၀ ကျပ်စား ဖြစ်သွားသည်။ လစာတွေတိုးလာသည်။
ိုသော် ယခင်က ဆန်တစ်အိတ် ၁၆၀၀ကျပ်ကျော်သွားပြီ။

မိသားစု ခုနစ်ယောက်ရှိသည့် အိမ်သည် တစ်လ ဆန်
အိတ်ကုန်၏။

ဆန်တစ်အိတ် ၁၆၀၀ ကျော်လေရာ လစာ ၁၅၀၀ ကျပ်
ဘယ်လိုမှ မလောက်တော့ပေ။

ကြက်သွန်ဖိုး ဆီဖိုး မပါသေးဘဲ ဆန်ဖိုးနှင့်ပင် လစာ
တ်နေပြီ။

တစ်လလျှင် အနည်းဆုံး ရက်ပေါင်း ၂၀ ရက် ရှိရာ
ဖေဖော်ဝါရီ) ကို ဆိုလို၏။ ၁၅ ရက်က ထမင်းစားပြီး
ရက်က ထမင်းရည်ကို အလှည့်ကျ သောက်နေရလေ၏။

လစာများ တိုးပေးမည့်အစား ကုန်ဈေးနှုန်းသာ ကျ
ချင်ကြ၏။

ငွေရှင် ကြေးရှင်နှင့် ကုန်သည်ကြီးများကလည်း မိမိ၏
းမယားများ တိုက်ပြဖြင့်နေနိုင်ဖို့၊ အကျင်္ကီ အမျိုးမျိုးစီး
ဖို့၊ မယားငယ်များထားနိုင်ဖို့၊ လင်ငယ်များထားနိုင်ဖို့
ဦးစားပေးနေကြ၏။

ဘယ်သူသေသေ ငတေမာပြီးရော စိတ် မွှေးနေကြ၏။

ယနေ့ ကုန်ဈေးနှုန်းမှာ ငွေရှင် ကြေးရှင်များနှင့် ကုန်
ည်ကြီးများ အပေါ်တွင်သာ အရင်းခံနေ၏။ ၎င်းတို့၏
စပ်များတွင်သာ ရှိနေတော့သည်။

ပြည်သူလူထုအပေါ် မတရားနှိပ်စက်နေသော ထိုဝိသ
လောဘသားများ၏ ငွေများကို ကောင်းထက်ဇော် လိုချ
၏။

ခိုးယူလို့လည်းမရ၊ ဓားပြတိုက်ယူ၍လည်းမဖြစ်။ သည်တော
ငွေရှင်ကြေးရှင်များနှင့် ကုန်သည်ကြီးများထံမှ ငွေကို ဘယ
လိုရအောင် ယူရမလဲ တွေးကြည့်လိုက်သော်....

ဘုရားအလောင်း ဥဒေါင်းမင်းဟာ ဒေါင်းမနှင့် မျာ
ယူသော်ရ၏။

ကုန်သည်ပွဲစား သူဌေးသားများကို အစားကောင်
အသောက်ကောင်းများ အမျိုးသမီးချောချောလှလှများနှ
များယူသော် ၎င်းတို့၏ မတရား အမြတ်ကြီးစားထားသော
ငွေများထဲမှ တချို့တစ်ဝက် ဖဲ့ထွက်လာနိုင်သည်ဟု ကောင်
ထက်ဇော် အတွေးပေါက်၏။

ထို့ကြောင့် အမျိုးသမီးများမွေးပြီး ငွေရှာရန် ကောင်
ထက်ဇော် အကြံပေါ်ခြင်း ဖြစ်ချေ၏။

ဤသို့ဖြင့် ကောင်းထက်ဇော်နှင့် ဖိုးကျော်တို့သည်
တယ်များ စားသောက်ဆိုင်များအတွက် သီချင်းအဆိုတော်
ပြီး ရုပ်ချောသော အမျိုးသမီးများ မွေးစားရန် တိုင်
ကြခြင်းဖြစ်၏။

မြန်မာပြည်တွင် နှစ်စောင်တည်းသာထွက်သော ကြေ
သတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် အောက်
အတိုင်း ကြော်ငြာထည့်လိုက်လေ၏။





## ဖိတ်ခေါ် အဆိုပြိုင်ပွဲ

မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သော ဖိတ်ခေါ် အဆို
ပြိုင်ပွဲကို ၁၉၉၃ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပ
ပြုလုပ်ပါမည်။

အောက်ပါ တေးသီချင်းများမှ နှစ်သက်ရာတေးတစ်ပုဒ်
ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများ ဝင်ရောက်စာရင်း ပေး
သွင်းနိုင်ပြီ။

### ဆိုရမည့် သီချင်းများမှာ

| | | |
|---|---|---|
| ၁။ | ဟယ်ရီလင်း | = ခြောက် အချစ်။ |
| ၂။ | ဇော်ဝင်းထွဋ် | = တားဆီးလို့ မရ တဲ့ အချစ် |
| ၃။ | ထူးအိမ်သင် | = အိပ်မက်။ |
| ၄။ | ခင်မောင်တိုး | = မဟာဆန်သူ။ |
| ၅။ | လေးဖြူ | = အလင်းရောင်။ |
| ၆။ | ဗဒင် | = ဒီအတိုင်းပဲဆင်းလာခဲ့။ |
| ၇။ | ခိုင်ထူး | = နေမွန်းမတည့်ခင်။ |
| ၈။ | သီဟန် | = စားထိုး မရနိုင်သော။ |
| ၉။ | စောဘ်နီ | = ရွှေရောင်အိပ်မက်။ |

၈၄ ◯ မကွေးညိုစိမ့်

၁၀။ ဟေမာနေဝင်း = အိမ်အပြန်။

၁၁။ မေဆွိ = အတ္တ

၁၂။ နော်လီဇာ = ရက်ရက်စက်စက်

၁၃။ မိမိဝင်းဖေ = ရှာမယ်ဆိုရင်လေ။

၁၄။ နီနီခင်းရွှေ = နှင်းဆီ။

အကောင်းဆုံးဆိုနိုင်သူများကို အကန့်အသတ်မရှိ ရွေးမည်။

လစာတစ်လလျှင် ၂၀၀၀ ကျပ် ပေးမည်။

ရရှိသည့် ဆုကြေးအပေါ်မှ တစ်ဝက်ချီးမြှင့်မည်။

သီဆိုဖြေဖျော်ရမည့်အချိန်မှာ ညနေ ၅ နာရီမှ ညဥ့် ၁၂ နာရီအထိသာ ဖြစ်သည်။

ယောကျ်ား မိန်းမ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

နိုင်ငံကျော်အဆိုတော်များပါ စိတ်ဝင်စားလျှင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

အလုပ်ရလာရန် ကုမ္ပဏီမှအားဖြင့် အပိုအကြို လုပ်ပေးမည်။

နေ့ချင်းညချင်း သူဌေးဖြစ်သွားရန် တာဝန်ယူသည်။

အသက် ၁၉ နှစ်အတွင်း ဖြစ်ရမည်။

ပညာအရည်အချင်း= မြန်မာစာ ရေးတတ်ဖတ်တတ်ရမည်။

ဖယ်ရီကားဖြင့် ကြိုဆိုသည့်အချိန်မှစ၍ အိမ်သို့ပြန်ပို့သည်အထိ လုံခြုံရေးကို တာဝန်ယူသည်။

အိမ်သို့ ပြန်ပို့ပြီးသည့်နောက်ပိုင်း ကိုယ့်ဘဝလုံခြုံမှုအတွက် ကိုယ့်ဘာသာ တာဝန်ယူရမည်။

အလုပ်လျှောက်ထားရန် လျှောက်လွှာတစ်စောင်ကို ၁၀ ကျပ်ဖြင့် ဝယ်ယူရမည်။

အကြောင်းပြန်ကြားနိုင်ရန် ၂ ကျပ်တန် တံဆိပ်ခေါင်း အပိုထည့်ပေးရမည်။

စည်းကမ်းချက်များ တစ်ဦးချင်းထံ ပို့ပေးမည်။

လျှောက်ထားရန်ဌာန။

ကောင်းထက်ဇော်

လက်ဝှေ့ချန်ပီယံ။

ပင်လယ်ဖျံစားတော်ဆက်

အမှတ်-၄၂၄ စကားဝါလမ်း

မြို့ဟောင်း ဒ၊ မြစ်ကွေ့မြို့။

ဖြိုးကျော်နှင့် စည်းမျဉ်း စည်းကမ်းများကို တိုင်ပင်ဆွေးနွေးပြီးသော် သဘင်းစာမှ အထက်ပါအတိုင်း ကြော်ငြာလိုက်လေတော့သည်။

နဝရတ်စာပေ

စိတ်ဝင်စားသူ အမျိုးသမီး တစ်သောင်းကျော်နှင့် အမျိုးသား ၃၀၀၀၀ ကျော် လျှောက်ထားကြလေ၏။

အဆိုပြိုင်ပွဲကို တစ်လလုပ်ယူရသည်။

လျှောက်လွှာရောင်းသည့်စာပင် တစ်စောင် ၁၀ ကျပ်နှုန်းဖြင့် ငွေပေါင်းတစ်သိန်းသုံးသောင်းကျော်တိတိ ပွလိုက်ကြ၏။

ကောင်းထက်ဇော်၏ ဉာဏ်ပြေးမှုကို ဖြိုးကျော် လက်ဖျားခါလေ၏။

သတင်းစာတွင်ထည့်၍ ကြော်ငြာသော ကြော်ငြာစရိတ်မှာ လျှောက်လွှာရောင်းစားသည်နှင့် ကျေသွားလေ၏။

ရုပ်ရှင်းစရိတ်ဖြင့်ပင် တီဗွီမှ နေ့စဉ် ကြော်ငြာ ပြန်၏။ ကြော်ငြာခက တစ်လစာ တစ်သိန်းကျော်ကျ၏။ အားလုံးငါးကြွင်းဆီဖြင့် ငါးကြွင်းကြော်လိုက်ရာ ဆန်ခါတင် အမျိုးသမီး အဆို ၃၀ ယောက်နှင့် ကျားအဆို ၁၀ ယောက် ရရှိ၏။

အမျိုးသမီးများမှာ ယနေ့နာမည်ကြီးနေသော မို့မို့မြင့်အောင်။ စိုးမြတ်သူဇာ။ ချစ်ချစ်ဇော်။ လင်းဇာနည်ဇော်။ ခိုင်ခင်ဦး။ တင့်တင့်ထွန်း။ ထွန်းအိန္ဒြာဗို။ စုမြတ်နိုင်။ မေသဉ္ဇာဦး။ ထူးမွန်။ ဇင်မာဦး။ ကော်နီ။ နီနီဝင်းရွှေ။ မေဆွိ။ မေခလာ စသည့် အမျိုးသမီးများနှင့် ချွတ်စွပ်ခဲ့မရအောင် တူသော၊ ပုံစံဖမ်းနေသော၊ ဂိုက်ဖမ်းနေသော အမျိုးသမီးများ။





ကျော်သူ။ စိုးသူ။ ကျော်ရဲအောင်။ ရဲအောင်။ နေအောင်။ ရန်အောင်။ ဇော်ဝင်းထွဋ်။ ရဲသွင်။ အောင်သူနှင့်ကျော်ဟိန်းတို့၏ ကိုယ်နေဟန်ထား အမူအရာများကို အတုယူနေသော ယောကျ်ားတလေးများကိုလည်း ရရှိလေ၏။

ဖြိုးကျော်သည် မြစ်ကြီးနားမြို့တွင် ပင်လယ်ဖျံ စားတော်ဆက်ကို တည်ထောင်လိုက်ပြီး ရန်ကုန်မြို့ ပန်းလှိုင်ရပ်ကွက်တွင်လည်း ပင်လယ်ဖျံ ဖြေဖျော်ရေး ငှားရမ်းမှုကုမ္ပဏီကို တည်ထောင်လိုက်လေ၏။

ရန်ကုန်မြို့တွင် တစ်ချိန်က အချစ်ဝတ္ထုရေးသားခဲ့သော မြေပြန့်ဆန်းကြည်နှင့် နေကျောက်စိမ်း ရုပ်ပြရေးဆွဲခဲ့သော ပန်းချီ ကိုကိုလင်းကို မန်နေဂျာအဖြစ် ထားလေ၏။

ရန်ကုန်မြို့တွင် လိုအပ်သောအဆိုတော်များကို မြစ်ကြီးနားမြို့မှ ပို့ပေး၏။

၆ လ တစ်ကြိမ် လူလဲလှယ်မှု လုပ်ပေးခဲ့သည်။

မြစ်ကြီးနားမြို့၏ မြစ်ကမ်းနဖူးတွင်ရှိသော ပင်လယ်ဖျံစားတော်ဆက်မှာ တဖြည်းဖြည်း နာမည်ကြီးလာသည်။

အစားအသောက် လတ်လတ်ဆတ်ဆတ် စားရခြင်း။

ဈေးနှုန်းချိုသာခြင်း။

ဆက်ဆံမှုဖော်ရွေ၊ ပြေပြစ်ခြင်း။

သီချင်းသီဆိုသူတို့၏ ကမ္ဘာ့အဆင့် မိခြင်းတို့ကြောင့် ကောင်းထက်ဇော်နှင့် ဖြိုးကျော်တို့ စီးပွားလာဘ်လာဘ တိုးတက်လာလေ၏။

ကောင်းထက်ဇော်တို့၏ ဝင်ငွေကို ကြည့်ရှုဝေဖန်ကြမည်ဆိုပါလျှင်

အဆိုတော်တစ်ယောက်ကို သဘောကျနှစ်ခြိုက်၍ ရွှေရောင်၊ ငွေရောင်၊ အစိမ်းရောင် ပန်းကုံးများ စွပ်လိုပါက ကောင်းထက်ဇော်တို့ထံမှ ၁၀၀ ကျပ်ဖြင့် ဝယ်ပြီး အဆိုတော်ကို စွပ်ကြရ၏။

ပန်းကုံးအစွပ်ခံရသူ အဆိုတော်က ကောင်းထက်ဇော်တို့အား ပန်းကုံးပြန်ပေးရ၏။ ထိုသို့ ပန်းကုံးပြန်ပေးသူအား ကောင်းထက်ဇော်တို့မှ ၅၀ ကျပ် ပေး၏။ ကောင်းထက်ဇော်တို့က ပန်းကုံးတစ်ကုံးလျှင် ၅၀ ကျပ် ရ၏။

လာရောက်စားသောက်ကြသူများမှာ ငွေကို ငွေမသင်သူများ ဖြစ်ကြ၏။

ကန်စွန်းရွက်တစ်ပွဲ ၁၀၀ ဆိုသည့် ပေး၏။ အရက်မူးခင်ကတော့ နှိုင်းနှိုင်းဆဆ ပြောကြ ဆိုကြကကြ၏။

မူးလာသောအခါ ဘာရယ်လို့ နှိုင်းဆမနေတော့။ ၁၀၀ ဆိုလည်း ပက်ခနဲ၊ ၂၀၀ ဆိုလည်း ပက်ခနဲ ဘာမှ မကြည့်တော့။

လူသုံးလေးယောက် တစ်စားပွဲထိုင်လိုက်လျှင် ၆၀၀၀ မှ ၇၀၀၀ ထိ ရှင်းကြရ၏။

ရက်(စ်)စထရန့်စ် တစ်ခုလျှင် တစ်နှစ် ၁၁ သိန်းခန့် မြတ်နေသတော့၏။





သာမန် ရိုးရိုးလုပ်ကိုင်စားသောက်လို့ကတော့ မမြတ်။

ရက်(စ်)စထရန့်စ်ပိုင်ရှင်တို့၏ အလိုဆန္ဒရှိ မန်နေဂျာထားနပ်လိမ္မာရသည်။

အရက်ဆိုလျှင် နိုင်ငံခြားမှလာသော ကောင်းပေ့ဆိုသည့် အရက်များသာ ထားရ၏။

ထိုင်ရန် စားပွဲကို တစ်စားပွဲ အနည်းဆုံး လူလေးယောက်အတွက် ထိုင်နိုင်အောင် စီစဉ်ရ၏။

စားပွဲများကို တစ် နှစ် သုံး အစရှိသည့် နံပါတ်များ တပ်ထားရသည်။

မူးလာပြီထင်ရသော စားပွဲနံပါတ်ဖြင့် ပန်းကုံးများကို အဆိုတော်အား စားပွဲရှင်မှ ကျေနပ်သည်ဖြစ်စေ မကျေနပ်သည်ဖြစ်စေ စွပ်ပေးရ၏။

စားသောက်ပြီး၍ ရှင်းသောအခါ ထိုပန်းဖိုးများပါ ထည့်တွက်၍ တောင်းရ၏။

စားပွဲထိုင်သူများကလည်း သွပ်ချပါသော ဘဂဝတော များ ဖြစ်နေကြလေရာ ဘာမှ ရေရာမှုမရှိဘဲ ရှင်းပေးလိုက်သည်။

ရက်စ်စထရန့်စ်ပေါ် ရောက်လာကြသည့် လူများမှာ များသောအားဖြင့် အလုပ်တစ်ခါဖြစ်လျှင် ၁၀ သိန်းထက် မနည်း မြတ်ကြသော ငွေရှင်ကြေးရှင်နှင့် လုပ်ငန်းရှင်များ ဖြစ်ကြလေရာ တစ်နေ့ကုန်သော ငွေခြောက်ထောင်လောက်

မှာ ကင်းခြေများ ခြေတစ်ချောင်း ပြုတ်သလောက်သာ ရှိ ချေ၏။

ငှင်းတို့အဖို့ ဘာမှ စီးပွားရေး မထိခိုက်ခဲ့ပေ။

ဆောင်းထက်ဇော်တို့မှာ နေ့ချင်းညချင်း ကြီးပွားချမ်း သာလာတော့သည်။

စက္ကန့်ကို မိနစ်စား။

မိနစ်ကို နာရီစား။

နာရီကို ရက်က စား။

ရက်ကို လ စား။

လကို နှစ်ကစားပြီး ရာသီတွေ ပြောင်းလာသည်နှင့်အမျှ ဆောင်းထက်ဇော်၏ အစုရှယ်ယာများမှာ ဖွိုးကျော်အပေါ် တွင် များပြားလာခဲ့ပြီး မြစ်ကွေ့မြို့၏ သူဌေးကလေးဆုထူး ကို ရရှိလေတော့သည်။

ဖြိုးကျော်နှင့် ကောင်းထက်ဇော်သည် ကြီးပွားချမ်းသာ လာသည်နှင့်အမျှ ခွဲခွာမှုမရှိဘဲ ပို၍ ခိုင်မြဲစွာ လက်တွဲလာကြ လေ၏။

လုပ်ငန်းတိုးချဲ့မှုတွေ များပြားလာ၏။

ရန်ကုန်မြို့ ပန်းလှိုင်ရပ်ကွက်မှ အဆိုတော် ဖြန့်ချီရေး ကုမ္ပဏီကြီးများလည်း တစ်နေ့တခြား လုပ်သားများ များ လာသည်နှင့်အမျှ ရက်စ်စထရန့်စ်များလည်း ရန်ကုန်မြို့လယ်





ာင်မှ ခေါင်မိုးမှန်သမျှ ပွားများတိုးတက်လာရာ အလုပ် ဖြစ်နေချေ၏။

တချို့ ငွေကို ဘယ်လိုသုံးရမှန်းမသိအောင် ချမ်းသာနေ ာ ချစ်တီးကုလား၊ တရုတ်နှင့် မြန်မာတို့မှာ နတ်ပြည် ာက်ထပ်မှာပင် စားတော်ဆက်ဖွင့်၍ ရမရ သိကြားမင်း ာသထံ မေးမြန်းစုံစမ်းပြီး လေလံဆွဲရန် စီစဉ်ဆောင်ရွက် ကြပြီဟု ခိုင်လုံသောရပ်ကွက်မှ သတင်း ကြားရလေရာ ာင်းထက်ဇော် တစ်ယောက် များစွာ ဝမ်းသာအားရ နေလေတော့သည်။

ဆောင်းထက်ဇော်တစ်ယောက် အက်စ်အီးကား ထည်လဲ င်နေသည်။ သုံးနှစ်တာ ကာလအတွင်းတွင် ငှင်း၏ ရန် ် ကံဇော်မှာ လမ်းဘေးမြောင်းထဲသို့ ရောက်နေပေတော့ ည်း။

'ဥစ္စာလိုရင် အရင်းစိုက်ဆိုတာ မှန်တယ် ဦးဖြိုးကျော်၊ တော်ဖြင့် ခင်ဗျားရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းတောင် တော့ပါဘူးဗျာ'

ဟုမှန်လုံခန်းထဲမှ မိမိတို့ တည်ထောင်ထားသော ပင် ဖျ စားတော်ဆက် ဖြေဖျော်ခန်းထဲသို့ ကြည့်နေရင်း လေ၏။

'အဲဒါပြောတာပေါ့ကွ၊ ငွေဟာ အရာရာကို ပြောင်းလဲ တယ် ငါ့လူ၊ အခု မင်းကိုပဲ ပြန်ကြည့်တော့၊ ဘယ် ာက် လူမွေးပြောင်းနေပြီလဲဆိုတာ'

'အေး.... တစ်ခုတော့ ရှိဘာပေါ့ကွာ၊ ငွေတွေ လက်
ကိုင်ထားပြီး ဘာမှမလုပ်ဘဲရင်လဲ ပရုတ်လုံး နေလှန်း
သလို လုံးပါးပါးမှာပဲကွ၊ မင်းလို အကြံကောင်း ဉာ
ကောင်းကလေးရှိမှ ငွေက တိုးပွားမှာ'

'တစ်ခုရှိပြန်တာက လူက ငွေကို လိုက်ရှာနေရရင်
တွင်းက တော်တော်နက်ဘာကွ၊ ငွေက လူကို လိုက်ရှာ
အဲ ကိုယ့်ကို ငွေက ရှာနေတဲ့လူဖြစ်ဖို့ အရေးကြီးတယ်
ရေ၊ အခု မင်းနဲ့ငါဆိုရင် ငွေက အသိုလိုရှိနေတဲ့လူတွေ
နေပြီကွ၊ ဘယ်သိုနေနေ ငွေတွေက ငါတို့ဆီ လာတော
သေချာနေပြီ၊ ဟိုမှာကြည့်စမ်း'

ဖြိုးကျော်က စားတော်ဆက် ညှော်ခန်းကို လက်ညှိုး
ပြ၏။

'ဆုဖြိုးဝေ'တဲ့။

'ဘယ်လောက် ဆူဆူဖြိုးဖြိုးရှိသလဲ၊ ဘယ်လောက် ဝေ
ဆာဆာရှိသလဲ၊ လုံးကြီးပေါက်လှ၊ မင်းကြိုက် စိုး
တာလသားကြိုက် ငွေရှင်ကြေးရှင်ကြိုက်ကလေး'

'သူကလေးဟာ ငါတို့အတွက် တစ်ညလေးငါးသေ
ရှာပေးနေတယ်'

'လောကကြီးရဲ့ မဖြစ်ညစ်ကျယ် နိယာမ သဘောတ
တစ်ခုကို ငါပြောပြမယ်'

'တိရစ္ဆာန်တွေဟာ နိုင်ရာစားတွေဖြစ်သလို လူတွေ
လည်းသူစားတာမ်း ကစားနေကြတာပဲကွ'





'တောင်သူလယ်သမားတွေက နေပူမိုးရွာမရှောင် နွား
က်ရုန်းပြီး ပဲတွေ နှမ်းတွေ စပါးတွေထွက်အောင် ရွှံ့ထဲ
တစ်းတွင်းလုံး လုံးပမ်းခဲ့ရတယ်'

'ဒါပေမယ့် ပဲတွေ နှမ်းတွေ စပါးတွေထွက်လာတော့
က်သင့်တဲ့အမြတ် သူတို့ရကြသလား၊ ရွှံ့ထဲ ဗွက်ထဲမှာ ရုန်း
န်ခဲ့တဲ့ အကျိုးအမြတ် သူတို့တစ်တော့ ပြည့်ပြည့်ဝဝ ခံစား
ရသလားဆိုတော့ မခံစားကြရဘူး၊ တစ်နှစ်တာ စားဖို့
တင်မှ အနိုင်နိုင်ရှယ်'

'ဘယ်သူတွေမှာ အကျိုး သွားပြုသလဲ၊ ကုန်သည်ပွဲစား
တွေမှာ သွားပြီး အကျိုးပြုတယ်၊ တရုတ် ကုလားတွေဆီမှာ
ားပြီး အကျိုးပြုတယ်'

'ထွက်လာတဲ့ ပစ္စည်းတွေကို မတန်တဆနဲ့ ကောက်ယူ
မ်းပိုက် ကုန်ချောလုပ်ပြီး ဒီလယ်သမား ယာသမား နှင်း
းတွေကိုပဲ အမြတ်နဲ့ ပြန်ရောင်းပြီး ထားဝယ် တိုက်
ာက် မယားငယ်ယူ ဆင်းရဲသူ ဆင်းရဲသားတွေကို ခြေ
ာ်တင်ကြတယ်'

'ကုလားခပ်တဲ့ရေ ကုလားဖင်ဆေးလို့ ကုန်တယ်ဆိုသလို
မတရားရထားတဲ့ ငွေတွေဟာ ဘယ်ကိုရောက်ကုန်သလဲဆို
တော့ မင်းတို့ငါတို့လို ဉာဏ်ရည်မျှားပြီး လက်ကြောမတင်း
လူတွေဆီပဲ ရောက်လာရတာပဲကွ'

'တစ်နေ့ကုန် တစ်နေ့ခန်း ကာကူလက်တာခေါ်တဲ့ ဂဏန်း
ါင်းစက်တွေ အလေးချိန်တဲ့ ကတ္တားတွေ ကိုယ့်ထက်ပို

ပြီး ဖျံကျတဲ့လူတွေနဲ့ ပါးစပ်က အမြုပ်ထွက်အောင် ဝိသ
လောဘတွေ ယိုဖိတ်နေကြရပြီး ပြောဆို ရောင်းချကြရ
စိတ်ပင်ပန်း လူပင်ပန်းဖြစ်လာတော့ ဖြေသိမ့်ချင်ကြတယ်

'ဘယ်လိုဖြေမလဲ ကိုယ်လွတ် လက်လွတ်နေလို့ ထိုင်လို့
မယ့်နေရာ ရှာကြတယ်'

'အိမ်က အဆီပိတ်နေတဲ့ မိန်းမဝဝကြီးတွေ နေရာ
ခေတ္တခဏ ထွက်ခွာချင်တယ်၊ စိတ်ကူးယဉ်ခဲ့ရတဲ့ နတ်သ
ချောကလေးတွေနဲ့ ပျော်ချင်တယ်'

'အဆီပိတ်နေတဲ့ မိန်းမဝဝကြီးတွေနဲ့ ဝေးတဲ့ နေ
ဘယ်နေရာရှိသလဲ၊ ငါတို့ရဲ့ ရက်စ် စထရန့်စ် စားတော်ဆ
တွေပဲပေါ့'

'နတ်သမီး ချောချောလှလှကလေးတွေ ဘယ်မှာရှိသ
ငါတို့ရဲ့ ရက်စ် စထရန့်စ် စားတော်ဆက်တွေမှာပဲ ရှိတေ
ဒီငနဲတွေ ဘာခံနိုင်သေးသလဲ၊ ဟား ဟား ဟား ဒီကော
တွေရဲ့ ဦးနှောက်စားအောင် လုပ်ခဲ့ရတဲ့ ရှာခဲ့ရတဲ့ ငွေ
ဟာ အရိပ်ထဲမှာ ပန်ကာအောက်မှာ အဆီ အစိမ့်စားပြ
စောင့်နေတဲ့ မင်းတို့ငါတို့လက်ထဲပဲ ရောက်ရတာပဲ မဟု
လားကွ တောင်းထက်ဇော်ရ'

ကိုယ့်စကားကိုယ် သဘောကျ နှစ်ခြိုက်စွာရယ်ပြီး ဖြ
ကျော်က ယုန်ကြော်ကလေးစားလိုက် အရက်သောက်လို





ဖြင့် သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ဆိုနေသော ဆုဖြိုးဝေကိုကြည့်
၍ အားပါးတရ ပြောနေလေ၏။

ဆုဖြိုးဝေသည် စကတ်တိုတိုကလေးကို ဝတ်ထား၏။

သီချင်းနှင့်လိုက်ဖက်ညီသော အကများကို ချာလပတ်
လှည့်၍ ကနေသည်။

ပရိသတ်ထဲမှာ လူငယ်တစ်ယောက်ရှိ၏။ ဆံပင်က ကုပ်ဝဲ
မုတ်ဆိတ်မွေး ပါးမြိုင်းမွေးက ဗရပျစ်။

ကျားတံဆိပ်ဘီယာ အမြုပ်များက ထိုလူငယ်၏ မုတ်
ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးတွင် ပေရေနေ၏။

နှစ်ရာကျပ်တန် ငွေစက္ကူများကို ပန်းကုံးသဖွယ်တွဲသီ၍
ထိုလူငယ်မှာ ဆုဖြိုးဝေ၏ လည်ကုပ်သို့တက်၍ စွပ်လေ၏။

ဆုဖြိုးဝေသည် ထိုလူငယ်အား ကျေးဇူးတင်သော မျက်
လုံးဖြင့် ကြည့်၏။ မမှတ်မိစရာအကြောင်းတော့ မရှိ။

လူပုံက ဂိုက်ထွားထွားဖြစ်သော်လည်း မုတ်ဆိတ်မွေး
ပါးမြိုင်းမွေးတို့က လူ၏အသက်အရွယ် အပိုင်းအခြားနှင့်
မလိုက်ဖက်ဘဲ ဖြစ်နေ၏။

ထိုထူးခြားချက်ကပင် လူငယ်ကို မှတ်မိလွယ်ခြင်း ဖြစ်
လေ၏။

သို့သော် ထိုမုတ်ဆိတ်မွေး ပါးမြိုင်းမွေးတို့က မူလရုပ်
ရည် လက္ခဏာကို ဖမ်း၍မရဘဲ ဖြစ်နေ၏။

ကောင်းထက်ဇော်နှင့် ဖြိုးကျော်တို့နှစ်ယောက်သည် ဆုဖြိုးဝေနှင့် ထိုမုတ်ဆိတ်မွေးနှင့် လူငယ်တို့၏ ငွေစက္ကူများ ပန်းကုံးအဖြစ်စွပ်ခြင်း၊ နှစ်ယောက်အတူ အစားအသောက် စားပွဲတွင် ဝင်ရောက်ထိုင်ခြင်း စသည်တို့ကို အပေါ်ထပ်ရှိ မှန်လုံခန်းမှ အားလုံး မြင်တွေ့နေရလေ၏။

'ဆုဖြိုးဝေဆိုတာ နာမည်အရင်းပဲလား'

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့် လူငယ်ကမေး၏။

'မဟုတ်ဘူးရှင့်၊ ကျွန်မရဲ့ နာမည်ရင်းက ခိုင်ဇာနည် ကျော်ပါ၊ ဒီစားတော်ဆက် သူဌေးက ကျွန်မကို ဆုဆုဖြိုး ဖြိုး ဝဝကစ်ကစ်နဲ့ ချစ်စရာကောင်းတယ်၊ ဆုတွေ ဝေဝေ ဆာဆာ ရလိမ့်မယ်၊ ဒါ့ကြောင့် အတိတ် နိမိတ်ကောက်ပြီး ဆုဖြိုးဝေလို့ မှည့်ခေါ်တာဖြစ်ပါတယ်'

ဆုဖြိုးဝေက မျက်နှာကို စားပွဲပေါ်ရှိ ပစ္စည်းတို့ကို အဓိပ္ပာယ်မဲ့ကြည့်ပြီး ပြော၏။

ရှက်နေခြင်း ဖြစ်သည်။

မုတ်ဆိတ်မွေးနှင့်လူငယ်က ဆုဖြိုးဝေ၏ ရုပ်ရည်လက္ခဏာကိုကပ်၍ သေသေချာချာ ကြည့်နေမိ၏။

မြန်မာအမျိုးသမီး စစ်စစ်မဟုတ်။ ရှမ်းမြန်မာစပ် ဖြစ်သည်။ ပါးကမို့မို့ ဖောင်းဖောင်းလေး ဆေးမဆိုးဘဲ နီတွေးနေ၏။





မျက်ခုံးမွေးက လက်မလောက်ထူပြီး မည်းမှောင်နေသည်။ ဆေးရေးထားသော ပန်းချီကားတစ်ချပ်နှင့် တူလှသည်။

အသားက ဖြူဆွတ်နေသည်။ သွေးကြောလေးများထင်းနေသည်။ တသွင်သွင်စီးဆင်းနေသော ချောင်းရေပမာ ဆုဖြိုးဝေ၏ သွေးကြောလေးများထဲမှ သွေးများသွားနေသည်ကို မြင်တွေ့နေရလေ၏။

'မေတ္တာလွန်ရာဂ'

'ကရုဏာလွန်ဒေါသ'

ဆိုသကဲ့သို့ မုတ်ဆိတ်မွေးနှင့်လူငယ်သည် ဆုဖြိုးဝေကို စိမ့်စိမ့်ကြည့်နေရင်းမှ မေတ္တာနယ်တွေ ကျံလာ၏။

မေတ္တာနယ်ကျံရာမှ တဏှာရာဂစိတ်တွေ ပွားများလာ၏ ကရုဏာလွန်သော ဒေါသခိုးတွေ ထွက်လာသည်။

'ဆုဖြိုးဝေ'

'ရှင်'

'ကျွန်တော် ဘယ်သူလဲ မမေးတော့ဘူးလား'

'ဪ....ဟုတ်ကဲ့ရှင့်၊ ကျွန်မကို အခုလို ဆုတွေ ချီးမြှင့်တာကတည်းက ရှင်ဘယ်သူလဲဆိုတာ သိချင်နေ တာပါ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ မဆုဖြိုးဝေ'

'ကျွန်မတို့ရဲ့ မြန်မာယဉ်ကျေးမှုအရ လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို မေးပိုင်ခွင့် ပြောပိုင်ခွင့် မရှိဘူးလေ'

'ဟုတ်ကဲ့….မဆုဖြိုးဝေ မမေးပေမယ့် ကျွန်တော်က ပြောပြနေချင်တာပါ၊ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော် ဘယ်သူဆိုတာ မဆုဖြိုးဝေ သိသွားစေချင်တယ်လေ'

'ရှင်'

ဆုဖြိုးဝေ အထိတ်တလန့် မုတ်ဆိတ်မွေးနှင့်လူကို မော့၍ ကြည့်မိ၏။

'ဩော်….ဒီလိုပါ၊ မဆုဖြိုးဝေက အမျိုးနဲ့ ဆက်ဆံနေရတဲ့ လူဆိုတော့ လူတစ်ယောက်တည်းနဲ့ အကြာကြီး ညှိခံပြောဆိုနေရလို့ မပြီးဘူးလေ၊ ဒါကြောင့်ပြောတာပါ'

'ဟုတ်..ဟုတ်ကဲ့ရှင့်'

'ကျွန်တော့်နာမည်က ကံဇော်ပါ'

'ဟုတ်ကဲ့ရှင့်'

'ကျွန်တော့်ဆရာကတော့ ကျွန်တော့်ကို ဣဿာမစ္ဆရိယ ကံဇော်လို့ အမည်ပေးထားပါတယ်'

'ဣဿာမစ္ဆရိယဆိုတာ ဘာလဲဟင်'

'ကိုယ်နဲ့ပြိုင်ဘက် လူတစ်ယောက် ကြီးပွားချမ်းသာမှာကို မနာလိုဝန်တိုစိတ်ရှိပြီး ပျက်စီးရာ ပျက်စီးကြောင်းလိုက်လုပ်နေတဲ့လူကို ဣဿာမစ္ဆရိယလို့ ခေါ်တယ်'





'ဟင်….ဒါဖြင့် ရှင်က'

'ဟဲ့….ဟဲ….ဟဲ….ဆိုပါတော့ ဆုဖြိုးဝေ'

'အို….ဘုရား….ဘုရား'

'အခု ရှင်က ဘယ်သူ့ကို လိုက်လုပ်နေတာလဲ'

'ကျွန်တော်မပြောခင် ခင်ဗျားပြောနေတဲ့ သူဌေးဆိုတာတွေက ဘယ်သူတွေလဲဆိုတာ အရင်ပြောပါဦး'

'ကျွန်မတို့ သူဌေးက နှစ်ယောက်ရှင့်'

'ဟုတ်ပါပြီ၊ အဲဒီနှစ်ယောက်ကိုပဲ မေးတာပါ၊ ဘယ်သူတွေလဲ၊ နာမည်ဘယ်လိုခေါ်ပါသလဲ'

'အောင်းထက်ဇော်နဲ့ ဖြိုးကျော်လို့ ခေါ်ပါတယ်'

'ဝုန်း'

'သောက် ပလုတ်တုတ်တုတ် လန့်လိုက်တာရှင်၊ ဒါဘာဖြစ်သွားရတာလဲ'

မုတ်ဆိတ်မွေး ပါးမြိုင်းမွေး ဗရပျစ်နှင့်လူက ရုတ်တရက် စားပွဲခုံကို ပုတ်လိုက်ရာ ဆုဖြိုးဝေ လန့်သွားလေ၏။

'အဲဒီနှစ်ယောက်ကို လိုက်ရှာနေတာဗျ'

'ရှင်က ဒီမြို့ကမဟုတ်ဘူးလား'

'ခင်ဗျားကရော ဒီမြို့က မဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ ရှင်ကရော'

'ဟုတ်ပါတယ်'

'ဒါနဲ့မျှား ရှင်က ဒီလူနှစ်ယောက်ကို မသိဘူး ဟုတ်စ'

'သိပါတယ်'

'ဒါနဲ့မျှားရှင်'

'ဒီလိုလေဗျာ၊ လူတွေကိုတော့ သိတာပေါ့၊ ဒီစားတော်ဆက်က သူတို့နှစ်ယောက်ပိုင်မှန်း မသိတာ'

'ဒီစားတော်ဆက်တင်ပိုင်တာ မဟုတ်ဘူးရှင့်၊ ကျွန်မတို့လို အဆိုတော်တွေကိုပါ ပိုင်တာ'

'ခင်ဗျားတို့က သီချင်းဆိုရုံ ဆိုတာလား၊ ဟိုဥစ္စာကော လုပ်သလား'

'ဩြော်....ရှင်က ရှင်နဲ့အတူ တစ်စားပွဲတည်းထိုင်လို့ အထင်စေားပြီး မေးတာလား၊ ဝေးသေးတယ်ရှင်၊ ကျွန်မတို့ သူဌေးတွေက အငှာတွေ မဟုတ်ဘူးရှင့်'

'ဒါနဲ့ ရှင် ဘယ်သူလဲပြောဦးလေ'

'တကယ်မသိတာလား'

'ကျားကိုက်ပါတယ်ဆို နာတာရှည်လား မေးနေပြန်ပြီ၊ တကယ် ရှင့်ကို မသိတာရှင့်'

'ကျွန်တော့်နာမည် ကံဇော်ပါ၊ စောစောကလဲ ပြောပြီးပြီ၊ ကံဇော်ဆိုတာ ဘာအလုပ်လုပ်တယ်ဆိုတာ မသိဘူးလား'





'တကယ်မသိတာပါရှင်'

'ခင်ဗျားရဲ့သူဌေး ကောင်းထက်ဇော်နဲ့ သူသေကိုယ်သေ ထိုးခဲ့တဲ့လူလေ၊ ကျွန်တော်က သူ့ကိုရှုံးပြီး ဘဝပျက်သွားခဲ့တယ်၊ သူက ကျွန်တော့်ကိုနိုင်ပြီး သူဌေး ဖြစ်သွားတယ်'

'ကျွန်တော့် ဘဝ ပျက်သလို သူ့ကိုလဲ ဘဝပျက်အောင် လုပ်ရမယ်'

'ရှင်က ဘယ်လိုလုပ်မှာလဲ'

'စားတော်ဆက်တွေမှာ သူတို့ပိုထားတဲ့ ကောင်မလေးတွေရှိတယ်၊ အဲဒါတွေကိုလိုက်ပြီး သတ်မယ်'

'ရှင်'

'ခင်ဗျား သေသေချာချာ မှတ်ထား၊ ကျွန်တော့်နာမည် ကုလားမစ္ဆရိယ ကံဇော်တဲ့ဗျ'

'ဟား ဟား ဟား'

'အို....ဘုရား ဘုရား ဘုရား'

ကုလားမစ္ဆရိယ ကံဇော်သည် ပြောချင်တာ ပြောပြီး အားရပါးရ ရယ်မောပြီးနောက် စားသောက်ထားခဲ့သော ပစ္စည်းများ၏ တန်ဖိုးငွေကို စားပွဲပေါ်တွင်တင်ခဲ့ပြီး စားသောက်ဆိုင်အတွင်းမှ ထွက်သွားလေတော့သည်။

'ဘဝပျက်တဲ့လူကလဲ နှစ်ရာတန်တွေကို ငါ့လာချိတ်သွားတယ်၊ သူတို့ဘဝပျက်တာက နှစ်ရာတန်ကို ရာနဲ့ချီပြီး ဖြုန်းနိုင်တယ်နော်'

ဟု တွေးမိလေ၏။

ဆုဖြိုးဝေသည် စားပွဲထိုးတစ်ယောက်ကိုခေါ်ပြီး ဤသာဒ မစ္ဆရိယ ကံဇော်ဟု ခေါ်သောလူ ရှင်းသွားသည့် ပိုက်ဆံကို ပေးလိုက်လေ၏။

ထို့နောက် ကောင်းထက်ဇော်နှင့် ဖြိုးကျော်တို့ ရှိနေလိမ့်မည်၊ မိမိကိုကြည့်နေလိမ့်မည်ဟု ထင်မိသော မှန်လုံခန်းကို ကြည့်လိုက်သောအခါ မိမိကို ပြုံးပြုံးကြီး ကြည့်နေကြသော ကောင်းထက်ဇော်နှင့် ဖြိုးကျော်ကို မြင်ရလေ၏။

ဖြိုးကျော်သည် မှိုရသောမျက်ခွက်ဖြင့် မိမိအား ကြည့်ရှုလျက် လက်မကိုထောင်ထားပြီး ကျန်လက်များကို လက်သီးဆုပ်ထား၍ ပြလေ၏။

ဆုဖြိုးဝေ တစ်ယောက်၏ အောင်မြင်ခြင်းသည်သာမက မိမိတို့ပါ အောင်မြင်ခြင်းဖြစ်ကြောင်း ပြသော သင်္ကေတပင် ဖြစ်၏။

'ညောင်မလေး လည်ပင်းက ပိုက်ဆံတွေကို ရေလိုက်စမ်း မြတ်ထွန်း'

ဖြိုးကျော်က မိမိ၏မန်နေဂျာကို အမိန့်ပေး၏။

မန်နေဂျာမြတ်ထွန်းသည် မှန်ဘီလူးကိုယူ၍ အနီးတပ် ခလုတ်ကိုလှည့်လျက် ဆုဖြိုးဝေ၏လည်ပင်းမှ ၂၀၀ကျပ်တန် များ ချိတ်ဆွဲထားသည့် ပန်းကုံးကို ရေတွက်ကြည့်လိုက်၏။

'တစ်သောင်းရှိတယ် ဘော့(စ်)'





မြတ်ထွန်းက မိမိ၏သူဌေးနှစ်ယောက်ကိုနာမည်မခေါ်ဘဲ ဖြိုးကျော်ကို ဘော့(စ်)ဟု ခေါ်ပြီး ကောင်းထက်ဇော်ကို လောပန်ဟုခေါ်၏။

ဖြိုးကျော်သည် မိရိုးဖလာမှ ချမ်းသာမှုများ မျိုးဆက် ပွားယူလာသူဖြစ်ပြီး

ကောင်းထက်ဇော်မှာ ကျောက်တူး သမားများကဲ့သို့ အပင်ပန်းအဆင်းရဲခံပြီး ဟိုတွင်းမရ သည်တွင်း၊ သည်တွင်း မရ ဟိုတွင်း တူးယူပြီး ကံကောင်းထောက်မ၍ ကျောက် အောင်မြင်ပြီး ချမ်းသာလာရသကဲ့သို့ ဟိုလူနဲ့အသေအကြေ သတ်ပုတ်ပြီးမှ ချမ်းသာလာရသူဖြစ်သဖြင့် လောပန်ဟုခေါ် ခြင်းဖြစ်၏။

'ကိုင်း.... နေရင်းထိုင်ရင်း ငါတို့အတွက် ၅၀၀၀ ဝင် သွားပြီ၊ မဟန်လားကွ ကောင်းထက်ဇော်၊ မင်းဏတော့ နာမည်နဲ့လိုက်အောင် ကောင်းလဲကောင်း၊ ထက်လဲထက်၊ စီးပွားရေးအတွေးအခေါ်မှာလဲ ဇော်ကျူပါပေတယ်ကွာ'

ဟု ကောင်းထက်ဇော်၏ ပခုံးကိုပုတ်ကာ ချီးမြှောက် ဂုဏ်ပြုလေ၏။

'ဟား ဟား ဟား....ဒီထက်ကောင်းတဲ့အကွက်တစ်ကွက် တွေ့ထားသေးတယ်ဗျ'

ကောင်းထက်ဇော်က ချောပါတယ်ဆိုမှ ရေမချိုးရသေး ဘူးဟု ပြောနေသေး၏။

'ဘယ်လိုအကွက်မျိုးလဲကွ'

'ဒီနေ့ သတင်းစာက သွားပြီးကြော်ငြာဗျာ၊ အဆိုပြိုင်ပွဲလုပ်မယ်၊ ဘယ်သူမဆို ဝင်ပြိုင်နိုင်တယ်လို့ လိပ်စာရေးလိုက်၊ ကိုယ့်ဆီဆက်သွယ်လာတဲ့ လူငယ်တွေဆီကို ဝင်ကြေး ၃၀၀၀ ပေးရမယ်၊ ပထမလူကို ၁၀၀၀၀ တစ်သောင်း ဆုချမယ်၊ ဒုတိယလူကို ၅၀၀၀ ငါးထောင်၊ တတိယလူကို ၃၀၀၀ သုံးထောင် ပြန်ချမယ်လို့ ကြော်ငြာလိုက်'

'ဟကောင်.... ကောင်းထက်ဇော် ဟုတ်မှလဲလုပ်ပါကွ၊ တတိယလူက ၃၀၀၀ သုံးထောင်ကြီးဆိုတော့ မများလွန်းဘူးလားကွ'

'ဩော်....သူတို့ပေးထားတဲ့ ငွေတော့ ပြန်ဆုချမှပေါ့ဗျ၊ တတိယလဲရသေး ဝင်ကြေးလဲ ရှုံးသေးဆိုတော့ ဘယ်ကိုက်မလဲ၊ ဘယ်သူဝင်မလဲ'

'လူတွေက ဒီလောက် အသိဉာဏ်ခေါင်းပါးပါ့မလားကွ'

'ခင်ဗျား တော်တော် ဒုံးဝေးတာပဲ'

'ဟုတ်ရဲ့လားကွ'

'မဟုတ်ရင်ကောဗျာ'

'မဟုတ်ရင်တော့ သတင်းစာထဲကြော်ငြာတဲ့ ကြော်ငြာခ ကုန်မယ်ကွ'

'ခင်ဗျားပဲ ဒီလုပ်ငန်းတွေ မလုပ်ခင်က ကျွန်တော့်ကို ပြောခဲ့ဖူးသေးတယ်'





'ဝါ အာများ ပြောခဲ့မိလို့လဲကွ'

'ဥစ္စာလိုလျှင် အရင်းစိုက်ရမယ်ဆိုဗျ'

'ဟား ဟား ဟား.... ဟုတ်တယ်ဟေ့ ဟုတ်တယ်၊ ဝါမေ့သွားလို့ကွ၊ ဥစ္စာလိုလျှင် အရင်းစိုက်ရမယ်'

'ဥစ္စာလိုရင် အရင်းစိုက်ရမယ်'

●

အခန်း-၇

## အသီးအတွက် အရွက်ကြွေရ

ဆုဖြိုးဝေရဲ့အိမ်က ပင်လယ်ဖျံ စားတော်ဆက် နှင့် တစ်လမ်းပဲ ခြား၏။

ပင်လယ်ဖျံ စားတော်ဆက်၏ နောက်ဖေးလမ်းကြားမှ ကျော်ဖြတ်ပြီး လျှောက်ခဲ့လျှင် ဆုဖြိုးဝေ၏တိုက်သို့ ရောက်သည်။

ဆုဖြိုးဝေသည် တစ်ကိုယ်ရည် တစ်ဘဝသမား ဖြစ်သည်။ ယောကျ်ားတစ်ယောက်ကို အတည်တကျ မပေါင်းသင်း၊

ပင်လယ်ဖျံစားတော်ဆက်မှာ ၆ လသာ အလုပ်လုပ်ရသေးသည်။ ဤပင်လယ်ဖျံနှင့် တစ်လမ်းကျော်တွင် ကိုယ်ပိုင်တိုက်တစ်လုံးကို ဝယ်နိုင်ခဲ့သည်။





မန်နေဂျာ မြတ်ထွန်းသည် ဤပင်လယ်ဖျံကို အုပ်ချုပ်ရသည့်အတွက် တစ်လလျှင် လစာ ၅၀၀၀ ရသည်။

ပင်လယ်ဖျံတွင် သီချင်းဆိုနေကြသော အဆိုတော်များမှာ စားလူနှင့် ဆင်းဆင်းရှင်းရှင်း ရှိပါသော်လည်း မန်နေဂျာမြတ်ထွန်းနှင့်တော့ သိပ်ပြီး မစောင်းရှင်းကြ။

မန်နေဂျာ မြတ်ထွန်းက ကြည့်မှ အလုပ်ဖြစ်ကြသည်။ စတိတ်ရှိုးကို သီချင်းတစ်ပုဒ်သာ ဆိုခွင့်ရသော အဆိုတော်။

သီချင်းနှစ်ပုဒ်ဆိုခွင့်ရသော အဆိုတော်။

သီချင် သုံးပုဒ်မှအထက် ဆိုခွင့်ရသော အဆိုတော်။

သီချင်းကို တစ်ရက်ခြားသာ ဆိုခွင့်ရသော အဆိုတော် ဟူ၍ အဆိုတော်လေးမျိုး ရှိ၏။

ကိုယ်ကြိုက်သလောက် ဆိုခွင့်ရသော အဆိုတော်သည် လာရောက်စားသောက်ကြသော လူ့မလိုင်ခဲများထံမှ ဆုချငွေများ ထပ်ပြန်တလဲလဲ ရရှိတင်ကြ၏။

ထို့ကြောင့် အဆိုတော်တို့သည် မန်နေဂျာမြတ်ထွန်းကို ကပ်ကြခြင်း ဖြစ်သည်။

အဆိုတော်တို့သည် မန်နေဂျာ မြတ်ထွန်းကို မိမိရရှိသော ဆုကြေးငွေကို ဖဲ့၍ပေးကြရ၏။

အသေးယူယူ။

အသားယူယူ။

စိတ်ပါသည်ဖြစ်စေ။ မပါသည်ဖြစ်စေ။

ငွေသည် အဓိက။

ငွေရှာဖို့ကိစ္စမှာ နေရာရဖို့ အရေးကြီး၏။

နေရာရဖို့ကလည်း အရေးပါ အရာရောက်သူကို ကပ်ကြ
ရပေလိမ့်မည်။

ထို့ကြောင့် အဆိုတော်တို့သည် မန်နေဂျာ မြတ်ထွန်းက
ကပ်ကြခြင်း ဖြစ်ချေသည်။

ယောကျ်ားကလေး အဆိုတော်များကတော့ အရက်ပေး
၍ ကပ်၏။ အစာအစား ဝယ်ပေး၍ ကပ်၏။ နောက်ဆုံး
အဆင့် ဂျိုင်းနားလုပ်ပြီး ကပ်ကြ၏။

မည်ကဲ့သို့ပင် ပုံစံအမျိုးမျိုးဖြင့် ကပ် ပါသော် လည်
ယောကျ်ားကလေးများကိုတော့ ၂ ရက်မှာ တစ်ရက်သာ
ဆိုကြရလေ၏။

ပန်းကုံးတစ်ကုံးလျှင် သူဌေးထံမှ ၁၀၀ ကျပ်ဖြင့် ဝယ်
ရ၏။

ထိုပန်းကုံးကို အရက်သောက်ရန်လာသူမှ ဝယ်၍ အဆို
တော်ကို စွပ်ပေး၏။

အဆိုတော်က ပွဲသိမ်းလျှင် သူဌေးကို ပန်းကုံး ပြန်အပ်
ရ၏။





ထိုသို့အပ်သောအခါ ငွေ ၅၀ ကျပ် ပြန်ပေး၏။

ပန်းကုံးတစ်ကုံးအပေါ်မှ အဆိုတော်က ပင်ပန်းကြီး
ဆိုထား ကထားရပေမယ့် ၅၀ ကျပ်သာ ရ၏။

ထိုငါးဆယ်ကျပ်ပေါ်မှ တစ်ဖန် ကီးဘုတ်တီးသူ၊ ဂစ်တာ
သူနှင့် အသံချဲ့စက်ကိုင်သူများကို မိမိ၏ အလှည့်ကျပါ
ကောင်းကောင်းတီးပေးရန် စက်ကို အသံကောင်းကောင်း
အောင် ပြုပြင်ထိန်းသိမ်းပေးရန် လာဘ်ထိုးသည့်အနေ
ပန်းကုံးမှရသောငွေများကို ခလှည့်ကျ ပေးရပြန်၏။

ယနေ့ ပန်းကုံး ၁၀ ကုံးရလျှင် ထိုလူများကို တစ်ကုံး
ပေးရ၏။ ၂ ကုံးလောက်ရသည့်နေ့ကဲ့မူ ညည်နေ့ ကီး
တ် သမားကို ပေးပါက နောက်နေ့ ဂစ်တာသမားကို
ရ၏။

အလှည့်ကျပေးရသည့် အတီးပညာရှင်အနေဖြင့် ကြည့်ပြန်
င်လည်း ၎င်းတို့ကို မည်သူကမှ ဆုမချကြပေ။ ထို့ကြောင့်
ဆိုတော်များက စေ ခြမ်း၍ ပေးကြရခြင်း ဖြစ်၏။

သို့မှသာ မိမိနာမည်ရမည် ဖြစ်၏။ နာမည်ရမှ မိမိကို
များများ ချကြပေမည်။

ထိုနည်းဖြင့် ဆုဖိုးဝေသည် နေ့ချင်းညချင်း သူဌေးဖြစ်
ခြင်း ဖြစ်၏။

ယခုတစ်နှစ်လောက် အလုပ်လုပ်ပြီးပါက စတီရီယို
းရေးသမား နာမည်ကြီးတစ်ယောက်ကို ငွေနဲ့ပေါက်ယူ

ပြီး ထေးဂီတလောကတွင် ဆုဖြိုးဝေဟု နာမည်တစ်လုံး ရအောင် လုပ်သွားမည်ဟု ဆုဖြိုးဝေ သန္နိဋ္ဌာန်ချထားလေ သည်။

မိမိအတွေးနှင့်မိမိ ဘော်ဒဘော်အခလေး စခဘ်ဂွမ်နေ၏။

တွက်ရေးမှာတော့ စက်သူဌေး ဖြစ်နေ၏။

ပင်လယ်ဖျံစားတော်ဆက်မှု အဆိုဒတော်များအား အား ဖြင့် အကြိုအပို့လုပ်ပေးခဲ့ပါသော်လည်း တစ်လမ်းသာခြား သော ဆုဖြိုးဝေက ဘယ်ခတော့မှ ကားမစီး။ ခြေကျင်သာ လျှောက်လေ၏။

ယခုလည်း ရှေ့လုပ်မည့် လုပ်ငန်းစဉ်များနှင့် ပတီသက် ပြီး မိမိအတွေးနှင့်မိမိ ပီတိတွေ့ဝေနေ၏။

ပင်လယ်ဖျံ၏စားသောက်မှုအကျွအားလုံးမှာ ည-၁၂နာရီ တွင် ပြီး၏။

အဝတ်အစားများလဲခြင်း၊ မိတ်ကပ်များဖျက်ခြင်း ကိစ္စ အဝဝတို့ ပြီးမှ အိမ်သို့ပြန်ရလေရာ ည ၁နာရီမှ ဤလမ်း ကြားထဲသို့ ရောက်ရှိလေ၏။

နေ့တစ်မူဝ နေ့စဉ်အလုပ်ဖြစ်၏။

ဤသို့ ဆုဖြိုးဝေ သွားတတ် လာတတ်သည့်အချိန်ကို ဣသာမစ္ဆရိယကံဇော် က အလွတ်ကျက်မှတ်ထားသည်။





ဣသာမစ္ဆရိယကံဇော်၏ ပထမဦးဆုံးသားကောင်မှာ ဆု း‌ဝေ ဖြစ်ချေ၏။

အမှန်တော့....

အသီးကိုစားချင်၍ ကိုင်းချိုးယူရာတွင် သက် သက် မဲ့ ရွက်ပါ ကြွေရလေ၏။

ဣသာမစ္ဆရိယကံဇော်သည် မိမိအား ဘ ဝပျက်အောင် ဘင်ရွက်ခဲ့သော ကောင်းထက်ဇော်ကို ပျက်စီးစေ၏။

ထို့ကြောင့်....

ကောင်းထက်ဇော်ကို အကျိုးပြုနေသော သီချင်းဆိုသည့် ာင်ကလေးတွေ ကောင်မလေးတွေကို ရန်ရှာနေတော့ ည်။

ကောင်းထက်ဇော်သည် အသီးနှင့်တူ၏။

သီချင်းဆိုသော ကောင်ကလေးများနှင့် ကောင်မလေး ားမှာ အရွက်နှင့် တူလေသည်။

အသီးအတွက် အရွက်များကြွေရချေတော့မည် ဖြစ်သည်။

ည ၁၂နာရီ ထိုးပြီ။

သည်နေ့ လကွယ်ညဖြစ်၏။

သို့သော်....

ခါတ်တိုင်မှ မာကြူရီ မီးသီးများကြောင့် ဆုဖြိုးဝေ လျှောက်ခဲ့သောလမ်းမှာ လင်းထိန်နေ၏။

တစ်ခါတင်ရံ တိုက်အရိပ်အိမ်အရိပ်များကြောင့်ဆုဖြိုးဝေ လျှောက်သောလမ်းတွင် ကွက်ကြား မှောင်မိုက်နေ၏။

ဆုဖြိုးဝေသည် လက်ဆွဲအိတ်ကိုဖွင့်၍ ယနေ့ မိမိ မည်မျှ အလုပ်ဖြစ်ခဲ့သလဲ ဆန်းစစ်ကြည့်မိ၏။

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့် မိမိကိုယ်မိမိ ဂူသာ မစ္ဆရိယ ကံဇော်ဟု ပြောသွားသောလူက တစ်သောင်းဆုချ သူ့ငွေးအား ငါးသောင်းပေးခဲ့ရသဖြင့် မိမိ၏ ငါးထောင် ရခဲ့၏။

တခြား ဈာဘူးများက လက်ကလေးထိရရုံနှင့် ဆုချခဲ့ သော ငွေများ၏ ငါးထောင်လောက်ရ၏။ အားလုံး စုစု ပေါင်းလိုက်သော် တစ်သောင်းလောက် နေ့တွက်ကိုက်ချေ၏။

ဆုဖြိုးဝေသည် ဝမ်းသာသောအပြုံးကို လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်သည်။

မိတ်ကပ်ဘူးကို လက်ဆွဲအိတ်ထဲမှ ထုတ်ယူပြီး မျက်နှာ သစ်၍ ဖျက်ခဲ့သော မိမိ၏ မျက်နှာကို အနည်းငယ် တို့ပတ် ဖြင့် တို့၍ ဖိုလိုက်သည်။

သည်နေ့ည မိမိ၏ထံသို့ မန်နေဂျာ မြတ်ထွန်းလာမည်။

မြတ်ထွန်းက ငါးသောင်းတန် မောင်နှံခုနစ်ဖော် စိန် လက်စွပ်ကို ယနေ့ပဲ ဝတ်ပေးခဲ့သည်။





ဘယ်ဘက် လက်ငါးချောင်းတွင် စိန်လက်စွပ်ငါးကွင်း တ်ထားပြီး ညာဘက်လက်တွင် နှစ်ကွင်း ဝတ်ထား၏။

မန်နေဂျာ မြတ်ထွန်းသည် အဆိုတော်များ များစွာရှိသည့် နက်မှ ဆုဖြိုးဝေကို အနှစ်သက် အစွဲလမ်းဆုံးဖြစ်၏။

ဆုဖြိုးဝေက တစ်ချက်ကလေး မမူလိုက်ရ၊ မူလိုက်သည့် င့် ချက်ခနဲ ဝယ်ပေး၏။

တိဗ္ဗိဆို တိဗ္ဗိ။

အောက်စက်ဆို အောက်စက်။ ဘာလိုသလဲ ပြော။ သွားယူယူ၊ အသားယူယူ။ လိုရသုံးတော့ သက်ဝေထဲက ၏။

တစ်ခုရှိသည်မှာ မြတ်ထွန်းက မိတ်ကပ်လိမ်းတာမကြိုက်။ တ်ကပ်လိမ်းထားလျှင် သားရေကြီးကို ထိရ နမ်းရသကဲ့သို့ ၏။ တွေ့ထိမှုတွင် လုံးဝ အရသာမရှိဟု ဆိုဖူး၏။ ထို့ ကြောင့် သည်နေ့ည မြတ်ထွန်းနှင့် တွေ့ရမည်ဖြစ်ရာ မိတ်ကပ် း ကုန်စင်အောင် ဖျက်ခဲ့ခြင်းဖြစ်သည်။

မိမိတို့လို အမျိုးသမီးများအဖို့ ဤကဲ့သို့ အမဲတစ်ပွေကို ပိုင်သိမ်းထားနိုင်မှ ဖောဖောသီသီ လိုလေသေးမရှိ သုံးနိုင် န်းနိုင်မှာ ဖြစ်သည်။

တစ်ခု သတိထားရသည်မှာ ကလေးမရှိဖို့လို၏။ နောက် င်ခု လင်မယားအဖြစ် လုံးဝ အသိအမှတ်အပြု မခံနိုင်။

ဒါမှ တေးရေးဆရာ နာမည်ကြီးတွေ၊ ဂစ်တာသမာ
နာမည်ကြီးတွေ၊ သို့မဟုတ် ထုတ်ဝေသူ နာမည်ကြီးတွေ
အမဲဖမ်းနိုင်မှာ ဖြစ်ချေ၏။

ပရိသတ်မသိဘဲ အိုလို့ကတော့ ဘယ်လောက် အိုနေနေ
အိုချင်သလောက် အိုလိုက်စမ်း။ ဆုဖြိုးဝေ ဆိုလိုက်တာ ဗွီဒီယ
ဒါရိုက်တာတွေကလည်း မျက်စိမှိတ်၍ ယူရန်အသင့်။

မယူချင်ဘဲနေမလား။

ဆုဖြိုးဝေမှာ တစ်နေ့ တစ်ည ငါးထောင် အနည်းဆုံ
ဝင်သည်။ တစ်လ ၂၀၀၀ ရသည်ဟု မဆိုင်။ သည်ငွေက
မမက်သည့်ယောကျ်ား မရှိ။

နောက်ပြီး

ဆု.... ဖြိုး..... ဝေ.... လေ။

ဆူဆူ။

ဖြိုးဖြိုးနဲ့ ဝေဒဝဆာဆာကလေး ရှိနေသေးသော ဆ
ကျော်သက်အရွယ်။

ဆုဖြိုးဝေ ဖြစ်ချင်တာက သည်နေ့ နာမည်ကြီး အဆိုတေ
ရှမ်ရှင် သရုပ်ဆောင်။

ဆုဖြိုးဝေ ပိုက်ဆံရှိမှန်းသိတော့ သည်နေ့ စိစဉ်သူအမည်
တွေကလည်း ရစ်သီရစ်သီ လုပ်လာကြပြီ။



ဆုဖြိုးဝေရှိတဲ့ ပင်လယ်ဖျ စားတော်ဆက်ကို သိကွာမပျက်
အောင် တစ်ပတ်တစ်ခါ အရောက်လာကြပြီး တစ်စားပွဲ
ခြောက်ထောင်လောက် အကုန်ခံနေကြပြီ။

သည်ငွေလောက်တော့ သူတို့က ရင်းပေမပေါ့။ ဆုဖြိုး
ဝေကို ဓာပ်မိလျှင် ပိုက်ဆံရမည်။ နောက်ပြီး လူကိုပါရမည်။
သူတို့အဖို့ အရှုံးမရှိ။ ဂဏန်းပေါင်းစက်ဖြင့် တွက်ကြည့်ရန်
မလို။

‘ခွပ်.... ခွပ်.... ခွပ်’

ဆုဖြိုးဝေ၏ နောက်မှ ခြေသံလိုလို ကြား၏။

ဆုဖြိုးဝေ နောက်သို့ လှည့်ကြည့်လိုက်သည်။

လမ်းကြိုလမ်းကြားဖြစ်၍ ဘာမှမတွေ့။ လူရိပ်လူခြည်
ပင် မတွေ့လိုက်ပေ။

သို့ဖြင့် ဆုဖြိုးဝေ ဆက်၍ လျှောက်လာ၏။

‘ခွပ်.... ခွပ်.... ခွပ်’

‘ရှပ်.... ရှပ်.... ရှပ်’

ခြေသံ ကြားရပြန်ပြီ။

နောက်သို့ လှည့်ကြည့်မိ၏။

ဘာမှမတွေ့။

တိုက်နှင့် အိမ်များ၏ အရိပ်ချည်းမည်းကြီးများကိုသာ တွေ့မြင်ရလေ၏။

တစ်ခုခုတော့ တစ်ခုခုပဲ။

ထရဲတစ္ဆေတော့ မဟုတ်တန်ရာ။

မိမိ သည်လမ်းထဲသို့ သည်အချိန် ရောက်တိုင်း သည့်အတိုင်း လျှောက်လာခဲ့သည့် ရက်ပေါင်းအာ မနည်းတော့။

အာသရဲတစ္ဆေမှ မတွေ့ဖူးခဲ့ပေ။

ကြားလည်း မကြားဖူးခဲ့ပေ။

တစ်မိနစ်ခန့်ရပ်၍ နောက်သို့ ကြည့်နေမိ၏။ မည်သည့်အရိပ်အယောင်မျှ မတွေ့တော့မှ ရှေ့သို့ ဆက်၍ လျှောက်လှမ်းလာခဲ့တော့သည်။

'ရှပ်.... ရှပ်.... ရှပ်'

'ခွပ်.... ခွပ်.... ခွပ်'

'ဟော.... နောက်က လိုက်လာပြန်ပြီ'

စိတ်ထဲမှ ဆုဖြိုးဝေ ရေရွတ်မိ၏။

သည်တစ်ခါတော့ နောက်သို့ လှည့်မကြည့်တော့။ မိမိ၏မျက်နှာကို အလှပြင်တုန်းက ကြည့်ခဲ့သော မိတ်ကပ်ဘူးထဲမှ မှန်အဝိုင်းကလေးဖြင့် နောက်မှ ခြေသံကို ကြည့်မည်ဟု ဆုံး





ဖြတ်ကာ အိတ်ထဲသို့ မထည့်ရသေးသော မှန်ဖြင့် နောက်သို့ ကြည့်မိ၏။

နောက်မှ လိုက်လာသောသူသည် ဆုဖြိုးဝေ၏ လုပ်ဆောင်ချက်ကို မသိ။ ဆက်၍ လိုက်လာ၏။

ဆုဖြိုးဝေသည် မှန်ကို အနည်းငယ် မြှင့်၍ ကြည့်လိုက်ရာ နောက်မှ လိုက်လာသောလူ၏ ပုံသဏ္ဍာန်က မှန်ဝိုင်းထဲသို့ ပေါ်လာ၏။

'ဪသာမစ္ဆရိယ ကံဇော်'

'ဒီလူ ငါ့နောက်က ဘာဖြစ်လို့ လိုက်လာပါလိမ့်'

'ဩြော်.... ဟုတ်ပြီ၊ သိပြီ'

'ငွေတစ်သောင်း'

'ငွေတစ်သောင်းရဲ့ တန်ရာတန်ဖိုး ငါ့ဆီက သူ ယူချင်ပြီထင်တယ်၊ ဒါကတော့ ပေးရမှာပေါ့လေ၊ ဒီလူဟာ သာမန်လူ မဟုတ်နိုင်ဘူး၊ ဒီလူကိုပါ ငါ့အပိုင် ကျုံးသွင်းထားနိုင်ရင်တော့ ရေနံတွင်းနှစ်တွင်းပိုင်သလို ငါ ချမ်းသာတော့မှာပဲ၊ ဟိဟိ'

ဆုဖြိုးဝေ၏ အာရုံတွင်မှာ ရွှေဘုံရွှေနန်းတွင် စံမြန်းရသည်နှင့် တူနေတော့သည်။

လေထဲတွင် တိုက်အိမ်ဆောက်နေမိတော့သည်။ ဆုဖြိုးဝေ တွက်ချက်သည်ကလည်း မှန်၏။

မနှိနေရုံ၁ မြတ်ထွန်းနှင့် ဣသာ၁မစ္ဆရိယ ကံဇော် နှစ်ယော၁က်ကို စည်းရုံးထားလိုက်ပါက မိမိဖြစ်ချင်သော၁ အဆိုတော်၊ ဗွီဒီယိုမင်းသမီးနှင့် ရုပ်ရှင်မင်းသမီးဖြစ်ဖို့ သေချာပြီ။

ကံကောင်းလျှင် ထုတ်ဝေသူကြီးဖြစ်ရမည်ဟု ကိုယ့်အတွေးနှင့်ကိုယ် ကျိတ်၍ ပီတိတွေဝေနေမိ၏။

မဖြစ်သေးဘူး၊ သည်နေ့ တွေ့ခွင့်ပေးလို့ မဖြစ်သေးဘူး၊ သည်နေ့ မြတ်ထွန်းလာမယ့်နေ့၊ အိမ်ကို ဣသာ၁မစ္ဆရိယ ကံဇော် လိုက်လာပါက မြတ်ထွန်းနှင့် ထိပ်တိုက်တွေ့သွားနိုင်သည်။ သည်လို တွေ့သွားရင် ပြဿနာတွေ မိုးထိတက်သွားမည်။

အထူးသဖြင့် ပင်လယ်ဖျံစားတော်ဆက်မှ မိမိ အလုပ်ပြုတ်နိုင်သည်။ အလုပ်ပြုတ်သွားလျှင် မိမိဖြစ်ချင်တာတွေ ဘာမှ ဖြစ်လာတော့မည် မဟုတ်။

ဟိုရှေ့က အကွေ့တလေးရောက်ရင် ဝင်ပုန်းနေမည်၊ ဣသာ၁မစ္ဆရိယ ကံဇော်လာမှ ဘွားခနဲ ထွက်တွေ့မည်။

သည်လိုလုပ်လိုက်ရင် ဣသာ၁မစ္ဆရိယကံဇော်လန့်သွားမည်၊ မိမိမည်မျှ လည်သည်ကိုလည်း သူ သိသွားမည်။

'တစ်ခါတစ်ရံ ယော၁က်ျားတွေက ဒီလိုလုပ်သူကို ပိုပြီးချစ်တတ်သည်'

ဟု ဆုဖြိုးဝေ တွေးမိလေ၏။





ဆုဖြိုးဝေသည် မိမိအတွေးနှင့် မိမိ အကွက်မိနေသဖြင့် ဖိချင်းကလေး ညည်းလျက်။

တင်ကလေးလှုပ်။

ဖင်ကလေးလှုပ်နှင့် ပြုတ်ကျတော့မည့် ပုံသဏ္ဌာန် ရှိးရှိးသာမန်ထက် ခပ်ကဲကဲကလေး လမ်းလျှောက်လေ၏။

ဣသာ၁မစ္ဆရိယ ကံဇော်သည် လပ်ကီးစထရိုက်စီးကရက်ကို လမ်းလျှောက်ရင်း တစ်လိပ်ညှိ၍ သောက်လေ၏။

ရှေ့မှသွားနေသော ဆုဖြိုးဝေကိုလည်း မျက်ခြည်မပြတ်ကြည့်နေသည်။

ဆုဖြိုးဝေသည် လမ်းကွေ့သို့ရောက်သော် ညာဘက်သို့ ချိုးကွေ့သွား၏။

ဣသာ၁မစ္ဆရိယ ကံဇော်၏ မျက်ကွယ်သို့ရောက်သွားသည်။

ဣသာ၁မစ္ဆရိယ ကံဇော်သည် ဂျင်းဘောင်းဘီအိတ်ထဲမှ မေဇင်းချမေးကို ထုတ်လိုက်သည်။

'ဒီကောင်မ ဒီအကွေ့ကနေ ငါ့ကို စောင့်နေနိုင်တယ်၊ ဒီကောင်မဟာ နောက်က လူလိုက်လာတာ သိတယ်'

'သူ့ရဲ့ မျက်နှာကို ပေါင်ဒါရိုက်တော့ သူ မှန်အဝိုင်းကလေးကို ထုတ်ကြည့်တာ ငါမြင်ရတယ်၊ ဒီမှန်အဝိုင်းကလေးထဲမှာ ဘယ်နည်းနဲ့မဆို ငါ့ရဲ့ ပုံရိပ်ပေါ်နိုင်တယ်၊

ငါမှန်း သူ သိသွားလို့ ဝါ့ကို ပြန်ပြီး လှည့်မကြည့်တော့ တာဘဲ ဖြစ်မယ်'

'ဆုဖြိုးဝေ ဆုဖြိုးဝေ၊ မင်းဟာ ငါ့ရဲ့ ပထမဆုံးသော သားကောင်ပေပဲ။ ကျွတ် ကျွတ် ကျွတ်၊ သနားဖို့ သိပ်ကောင်း တာပဲနော်'

ဟု တွေးကာ သတိထားပြီး ဣသာမစ္ဆရိယ ကံဇော် လျှောက်လာ၏။

ဆုဖြိုးဝေ ချိုးကွေ့ဝင်သွားသော လမ်းထိပ်သို့ရောက် သော် ဆုဖြိုးဝေသည် ရုတ်ခြည်းထွက်၍ ဘွားခနဲ လုပ်လိုက် လေ၏။

'ဘွား....'

'ကျား....'

'အိုး.... အမေ့'

'ရှင် ရှင်.... ဘယ်လိုလုပ်လိုက်တာလဲ'

ဆုဖြိုးဝေ၏ နှဖူးမှ ချွေးများ စီးကျလာ၏။

ဆုဖြိုးဝေ ထိတ်လန့်သွားသည်။

'ဪ.... သူ ထိတ်သွားပြီး လန့်လို့ လုပ်လိုက်တာ ထင် ပါရဲ့၊ ယောင်ပြီး မားနဲ့ တွက်လိုက်တာ ထင်တယ်'





ဟု ဆုဖြိုးဝေ တွေးမိ၏။

သို့သော်....

ဣသာမစ္ဆရိယ ကံဇော်၏ ဟန်အမူအရာက ဤသို့မဟုတ်။

မားမြှောင်ကို ကိုင်ပြီး သိုင်းကွက်နင်းနေသည်။

မျက်လုံးများမှ မီးများ စင်းဝင်းတောက်နေ၏။ ဘီလူး ...ရဲစီးနေသောရုပ်။

ဣသာမစ္ဆရိယကံဇော်၏ ပုံသဏ္ဌာန်ကို ကြည့်ရခြင်းအား ...ဖြင့် မိမိအား တမင်ရန်ရှာခြင်း အန္တရာယ်ရှိခြင်း သိ ...လိုက်ပြီ။

'ရှင့်လုပ်ရပ်က ဘာသဘောလဲ'

'စောစောက မင်းကို ငါပြောခဲ့သားပဲ၊ ကောင်းထက် ...ဇော်ရဲ့ စီးပွားရေးမှန်သမျှ ငါ ဖျက်ဆီးပစ်ရမယ်လို့လေ'

'သူ့ကို ပျက်စီးစေချင်ရင် သူ့ကိုသွားလုပ်ပေါ့၊ ကျွန်မ ... ဘာဆိုင်သလဲ'

'ဆိုင်သမှသိပ်ဆိုင် အဟုတ်ဆိုင် အများကြီးဆိုင်ပေါ့မျာ ...င်များလို မိန်းမတွေ ယောကျ်ားတွေက ဒီကောင့် စီးပွား ...ရေးလမ်းဖြောင့်အောင် အများကြီး အထောက်အကူပြုကြ ...ယ်၊ ဒီတော့ ခင်များတို့ကို ရှင်းပစ်မှဖြစ်မယ်'

'ကျား'

'ဦး'

'အမေ့ ကယ်ပါဦး'

ဆုဖြိုးဝေတာ သံကုန်အော်ဟစ်လိုက်၏။

သို့သော် နောက်ကျသွားသည်။

ဣသာမစ္ဆရိယကံဇော်က ဝင်ပူးပြီး ဆုဖြိုးဝေ၏ပါးစပ်
ကို ပိတ်ထားလိုက်ပြီး ဓားကို ရင်ဝထဲသို့ အဆုံးသွင်းလိုက်
သည်။

'အင့်'

အင့်ခနဲ အသံတစ်ချက်သာ ညည်းညူလိုက်နိုင်ပြီး ငြိ
ကျသွား၏။

ဣသာမစ္ဆရိယကံဇော်သည် တစ်လမ်းကျော်သာ ဝေ
နသော မော်တော်ဆိပ်သို့ ဆုဖြိုးဝေ၏အလောင်းကို ထမ်းသွ
ပြီး ချထားလိုက်၏။

မော်တော်ဆိပ်တွင် လူခြေတိတ်နေ၏။

မြစ်ကမ်းနှဖူးတွင် ဆိုက်ကပ်ထားသော မြစ်ကော့မြို့
မင်းဘူးမြို့သို့ကူးသည့် ပဲ့ထောင်စက်လှေလေးများပေါ်မှ ဘ
ထရီ မီးသီးကလေးများ၏ အလင်းရောင်ကိုသာ လှုပ်
လှုပ်လဲ့ မြင်တွေ့ရလေ၏။





ဤသို့ဖြင့် ဣသာမစ္ဆရိယကံဇော်သည်
လမိုက်ည၏ မည်းမှောင်နေသော ကမ္ဘာထဲသို့ ဝင်ရောက်
ပျောက်ကွယ်သွားစေတော့သတည်း။

ကဏ္ဍ–၈

ကြက်သွန်ချည်းနေလျှင် အကောင်းသား

ငရုတ်သီးနဲ့ပေါင်းမှ အထောင်းခံရ

---

စီခနဲဆိုလျှင် ဘာရယ်မဟုတ်

ကိုယ်နှင့် ဆိုင်သည်ဖြစ်စေ

မဆိုင်သည်ဖြစ်စေ

ရေယိမ်းလိုက် ဘသားယိမ်းလိုက် လုပ်ချင်ကြသည်။

ရှုတ်ရှုတ်သဲသဲဆိုလျှင် ခွေးချင်းကိုက်တာကိုပင် အိမ်က ကိုယ့်အလုပ်ကိုပစ်ထားပြီး ဝိုင်းအုံကြည့်ချင်ကြသည့် စိတ် ဓာတ်မှာ မြန်မာလူမျိုးတိုင်းတွင်ရှိ၏။

မြန်မာလူမျိုးထဲမှ အထူးဆန်းဆုံးလူမျိုးမှာ မြန်မာလူမျိုး ဖြစ်ပြန်၏။



ဆိုင်းသံကြားလျှင် ကချင်သည်ဆိုသကဲ့သို့ တစ်ခုခုဖြစ်လို့ ဟေ့ဆိုရင် မြန်မာလူမျိုးတို့သည် သူ့ထက်ငါဦးရှေ့ဆုံးမှ ိုးငေ့ကြည့်ချင်ကြ၏။

သို့သော်

တကယ်တမ်း အရေးနဲ့အကြောင်းနဲ့ဆိုပြန်တော့ နောက် တ်ပြေးကြလေတော့သည်။

မျက်မြင်သက်သေ လိုချင်၍ ထိုလူများထဲမှ ရွေးထုတ်ခဲ့ သော် လူတစ်ထောင်မှာ တစ်ယောက်ရဖို့ ခဲယဉ်းလှချေ၏။

ထမင်းကြမ်းကို ယပ်ခပ်၍ အေးအေးစားချင်သူများ၏။ ပူကင်းအောင် နေချင်ကြသည်။

ဘုန်းကြီးအမူ ရှင်ပတ်သည်ကို ကြောက်ကြ၏။ မည်သူမှ က်သေမလိုက်ချင်ကြ။

သို့သော်

စီခနဲဆို မသွားဘဲလည်း မနေနိုင်ကြ။

ပန်းသတင်း လေညင်းဆောင်

လူ့သတင်း လူချင်းဆောင်

ဆိုသကဲ့သို့ ဆိပ်ကမ်းမှ အလောင်းတစ်လောင်းနှင့် ပတ် က်ပြီး မြစ်ကွေ့မြို့တစ်မြို့လုံးရှိ လူများ ဝိုင်းအုံကြည့်ရှုနေ လေ၏။

လူတွေများလွန်း၍သာ ကမ္ဘာကြီးတစ်ခြမ်း စောင်းသွားရမည်ဆိုလျှင် မြစ်ကွေ့မြို့ဆိပ်ကမ်းဘက်သို့ စောင်းသွားမည်မှာ သေချာလှ၏။

ရွှေရင်သိမ်းသစ်။

ပြစ်မျိုးမှဲ့ခထင်။

ဆူဆူဖြိုးဖြိုး။

အလှတွေ တိုးလို့ကောင်းတုန်းအရွယ်။

လူ့ဘဝသို့ ခြေချစကာလ။

တွေးလို့ကောင်းတုန်း။

ဆွေးလို့ကောင်းတုန်း။

မျှော်လင့်ချက်တွေ တစ်လှေချည်း ထားကောင်းတုန်းအရွယ်။

ဆယ်ကျော်သက်။

လုံးကြီးပေါက်လှ။

ကိုယ်ခန္ဓာအချိုးအဆစ်က ယောကျ်ားမွန်သမျှ ကြိုက်နှစ်သက် စွဲလမ်းဖို့ ကောင်းသည့်အရွယ်။

ယခုတော့ ဗလာနတ္ထိ။

ဘာမှ သုံးမဖြစ်တော့။





ဆုဖြိုးဝေ၏ သက်မဲ့ခန္ဓာကိုယ်ကြီးက မေ်ာတော်ဆိ(ပဲ့ထောင်ဆိပ်)ကို ခေါင်းပြုလျက် မှောက်လျက်ကြီး လဲကျသဆုံးနေ၏။

'တိုးတိုး....တိုးတိုး....အဖန်းမိုး' ဆိုသကဲ့သို့ လာရောက်ကြည့်ရှုနေကြသော လူကြီးလူငယ် လူလတ်မှအစ တရုတ်၊ ကုလား၊ မြန်မာ စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောင်းခုံနေကြလေ၏။

တစ်ယောက်နှင့်တစ်ယောက် ထင်ကြေး အမျိုးမျိုးပေးနေသည့်ကြားမှ ဆုဖြိုးဝေ၏ သတင်းအစအနသည် ပေါ်ထွင်၍လာလေ၏။

'ဟေ့....ဒါ ပင်လယ်ဖျံ စားတော်ဆက်က အဆိုတော်လေးကွ'

ယောကျ်ားကြီး တစ်ယောက်က တွေ့မြင်နေရသော အလောင်းနှင့်ပတ်သက်ပြီး ပထမဆုံး ထင်မြင်ယူဆချက်ကို ရှိသတ်ကြီးအား ကြေညာမောင်း ခတ်လိုက်လေ၏။

'ဟုတ်တယ်၊ ငါလဲမြင်ဖူးတယ်ဆိုပြီး ဒီအလောင်းကို အေသချာချာ ကြည့်နေမိတာ၊ ဒီဆောင်မလေးက အဆိုဆောင်းအကကောင်းကလေးကွ၊ လက်စဆက်တော့ ပင်လယ်ဖျံစားတော်ဆက်က ဆုဖြိုးဝေဆိုတဲ့ ဆောင်မလေးပေပဲကွ'

လာရောက် ကြည့်ရှုနေသူများထဲမှ ပထမပြောသော လူကြီးကို ထောက်ခံစကား ဆိုလေ၏။

'နှဖူးမှာလဲ ဓားဒဏ်ရာနဲ့ကွ'

'ဟုတ်တယ်၊ လည်ပင်းမှာလဲ ဓားနဲ့ခွဲထားတယ် ထ
တယ်၊ လည်ပင်းကြီးစေခင်းလို့'

'တော်တော် ယုတ်ပတ်တဲ့ ယုတ်မာတဲ့ လူသတ်ကောင်ပဲ'

'ကောင်မလေးက ထောတယ်ကွ၊ တစ်လကို လခ နှ
ထောင်ရတဲ့အပြင် ဘောက်ဆူးထ ငါးထောင်လောက်ရတ
ကွ'

'ဟုတ်တယ် ငါတော့ ဒီကောင်မလေး အဲဒီငွေတွေကြောင
အသတ်ခံရတယ်လို့ပဲ ထင်တယ်၊ ကြည့်လိုက်စမ်းပါဦးကွ
လက်ပွေ့အိတ်ကြီးကကိုပဲ လူကိုသတ်ပြီး ယူချင်စရာကြီ
ကွ'

မြင်းအီးပေါက်သကဲ့သို့ ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်း
ရောက်ရောက် ပေါက်တတ်ကရ စကားတွေကို သူ့ထက်ငါဦး
ပြောနေကြလေ၏။

'ဟော့ကောင်တွေ သောက်ရမ်းဝေဖန်မနေကြနဲ့ကွ၊ ဟိုမှာ
ကြည့်လိုက်စမ်း၊ လက်ဆယ်ချောင်းလုံးမှာ စိန်လက်စွပ်တွေ
မြည့်လို့'

'ခြေထောက်မှာရော လက်ကောက်ကြီး ဝတ်ထားတာမတွေ့
ဘူးလား'



လူတစ်ယောက်က ဆုဖြိုးဝေ လက်ဝါးချောင်းက စိန်လက်
ပ်များနှင့် ခြေထောက်တွင် ဝတ်ထားသော ဟန်းချိန်းကြီး
ကို ကြည့်၍ ပြောလေ၏။

'နှင့်အမေကလိန်း ခြေထောက်မှာ လက်ကောက်ဝတ်
လားကွ၊ ခြေထောက်မှာ ဝတ်တဲ့နေခက် ခြေချင်းလို့ပဲ
ခေါ်မှာပေါ့ကွ'

ဟု တစ်ယောက်က ဝင်ရောက်ပြေရှင်းလေ၏။

'ခြေချင်းမဟုတ်ဘူးကွ၊ အခုခေတ် လူငယ်လူရွယ်ဝတ်တဲ့
ဟန်းချိန်းလို့ ခေါ်တယ်၊ အပျော့စားလက်ကောက် ဝတ်
ထားတာကွ၊ ဒီလောက် တန်ဖိုးရှိတဲ့ စိန်ရွှေရတနာတွေကိုမှ
ယူမသွားဘူးဆိုတော့ ဒီလူသတ်ကောင်ဟာ ဒီကောင်မလေး
ကို တော်တော်သောက်မြင်ကတ်ပြီး မုန်းတီးတယ်ဆိုတာ သေ
ချာတယ်ကွ'

ဟု တစ်ယောက်က အကျိုးအကြောင်းပြ၍ ရှင်းပြ၏။
ထိုသို့ ရှင်းပြနေခိုက် ပြည်သူ့ရဲတပ်ဖွဲ့သားနှင့် ကြက်ခြေနီ
သားများ အချင်းဖြစ်ပွားရာ နေရာသို့ မောင်း၍ လာနေကြ
ကို ဥဩသံက သတိပေးနှိုးဆော်နေလေ၏။

'ပီပေါ် .... ပီပေါ် .... ပီပေါ်'

ပြည်သူ့ရဲတားများသည် လမ်းဆုံလမ်းခွတွင် ရပ်လိုက်
ကြလေ၏။

ဆားပေါ်မှ နံပါတ်တုတ်ကိုင်ထားသော ပြည်သူ့ တပ်ဖွဲ့ဝင်များ စည်းကမ်းတကျ ဆင်းလာကြပြီး အလော ဝိုင်းအုံနေသော လူများကို ရှင်းလင်းလိုက်လေ၏။

ဝိုင်း၍ကြည့်နေသော ပရိသတ်ကြီးမှာ နွားရိုင်းမျ မိတ်လိုက်သကဲ့သို့ ဝရုန်းသုန်းကားဖြစ်ကာ ထွက်ပြေး လေ၏။

'ဝီ....ဝီ....ဝီ—ဝီ'

'ပီပေါ်....ပီပေါ်....ပီပေါ်'

လူနာတင်ကားမှ ဥဩသံက အဆက်မပြတ် မြည်နေ သည်။

ခရိုင်စုံထောက်ဌာနမှ လူဆိုးထိန်းမောင်ကြီး၊ တင်ကျည် ချစ်ပဲ့၊ အမှုလိုက် မောင်ပိုက်၊ နယ်ထိန်း မောင်သိန်းတို့ ရောက်လာပြီး စုံထောက်တို့၏ ဝတ္တရားများကို ဇက်ဆ သကဲ့သို့ လုပ်ကိုင်သွားလေ၏။

လဲကျသေဆုံးနေသော အလောင်း၏ပုံသဏ္ဌာန်အတိုင်း မြေဖြူမှုန့်များဖြူး၍ ပုံသဏ္ဌာန်မှတ်ခြင်း။

ရှုထောင့်အမျိုးမျိုးမှ လှည့်ပတ်၍ ဓာတ်ပုံများ ရိုက်ကြ ခြင်း။





ရှာဖွေပုံစံဖြင့် ရပ်ကွက်လူကြီးများရှေ့မှာပင် သက်သေ ခိုင်လုံစွာ ပစ္စည်းများ၊ လက်ဝတ်ရတနာများကို သိမ်းခြင်းတို့ ကို လုပ်ကြလေ၏။

သူနာပြုကားပေါ်မှ ယောကျ်ားသူနာပြုများ ဆင်းလာ ပြီး ပြည်သူ့ရဲများ၏ လုပ်ငန်းများ ပြီးဆုံးသွားသောအခါ ပလတ်စတစ်ဖြင့်ထည့်၍ သူနာပြုကားပေါ်သို့ တင်ပြီး အလောင်းကို ယူဆောင်သွားလေတော့သည်။

လူများ ဝိုင်းအုံကြည့်နေကြခြင်း။

ပြည်သူ့ရဲအားများ ရောက်ရှိလာခြင်း။

လူဆိုးထိန်းမောင်ကြီးတို့မှပစ္စည်းများသိမ်းခြင်း၊ မြေဖြူ အမှုန့်များဖြင့် ဖြူးခြင်း၊ အလောင်းကို ပလတ်စတစ်ဖြင့် ထည့်ခြင်း စသည့်လုပ်ရပ်များကို လူဆိုးထိန်းမောင်ကြီးတို့ နှင့်အတူ ပါလာသော ဝင်းခေတ်အောင် ဗွီဒီယိုမှတ်တမ်း အဖွဲ့မှ မှတ်တမ်းတင်များ ရိုက်ယူထားလေ၏။

လာရောက်ကြည့်ရှုနေကြသော ပရိသတ်ကြီးကတော့ တစ်ဒင်္ဂအတွင်း ဖြစ်ပျက်ဆဲကိစ္စများကို မေ့မေ့ ပျောက် ပျောက် ဖြစ်သွားကြကာ မြစ်ကြေ့မြို့နှင့် တစ်ဖက်ကမ်းတွင် ရှိသော မမင်းဘူးမြို့သို့ကူးသည့် ပဲ့ထောင်ပေါ် အသီးသီး တက်၍ သွားကြလေတော့သတည်း။

ယခုဖြစ်ပျက်သောကိစ္စနှင့်ပတ်သက်၍ သေသူမှာ ဘာမှ မသိတော့ဘဲ အေးချမ်းသွားပြီဖြစ်သော်လည်း ရှင်လျက်ကျန် ရှိနေသေးသည့် လူဆိုးထိန်းမောင်ကြီးဦးစီးသည့် ပြည်သူ့ ရဲတပ်ဖွဲ့။

သတ်လိုက်သူ ဂူသာမစ္ဆရိယကံဇော်နှင့် ၎င်းသေသူ ဆုဖြိုး ဝေကို မွေးထားသူ ကောင်းထက်ဇော်နှင့် ဖြိုးကျော်။

သေဆုံးသူ ဆုဖြိုးဝေနှင့်နွယ်ခနသည့် မန်နေဂျာမြတ်ထွန်း တို့မှာ ကိစ္စများမြောင် လူဘို့ဘောင်တွင် ရှုပ်ထွေးလျက် ရှိနေသေးသည်ကို ဆက်လက်ရှုစားကြပါကုန်။

ကြက်သွန်သည် သူ့တစ်မျိုးတည်းနေပါက ဓားဖြင့် ပါးပါး၊ ပါးပါးလှီးပြီး ဟင်းအိုးထဲသို့ ရိုးရိုးသာ အထည့် ခံရမည် ဖြစ်၏။

ငရုတ်သီးဆိုသည့်အရာဖြင့် ပေါင်းလိုက်ပါက ကြက်သွန် သည် ဓားဖြင့် အလှီးခံရရုံသာမကဘဲ ညက်ညက်ကြေ အောင် အထောင်းခံရပြီးမှ ဟင်းအိုးထဲသို့ အထည့်ခံရမည် ဖြစ်ချေ၏။

'ဆုဖြိုးဝေ'

သည် မိမိတစ်ယောက်တည်းနေပါက ရန်သူမရှိ။

ယခုတော့....

'ကောင်းထက်ဇော်'





ဆို‌သည့်လူဖြင့် ပေါင်းမိ၍ အသ [illegible] ရတော့သတည်း။

'ကြက်သွန်ချည်းနေလျှင် အကောင်းသား'

'ငရုတ်သီးနဲ့ပေါင်းမှ အထောင်းခံရလေတော့သည်'

## အခန်း-၉

အပ်ပျောက်လျှင် အင်စီးရှာ

ဆင်ပျောက်လျှင် ဆန်ခါချရှာ

---

'အလင်...ကလင်....ဓာလင်'

ပင်လယ်ဖျံစားတော်ဆက်၏ မန်နေဂျာအခန်းထဲမှ တယ်လီဖုန်းသံက ဆူညံစွာပေါ် ထွက်လာ၏။

မြတ်ထွန်း၏ လက်ထောက်တွဲဖက် ခင်မိုးသူဇာက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဟဲလို အမိန့်ရှိပါရှင်၊ ပင်လယ်ဖျံစားတော်ဆက်ကပါ'

'.... .... ....'

'မရှိပါဘူးရှင်'

'.... .... ....'





'ဩြော်....ဟုတ်ကဲ့၊ လာရင် လှမ်းလိုက်ပါမယ်၊ ရှင်.... ဩြော်....ဟုတ်ကဲ့၊ ဦးကောင်းထက်ဇော်တို့ နှစ်ယောက်စလုံး ရှိပါတယ်'

'.... .... ....'

'ကိုင်ထားပါရှင်၊ ကျွန်မ အခု သွားခေါ်လိုက်ပါမယ်'

တယ်လီဖုန်းကို စားပွဲပေါ်တွင် စာင်ထားခဲ့ပြီး ခင်မိုးသူဇာသည် ကောင်းထက်ဇော်တို့ အမြဲနေတတ်သော ဟိုတယ်၏ အပေါ်ထပ် မှန်လုံခန်းပေါ်သို့ တက်ခဲ့လေ၏။

မှန်လုံခန်းထဲမှ ကောင်းထက်ဇော်နှင့် ဖြိုးကျော်သည် မိမိတို့၏စားပွဲတွင် အသီးသီးထိုင်လျက်ရှိကြ၏။

'သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး'

ဖြိုးကျော်က တိတ်ဆိတ် ငြိမ်သက်မှုကို ချိုးဖောက်လိုက်သည်။

'လူသတ်ပါတယ်ဆိုတာ သွေးရိုးသားရိုးဖြစ်မတဲ့လားဗျ'

ကောင်းထက်ဇော်က စိတ်မရှည်။

'မဟုတ်ဘူးလေကွာ၊ အစဉ်းစားရ ခက်နေတာက ဝတ်ထားတဲ့ လက်ဝတ်လက်စားတွေလဲ တစ်ခုမှ ပြုတ်မသွားဘူးတဲ့'

'ဒီကိစ္စကို ဝေဖန်သုံးသပ်ကြည့်ရင် လူကိုမှန်းလို့သတိအ
လို့ ကိုယ်တော့ယူဆတယ်ကွ၊ ဘယ့်နှယ်လဲ ကောင်းထက်ဇော်

ဖြိုးကျော်က ကောင်းထက်ဇော်ကို အခုခြအခနအရပ်ရပ်
တင်ပြဆွေးနွေးလေ၏။

'လမ်းဆုံးရင် ရွာတွေ့ပါလိမ့်မယ် ဦးဖြိုးကျော်၊ ဝေဖန်
ခလကန့်နေရင် လေကုန်တယ်၊ စဉ်းစား တွေးတောနေရင်
ဦးနှောက်စားမယ်၊ ဒီတော့ ကျွန်တော်တို့ ဆေးရုံကိုလိုက်
သွားပြီး ကောင်မလေးကို ဆန်းစစ်ကြည့်ရအောင်'

ဟုပြောလျက် ကုလားထိုင်ပေါ်မှ မတ်တတ်ရပ်လိုက်ချိန်
တွင် ခင်မိုးသူဇာ အခန်းထဲသို့ ဝင်လာလေ၏။

'မြစ်ကွေ့ အမှတ် ၁ က တယ်လီဖုန်းပြောချင်လို့တဲ့'

ဟု သတင်းပို့လေ၏။

ကောင်းထက်ဇော်သည် မိမိစားပွဲပေါ်တွင်ရှိသော တယ်
လီဖုန်းကိုယူ၍ မြစ်ကွေ့ အမှတ် ၁ ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့
ဖုန်းဆက်လိုက်လေ၏။

'ဟဲလို....တာဝန်မှူးပါလားခင်ဗျာ'

'ဟုတ်ပါတယ်၊ အခုပြောနေတာ ပင်လယ်ဖျံ စုံထောက်
ဆက်တာလား ခင်ဗျာ၊ ဘယ်သူပါလိမ့် အမိန့်ရှိပါ'





'ကျွန်တော် ကောင်းထက်ဇော်ပါ၊ ကျွန်တော်တို့ရဲ့ အဆ
ဘ်ကလေး ဆုဖြိုးဝေသော့ကိစ္စနဲ့ ပတ်သက်ပြီး သတင်း
များ ရှိပါသလားခင်ဗျာ'

ကောင်းထက်ဇော်က မေးလေ၏။

'ရှိတယ် ကောင်းထက်ဇော်၊ တယ်လီဖုန်းထဲကနေ အော
ဦးဟစ်ကျယ် ပြောရမယ့်စကားမဟုတ်လို့ စခန်းကို ခဏ
ာခဲ့စေချင်ပါတယ်'

စခန်းမှ လေသံတိုးတိုးဖြင့် ပြောလေ၏။

'ကောင်းပါပြီ၊ ကျွန်တော်တို့ အခုပဲလာခဲ့ပါမယ်'

ကောင်းထက်ဇော်က စကားကို တိုတိုတုတ်တုတ် ပြော
ာ တယ်လီဖုန်းကို တယ်လီဖုန်းခွက်ပေါ်သို့ ပြန်ချလိုက်ပြီး
းပွဲပေါ်မှ နေကာမျက်မှန်ကိုယူ၍ မျက်နှာတို့ စွပ်လိုက်ပြီး
နေကျ အတက်ချီကော့စ် သေတ္တာလေးကို ဆွဲ၍ ထွက်
ာ၏။

'အဲဒါက ဘယ်ကိုသွားမလို့လဲကွ'

ဖြိုးကျော်က မေး၏။

'စခန်းက ခဏလာခဲ့ဦးလို့ ပြောလို့'

ကောင်းထက်ဇော်က ပြောသည်။

'ငါလဲလိုက်မယ်လေကွာ'

'လိုက်ရင် မြန်မြန်လုပ်ဗျာ၊ သွားကြရအောင်'

ဟု ပြောပြီး ကောင်းထက်ဇော်အား ရှေ့မှထွက်သွားသဖြင့် ဖြိုးကျော်မှာ ဒရောသောပါး ထ၍ လိုက်ရလေတော့သည်

'ဘာလဲကွ၊ စခန်းက လူသတ်ကောင်ကို တွေ့နေလို့လား'

ဖြိုးကျော်က ကောင်းထက်ဇော်ကို မေးလိုက်သည်။

'အဲဒါ မပြောသေးဘူး၊ စခန်းရောက်မှ သိရမှာပဲ'

ကောင်းထက်ဇော်သည် ကားကိုဒါဝင်ထဲတွင်ထားသော မာစီးဒီးကားအဖြူကလေးဆီသို့ သွားလေ၏။

ဖြိုးကျော်သည် စိတ်ရှုပ်စွာဖြင့် ကောင်းထက်ဇော်၏ နောက်မှ ထပ်၍ လိုက်သွားလေ၏။

'အပ်ပျောက်ရင် ဆင်စီးရှာ၊ ဆင်ပျောက်ရင် ဆန်ခါချရှာ ဆိုတဲ့ တို့မြန်မာစကားပုံလိုတော့ ဖြစ်နေပြီထင်တယ် ကောင်း ထက်ဇော်၊ တို့က ဆင်ပျောက်တာကို ဆန်ခါနဲ့ချပြီး ရှာရမယ့် ကိန်းဆိုက်နေပြီ'

ဟု ဖြိုးကျော်က မှတ်ချက်ချလေ၏။

'တုတ်နဲ့ ပစ်လို့ရရ၊ ခဲနဲ့ပစ်လို့ရရ ရဖို့ပဲ လိုရင်းမဟုတ် လား ကိုဖြိုးကျော်၊ တရားခံအစစ်အမှန်ရဖို့သာ အဓိကပါ ဗျာ'





ဟု ကောင်းထက်ဇော်အား ပြော၍ ကားကို စက်နှိုးပြီး ခန်းသို့ မောင်းခဲ့လေ၏။

ကိုယ့်အတွေးနှင့်ကိုယ် တစ်ယောက်နှင့် တစ်ယောက် ကားမပြောဖြစ်ကြပေ။

ရာသီဥတုက ကောင်းနေသည်။

အလွန်ပူပြင်းသော အရပ်ဒေသဖြစ်သော်လည်း တိမ်မည်း မ်များကြောင့် မိုးစာ အုံ့နေသည်။

မိုးအုံ့သဖြင့် ရာသီဥတုက သိပ်ပြီး မပူပြင်းတော့ပေ။ နေသာရှိသာ ရှိနေ၏။

ရဲစခန်း၏ တမာတန်းမှာ နှစ်ပေါင်း ၁၀၀ ကျော်အ လိပ်ကြီးများ၏ ကောင်းမှုကြောင့် ယနေ့ ပြည်သူ့ရဲခေတ် ၌ အရိပ်အာဝါသကောင်းမကောင်း ခိုလှုံနေရလေ၏။

မြစ်ကွေ့တစ်၏ စခန်းအခြေအနေမှာ ယခင့် ယခင်က ခန်းနှင့် လုံးဝ မတူတော့၊ အဆောက်အအုံ ကို ထူးခြား ပြောင်းလဲ နေသည်ကို တွေ့ရသည်။

စခန်း၏ အဝင်ဂိတ်ပေါက်ဝတွင် ရောင်စုံမီးများ ထွန်းညှိ ထားပြီး မြစ်ကွေ့စခန်း(၁)ဟု လှပစွာ ရေးသားထား လေ၏။

တမာတန်း၏ အနောက်ဘက်ကျော မြေကွက်လပ်မှာ ယခု ပါ ပန်းခြံကြီးဖြစ်နေပြီ ဖြစ်သည်။

ပန်းခြံအဝင်ဝတွင် 'တာဝန်သိသိ သစ္စာရှိရှိ'ဟု ရေးသား ထားသော ဆောင်ပုဒ်ကို ဖတ်ရလေ၏။

ယခင်က ဘောလုံးကွင်းမှာ ယခုအခါ ပြည်သူ့ရဲတပ်ဖွဲ့ ခင်များ၏ ကိုယ်ထူကိုယ်ထစနစ်ဖြင့် စိုက်ပျိုးထားသော မြေ ပဲနှင့် နှမ်းခင်းကြီးဖြစ်နေ၏။ ၎င်းက ပြည်သူ့ရဲများ၏ ဝါယမစိုက်ထုတ်မှု၊ စည်းကမ်းတကျရှိမှု၊ စည်းလုံးညီညွတ်မှု တို့ကို မှတ်ကျောက်တင်ခံနိုင်ကြောင်း ဖော်ပြနေလေ၏။

ဆောင်းထက်ဇော်နှင့် ဖြိုးကျော်တို့က ကားကို ဆက်မ မောင်းလာခဲ့ရာ ရဲစခန်းကြီး၏ အဝင်ဝတံခါးမကြီးတွင် 'တာဝန်သိသိ၊ သစ္စာရှိရှိ ကူညီပါရစေ'ဟူသော စာတန်းကို တွေ့ရှိရပြန်လေ၏။

ရဲစခန်းထဲတွင်လည်း အရပ်သားများ၏ စက်ဘီးများ ထားရန်နေရာ၊ အရပ်သားများ နားခိုဆောင်၊ တပ်ဖွဲ့ဝင် များ၏ စက်ဘီးများထားရန်နေရာဟု သီးသန့် ခွဲထားသည် ကို တွေ့ရှိရလေ၏။

စခန်းထဲသို့ ကားကို ချိုးကွေ့လိုက်သောအခါ ကင်းကျ ရဲသစ်အဟောင်းအသစ် လဲလှယ်သော ကွင်းပြင်နှင့် စစ် ရေး ပြကွင်းပြင်ကို တွေ့ရှိရလေ၏။

၉၃ ခုနှစ်၏ ထူးခြားသော ပြည်သူ့ရဲတို့၏ မှတ်တိုင် များ ဖြစ်ချေ၏။





ရေးသားထားသော ဆောင်ပုဒ်များကိုလည်း ဖတ်ရသူ းအဖို့ တက်တက်ကြွကြွ ရှိလှပေ၏။

'ဘယ်အရာမှ အသေးအဖွဲ့မဟုတ်၊ အလုပ်နဲ့ တူအောင် ပ်ပါ'

'အမိနိုင်ငံတော်ကို ချစ်ပါ'

'တရားဥပဒေကို လိုက်နာပါ'

'ရပ်ရွာအေးချမ်းသာယာစေလို ဥပဒေရိပ်ကိုခို ရပ်ရွာ အေးချမ်းသာယာရေး ဝိုင်းဝန်းကူညီပေး'

'ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်း စိတ် မ်းသာ'

'တရားဥပဒေစိုးမိုးမှု ပြည်သူ့ဘဝအေးချမ်းရ'

ဟူသော ဆောင်ပုဒ်တို့ကို ဆောင်းထက်ဇော်သည် ကား င်းလာရင်းမှ ဖတ်မိလာလေ၏။

ဆောင်ပုဒ်အတိုင်းဖြစ်လာပါက တိုင်းပြည်ကြီး ကောင်း လာမှာ မြေကြီးလက်ခတ်မလွဲပေ။

ကားရပ်ရန် သီးခြားထားသော ကွင်းပြင်တွင် ဆောင်း က်ဇော်သည် ကားကို ရပ်လိုက်လေ၏။

ဤသို့ဖြင့် ဆောင်းထက်ဇော်နှင့် ဖြိုးကျော်သည် တာဝန် ၏ ရုံးခန်းထဲသို့ ရောက်ရှိခဲ့ကြလေ၏။

တာဝန်မှူး၏ ဦးခေါင်းပေါ်ရှိအုတ်နံရံတွင် ပြည်ထောင်
မြန်မာနိုင်ငံ၏ အမှတ်တံဆိပ်ကြီး ရေးသားထားလေ၏။

ထို့နောက် ပြည်သူ့ရဲများ လိုက်နာရမည့် ဆောင်ပု
များကိုလည်း ဖတ်ရှုရပြန်သည်။

## တပ်ဖွဲ့ဝင်များသတိ

တပ်ဖွဲ့လုပ်ငန်း မူဝါဒကို အလေးထားပါ

တပ်ဖွဲ့လုပ်ငန်း စည်းမျဉ်း စည်းကမ်းကို လိုက်နာပ
တပ်ဖွဲ့လုပ်ငန်း လုပ်ထုံး လုပ်နည်းနှင့်အညီ ဆော
ရွက်ပါ

ကျောသားရင်သား မခွဲခြားဘဲ ဥပဒေနှင့် အညီ
ဆောင်ရွက်ပါ

ဟူ၍ ဖြစ်ချေ၏။

စခန်းထဲသို့ ဝင်ခဲ့ရသည်မှာ အစစအရာရာ အားလုံးစိ
ချမ်းသာမှု ရှိခဲ့ရလေ၏။

'ကောင်းထက်ဇော်တို့ထင်တယ်၊ လာထိုင်ကြပါ ထိုင်ကြ

တာဝန်မှူးက စီဒီဆွဲနေရာမှ ခေါင်းမော့ကြည့်ပြီး ကော
ထက်ဇော်နှင့် ဖြိုးကျော်တို့နှစ်ယောက်ကို ခရီးဦးကြိုပြု
၏။





'ဟုတ်ပါတယ် ဗိုလ်ကြီး၊ ကျွန်တော်တို့ရဲ့ အဆိုတော်
လေး ကိစ္စက'

တစ်ယောက်နှင့်တစ်ယောက်မှာ မမြင်ဖူးကြ။ တာဝန်
းကလည်း ပင်လယ်ဖျံစားတော်ဆက်သို့ တစ်ခေါက်မှ
လာဖူးသကဲ့သို့ ကောင်းထက်ဇော်တို့ကလည်း စခန်းသို့
ရောက်ခဲ့ကြပေ။ အကြောင်းကိစ္စရှိပါမှ မန်နေဂျာကိုသာ
တွေ့လေ၏။

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး မသိကြခြင်း ဖြစ်ချေ
သည်။

'ဟုတ်ကဲ့....အဲဒီ အကြောင်းကိုပြောဖို့ပဲ ကျွန်တော်တို့
ါ်ယူရတာပါ၊ ကျွန်တော့်နာမည် အမှုလိုက် မောင်ပိုက်
'

ဟု တာဝန်မှူးက စတင်၍ နှုတ်ဆက်ပေးလေ၏။

'ကျွန်တော်က ကောင်းထက်ဇော်ပါ၊ သူက ဖြိုးကျော်
ါ၊ ကျွန်တော့်ရဲ့ သူငယ်ချင်းပေါ့'

ဟု ကောင်းထက်ဇော်က မိမိတို့နှစ်ယောက်နှင့် အမှုလိုက်
ောင်ပိုက်ကို မိတ်ဆက်၍ပေးလေ၏။

'ဟင်....ကိုကောင်းထက်ဇော်က ပိုင်ရှင်မဟုတ်ဘူးလား'

နားမရှင်းသဖြင့် အမှုလိုက်မောင်ပိုက်က မေးလေ၏။

'ဟုတ်ပါတယ် ပိုင်ရှင်ပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့ သူ့ဆီ ငွေထုတ်ပေးတာပါ၊ သူ့ဆီပဲ ရှယ်ယာဝင်ခိုင်းလို့ ဝင် ရတာဆိုတော့ သူက သူဌေးပေါ့ဗျာ'

ဟု ရှည်ရှည်ဝေးဝေး ရှင်းပြ၏။

'ဩော်....အမှန်တော့ အရာကြီးဆိုတာလဲ ကုလားပဲ အီစွတ်ဆိုတာလဲ ကုလားပါပဲ၊ ခင်ဗျားတို့နှစ်ယောက်စလုံး သူဌေးတွေချည်းပဲပေါ့ဗျာ'

ဟု အမှုလိုက်မောင်ပိုက်က ရယ်စရာစကားကို ပြောလေ ၏။

'ကိုင်း....ကိစ္စကတော့ လွယ်လွယ်ကလေးပါပဲဗျာ၊ ကျွန် တော်တို့ ပြည်သူ့ရဲတပ်ဖွဲ့က တတ်ကျွမ်းသူတွေနဲ့ ဆုဖြိုး အိမ်ကိုသွားပြီးရှာတော့ မသင်္ကာဖွယ်ရာ လက်ဗွေရာတွေ တွေ့ရပါတယ်'

ဟု အမှုလိုက်မောင်ပိုက်က ရောက်မဆိုက် ပြောပြလေ၏

'ဘယ်သူ့လက်ဗွေရာပါလိမ့် ခင်ဗျာ'

ဖြိုးကျော်က အားတက်စွာဖြင့် မေး၏။

'လူကြီးမင်းတို့ စားတော်ဆက်က မန်နေဂျာမြတ်ထွန်း လက်ဗွေရာပါ'

'ခင်ဗျာ'





ဖြိုးကျော်တစ်ယောက် ထိတ်လန့်သွားသည့်အပြင် အံ့ဩမှုကပါ ကြီးစိုးသွားလေ၏။

'ကျွန်တော်တော့ မထင်ဘူးခင်ဗျ'

ဖြိုးကျော်က စောဒကတက်သည်။

'ကျွန်တော်တို့ စားသောက်ဆိုင်က မန်နေဂျာတစ်ယောက်ရဲ့ ဝင်ငွေဟာ သူတစ်ပါးကိုသတ်ပြီး ငွေယူရလောက်အောင် အဆင့်မနိမ့်ပါဘူး၊ မြတ်ထွန်းရဲ့ဝင်ငွေဟာ ကောင်မလေးလောက် နည်းနည်းရှိပါတယ်'

ဟု ဖြိုးကျော်က ပြောသည်။

'တရားဥပဒေအရကတော့ လောလောလတ်လတ် မြတ်ထွန်းကို ဖမ်းရမှာပဲခင်ဗျ၊ သက်သေခိုင်လုံအောင် ရှာရမယ့် အလုပ်က ကျွန်တော်တို့ ပြည်သူ့ရဲတွေရဲ့ အလုပ်ပဲလေ'

'အဲ....သူ့ဘက်က အဲဒီနေ့ အဲဒီအချိန်က ဘယ်နေရာမှာ ဘယ်သူနဲ့ ရှိနေပါတယ်ဆိုတဲ့ အလီဘိုင် သက်သေအထောက်အထား ပေးနိုင် ပြနိုင်ရင်တော့ ကံတရားက သူ့ဘက်က သာပါလိမ့်မယ် ကိုဖြိုးကျော်'

ဟု အမှုလိုက်မောင်ပိုက်က ပြောသည်။

'သူနဲ့ပတ်သက်ပြီး ကျွန်တော်နဲ့ ဟောဒီက မောင်အောင်ထက်ဇော်တို့နှစ်ယောက်က အာမခံရင် မဖြစ်ဘူးလား'

ဖြိုးကျော်က မေးသည်။

'ကျွန်တော်တို့ မြတ်ထွန်းကို မဖမ်းသေးပါဘူး၊ ကြိုးရှည်ရှည်နဲ့ လှန်ထားပါတယ်၊ သူနဲ့ ဘယ်သူတွေ အဆက်အသွယ်ရှိတယ်ဆိုတာ ကျွန်တော်တို့ စောင့်ပြီး ကြည့်နေပါတယ်'

အမှုလိုက်မောင်ပိုက်က ရှင်းပြ၏။

'အဲ.... တစ်ခုရှိတာက လူသတ်မှုနဲ့ဖမ်းပြီ ဆိုရင်တော့ အာမခံ မပေးပါဘူး၊ စွဲချက်တင်လိုက်လို့ ရုံးရောက်သွားပြီဆိုရင်တော့ တရားသူကြီးသဘောပေါ့ဗျာ'

'ဒီလိုဆိုရင်တော့ မဖမ်းပါနဲ့ဦးဗျာ၊ ကျွန်တော်တို့လဲ သူ့ အရိပ်အခြည်ကို စောင့်ကြည့်နေပါမယ်၊ ဘယ်ကိုမှမသွားစေရပါဘူး၊ ဒီကောင်က စစ်ထွက်ပါ၊ သတ္တိလဲ ရှိပါတယ်၊ မဟုတ်တာလဲ မလုပ်ပါဘူး၊ လုပ်ရဲရင် ခံရဲတယ်ဆိုတဲ့ လူမျိုးပါ'

ဖြိုးကျော်က ကတိပေးနေ၏။

'ဒီမှာ ဦးဖြိုးကျော်၊ ကိုယ်ကကျူးရင် ကိုယ်ဒူး ကိုယ်တောင် မယုံရဘူးဆိုတာ သိတယ်မဟုတ်လား၊ သူများအတွက် မစဉ်းစားနဲ့၊ ကိုယ့်အတွက် ကိုယ်ပဲစဉ်းစားပါ'

အောင်းထက်ဇော်က တစ်ဖက်သတ် အာမခံနေသော ဖြိုးကျော်ကို သတိပေး၏။





'ကိုယ့်အလုပ်သမားအကြောင်းက ကိုယ် မတ်တတ်ရပ်ရမှာပဲ'

ဖြိုးကျော်က အကြောင်းကန်အကာန် ပြင်း၏။

'အေး.... ခင်ဗျား သတ္တိကိုတော့ ကျွန်တော် သဘောကျတယ်၊ ဒီကိစ္စမှာ ခင်ဗျားပါ ကြံရာပါဖြစ်နိုင်တယ်၊ ခင်ဗျားကိုပါ ဖမ်းရမယ်'

'ဘာပြောတယ်ကွ၊ ငါ့ကိုပါဖမ်းမယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ ခင်ဗျားက ဒီလောက် အကြောင်းအကာန်ပြောနေရင် ခင်ဗျားပါ ဒီကိစ္စမှာ ပါလို့ပေါ့'

'အဲသလို ဖမ်းလို့ရသလားဗျဟင်'

အမှုလိုက်မောင်ပိုက်ကို ဖြိုးကျော်က မေး၏။ အမှုလိုက်မောင်ပိုက် ခပ်ပြုံးပြုံးကြီး ခေါင်းညိတ်၍ပြလေ၏။

'ဗုဒ္ဓေါ.... ဒါဖြင့် ခင်ဗျား လုပ်ချင်သလို လုပ်ဗျို့၊ ကျွန်တော်တို့နဲ့ လာပြီး မတိုင်ပင်နဲ့'

ဟု ပြဿနာကို ဖြိုးကျော်က ခါချ၍ချလေ၏။

'အင်း.... ငါးပိသည်က ယင်မခြောက်ဘဲ ဆားသည်က ယင်ခြောက်ချင်နေတာကိုးဗျ၊ မြတ်ထွန်းကို ကျွန်တော် တွေ့ပါတယ်ဗျာ၊ အေးအေးလူလူပါပဲ၊ ဘာမှ သူနဲ့မဆိုင်သလိုဘဲ'

ဟု ကောင်းထက်ဇော်က ပြောပြ၏။

'ကျွန်တော်တို့ ဆုဖြိုးဝေ အခလောင်းကို ကြည့်ချင်တယ် ကြည့်ခွင့်ရမလား'

ကောင်းထက်ဇော်က မေး၏။

'ရပါတယ် ဆေးရုံကြီးမှာ သွားကြည့်ပါ၊ ခင်ဗျားတို့ ဟာ ပင်လယ်ဖျံ စားတော်ဆက်ကမှန်း ဆေးရုံအုပ်ကြီးက သိ မှာပါ'

'လိုရမည်ရ ကျွန်တော် ထောက်ခံစာ ရေးပေးလိုက်ပါ့ မယ်'

ဟု ပြောကာ အမှုလိုက်မောင်ပိုက်သည် မိမိ၏ ဖိုင်ထဲမှ စာရွက်လွတ်တစ်ခုကိုယူ၍ ဆေးရုံအုပ်ကြီးထံ ထောက်ခံစာ ရေးပေးလိုက်ရာ ကောင်းထက်ဇော်နှင့် ဖြိုးကျော်တို့ နှစ် ယောက်သည် မြစ်ကြီးနားဆေးရုံသို့ ထွက်ခဲ့ကြလေတော့သည်။

ကောင်းထက်ဇော်သည် ဆုဖြိုးဝေ တစ်ယောက် သေဆုံး ရသည်မှာ မိမိနှင့် ပတ်သက်နေကြောင်း လုံးဝ မရိပ်မိပေ။

ဆုဖြိုးဝေသည် အခြား စားသောက်ဆိုင်မှာသာ သွား ရောက်သီဆိုနေပါက ဤသို့ အသက်ခံရလိမ့်မည် မဟုတ်။

အရင်းစစ်တော့ အမြစ်မြေက ဆိုသကဲ့သို့ ဖြစ်ရချေ၏။

ဆုဖြိုးဝေ သေဆုံးသည့်ကိစ္စနှင့် ပတ်သက်၍ ထင်ကြေး အမျိုးမျိုးပေးနေကြသူများသည်

ကြီးကျယ်သော ဆင်အကောင်ကြီး ပျောက်ဆုံးနေသည် ကို ဆန်ခါချ၍ ရှာနေသကဲ့သို့ ဖြစ်ချေ၏။





'အပ်ပျောက်လျှင် ဆင်စီးရှာ'

'ဆင်ပျောက်လျှင် ဆန်ခါချရှာ'

ဆိုသော စကားပုံမှာ ဆုဖြိုးဝေ၏ လူသတ်မှုနှင့် ပတ်သက်၍ နေချေတော့သတည်း။

●

ကာရွ-၁၀

ကောင်းကင်မီးလောင်

တိမ်တောင်ပျားစွဲ —

'ငါကတော့ ဘယ်လိုမှ ဒီကိစ္စနဲ့ ပတ်သက်ပြီး မြတ်ထွန်းနဲ့ ဘယ်လိုမှ မပတ်သက်နိုင်ဘူးလို့ ထင်တာပဲ'

'ဘယ့်နှယ်ကွာ ကောင်းကင်မီးလောင် တိမ်တောင်ပျားစွဲ မဖြစ်နိုင်တာတွေ အကုန်လုပ်နေတော့တာပဲ'

ဟု ရင်ခွဲရုံသို့အလာတွင် ဖိုးကျော်က မကျေနပ်ချက်များ ဖွင့်ဟ၍ ပြောနေလေ၏။

'အခုခေတ်က မ်ာတ်ငွေ့ဂက်စ် ခေတ်ဗျ၊ ဂက်စ်တွေ ကောင်းကင်ပေါ် ရောက်သွားတော့ ကောင်းကင်ဟာ မီး လောင်နိုင်တာပဲ'





'နေ့စက်ပြီး ခင်ဗျားနဲ့ကျွန်တော် ကျိုက်ထီးရိုးဘုရားကို တက်ကြတုန်းက တောင်ထိပ်လဲရောက်ရော တောင်ရဲ့ ခါး ဝယ်ပိုင်းလောက်မှာ တိမ်တိုက်တွေ ရွေ့လျားနေတာ တွေ့ ခဲ့တယ် မဟုတ်လား'

'တွေ့သားပဲ၊ အဲဒါ ဘာဖြစ်သလဲ'

'ဘာဖြစ်ရမလဲ၊ ကျိုက်ထီးရိုးဘုရားက ပျားတွေဟာ အဲဒီ တိမ်တွေပေါ်မှာ စွဲပြီး အုံဖွဲ့နေနိုင်တာပေါ့ဗျ'

'မင်း တော်တော် လက်ပေါက်ကတ်တဲ့ကောင်ပဲ၊ ဒါက တော့ ကတ်သီးကတ်ဖဲ့စကား ပြောတာပါကွာ'

ရင်ခွဲရုံအနီးမှာ လူတွေ အုံနေသည်။

ဆေးရုံမှာ ညှော်မိပြီး သေတဲ့မသာဟု ပြောသည်။ ဆေးရုံက ညှော်ကြောက်ခွင့်မပြု။ သူတို့ အနောက်တိုင်းဆေး မှာ ညှော်မမိ။

သူတို့က ပစ္စုပ္ပန်သမားတွေ ဖြစ်သည်။

လက်တွေ့သမားတွေဖြစ်သည်။

သို့သော်

ညှော်သည် လူမမာကို များစွာ ဒုက္ခ ပေးတတ်သည်ကို ရှမသာက သက်သေပြနေသည်။

လူ့ဓသရှင်သည် ရပ်ကွက်သို့ အလောင်းကိုပြန်ပြီး မ
ာတာ့ဘဲ ရင်ခွဲရုံမှာပင် အခေါင်းပြင်ပြီး ညှိသည်မျာ
ဖွတ်ကြွားကာ ဆေးရုံမှ ကားဖြင့်ချရန် စီစဉ်ထားသည်

ထို့ကြောင့် ရင်ခွဲရုံတွင် လူစည်ကားနေခြင်း ဖြစ်ချေ

'တောက်....မစည်ကားအပ်တဲ့ ဆေးရုံ၊ သင်္ချိုင်းနဲ့ တ
ရုံးတွေမှာ လူတွေ တော်တော်စည်ကားနေတယ်၊ ဒါ
မကောင်းတဲ့ အရိပ်လက္ခဏာပဲ'

ဟု ဖိုးကျော်က မှတ်ချက်ချသည်။

'အင်း....ခင်ဗျားကတော့ ခင်ဗျား စားတော်ဆက်
လို့ပြီး ဘယ်နေရာမှ မစည်ကားအပ်ဘူးလို့ ထင်နေတေ
တာပဲနော်'

'ဒီမှာ ကိုဖိုးကျော်၊ ရွေး လူ ကြီး သူ မ တွေ ထား ခဲ့
တဘောင်တွေကို အစွဲအလမ်း မထားနဲ့ဗျ၊ အဲဒါတွေ အ
အလမ်းထားရင် ဘာမှကိုလုပ်လို့ မဖြစ်တော့ဘူး'

ကောင်းထက်ဇော်က ဖိုးကျော်၏တစ်ယူသန်စိတ်ဓာတ်
ပြုပြင်ပေးရန် ကြံရွယ်၏။

'ဒီမှာ ဆောင်းထက်ဇော်၊ ရှေးထုံးလဲ မပယ်နဲ့၊ ရှေးသုံ
လဲ မလွယ်နဲ့ ငါ့လူ၊ ရှေးသုံးလွယ်ရင် မွဲလိမ့်မယ်၊ ရှေးထုံ
ပယ်ရင် လွဲတတ်တယ်ကွ၊ မင်းတို့ခေတ်လူငယ်တွေက ဝ
စားအားနွားရ တော်တော်ပြောချင် လုပ်ချင်တဲ့ကောင်တွေပဲ





ဖိုးကျော် ကွဲမြီးတိုသွားလေ၏။

ဖိုးကျော်နှင့် ကောင်းထက်ဇော်တို့ နှစ်ယောက်သည်
တည့်အတူနေ လူထန်းစားများ ဖြစ်ကြသည်။

'ဝေးတာသက်....နီးတကျက်ကျက်' ဆိုသကဲ့သို့ အငြင်းအခုံ
တော်တော်သန်ကြလေ၏။

သို့သော်....

လုပ်ငန်းလုပ်ရာတွင် စိတ်တူသဘောတူ တော်တော်လုပ်
ကြသည်။

ဖိုးကျော်က ငွေထုတ်နိုင်သည်။

ကောင်းထက်ဇော်က ဖြတ်လမ်းက ငွေရှာနည်း ကျွမ်း
ကျင်သည်။

နှစ်ယောက်ပေါင်းမိတော့ စီးပွားရေးမှာ ဒီရေအလား
တိုးတက်လာကြလေ၏။

ဖိုးကျော်က ကောင်းထက်ဇော်၏ ဉာဏ်ရည်ကို မှီခိုပြီး
စီးပွားရှာရသည်။ ငွေအင်အားများစွာ စိုက်ထုတ်နိုင်သည်။

ရရှိလာသောငွေကို အချိုးကျခွဲယူရသည် ဖြစ်သော်လည်း
ယူသင့်သလောက်မယူဘဲ ထပ်တူထပ်မျှ ဉာဏ်ရည်သမားအား
ဉာဏ်စွမ်းရည်ဖိုး တိုး၍ပေးတတ်၏။

ထို့ကြောင့်....

ကောင်းထက်ဇော်က ဖြိုးကျော်ကို ချစ်သည်။

ဖြိုးကျော်အတွက်ဆိုလျှင် အသက်ကိုပေးရန်လည်း ဝန်လေးသူ မဟုတ်။

သွေးနှင့်ချွေးနှင့် လုပ်ကိုင်လိုသူ ဖြစ်သည်။

တစ်ယောက်က ဓာတ်နှင့် ဉာဏ် စွမ်း ထက် သည်။ တစ်ယောက်က ငွေထုတ်နိုင်သည်။ နှစ်ယောက်ပေါင်းတော့ အလုပ်ဖြစ်ကြသည်။

ဒါကို မနာလိုသူနှစ်ဦး ရှိနေသည်။ ပန်ကာနှင့် ကံဇော် ဆိုသူတို့ ဖြစ်သည်။

သူတို့နှစ်ယောက်ကတော့ တစ်မျိုး။ အောင်းထက်ဇော် တို့နှင့် စိတ်ထားချင်း ဆန့်ကျင်ဘက်များ ဖြစ်ကြသည်။

ကံဇော်သည် မိမိအနေချောင်ဖို့။

မိမိ ကြီးပွားဖို့။

မိမိချမ်းသာဖို့သာ အဓိကထား၏။

မိမိသာ ချမ်းသာမည်ဆိုလျှင် ဘနဖူး သိုက်တူးမှာကိုလည်း မကြောက်။

ကျေးဇူးရှင်အား ကျေးစွပ်ရမှာကိုလည်း မကြောက်ပေ။

ဦးပန်ကာသည် လူနီစွာ ချမ်းသာ၏။





ဦးပန်ကာကို အကျိုးပြုပေးပါက မိမိ အနေချောင်မည် စိတ်တွက် တွက်ကြည့်၏။ ဦးပန်ကာနှင့် ပေါင်းခြင်းဖြင့် မိဘဝ၏ အကျိုးအမြတ်ကို တွက်ချက်ကြည့်ပြီးမှ ကိုယ့်အကျိုးလို၍ ညောင်ရေဆွန်းနေခြင်း ဖြစ်၏။

ထိုနည်းတူစွာပင် ဖြစ်သည်။

ဦးပန်ကာသည် ချမ်းသာ၏။ ချမ်းသာသည့်ငွေများ လျော့မသွားရန် ဦးပန်ကာ ကြိုးစားချင်၏။

ဘယ်ကောင့်ကို ခုတုံးလုပ်ရလျှင် ကောင်းမလဲ ကြည့်လိုက်သည်။

ကံဇော်ကို တွေ့၏။

ကံဇော်သည် စီးပွားရေးနှင့်ပတ်သက်၍ နားတစ်လုံး သိသူမဟုတ်။

တုံးဆိုတိုက် ကျားဆိုကိုက်သမားဖြစ်၏။

သည်ကောင့်ကို မိမိ၏ကိုယ်ရံတော်အဖြစ် လည်းကောင်း။

သည်ကောင့် လက်ရည်ကိုကြည့်၍ လေခင်းပွဲထပ်ရလျှင် လည်းကောင်း

မိမိအတွက် အကျိုးဖြစ်ထွန်းမည်ဟု ဦးပန်ကာတွက်၏။

ထို့ကြောင့်

သေသေချာချာ ဆန်းစစ်ကြည့်လိုက်သော် ကံ့ဇော်နှင့် ပန်းအာတို၏ ပေါင်းသင်းဆက်ဆံမှုမှာ အနှစ်မပါ၊ အကာ ချည်းသက်သက် ဖြစ်နေသည်ကို တွေ့ရှိရလေ၏။

ကံဇော်ကလည်း ဦးပန်ကာတွက်သကဲ့သို့ ဦးနှောက်မရှိသူ ဖြစ်၏။

မူလဇာတ်မြစ်ရန်သူကို သူ ရှာမတွေ့။

ရန်သူမှာ မိမိနှင့်ကပ်နေသူ ပန်ကာဟု မသိ။ ကောင်း ထက်ဇော်ကိုသာလျှင် ရန်သူဟုထင်နေ၏။

ထို့ကြောင့် ကောင်းထက်ဇော်နှင့် ပတ်သက်နေသော ဆုဖြိုးဝေကို ပထမဆုံး သားကောင်အဖြစ် သတ်လိုက် မှတ် လိုက်ခြင်းဖြစ်သကဲ့သို့ လုပ်ငန်းကို စတင်လိုက်ခြင်းဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ မည်သူ့လက်ချက်ဟု ကောင်းထက် ဇော်နှင့် ဖြိုးကျော်က မသိ။

မိမိတို့မွေးထားသော မိန်းကလေး သေ၍သာလျှင် ဆေး ရုံကြီးတွင်ရှိသော ရင်ခွဲရုံသို့လာခဲ့ခြင်း ဖြစ်ချေသည်။

ရင်ခွဲရုံတံခါးမှာ စေ့ရုံကလေး စေ့ထားလေရာ ကောင်း ထက်ဇော်သည် တံခါးကို ဆွဲ၍ဖွင့်လိုက်လေ၏။

'ဟတ်....ဟတ်....ဟတ်ချိုး'

'ခွီး ခွီး ခွီး'





တိုက်ထဲမှ တံခါးပိတ်ထား၍ လှောင်ပြီးပုပ်စပ်နေသော နံ့များက ဖွင့်လိုက်သော တံခါးမှ ဇွတ်တိုး ထွက်လာရာ ောင်းထက်ဇော်နှင့် ဖြိုးကျော်တို့မှာ နှာခေါင်းပေါက်ထဲ သို့ တည့်တည့်ဝင်သွားလေရာ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး နှာ ချေ (ချီ)ကြလေတော့သည်။

'လက်ကိုင်ပဝါ လက်ကိုင်ပဝါ လုပ်ပါဦးဟ၊ နံစော်နေ ာပဲဟေ့၊ ငါတော့ မလိုက်ချင်တော့ဘူးကွာ၊ အော်ဂလီ န်အောင် နံလွန်းလို့ အပြင်မှာပဲ နေခဲ့ပါရစေ'

ဖြိုးကျော်က နှာခေါင်းကို လက်ဖြင့်ပိတ်၍ တောင်းပန် လ၏။

'သောက်ကဲ ပိုမနေစမ်းပါနဲ့ဗျာ၊ ဒါ ပန်းခြံထဲ လမ်း လျှောက်ထွက်လာတာ မဟုတ်ဘူးဗျ၊ လူသေကောင်တွေ ားတဲ့ အခန်းထဲလာတာ ပုပ်စော်နံမှာပေါ့၊ ဘယ်မွှေးပါ့ ဲ၊ ရော့....လက်ကိုင်ပဝါ နှာခေါင်းစည်းထား လိုက်ခဲ့'

ကောင်းထက်ဇော်က လက်ကိုင်ပဝါ ထုတ်ပေးပြီး ဖြိုး ကျော်၏ လက်ကိုဆွဲကာ ဇွတ်ဆွဲ၍ခေါ်ခဲ့လေ၏။

'ဒီနေ့ ထမင်းစားတော့ ပျက်ပါပြီကွာ'

ဟုညည်းညူကာ လက်ကိုင်ပဝါကို နှာခေါင်းတွင်စည်း ရင်းမှ ကောင်းထက်ဇော်၏ နောက်မှ လိုက်လာလေ၏။

လက်ကိုင်ပဝါမှာ (ပီစီ)တံဆိပ် ယောကျ်ားသုံး ရေမွှေးဆွတ်ထား၍ တော်ပေသေး၏။ အပုပ်နံ့ကို ရာပန်းဆီနံ့အလွှမ်းမိုးထားလေ၏။

တစ်ခါတစ်ရံ ထိုရေမွှေးအနံ့ကိုပင် ကျော်၍ အပုပ်နံ့က နှာခေါင်းထဲသို့ ဇွတ်တိုးဝင်လာတတ်၏။

ကောင်းထက်ဇော်ကတော့ ဘာအနံ့မှ မရသည့် လူကဲ့သို့ နှာခေါင်းကို ဘာအဝတ်မှ စည်းပိတ်မထားပေ။

ဖြိုးကျော်သည် ကောင်းထက်ဇော်ကိုကြည့်၍ နှာခေါင်းရှုံ့လေ၏။

ရင်ခွဲရုံအခန်းမှာ အကန့်များမရှိ၊ ပေ ၂၀ ပတ်လည်ဟာလာဟင်းလင်းကြီးဖြစ်ပြီး သေဆုံးသောအလောင်းများအ စည်းမဲ့ကမ်းမဲ့ ကြမ်းပေါ်တွင် ပက်လက်တွေရှိနေလေ၏။

တချို့အလောင်းများမှာ ရုပ်ပင် မမှတ်မိတော့လောက်အောင် ဆွေးမြည့်ပုပ်စပ်နေကြပြီ ဖြစ်သည်။

ကိုယ်လုံးကြီးများလည်း ရောင်ကိုင်းနေသည်။

ဤသို့ ပုပ်ဟောင်နေသော အလောင်းများမှာ ရပ်ဝေးမှအလောင်းများဖြစ်သည်။ အလောင်းပိုင်ရှင်က မိမိတို့ပိုက်ဆံဖြင့် မသင်္ဂြိုဟ်နိုင်သဖြင့် ဆေးရုံသို့အပ်ခဲ့သော အလောင်းများဖြစ်၏။





ဆေးရုံအလုပ်သမားကလည်း မအားသေးသဖြင့် သင်္ဂြိုဟ်မပို့နိုင်ဘဲ ဤသို့ ရင်ခွဲရုံထဲမှာ ရှိနေခြင်းဖြစ်လေ၏။

'ဟိုမှာ ဆုဖြိုးဝေ'

ကောင်းထက်ဇော်က ထောင့်တစ်ထောင့်မှ အမျိုးသမီး၏အလောင်းကိုပြ၍ ပြောလိုက်ခြင်းဖြစ်၏။

ဆုဖြိုးဝေ၏ ကိုယ်ခန္ဓာမှာ ဗလာကျင်းနေ၏။

တစ်ချိန်က အဝတ်ကောင်းများကိုမှ ရွေး၍ဝတ်တတ်သူ၊ အလှနီအလှအပကြိုက်သူ အမျိုးသမီးမှာ ယခုတော့ ဗလာနတ္ထိ ဘာဆိုဘာမှ မရှိတော့ပါတကား

လွန်စွာ တရားရဖို့ ကောင်းလှပေ၏။

'ဟေ့ကောင်....ကောင်းထက်ဇော်'

ဖြိုးကျော်က လက်ဖြင့်တို့၍ ခေါ်လိုက်၏။

'ဗျာ ဗျာ....'

ကောင်းထက်ဇော် လန့်သွား၏။

ကောင်းထက်ဇော် သတိပြန်ဝင်လာသည်။

'မင်း ဘာဖြစ်နေတာလဲ၊ ဝါ မေးတာလဲမဖြေပါလားကွ'

ဖြိုးကျော်က ကောင်းထက်ဇော်ကို မေး၏။

'ကျွန် ကျွန် ကျွန်တော် ဒီကေးလားဆိုတဲ့ စာတန်းကို တော်တော် စိတ်ခင်တစားဖြစ်သွားမိပြီး ပတ်ဝန်းကျင်ကို သတိမေ့သွားလို့ပါဗျ'

ဟု ကောင်းထက်ဇော်က ဖြေ၏။

'အေးကွ၊ ငါ့အထင်ကာ ဒီစာတန်းကို ဒီရင်ခွဲရုံက အလုပ်သမားက လုပ်ထားတယ်လို့ ထင်လို့ကွ'

ဟု ထင်ကြေးကို ဖြိုးကျော်က ထပ်၍ပြော၏။

'ဖြစ်နိုင်တာပေါ့ဗျ၊ ဒီအလုပ်သမားတွေက တော်တော်ကလေး နောက်တတ် ပြောင်တတ်ကြတယ်'

ဟု ကောင်းထက်ဇော်က ပြော၏။

နယ်မှ ဆေးရုံများက ရန်ကုန်မှာလိုမဟုတ်။ အလောင်းကို ရင်ခွဲရုံထဲမှာ သည်အတိုင်းပစ်ထားတတ်ကြ၏။

ရင်ခွဲရုံအစောင့်က အပုပ်အစပ်နည်းနည်းသက်သာအောင် လူသေအလောင်း၏ ရင်ကိုခွဲထားပြီး အထဲမှ ကလီစာများကို ထုတ်ပယ်၍ ထားတတ်ကြ၏။

ထိုသို့ ရင်ကိုခွဲစဉ် ဤသို့လက်ဆော့ပြီး 'ကေးလား'ဟု ရေးထားသည်ဟု ဖြိုးကျော်က ထင်ခြင်းဖြစ်၏။

သို့သော်





ကောင်းထက်ဇော်၏ ဦးနှောက်ထဲမှ အသိက ဤသို့ မဟုတ်။

'ကံရဇော်'

'ကံဒဇော်'

'ဒီကောင့်လက်ချက်ဖြစ်ရမယ်၊ ငါနဲ့ ဒီကောင်ဟာ ဘဝ တိုက်ပွဲတစ်ခုကို အသေအလဲတိုက်ခဲ့ကြတယ်၊ ဒီတိုက်ပွဲမှာ ငါက အောင်မြင်ခဲ့တယ်၊ သူက ဘဝပျက်သွားခဲ့တယ်'

'လှုပ်နေတဲ့ ချောခေမွှနေတဲ့ ငါ့လုပ်ငန်းကို ဒီကောင် နှောင့်အယှက်လာပေးတာ ဖြစ်ရမယ်'

'Killer ကေးလားဆိုတဲ့ စာသားဟာ ငါ သုံးစွဲတဲ့ ငါ့ရဲ့ ကိုယ်ပိုင် သင်္ကေတဖြစ်တယ်၊ ဒီကောင်ဟာ ဒီကေးလားဆိုတဲ့ စလုံးကို ရေးလိုက်ခြင်းအားဖြင့် ငါ့ကို ဒီကောင်စိန်ခေါ် လိုက်တာပဲ၊ ခြိမ်းခြောက်လိုက်တာပဲ၊ ဒီကောင့်ကို တွေ့အောင်ရှာရမယ်'

ဟု စဉ်းစားတွေးတော ဝေးမောနေမိလေ၏။

'ဟော့ကောင်....မင်း ဘာဖြစ်နေတာလဲ၊ မင်း မကောင်းတဲ့ အနံ့အသက်တွေရှုပြီး ရောဂါရပြီထင်တယ်၊ လာ သွားကြ အောင်ကွာ၊ ဘာမှ အဓိပ္ပာယ်မရှိတဲ့အလုပ်ကို တို့နှစ်ယောက် လုပ်မိသွားပြီ'

ဟု ပြောတာ ကြောင်းထက်ဇော်၏ လက်ကိုဆွဲ၍ အလ
လမ်းမှ ပြန်၍ ထွက်လာ၏။

တောင်းထက်ဇော်ကတော့ အတွေးပေါင်းမြောက်မြာ
စွာဖြင့် ဆုဖြိုးဝေ၏ အလောင်းကို သမင်လည်ပြန်ကြည့်
တွန့်ဆုတ် တွန့်ဆုတ်နှင့် လိုက်လာလေ၏။

'ဝုန်း....'

'ဂျိုင်း....'

ဖြိုးကျော်က ရင်ခွဲရုံတံခါးကို ခြေထောက်ဖြင့် နောက်ပြ
ဆန့်၍ ပိတ်လိုက်ရာ တံခါးမှာ ပြင်းထန်စွာမြည်ပြီး ပိတ်သွ
လေ၏။

တစ်ချိန်က လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့တဲ့ ဆု
ဝေ။

တစ်ချိန်က အလှသရဖူဆောင်းခဲ့တဲ့ ဆုဖြိုးဝေ။

တစ်ချိန်က လူချစ်လူခင်ပေါခဲ့တဲ့ ဆုဖြိုးဝေ။

သည်နေ့တော့ အသိလုပ်မည့်သူလည်း မရှိတော့။

တစ်ယောက်တည်း၊ ထီးထီးကြီး ဘာမှ သုံးမရတော
ဘဝချုပ်ငြိမ်းကာ အဓိပ္ပာယ်မဲ့ အခန်းထဲတွင် ဘာမှမသိ
တော့သော အပေါင်းအဖော်များဖြင့် နေရစ်ခဲ့ပြီဖြစ်ပေတေ
သည်။





ကောင်းကင်ပေါ်တွင် မီးလောင်သကဲ့သို့လည်းကောင်း။

တိမ်တောင်တွင် ပျော်ဝင်သကဲ့သို့လည်းကောင်း။

ဆုဖြိုးဝေ၏ လက်ရှိဘဝတွင် အကာမရှိ အနှစ်မရှိတော့ပါ
ထကား။

ကဏ္ဍ-၁၁

## ချုပ်နေကျအပ် သံချေးမထက်

ရောင်စုံမီးတွေက ရွှေ့လျားနေသည်။

အနီတစ်လှည့်။

အဝါတစ်လှည့်။

အပြာတစ်လှည့်။

နီပြာဝါစိမ်း မီးလုံးတွေက မှိတ်ချည်ဘစ်ခါ လင်းချည်တစ်လှည့်ဖြင့် လည်းကောင်း။

အထက်တက်လိုက်။

အောက်ဆင်းလိုက်။

ဘေးတိုက်ပြေးလိုက်ဖြင့် လည်းကောင်း။





တီတိတီတီဆိတ်ဆိတ် ငြိမ်ငြိမ်ဆိမ်ဆိမ်မနေ။ မဓမာနိုင်မပန်းနိုင် မီးလုံးအားလုံးက ပြေးလွှားဆော့ကစား နေကြလေ၏။

လူတွေကသည်း ကုလားထိုင်ပေါ်တွင် ကိုယ့်နေရာနှင့်ကိုယ်သီးခြား ကန့်သတ်ထားသည့်အတိုင်း နေထိုင်ကြရပါသော်လည်း ကွာခြွရရ မထိုင်ကြ၊ ဟေးလားဝါးသားနှင့် လက်သီးလက်မောင်းတန်း၍ အော်ဟစ်နေကြလေ၏။

ကိုယ့်ပါးစပ်နှင့်ကိုယ် အော်နေကြသည့်အတွက် အသွားပြောစရာမရှိသော်လည်း တစ်ဖက်သတ်ကြီး ဇောင်းပေးပြီးအော်ဟစ်နေကြသည်ကိုတော့ ကောင်းထက်ဇော် မကြိုက်။

လာရောက်ကြည့်ရှုကြသူအားလုံးက ကောင်းထက်ဇော်ကိုအထင်သေးကြသည်။

ကောင်းထက်ဇော်နှင့်ပြိုင်ဘက် လက်ရှိချန်ပီယံကံဇော်ကိုအထင်ကြီးကြ၏။ ကံဇော်သာလျှင် နိုင်ရမည်ဟု ပရိသတ်ကအထင်ရှိနေကြသည်။

ဒါကို ကောင်းထက်ဇော်က နည်းနည်းကလေးမှ လက်ခံနိုင်။

ဒါ့ကြောင့် ကောင်းထက်ဇော်က ကံဇော်ကို အပြတ်ဖြတ်ချလိုက်ခြင်းဖြစ်၏။

ကံဇော်၏ လက်ရည်တလည်း တော်တော်တန်တန် ကောင်တိုလျှင် မလွယ်။

လုံးလုံးလျားလျား ကောင်းထက်ဇော် ရှုံးနေပြီဖြစ်
ကောင်းထက်ဇော်၏ တစ်ခုတည်းသော အားအကိုးရ
သော လက်သီးကြောင့်သာ ပွဲသိမ်းလိုက်နိုင်ခြင်း ဖြစ်သည
ကောင်းထက်ဇော်သည် မိမိလက်ဝှေ့ထိုးတိုင်း ကေးလ
ဟုရေးထားသော စွပ်ကျယ်ကိုသာဝတ်၏။

နောက်ဆုံး ကြေးစားဘဝသို့ ရောက်ရှိလေသော် အ
ချွတ်၍ ထိုးရ၏။

ထို့ကြောင့် ရင်ဘတ်တွင် ဆေးရောင်စုံဖြင့် ကေးလ
ဟူသော စာလုံးကို ရောင်စုံ အသားတံဆိပ် ထိုးထားလို
လေ၏။

တမြန်မနေ့က အဖြစ်အပျက် အားလုံးသည် ယနေ့ဖြ
ပျက်နေသည်နှင့် တူလှ၏။

ဆုဖြိုးဝေ၏အလောင်း ရင်ခွဲရုံထဲသို့ သွားရောက်ကြည့်
ခဲ့ပြီးသည့် အချိန်မှစ၍ လွန်ခဲ့သည့် နှစ်များက ထိုးသတ်
သော ကံဇော်နှင့်ထိုးရသည့် လက်ဝှေ့ပွဲကို ယနေ့ထိုးသ
နေရသကဲ့သို့ ပြန်လည် မြင်ယောင်နေမိလေ၏။

'ဒီကောင် ကံဇော်၊ ကံဇော် လက်ချက်ပဲ ဖြစ်ရမယ်
ဒီကောင် ငါ့ကိုစိန်ခေါ်နေပြီ၊ ဒီကောင် ငါ့ကိုစိန်ခေါ်
တာ သေချာပြီ'

နဖူးထက်ချွေးများ ဒီးဒီးကျလာသည့်တိုင် အတွေးမျ
ကြားဝ်၍ ကောင်းထက်ဇော် နစ်မွန်းနေလေ၏။





'အင်း....ဖြစ်တော့လဲ မဖြစ်နိုင်ဘူး၊ တိုက်ဆိုင်မှုပဲဖြစ်လိမ့်
မယ် ထင်တယ်'

'ဆုဖြိုးဝေတစ်ယောက်တည်း သေတာနဲ့ ငါမှတ်ချက်ချလို့
မရသေးဘူး၊ အခြေအနေ အရပ်ရပ်ကို စောင့်ကြည့်ရမယ်'

'အေးလေ... ငါ အတွေးလွန်နေတာပဲ ဖြစ်ပါစေလို့ ဆု
တောင်းပါတယ်'

'ငါ ချမ်းသာနေပြီ၊ ငါ အေးအေးဆေးဆေး နေဖို့
ကောင်းပြီ၊ ငါ သိင်္ဂီရွှေစင်ကို လက်ထပ်မယ်၊သားတွေ သမီး
တွေနဲ့ ငါ့ရဲ့ ခြောက်သွေ့နေတဲ့ ဘဝဆလေးကို စိုပြည်လန်း
ဆန်းလာအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်'

'ဒီကောင် ကံဇော်၊ ဒီအမှိုက်ကောင်ကို ငါ ထည့်တွက်
မနေ့တော့ပါဘူး'

ဟု ကောင်းထက်ဇော် တစ်ယောက်တည်း သူ့ရှုး တစ်
ယောက်ပမာ တွေးနေမိလေ၏။

ညစဉ်ညတိုင်း ဆုဖြိုးဝေ သေပြီး နောက်ပိုင်း ကောင်း
ကောင်း အိပ်လို့မရတော့။

ကံဇော်နှင့် ထိုးခဲ့ရသည့်ကိစ္စကိုပဲ နေ့စဉ်နေ့တိုင်း ထမင်း
လုံးတစေ့ခြောက်သလို ခံစားနေရလေ၏။ ပြန်လည် မြင်
ယောင်နေသည်။

ဇွဲနဘဲကြီးလှတဲ့ ကံဇော်။

နောက်ဆုံးအချိန်တွင် မိမိ၏ ညာလက်သီးဒဏ်ကြောင့် ကြမ်းပြင်ပေါ်တွင် မရှုမလှ လဲကျနေတဲ့ ကံဇော်။

မိမိဘက်မှ အသာစီးရနေသဖြင့် သေသည့်တိုင် အသက်ထွက်သွားသည့်တိုင် ထိုးမည်ဟု ရည်ရွယ်ပြီး ထိုးနေသော ကံဇော် တစ်ယောက် မမျှော်လင့်ဘဲ ကောင်းထက်ဇော်၏ လက်သီးချက်ဖြင့် အသက်မရှူနိုင်ဘဲ ဖြစ်သွားသည့်အချိန်တွင် အံ့ဩခြင်း၊ ထိတ်လန့်ခြင်း၊ စိတ်ဓာတ်ကျခြင်း များစွာဖြင့် မိမိအား ကြည့်နေသော ကံဇော်၏ ရုပ်ပုံလွှာများကို ကောင်းထက်ဇော်သည် ညစဉ်အိပ်ရာဝင်တိုင်း ပြန်မြင်နေရာ ကြောက်လန့်စိုးရိမ်မိသလိုလို ဖြစ်နေလေ၏။

'အပ်တစ်ချောင်းဟာ ဘယ်လောက် ချွန်ထက်နေပေမယ့် အသုံးအစွဲမရှိဘဲ ဒီအတိုင်းထားရင် သံချေး(ဂျီး)တက်ပြီး အပ်တုံးသွားတတ်တယ်'

'အပ်ဆိုတာ အမြဲတမ်း ချုပ်နေမှ'

'ချုပ်နေကျအပ်ဟာ ဘယ်တော့မှ သံချေး(ဂျီး)မတက်ဘူး'

'ဒီတော့ ငါ့ညာလက်သီးဟာ အမြဲတမ်းထိုးပြီး လေ့ကျင့်ထားမှ ဒီကောင်နဲ့ တစ်နေ့တွေ့ရလိမ့်မယ် ထင်တယ်'

ဟု တွေးကာ အိပ်ရာထသည့်အချိန်မှ စပြီး မိုးတစ်ပတ်နေ့စဉ်မှန်မှန် အပြေးလေ့ကျင့်နေလေတော့သည်။

သဲအိတ်ကို လက်သီးထိုးကျင့်ခြင်း။





ကြိုးခုန်ခြင်း။

ဆလေးအပင်မခြင်း။

ဝမ်းဗိုက်ကို တုတ်ဖြင့်ရိုက်ခြင်း။

တောင်ကုန်းအတက်အဆင်းကို မနားတမ်း ပြေးတက်
င်း လုပ်ခြင်း။

ပက်လက်လှန်နေပြီး လူကို ဗိုက်ပေါ်သို့ ခုန်ပြီး တက်စေ
င်း စသည့် ဗိုက်ကြွက်သား သန်မာစေမှု၊ အမောလုံမှု၊ ကြံ့
မှုတို့ကို အားကြိုးမာန်တက် ဆောင်ရွက်၍ နေလေတော့
သည်။

နောက်ဆုံး ညာလက်သီးကြောင့် ကြမ်းပြင်ပေါ်သို့ လဲကျ
းသော ကံဇော်၏ အကြည့်က ကမ္ဘာပေါ်မှ မြကြီးများ
ားလို့ ကုန်လျှင်ကုန်သွားပေမည်။ မိမိ၏ အမုန်းက ကမ္ဘာ
း ပျောက်ဆုံးသွားလျှင်တောင်မှ ကောင်းထက်ဇော်
ပေါ် အမုန်းက ပျောက်လိမ့်မည်မဟုတ် ဟူသောအကြည့်
ကြည့်သွားလေ၏။

မုန်းတီးသော အကြည့်။

ါးသီးသောအကြည့်။

ဣသာမစ္ဆရိယအကြည့်တို့ဖြင့် စူးစူးဝါးဝါး ကြည့်သွား
ကို တွေးကာ၍ ဆုဖြိုးဝေ သေဆုံးရသည့် ကိစ္စမှာ
ဇော်ပဲ သေချာသည်ဟု လုံးဝဥဿုံ စွဲမှတ်လိုက်လေ၏။

- 'ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြတာပေါ့ကွ'

ဟု ကောင်းထက်ဇော် အံကို တင်းတင်းကြိတ်ကာ ဆုံး
ဖြတ်ချက်ချလိုက်ပေတော့သတည်း။

ကောင်းထက်ဇော်၏ အသိတရားတွင် ချုပ်နေကျ အပ်
သံချေးမတက်ဆိုသည့် ဆောင်ပုဒ်အရ အပြင်းအထန် လေ့
ကျင့်မှုပြုလျက် ကံဇော်နှင့် တစ်နေ့နေ့တွင် ရင်ဆိုင်ရန်
အားလုံး အသင့်ပြင်၍ ထားလေတော့သတည်း။



အထွာ-၁၂

## အလိုရမ္မက် သူ့ကိုဖျက် အသည်းအက်စေအောင်နာ

'ကျား'

'ဝံ'

'ဘုန်း'

ခြေစောင်း။

တည့်ဖနောင့်။

ပတီခြေ။

အတွင်းခွင်၊ အပြင်ခွင်၊ ခြေခွင်။

စသည့် မြန်မာ့တိုက်ကွက်များကို မခမာတမ်း မပန်းတမ်း
လေ့ကျင့်နေ၏။

လူစာမှုန့်များထည့်ထားသော ဆင့်ပဲ့အိတ် (သဲအိတ်)ကြီး
သာ အသက်ရှိပါက ငုတ်ရှိလက်ရှိလေ့ကျင့်နေသော ကံဇော်၏
လက်သီးချက်၊ ခြေကန်ချက်တို့ကြောင့် အသက်ထွက်သွား
နိုင်လေ၏။

ကံဇော်သည် စည်းစိမ်ချမ်းသာကို အလိုရှိသည်။ ခေတ်
ပေါ်တား၊ ဇိမ်ခံကားကြီးပေါ်မှာ ဇိမ်ခံချင်၏။

သူဌေးကြီး ဦးပန်ကာ၏ အမိရဲးတယူ အခလးပေးဆက်
ဆံမှုကို လိုလား၏။

ဦးပန်ကာ၏ အခလးပေးမှုသာခံရလျှင် ငွေများကိုလည်း
မယူချင်အောင် ပုံဆိုင်မည်ဖြစ်သည်။

ထိုသို့ ငွေများရရှိပါက ချမ်းသာမှုဆိုသော စည်းစိမ်ရ
မည်ဟု အလိုရမ္မက်ကြီးမားနေ၏။

ထိုအလိုရမ္မက်သည် ကံဇော်ကို ဖျက်ဆီးနေသည်ကို
ကံဇော်မသိရှိ။

ထိုသို့ ရည်မှန်းချက်။

မျှော်မှန်းချက်များအတိုင်းအဆင်ရှိ မျှော်လင့်အားထား
နေဆဲကာလမှာ မထင်မှတ်ဘဲ ကောင်းထက်ဇော်၏ တစ်ချက်
တည်းသော လက်သီးချက်ကြောင့် မိမိဘဝပျက်ခဲ့ရသည်ဟု
ကံဇော်တွေးမိ၏။

ထင်မြင် ယူဆထား၏။



အရှိုးစွဲအောင် စွဲမှတ်ထား၏။

ထင်မြင်ယူဆချက်အာ တခြား၊ ဖြစ်ပေါ်လာသည့် ရလဒ်
တခြား ဖြစ်သွားရသည့်အတွက် ကောင်းထက်ဇော်၏
ပေါ်တွင် အသည်းအက်အောင် နာကြည်းမိခဲ့လေသည်။

သဲအိတ်ကို လက်သီးတစ်ချက်ထိုးလိုက်တိုင်း ကံဇော်၏
က်စိထဲတွင် သဲအိတ်ကိုမမြင်၊ ကောင်းထက်ဇော်၏ မျက်နှာ
ကြီးကိုသာ မြင်၍နေလေရာ မနားတမ်း ထိုးနေလေတော့
သည်။

ကံဇော်သည် ဂျူဒို၊ ကရာတေး၊ ဂျူဂျစ်ဆု၊ တိုက်ကွမ်ဒိုး
ရာတေးဒို၊ သိုင်းပြောင်းပြန်၊ ရိုးရိုးမြန်မာ့သိုင်း စသည့်
ညာရပ်အားလုံးကို ကံဇော် တတ်မြောက်ထားပြီး ဖြစ်၏။
တတ်မြောက်ထားသော ပညာရပ်များကို အရောင်တင်
ကဲ့သို့ စဉ်ဆက်မပြတ် လေ့ကျင့်နေလေ၏။

'ရွှေလင်မျှော်'

မြစ်ကွေ့မြို့နှင့် ၅ မိုင်ခန့် ဝေး၏။

လျှိုတွေ၊ မြောင်တွေ၊ ချောင်းတွေ၊ မြစ်တွေကို ကျော်
ဖြတ်ရ၏။

ထိုနေရာမှာ လူအရောက်နည်းသည်။ လူဝတ်ကြောင်
တ၏ ထံသရာလည်မှုကို မနှစ်မြို့သော ဦးဇောသာရဘုန်းကြီး
ကျောင်းရှိ၏။

နရဝတ်စာပေ

ထိုကျောင်းတွင် ကျောင်းသားအပိုမရှိ။

ဂုဏ်းတစ်ပါးတည်းသာ ထိုင်ပြီး ဆွမ်းခံကြွရာတွင်လည်း တစ်မနက်စာ၊ တစ်နပ်စာသာ ဆွမ်းခံစားၡ၏။

အပိုသိမ်းထားမှုမရှိ၊ ပနီးကန်ပိုလည်း မရှိ၊ 'ပတ္တပိုဏ် ဆွမ်း'ဟု ခေါ်သော ဟင်းရော ထမင်းပါ စုပုံထည့်ထား သည့် ဆွမ်းကိုသာ ဘုဉ်းပေးလေ၏။

ထိုကျောင်းသို့ ကံဇော် ရောက်လာပြီး မြစ်ကွေ့မြို မြို့သားများမသိအောင် ပုန်းလျှိုးကွယ်လျှိုး သိုင်းလေ့ကျ နေပြီး ကောင်းထက်ဇော်၏ လုပ်ငန်းပျက်စီးလေအော ကောင်းထက်ဇော်၏ အလုပ်သမားများတို တစ်ယောက်ပြ တစ်ယောက် အမှည့်ခြွေ ခြွေမည်။ နောက်ဆုံးမှ ကောင်းထ ဇော်ကို လူ့ဘဝမှ အပြီးအပိုင် ပယ်ထုတ်ပစ်မည်ဟု ကံဇေ ဆုံးဖြတ်ထားလေ၏။

ကံဇော်အတွက် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် ပြည့်စုံစွ သူဌေးပန်ကာက လူမသိ သူမသိ ပို့ပေးထားသည်။

ပန်ကာသည် ဖြိုးကျော်ကို မကျေနပ်။ စီးပွားရေး၊ လ ရေးအားလုံး ပြိုင်ဆိုင်နေသူဖြစ်၏။

ဖြိုးကျော် ပျက်စီးမှု ကိစ္စသည် ကံဇော်၏ အပေါ်တ မူတည်နေ၏။





ကံဇော်ကို မြှောက်ထိုး ပင့်ကော် လုပ်ပေးနေခြင်းဖြင့် ဖြိုးကျော်၏ စီးပွားရေး ပျက်စီးမှာဖြစ်၏။ ထို့ကြောင့် ကံဇော်ကို မသိအောင်တစ်မျိုး သိအောင်တစ်မျိုး မြှောက်ထိုး ပင့်ကော် လုပ်ပေးနေခဲ့လေ၏။

'တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ

သတ္တဝါအပေါင်း ဆင်းရဲကြောင်း'

ဟု ရှေးစာဆိုရှိ၏။

မတတ်နိုင်၊ မည်သူသေသေ ငတောမာဖို့ အရေးကြီးလှ သည်။

ငတော မာဖို့ရန်မှာလည်း

သနားခြင်း။

ညှာတာခြင်း။

ကိုယ်ချင်းစာတရားထားခြင်း။

စသည့် လူမှုကိစ္စအဝဝကို ဘေးချိတ်ထားဖို့၊ မေ့ပျောက် ထားဖို့ အရေးကြီးလှသည်။

ပထမဆောင်ရှက်ချက်တော့ အောင်မြင်သွားပြီ။

ဆုဖြိုးဝေ သေခဲ့ရပြီ။

နောက်တစ်ယောက်။

တစ်ယောက်ပြီးတစ်ယောက် အမှည့်ခြွေခြွေနိုင်ဖို့ အရေးကြီးသည်။

ကံဇော်ကလည်း အငြိုးအတေး ကြီးလှသည်။

ယခုလေ့ကျင့်နေသမျှ၏ ဦးတည်ချက်သည် တောင်းထက်ဇော် ပျက်စီးဖို့သာ အဓိကဖြစ်လေ၏။

'ဟော့....ကံဇော်၊ မင်း ရေချိုးပြီးလို့ ထမင်းစားမယ်ဆိုရင် ငါ့သပိတ်ထဲမှာ ဆွမ်းနဲ့ ဆွမ်းဟင်းကျန်သေးတယ်၊ ယူစားဟော့'

ဆရာတော် ဦးကောသာရသည် ရေချိုးရန် ပြင်ဆင်နေသော ကံဇော်ကိုပြော၏။

'တင်ပါ့ဘုရား၊ တပည့်တော် ရေချိုးလိုက်ပါဦးမယ်'

ဟုပြောကာ အဝတ်များလဲနေ၏။

'နေစမ်းပါဦး ဒကာရ၊ မင်းက ဒီလောက်ထိ လေ့ကျင့်နေရအောင် ကမ္ဘာ့အိုလံပစ် ဂျူဒိုပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့လား'

ဟု ဆရာတော်က မေး၏။

'တင်ပါ့ဘုရား'

ကံဇော်က ဝိနည်းလွတ် လိမ်လိုက်သည်။





'ဟုတ်လိုက်လေ မောင်ကံဇော်ရာ၊ မင်းက ငါ့ကိုတောင် လိမ်ပါလားကွ၊ ဒီမှာ ကံဇော်'

'ဘုရား....အမိန့်ရှိပါ'

'မင်းကိုယ်မင်း တော်တော်မိုက်တယ်လို့ ထင်နေသလား'

'မထင်ပါဘူးဘုရား'

'အေး....မင်းထင်လဲ မှားမယ်ကွ၊ မင်းထက်မိုက်တဲ့လူတွေ အများကြီးရှိတယ်၊ အဲဒီလူမိုက်တွေဟာ အခု ထောင်တွေထဲမှာရှိတယ်၊ တချို့လဲ သင်္ချိုင်းကုန်းမှာ ရောက်ကုန်ကြပြီ'

'မိုက်တယ်ဆိုတာ လွယ်ပါတယ်၊ လိမ္မာတယ်ဆိုတာ ခက်တယ်ကွ ဒကာရ'

'မင်းတို့က ပြောသေးတယ်၊ သင်ကောင်းရင် ကိုယ်မဆိုးပါဘူးတဲ့၊ အဲဒါကိုက မှားတယ် ဒကာရ၊ ဘယ်သူမကောင်းကောင်း ကိုယ်ကောင်းမှ တောင်းမှာ'

'ချိတ်ချိတ်ချင်းတွေ့ရင် ချိတ်မိမှာပဲ၊ ဒီတော့ သူကချိတ်ဆိုရင် ကိုယ်က ဖြောင့်ပေးလိုက်၊ အဲသလိုဆိုရင် အရေးအခင်း မရှိတော့ဘူး'

'ယောကျ်ားမှန်ရင် မခံချင်စိတ် ရှိရတယ်လို့ ဆိုကြတယ်၊ သိပ်မှန်တဲ့စကားပေါ့ ဒကာရ၊ ဒါပေမယ့် ဆရာတော်ပြောမယ်ကွ၊ အဲဒီဖြစ်လာတဲ့ မခံချင်စိတ်ကို ထိန်းနိုင်မှ ယောကျ်ားကောင်း ယောကျ်ားမြတ်ဆိုတာ မှတ်ထားကွ'

'အခု မင်းရောက်လာကတည်းက ဆရာတော်အကဲခတ်ပြီး မင်းကို ကြည့်နေမိတယ်၊ မင်းရဲ့ကိုယ်ခန္ဓာထဲမှာ လောဘမီးတွေတောက်နေတယ်၊ ဒေါသမီးတွေတောက်နေတယ်၊ မောဟမီးတွေ တောက်နေတယ်၊ ဒီမီးတွေကို ငြိမ်းသတ်လိုက်စေချင်တယ် ဒကာ'

ဆရာတော် ဦးကေသာရက တဲ့တိုးကြီး ဆုံးမဩဝါဒပေးနေ၏။

ကံဇော်၏မျက်လုံးများ မီးဝင်းဝင်းတောက်လာနေသည်။

'တပည့်တော် ဒီမှာရှိနေတာကို ဘယ်သူမှမသိစေချင်ဘူး ဆရာတော်၊ တပည့်တော်ဟာ ဆရာတော်ကို မနှောင့်ယှက်ပါဘူး'

ကံဇော်က ရေပိတ်စပါး စကားဆို၏။

'ဒီအတွက်တော့ စိတ်ချဒကာ၊ လူတွေနဲ့မပတ်သက်ချင်လို့ ဒီမှာ တစ်ကိုယ်တည်း လာနေတာပဲ၊ တို့ရဲ့ဗုဒ္ဓဘာသာ လမ်းစဉ်က ကျွတ်ချိန်တန်လို့ ကျွတ်ရမယ့်လူမှ ချွတ်တယ်၊ ချွတ်လို့မရဘူးထင်တဲ့လူကို ဘယ်တော့မှ မချွတ်ဘူး'

'နောက်ပြီးလူဆိုတာ မှားပြီးမှ မှားမှန်းသိတာ ပိုကောင်းတယ်၊ သူများက ဆုံးမတာထက် ကိုယ့်ဘာသာကိုယ် ဆုံးမတာပဲ ကောင်းတယ်၊ ကိုင်း....ကိုင်း....ဒကာ ရေချိုးဖို့ကိစ္စ



သွားချိုးပေတော့၊ ထမင်းဆာရင်သာ ဆရာတော်ရဲ့ ထမင်းပါ စားလိုက်၊ ပိုတဲ့ပစ္စည်းတွေတော့ သတ္တဝါတွေ ချကျွေးပြီး ကုသိုလ်လုပ်လိုက်ပေါ့ကွာ'

'အနိစ္စ'

'ဒုက္ခ'

'သင်္ခါရ'

ဆရာတော်ဦးကေသာရသည် ဆုံးမပြောဆို၍ ရမည်ထင်၍ဖြင့် ပြောကြည့်၏။

မရမှန်းသိ၍ မပြောတော့ဘဲ ကျောင်းသင်္ခမ်းထဲသို့ ဝင်သွားခဲ့လေ၏။

ကံဇော်သည် ရင်ထဲ၌ များစွာ ပူလောင်သွားသည်။

'ဒီကိစ္စတွေကို ဆရာတော်မပြောဘဲလဲ တပည့်တော်သိပါတယ်ဘုရား၊ ဒါပေမယ့် သမိုင်းပေးတာဝန်အရ တပည့်တော် ...လဲ စားချေရပါဦးမယ် ဘုရား'

ဟု စိတ်ထဲမှ ရေရွတ်လျက် မြစ်ဆိပ်သို့ ဆင်းလာခဲ့လေ၏။

'အလိုရမ္မက် လူကိုဖျက် အသည်းအက်အောင်နာ'

ဆိုသကဲ့သို့ ကံဇော်တစ်ယောက်မှာ အညှန့်တလူလူဖြ
တက်စပြုနေသော မိမိ၏ဘဝအား အကျနာအောင်လုပ်
သော ကောင်းထက်ဇော်၏အပေါ်တွင် အသည်းအက်အော
နာကြည်းလျက် ရှိနေလေတော့သတည်း။

●

ကဏ္ဍ–၁၃

## တုံးကိုမိုးကြိုးပစ် ပုတ်သင်အဆစ်ပါ

ပုလင်းသံ ဖန်ခွက်သံတွေက တစ်ခန်းလုံး ဆူညံနေသည်။
ဝင်မြင့်စတိတ်ရှိးစင်ပေါ်မှ တီးဝိုင်းကလည်း ဂစ်တာသံတွေ
ဆူညံနေ၏။

ဟဲဗီးရော့ခ် ဟုခေါ်သော အာဂလောင်ထဲမှ အသက်
ငင်နေသော အသံများကလည်း အက်အက်ကွဲကွဲအော်မြည်
နေကြသည်။

သည်အသံကိုပင် ဗေလုဝနတ်စောင်းသံပမာ ကြိုက်နှစ်
သက်နေသော ပရိသတ်ကလည်း အများသား။

စင်ပေါ်မှ အဆိုတော်က သီချင်းပင်စပြီး မဆိုရသေးခင်
တီးလုံးချိုးလိုက်ကတည်းကအောက်ကပရိသတ်တို့ ထိုသီချင်း
ကို ဦးဆောင်ပြီး ဆိုနေချေပြီ။

သည့်ခေတ်က ဤသို့လိုက်ဆိုနေသည်ကို ကာရာအိုကေ ယ ခေါ်ကြပြန်၏။

မန်နေဂျာမြတ်ထွန်းသည် အရက်ဆောင်တာသို့ အမျို သမီးတစ်ယောက်နှင့်အတူ ရောက်ရှိလာသည်။

'စိမ်းလဲ့ပြာ ဘာသောက်မလဲ'

'ရှမ်ပိန်ပေးပါ'

'ရမ်ဝမ်းပက်နဲ့ ရှမ်ပိန် တစ်ခွက်ပေးပါ၊ စိမ်းလဲ့ပြာ ကိုယ့်ကို ခွင့်ပြုနော်'

မြတ်ထွန်းက စိမ်းလဲ့ပြာထံ အရက်သောက်ခွင့်ပြုရန် တောင်းဆို၏။

စိမ်းလဲ့ပြာတို့ကလည်း ဒါတွေရိုးနေပြီ။

'ဒီအချိုးမျိုး လာချိုးလို့ကတော့ မိပြာတို့က အပျော ပေါ့'

ဟု စိတ်ထဲမှ ပြောလိုက်ပြီး ကြာမှုပါပါဖြင့် ယဉ်စစအပြုံး ကိုပြုံးကာ ခပ်ညုညုကလေး ခေါင်းညိတ်ပြလေ၏။

မှတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့် လူငယ်တစ်ယောက်က မြတ်ထွန်းနှင့် စိမ်းလဲ့ပြာတို့နှစ်ဦးနှင့် တစ်ယောက်ခြားတွင် ရောက်ရှိနေ၏။





ဂျော်နီဝါကားကို မှာယူသောက်နေရင်းမှ အရက်ပုလင်း ထည့်သော မှန်ဗီရိုထဲတွင် ပေါ်နေသော မြတ်ထွန်းနှင့် လဲ့ပြာတို့ကို ဂရုစိုက်၍ ကြည့်နေလေ၏။

ထိုသို့ အခြေအနေကိုစောင့်၍ ကြည့်နေသူမှာ ဂူဆာ ရိယကံဇော် ဖြစ်လေ၏။

ဂူဆာမစ္ဆရိယကံဇော်သည် မိမိ၏ရှေ့တွင် ချထားသော က်ကို မသောက်သေးဘဲ လက်ညှိုးကို ပါးစပ်ထဲသို့ ထည့် နောက် ပလုတ်ဟုမြည်အောင် ထောက်လိုက်ပြီး လက်ညှိုး နံကြားသို့ ထောက်လိုက်လေ၏။

'နံတစ်ချောင်းထဲကို ထောက်မိရင် မြတ်ထွန်းကို သတ် နံကြားထဲထောက်မိရင် မြတ်ထွန်းနဲ့ကောင်မလေး နှစ် ောက်စလုံး သတ်မယ်'

ဟု စိတ်ထဲမှတွက်လျက် ထောက်လိုက်ရာ လက်ညှိုးက ကြားသို့သွား၍ ထောက်မိလေ၏။

'ကောင်းပြီ ဒီနေ့ည နှစ်ယောက်စလုံးကို သတ်မယ်'

ဟု စိတ်ထဲမှ ဆုံးဖြတ်ချက် ချလိုက်လေသည်။

မိမိတို့၏ ဇီဝိန်ကိုခြွေမည့် လူသတ်ကောင်တစ်ယောက် တို့နှင့် တစ်ယောက်ကျော်တွင် ရောက်ရှိနေသည်ကို မန် ာမြတ်ထွန်းနှင့် စိမ်းလဲ့ပြာမသိ။

မြတ်ထွန်းသည် ပင်လယ်ဖျံစားတော်ဆက်၏ မန်နေ
ဖြစ်သည်နှင့်အညီ ဘာပဲစားစား ပိုက်ဆံပေးစရာမလို။

ထို့ကြောင့် အစားမျိုးစုံကြိုက်နှစ်သက်သော ပင်
ဖျံ၏ အဆိုတော်မကလေးများနှင့် စားပွဲထိုး ကောင်မက
များသည် မြတ်ထွန်းနှင့်တွဲ၍ လာချင်သွားချင်ကြလေသ

မြတ်ထွန်းနှင့် တွဲခုတ်လျှင် အကောင်းဆုံးသောအ
ကို ကြိုက်သလောက် သောက်ရသကဲ့သို့ ကောင်းပေ့ဆို
အစားအသောက်များကိုလည်း ပိုက်ဆံမပေးရဘဲ အ
အကုန်စားရ၏။

ထိုသို့ အခမဲ့သောက်၊ အခမဲ့စားရသကဲ့သို့ မိမိ၏
ခန္ဓာတစ်ခုလုံးကိုလည်း မြတ်ထွန်းကြိုက်သရွေ့ အခမဲ့ ပေ
လေ၏။ သို့သော် အားလုံး သဘောတူ ကြည်ဖြူကြလေ

မြတ်ထွန်းကသည်း လူပါး။ သီဂီရွှေစင်ကိုတော့ ခြင်း
ထားသည်။ လက်ဖျားနှင့်ပင် မတို့။ ထိုသို့မပြောနှင့် မျ
တော်တော် မေ့ာ်လို့ပင်မကြည့်ရဲ။ သီဂီရွှေစင်သည် ဘ
စားသည့် ပွဲတော်အုပ်ဖြစ်သည်။

ကောင်းထက်ဇော်သည် ပင်လယ်ဖျံ စားတော်ဆ
ဘုရင်တစ်ဆူ ဖြစ်သည်။ သီဂီရွှေစင်သည် ကောင်းထက်ဇေ
အချစ်တော် ဖြစ်လေ၏။

ထို့ကြောင့် မြတ်ထွန်းက သီဂီရွှေစင်ကိုတော့ မထိ
ကျန်တဲ့ အဆိုတော်များကိုတော့ တစ်ယောက်ပြီးတစ်ယေ
ထည်လဲ တွဲခုတ်လေ၏။





ဂူသာမစ္ဆရိယကံဇော်သည် ယခုတလော ပင်လယ်ဖျံ
တော်ဆက်မှ မထွက်။

ပင်လယ်ဖျံဇာစ်မြစ်ကို သေသေချာချာ လေ့လာနေ၏။

ရန်ကုန်ကမ်းနားလမ်းတွင် ပန်းဝတ်မှုန်ဟု အမည်တပ်
ပျော်ပွဲစားရုံတစ်ခု ဖွင့်ထားသည်ကိုလည်း စုံစမ်းသိရှိ
။

အမှန်တော့ ပန်းဝတ်မှုန်သည် အမျိုးသမီးအဆိုတော်
ငှားရမ်းရာ ဗဟိုအချက်အချာဌာနတစ်ခု ဖြစ်လေ၏။

ပန်းဝတ်မှုန်တွင် အဆိုဝါသနာပါသူများ၊ အကဝါသနာ
သူများကို ဖိတ်ခေါ်ပြီး လေ့ကျင့်ပေး၏။

ပန်းဝတ်မှုန်မှာ လေ့ကျင့်ပြီးမှ ရန် ကုန် မြို့ပေါ် ရှိ
(စ်)စထရန့်စ် စားတော်ဆက်များကို ပို့ပေးလေ၏။

ကောင်းထက်ဇော်နှင့် ဖြိုးကျော်တို့၏ စီးပွားရေးမှာ
ိုင်းအဆင့်ရှိ အောင်မြင်လာသည်ကို ဂူသာမစ္ဆရိယ
ဇော် စုံစမ်းသိရှိရလေ၏။

ကောင်းထက်ဇော်သည် ခြေလှမ်းကျဲ၏။ မြစ်ကွေ့မြို့မှ
လယ်ဖျံစားတော်ဆက်ကို တရုတ်သူဌေးတစ်ယောက်အား
းအပိုင် ရောင်းခဲ့ပြီး ပန်းဝတ်မှုန် စားတော်ဆက်ကို
ကျယ်သည်ထက် ကြီးကျယ်အောင် တိုးချဲ့မည် ဖြစ်

ကြောင်း အဆိုတော်တစ်ယောက်ထံမှ အတွင်းစကား ကြ
သိရလေရာ ဣဿာမဏ္ဍရိယကံဇော်အဖို့ အဖိုးမဖြတ်နိုင်သော
သတင်းကောင်းတစ်ရပ် ဖြစ်လေတော့သည်။

'ဘဲကင်တစ်ကောင်နဲ့ ဝိုက်စလဘယ်တစ်လုံးကို ဟိုစား
မှာ လာချစမ်း'

စိမ်းလဲ့ပြာက စားပွဲထိုးကို ပြောပြီး ထောင့်ကျကျ စား
တစ်လုံးတွင် သွားရောက်၍ ထိုင်လေ၏။

မြတ်ထွန်းက ကောင်မလေး၏နောက်မှ လိုက်သွားခဲ့
ကောင်မလေးထိုင်သောနေရာတွင် ဝင်၍ထိုင်လေ၏။

ဣဿာမဏ္ဍရိယကံဇော်သည် အရက်ကောင်တာစားပွဲ
ထိုင်ခုံပေါ်တွင်ထိုင်၍ မြတ်ထွန်းနှင့် စိမ်းလဲ့ပြာကို သော
ချာချာ ကြည့်နေလေ၏။

ပြောမဆုံးပေါင်၊ တောသုံးဘောင်ဆိုသကဲ့သို့ပင်
ချေ၏။

တစ်နာရီကျော်ကျော်မျှ စိမ်းလဲ့ပြာနှင့် မြတ်ထွန်း
စကားပြောနေကြသည်ကို စိတ်ရှည်ရှည်ထားပြီး ဣဿာ
မဏ္ဍရိယ ကံဇော် စောင့်နေရလေ၏။

တစ်နာရီကျော်မျှကြာသော် ဝိုက်စလဘယ်လည်း
တက်ပြောင်အောင် ကုန်သွားခဲ့ပြီ။





စိမ်းလဲ့ပြာလည်း ခေါင်းမထောင်နိုင်တော့။

မြတ်ထွန်း အလုပ်စပြီ။

မြတ်ထွန်းသည် စိမ်းလဲ့ပြာကို ချိုင်းကြားမှမ၍ ပင်လယ်ဖျ
ားတော်ဆက်၏အပြင်သို့ ထွက်သွားလေ၏။

ဣဿာမဏ္ဍရိယကံဇော်သည် ကျသင့်ငွေကို ထုတ်ရှင်းလိုက်
ပြီး မြတ်ထွန်းနှင့် စိမ်းလဲ့ပြာတို့၏နောက်မှ မလှမ်းမကမ်း
လိုက်လာခဲ့လေ၏။

လနှစ်စင်းထွက်နေ၏။

ကောင်းကင်တွင် လတစ်စင်း။

ရောဝတီမြစ်ရေအတွင်းတွင် လတစ်စင်း။

စုစုပေါင်း လနှစ်စင်းထွက်နေလေသည်။

ထနောင်းပင်မှ အကိုင်းတစ်လက်သည် ရောဝတီမြစ်ရေ
တွင်းသို့ ရေသောက်ဆင်းနေသည်။

ထိုထနောင်းပင်မှာ ပင်လယ်ဖျားတော်ဆက်နှင့် ဝါး
စ်ရိုက်အကွာတွင် ရှိ၏။

ထနောင်းရိပ်မှာ လရောင်ကိုကွယ်စေသဖြင့် ချစ်ဦးသူနှင့်
စ်ဖူးသူတို့၏ နားခိုရာနေရာ ဖြစ်၏။

ထနောင်းပင်ခြေရင်းတွင် ခုံတန်းလျား သုံးလေးခုရှိ၏။
ခုံတန်းပေါ်တွင် စုံတွဲများ လာရောက်ထိုင်ကြလေ၏။

ယခု မြတ်ထွန်းနှင့် စိမ်းလဲ့ပြာတို့ နှစ်ယောက်မှာ ထို
ထနောင်းပင်အောက်သို့ လာခဲ့ကြခြင်း ဖြစ်သည်။

ဣသာမစ္ဆရိယကံဇော်သည် မြတ်ထွန်းနှင့် စိမ်းလဲ့ပြာတို့
နှစ်ဦး ထိုင်ခုံပေါ်သို့ ထိုင်မိလေသောအခါ ထနောင်းရိပ်
ကို ခို၍ ၎င်းတို့နှစ်ဦး၏ နောက်ကျောဘက်ရှိ သစ်ပင်ပင်စည်
တွင် ခိုဝင်၍ နားခိုလိုက်လေသည်။

ဣသာမစ္ဆရိယကံဇော်သည် မိမိအင်္ကျီ လည်ကုပ်အနီး
ပခုံးပေါ်ရှိ လျှို့ဝှက်ချုပ်ထားသော အိတ်ပုန်းနှစ်ခု ထဲ
ဆေးရုံများတွင်သုံးသော ပိုက်ခွဲသည့် ဓားနှစ်ချောင်းက
စစ်ဆေးကြည့်မိ၏။

ပါသည်မှန်းသိမှ မြတ်ထွန်းတို့နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်
လေသည်။

မြတ်ထွန်းသည် စိမ်းလဲ့ပြာ၏ ပခုံးကို ညင်သာစွာ ပွေ့
ပိုက်ထား၏။

စိမ်းလဲ့ပြာမှာ နှုတ်မှုလစိတ် မရှိတော့။ သောက်ထား
သော အရက်တို့ကြောင့် မူးရိပ်ရိပ်ဖြစ်နေ၏။

ထို့ကြောင့် မြတ်ထွန်း၏ ပခုံးပေါ်သို့ ဦးခေါင်းတင်ပြီ
မှီခိုစာ မျက်စိကို မှေးမှိတ်ထားလေသည်။

မြတ်ထွန်းသည် စိမ်းလဲ့ပြာ၏ နဖူးပေါ်ဝဲကျနေသော
ဆံစကလေးများကို ပွတ်သပ်၍ မတင်ပေးပြီး နဖူးကလေးက





ညင်ညင်သာသာကလေး မွှေးမွှေးပေးနေရာ ဣသာမစ္ဆရိယ
ကံဇော်တစ်ယောက် မိမိ၏ရှေ့သို့ လာပြီး ရပ်နေသည်ကိုပင်
သိရှိလိုက်တော့ပေ။

အမှန်တော့ ဂရုမစိုက်မိခြင်း ဖြစ်ချေ၏။

ရောဝတီမြစ်ရေသည် တသွင်သွင် စီးဆင်းလျက်ပင်ရှိ၏။

ဗေဒါပင်တို့က မြစ်ရေနှင့်အတူ မျောပါလာကြ၏။

လရိပ်အောက်တွင် ဗေဒါပန်းပြာပြာတို့က လှပတင့်တယ်
နေ၏။

ပုရစ်ရင်ကွဲတို့ကလည်း သူ့ထက်ငါ အသံမြည်စွာ အော်
ဟစ်နေကြသည်။

တံငါလှေတချို့က စုန်ဆော ဆန်ကာ ကူးခတ်လျက်
ရှိသည်။

ပင်လယ်ဖျံ စားတော်ဆက်မှ အဆိုတော်များကလည်း
မမောနိုင် မပန်းနိုင် အလှည့်ကျ သီချင်းကို ဆိုကြလျက်ပင်
ရှိသည်။

ဣသာမစ္ဆရိယကံဇော်သည် မိမိ၏ရှေ့တွင် ရှိနေသော
မြတ်ထွန်းနှင့် စိမ်းလဲ့ပြာကို သနားစရာ သတ္တဝါကလေး
နှစ်ကောင်ဟု ထင်မြင်ယူဆနေချေသည်။

'ဒီမှာ မိတ်ဆွေ'

'ဘုရား'

မိမိ၏ရှေ့လက်တစ်ကမ်းအကွာမှ လူတစ်ယောက်၏ စကား ပြောသံကို မထင်မှတ်ဘဲ မမျှော်လင့်ဘဲ ကြားလိုက်ရသဖြ မြတ်ထွန်း လန့်သွား၏။

'အရှိန်ကောင်းတုန်း ဒိန်းဒေါင်းဖျက်၊ ဘယ်သူတ လာရှုပ်နေတာ'

စိမ်းလဲ့ပြာက မူးမူးနှင့် မော့မကြည့်ဘဲ မေး၏။

'ဘာလဲ ဆေးလိပ်မီး လိုချင်လို့လား'

'အနီတော့ပါသေးရဲ့ကိုယ့်လူ၊ ကိုယ်က ဆေးလိပ်မသော တတ်တော့ မီးခြစ်ပါမလာဘူး'

မြတ်ထွန်းက ရပ်နေသူကို သေသေချာချာ မကြည့်ဘ ပြောလိုက်၏။

'အိုး.... ဘယ်လိုလူလဲ၊ ဖြောင်ကျလှချည်လား၊ တို့လို ချင်ရင် ဟိုထဲ သွားရှာလေ၊ ဘာဖြစ်လို့ ဒီမှာ သွားရည်လ ကျနေရတာလဲ'

စိမ်းလဲ့ပြာက မထီမဲ့မြင် ပြောလိုက်သည်။ ဂူသာမဏ္ဍရိယ ကံဇော် စိတ်မရှည်တော့ပေ။

'ဖြောင်း'

'အမေ့'





'ခင်ဗျား ခင်ဗျား ဒါဘာလုပ်လိုက်တာလဲ'

'ရိုက်လိုက်တာလေ၊ ဘာလဲ မကျေနပ်ဘူးလား၊ မကျေ ရင် လေဖြတ်ခေသလိုက်ပေါ့ မိတ်ဆွေ'

မိမိအား မထီလေးစား ပြုမူဆက်ဆံသော စိမ်းလဲ့ပြာကို ာမဏ္ဍရိယကံဇော်က ပါးရိုက်လိုက်ရာ မြတ်ထွန်းက မခံ ပ်နိုင်ဖြစ်ပြီး မေးလိုက်ခြင်း ဖြစ်၏။

'ဒီကောင်မူးနေရင်လဲ တခြားကို သွားတာမဟုတ်ဘူး၊ ကို ဘာကြောင့် လာရှုပ်နေရတာလဲ'

မြတ်ထွန်းက ဂူသာမဏ္ဍရိယကံဇော်ကို ကြည့်ပြီးမေး၏။

'သတ်ချင်လို့'

'ဘာကွ ဘာပြောတယ်'

'ရှင် ဘယ်လို သဘောနဲ့ ပြောလိုက်တာလဲ'

နားမရှင်းသဖြင့် စိမ်းလဲ့ပြာနှင့် မြတ်ထွန်းက သေသေ ချာ မေး၏။

'မြန်မာလိုပြောတာကို မြန်မာတွေက နားမလည်ဘူးတဲ့ ား၊ အေး ကောင်းပြီ၊ နားလည်အောင် ပြောပြရတာ ပါ့'

'ဒုတ်'

'အား'

'ဟိတ်.... ဟိတ်.... ဟိတ်လူ ဒါဘာလုပ်လိုက်တာလဲ'

ဣဿာမစ္ဆရိယ ကံဇော်က စိမ်းလဲ့ပြာ၏ မေ့ကြော
လက်ဝါးစောင်း ခုတ်ချလိုက်ရာ စိမ်းလဲ့ပြာ သတိမေ့
လဲကျသွားလေ၏။

'ကျွေးကိုက်ပါတယ်ဆို နာတာရှည်လား မေးနေရသေ
တယ်၊ ဟော့ဒေါင်း မြတ်ထွန်း မင်း ငါ့ကို သိသလား'

ဣဿာမစ္ဆရိယ ကံဇော်က မေးသည်။

မှောင်ရိပ် ကျနေသဖြင့် ကံဇော်ကို ဆောင်းကော
မမြင်ရ။

'မသိဘူး၊ သိဖို့လဲ မလိုဘူး၊ သိလဲ မသိချင်ဘူး'

မြတ်ထွန်းက မြေကြီးပေါ်တွင် ခွေခွေစာလေး သတိ
နေသော စိမ်းလဲ့ပြာကိုကြည့်၍ ပြောလေ၏။

'ကောင်းပြီ၊ မောင်ရင်စာ မသိချင်ပေမယ့် ကိုယ်ကအိ
နေတယ်၊ မင်းဟာ ကောင်းထက်ဇော်ရဲ့ တပည့်မဟုတ်လ

ဣဿာမစ္ဆရိယ ကံဇော်က မေး၏။

'မဟုတ်ဘူး'

'ဟာကွ....ဘာမဟုတ်တာလဲ'

'တပည့် မဟုတ်တာ'





'မင်း ယီးတီးယားတား မပြေနဲ့၊ မင်းဟာ ပင်လယ်ဖျ
းတော်ဆက်ဆာ မန်နေဂျာ မဟုတ်ဘူးလား'

'အေး....ဟုတ်တယ်၊ ငါက စားတော်ဆက်က မန်နေဂျာ
၊ ကောင်းထက်ဇော်ရဲ့တပည့် မဟုတ်ဘူး'

ဟု အတ်ဖွဲ့ကိုင်၍ မြတ်ထွန်းက ဖြေ၏။

'ဖျောင်း....ဖျောင်း'

'အ....အ....အား'

'ဒုတ်'

'စုန်း'

စိတ်ရှိလက်ရှိ ဣဿာမစ္ဆရိယကံဇော်က မြတ်ထွန်းကို
ယ်ပြန် ညာပြန် ပါးရိုက်ပြီး ထိုးချလိုက်သည်။

မြတ်ထွန်းသည် ခုံပေါ်မှ နောက်ကျွမ်းပစ်၍ မြေကြီး
ါသို့ မှောက်လျက် လဲကျသွား၏။

'ဗျို'

ဣဿာမစ္ဆရိယကံဇော်က သတိမေ့နေသော စိမ်းလဲ့ပြာ၏
ချိုကို ဆွဲဖြဲပစ်၏။

ရင်ဘတ်မှအသားများ ပေါ်၍လာသောအခါ ပခုံး
ါရှိ အိတ်ပုန်းထဲတွင် ထည့်ထားသော ဓားကိုယူ၍....

'Killer'

'ကေးလား' ဟု အင်္ဂလိပ်စာလုံးကို ရေးခြစ်လိုက်ပြ
နံကြားသို့ ဓားဖြင့်ထိုးစိုက်ကာ သတိလိုက်၏။

'စုပ်'

ခနဲမြည်၍ ဓားဝင်သွားသည်မှအပ မည်သည့်အသံ
မကြားလိုက်ရပေ။

စိမ်းလဲ့ပြာတစ်ယောက် အေကံကောင်း၏။ ကိုယ့်ကိုယ်
သေလို့သေမှန်းပင် မသိရှိလိုက်ပါပေ။

ထိုသို့ ဂူသာမစ္ဆရိယကံဇော်တစ်ယောက် အလုပ်ရှုပ်
ခိုက် မြတ်ထွန်းသည် လဲကျနေရာမှ ထလာပြီး သစ်ကို
ခြောက် တစ်ချောင်းကို ကိုင်ကာ ဂူသာမစ္ဆရိယကံဇော်
ဦးခေါင်းကို နောက်မှ တိတ်တဆိတ် ရိုက်ချလိုက်လေသည

'ခွေးမသား....သေပေတော့'

'ဝှီး'

'ဝုန်း'

'ဗွမ်း'

'ဖလူး....ဖလူး....ဖလူး'

ဂူသာမစ္ဆရိယကံဇော်တို့အ သည် လောက် ဏ
အပျော့ပေါ့။





'ခွေးသား သေပေတော့'

ဆိုသော မြတ်ထွန်း၏ဆဲရေးတိုင်းထွာမှုက ဂူသာမစ္ဆရိယ
ကံဇော်ကို အရှောင်ခိုင်းလိုက်သကဲ့သို့ ဖြစ်သွားပြီး ကံဇော်
သည် ခေါင်းကိုငုံ့ပေးကာ မြတ်ထွန်းကို ပခုံးဖြင့်ထမ်း၍
ရေထဲသို့ ပစ်ချလိုက်လေသည်။

မြတ်ထွန်းတစ်ယောက် ရေနစ်သောကြွက်ကဲ့သို့ ဖြစ်နေ
သည်။

မြတ်ထွန်း ရေကူးတတ်လို့ တော်သေးသည်။ သို့မဟုတ်က
ပွဲချင်းပြီးသွားနိုင်သည်။

ဓားထိုးခံရ၍ သေမည့်မသာ၊ ရေနစ်၍ မသေဆိုသော
စကားမှာ လွန်စွာမှန်၏။

ရေထဲမှကူးခတ်လာသော မြတ်ထွန်းကိုငတ်ရန် ကုန်း
ပေါ်မှ ဂူသာမစ္ဆရိယကံဇော် စောင့်မျှော်နေချေသည်။

'ဟေ့ကောင်....ငါ့ကိုဆွဲပြီးတင်စမ်း'

ရေအေးနှင့် တွေ့ထိခဲ့သဖြင့် မြတ်ထွန်း တစ်ယောက်
အမူးနည်းနည်း ပြေသွား၏။

ဂူသာမစ္ဆရိယကံဇော်က ဆွဲ၍မတင်၊ လက်ကို ပိုက်ပြီး
မြတ်ထွန်းကို သေသေချာချာ ကြည့်နေ၏။

မြတ်ထွန်းသည် မနည်းကြိုးစားပြီး ရေထဲမှ ကုန်းပေါ်
သို့ ရောက်အောင် တက်နေရသည်။

အရေးထဲ ကုန်းမြေက ရွှံ့စေးဖြစ်နေသဖြင့် တော်တော်နှင့် တက်၍ မရ။

ချော်၍ ချော်၍ သာကျနေ၏။

'မင်းတို့ဆရာ ကောင်းဘက်ဇော်နဲ့ဖိုးကျော်ကိုပြောလိုက်၊ မင်းတို့ရဲ့ စီးပွားရေးကို မပျက် ပျက်အောင် ဖျက်နေမယ့် ကောင်တစ်ယောက် ပေါ်နေတယ်လို့'

'အဲဒီလူရဲ့နာမည်က ဂ္ဂသာ ၁မစ္စရိယကံဇော်လို့ ခေါ်တယ်လို့ ကြားရဲ့လား'

'ဘာ — ကံဇော်....ဟုတ်လား'

'ဟုတ်တယ်'

'ဘာလဲ၊ မင်းက ငါ့ကို သိလို့လား'

'လူကိုမမြင်ဖူးဘူး၊ နာမည်ကြားဖူးနေတာ'

'ကောင်းပြီ၊ ဒါဆို ကျေနပ်ပြီ၊ သွားပေတော့'

'ကျား'

'ဝုန်း'

'ဖျော....ဖျော ဖျော'

ရေထဲတွင် မြတ်ထွန်းတစ်ယောက် ယက်ကန်ယက်ကန် ဖြစ်နေသည်။





ကံဇော်ဆိုသူက မိမိအား ကုန်းပေါ်သို့ ဆွဲတင်လိမ့်မည် ထင်မြင်ယူဆခဲ့သော်လည်း ကံဇော်က ဆွဲ၍မခေါ်သည့် ပြင် ရေထဲသို့ကန်၍ ချလိုက်ခြင်းခံရသဖြင့် မြတ်ထွန်း ရထဲတွင် နစ်နေခြင်း ဖြစ်၏။

'ဖရူး....ဖရူး....ဖရူး'

ရေတွေက နှာခေါင်းထဲမှသော်လည်းကောင်း၊ ပါးစပ်မှ သော် လည်းကောင်း ဝင်၍နေရာ အသက်ရှူ၍မရဘဲ ဖြစ် နေချေ၏။

'ဝုန်း'

ဂ္ဂသာ ၁မစ္စရိယကံဇော်သည် ရေထဲသို့ ခုန်ဆင်းလိုက်ပြီး နစ်နေသော မြတ်ထွန်း၏ ဘယ်ဘက်လက်ကိုဆွဲယူကာ သထဲသို့ မြောက်တက်လာအောင် ဆွဲ၍မ လိုက်၏။

'အား....'

မြတ်ထွန်းက ငယ်သံပါအောင် အော်ဟစ်လိုက်သည်။

မလင်းတစ်ချက်၊

လင်းတစ်ချက် ဖြစ်နေသော အကာလ ညအခါတွင် တ်ထွန်းတစ်ယောက် ဒုက္ခကို အဖော်ပြု၍ နေခနရလေ၏။

'ဝုန်း'

'အင့်'

ဂ္ဂသာ ၁မစ္စရိယကံဇော်သည် မြတ်ထွန်းအား ကုန်းပေါ် ပခုံးဖြင့်ထမ်း၍ ပစ်တင်လိုက်သည်။

'ဝုန်း'

ခနဲမြည်ကာ ပြင်းပြင်းထန်ထန် မြေပြင်ပေါ်သို့ ကျသွ
ခဲ့သဖြင့် မြတ်ထွန်း၏ရင်ခေါင်းထဲမှ အင့်ခနဲအသံ ထွက်လ
လေ၏။

'ဒုတ်'

'ဂျစ်....ဂျစ်....ဂျစ်'

'အား....အ....အား'

'စွပ်'

'ဆေးလား'

ကေးလားဆိုသော စာတန်းကို မြတ်ထွန်း၏ရင်ဘတ်ဘ
ရေးခြစ်လိုက်ပြီးနောက် ဓားမြှောင်ကို နံကြားထဲသို့ ထိ
သွင်းလိုက်၏။

'အု....အု'

'အင့်'

ဣဿာမစ္ဆရိယကံဇော်သည် တဒင်ဒင် တဒေါင်ဒေါ
မြည်ပြီး လူစိတ်ကင်းမဲ့စွာ ပျော်ပါးသောက်စားနေကြသ
ပင်လယ်ဖျံစားတော်ဆက်ထဲမှ လူပရိသတ်ကို တစ်ချက်လှ
ကြည့်ကာ ပြုံးလိုက်လေ၏။

'ဆောင်းထက်ဇော် . တစ်နေ့ မင်းနဲ့ငါ ထိပ်တိုက်တွေ့
တာပေါ့ကွာ'





ဟု ကြိမ်းဝါးကာ မှောင်ရိပ်ခိုကာ အသက်မရှိတော့
သော စိမ်းလဲ့ပြာနှင့် မြတ်ထွန်းတို့၏အနီးမှ ဝေးရာသို့
ထွက်သွားလေတော့သည်။

မြတ်ထွန်းနှင့် စိမ်းလဲ့မှိုင်တို့နှစ်ယောက်မှာ တုံးကို မိုး
ကြိုးပစ်ရာ၌ အဆစ်ပါသွားသော ပုတ်သင်ညိုကဲ့သို့ ဖြစ်ခဲ့ရ
ပြီ ဖြစ်ပေသည်။

အမှန်သတ်ချင်သည်က ဆောင်းထက်ဇော်၊ အမှန်ပျက်
စီးစေချင်သည်က ဆောင်းထက်ဇော်။ ဣဿာမစ္ဆရိယ
ကံဇော်၏ အမှန်တိုက်ကွက်က ဆောင်းထက်ဇော်။

သို့သော် ပထမဆုံး ကိုင်းဖျား ကိုင်းနားများကို ဣဿာ
မစ္ဆရိယကံဇော် ရှင်းလင်းသုတ်သင်နေခြင်း ဖြစ်လေတော့
သတည်း။

## အခန်း-၁၄

## တောခွေးကို ကျားကမကြောက်

'တောက်'

'ရှိုင်းလိုက်လေ ကံဇော်ရာ၊ တကယ်လို့ဆိုရင် မင်း ငါနဲ့ ထိပ်တိုက်လာပြီး တွေ့လှည့်ပါတော့လား၊ ဘာမှမသက်ဆိုင်တဲ့ ငါ့လူတွေကိုမှ မင်းဆလာပြီး သတ်နေရသလားကွ တောက်'

'ဟေ့ကောင် ကံဇော် မင်း မသေမချင်း မှတ်ထားကွ၊ တောခွေးကို ဘယ်တော့မှ ကျားက မကြောက်ဘူးဆိုတာ မင်း တစ်သက်မှတ်ထားဟေ့'

'ဝုန်း'





စားပွဲခုံကို လက်သီးဖြင့်ထိုးသော ကြိတ်မနိုင် ခဲမရဖြစ်ပြီး ဆောင်းထက်ဇော် အသံထွက်၍ ကြိမ်းမောင်းလိုက်၏။

'ဘာပြောတယ် ကောင်းထက်ဇော်၊ မင်းပြောလိုက်တဲ့ စကားထဲမှာ ကံဇော်ဆိုတဲ့အသံ ကြားလိုက်သလားလို့'

ဝုန်းခနဲ စားပွဲကိုထုလိုက်သော အသံကြားရသဖြင့် လှည့်ကြည့်လိုက်ရာမှ ကောင်းထက်ဇော်ပါးစပ်မှ ကံဇော်ဟုခေါ်လိုက်သောအသံကို ကြားရ၍ ဖြိုးကျော်က မေးလိုက်ခြင်းဖြစ်၏။

'ကံဇော်နဲ့မြတ်ထွန်းတို့ကိစ္စ ဘာများ ပတ်သက်နေလို့လဲ ကောင်းထက်ဇော်'

ဖြိုးကျော်သည် မိမိ၏စားပွဲတွင်ထိုင်နေရာမှ ကောင်းထက်ဇော်ထံသို့ လျှောက်လာပြီး ဆောင်းထက်ဇော်၏စားပွဲစွန်းတွင် တင်ပါးလွှဲတက်၍ ထိုင်လိုက်ရင်းမှ မေးလေ၏။

'သေတဲ့လူတွေရဲ့ ရင်ဘတ်မှာ ကေးလားဆိုတဲ့ စာလုံးကို ခင်ဗျား သတိမထားမိဘူးလား'

ဆောင်းထက်ဇော်က ဖြိုးကျော်ကို သေချာချာကြည့်၍ မေးလိုက်သည်။

'တွေ့တယ်လေကွာ မြင်သားပဲ၊ ဒါဘာဆန်းသလဲ၊ လူသတ်ကောင်ဟာ စိတ်မနှံ့လို့ ဒီကေးလားဆိုတဲ့ စာလုံးကိုရေးရေးသွားတာပေါ့'

ဟု ဖြိုးကျော်က ဖြေသည်။

'ထေးထားဆိုတဲ့ စာလုံးက ကျုပ်ရဲ့ မူပိုင် စာလုံးဗျ'

ကောင်းထက်ဇော်က နားကွဲမတတ် အော်ဟစ်လိုက်သည်။

ကောင်းထက်ဇော်၏ အော်သံကြောင့် ဖြိုးကျော် စားပွဲခုံ စွန်းတွင် ထိုင်နေရာမှ လန့်၍ ထခုန်၏။

'ဖြည်းဖြည်းသက်သာ ပြောစမ်းပါကွ၊ အလိုလိုမှ အခု တလော လူသေကောင်တွေကို အနီးကပ် မြင်တွေ့နေရလို့ သွေးလန့်နေရတဲ့အထဲကွာ'

ဖြိုးကျော်က အပြစ်တင်သောစကားကို ဆိုလေ၏။

'ခင်ဗျားက တော်တော်ဒုန်းဝေးတာကိုးဗျ'

ကောင်းထက်ဇော် မကျေမနပ်ဖြစ်နေ၏။

'မသိရင်မေး မစင်ရင်ဆေးတဲ့ကွ၊ ငါမသိလို့မေးတာကို မင်းစိတ်ဆိုးရသလား၊ ကိုင်း....ဆိုစမ်းပါဦး၊ ထေးလားဆိုတဲ့ စာလုံးကို ဒီကောင်က အလုပ်ရှုပ်အောင် ဘာဖြစ်လို့ရေးရသာတဲ့တုံး'

ဖြိုးကျော်က သေချာသည်ထက် သေချာအောင် စစ်ဆေးမေးမြန်း၍နေ၏။

ကောင်းထက်ဇော် မဖြေချင်။ သို့သော် မဖြေလို့ကလည်း မရ။ အခက်တော့တွေ့နေချေပြီ။



'ကျုပ်ကို ရန်စနေတာဗျ ရန်စနေတာ၊ ဒီကိစ္စက ဘယ်သူမှမသိတဲ့ လျှို့ဝှက်တဲ့သင်္ကေတပဲ၊ သူနဲ့ ကျွန်တော်ပဲ သိတဲ့ ကိစ္စ'

ဟု ကောင်းထက်ဇော်က ပြော၏။

ဖြိုးကျော် ခေါင်းကို ချားရဟတ်ကဲ့သို့ လည်ပတ်သွားအောင် ယမ်းပြ၏။

'မဖြစ်နိုင်ပါဘူး ကောင်းထက်ဇော်၊ ဘယ်လိုနည်းနဲ့မှ ကံဇော်မဖြစ်နိုင်ပါဘူး'

'ငါတို့ရဲ့ မန်နေဂျာမြတ်ထွန်းဟာ လူရှုပ်လူပွေဆိုတာသိ မင်းအသိပဲ'

'နောက်ပြီး စိမ်းလဲ့ပြာဆိုတဲ့ ကောင်မလေးကိုလဲ ကြည့်လိုက်ဦး၊ မိန်းကလေးမို့ တော်တော့တယ်၊ ယောကျ်ားလေးဆိုအခက်၊ တော်တော်ကို ရှုပ်တဲ့ လေပွေမ'

'တို့ရဲ့ ပင်လယ်ဖျံစားတော်ဆက်ကိုတောင် မှောက်ပစ်နိုင်စွမ်းရှိတဲ့ သူငယ်မဆိုတာ မင်းအသိ'

'သူကရှုပ်ရှုပ်၊ ဟိုအခေါင် မြတ်ထွန်းကရှုပ်ရှုပ်၊ အဲလူသတ်ကောင်အလဲ အရှုပ်ဆိုတော့ အရှုပ်သုံးကောင်တွေ့ပြီးရှင်းမရဖြစ်ကုန်တော့ ရှင်းလို့ရတဲ့နည်းနဲ့ ရှင်းသွားတာ ဖြစ်မှာပေါ့'

'ငါတော့ ဒီကိစ္စမှာ ကံဇော်နဲ့ ဘယ်လိုမှ မပတ်သက်ဘူးလို့ ထင်တာပဲကွာ'

ဟု ရှည်ရှည်ဝေးဝေး ဖြိုးကျော်က ပြောပြလေ၏။

'ခင်ဗျား လူတွေအကြောင်း၊ ဘာမှ မသိပါဘူးဗျာ။ ခင်ဗျား သိတာက ငါ့အတွက် တစ်နေ့ ငွေဘယ်လောက် ဝင်မလဲဆိုတဲ့ ဒဿနတလုံးပြီး ခင်ဗျားမှာ ဘာမှ မရှိပါဘူး'

ဟု ကောင်းထက်ဇော်က ပုဂ္ဂိုလ်ရေးအရ ဖြိုးကျော်ကို ပြတ်ပြတ်သားသား ဝေဖန်လေ၏။

'ဩော်.... မင်းကတော့ လူတွေအကြောင်း ဘယ်လောက် များ သိနေလို့လဲ ငါ့လူရ၊ ဘဝင်မမြင့်နဲ့ ကိုယ့်လူ၊ ရှုံးသွား မယ် သိလား၊ ရှုံးသွားမယ်ကွ'

'အေး.... လမ်းဆုံးရင် ရွာကို တွေ့လိမ့်မယ်ပေါ့ကွာ။ မင်းနဲ့ ငါ ဘယ်သူမှန်သလဲဆိုတာ တစ်နေ့တော့ အဖြေ ပါ လိမ့်မပေါ့'

'ရာဇဝတ်ဘေးဆိုတာ ပြေးလို့ လွတ်ရိုးထုံးစံမရှိသလို မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး ကောင်းထက် ဇော်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူသတ်ကောင်အစစ်ပေါ် ရမှာပေါ့၊ ဒီအခါမှာ မင်းနဲ့ ငါ ဘယ်သူမှန်တယ်ဆိုတာလဲ သိရမှာပေါ့'

'အခုတော့ မင်းနဲ့ ငြင်းဆိုနေမယ့်အစား ငါ့ ဗိုက်ထဲက အစာဟောင်းတွေသွားပြီး ထုတ်လိုက်ဦးမယ်'

'ဒါမှ ငါ့ဗိုက်ထဲကို အစာသစ်ထည့်နိုင်မှာ၊ သွားလိုက်ဦး မယ် ငါ့လူ၊ စိတ်ကိုလဲ နည်းနည်းလျှော့ထားဦး'





ဟု ပြောဆိုလျက် ဖြိုးကျော်သည် လူအများ အပေါ့အပါး သွားရာ စားသောက်ခန်းများ၏ နောက်ကွယ်မှ ရေလောင်း ချိမ်သာဆီသို့ ထွက်၍ သွားလေတော့သည်။

တစ်နေ့ထက် တစ်နေ့ ဝက်၏ ကိုယ်လုံးကြီးကဲ့သို့ ထွား ကျိုင်းလာသော ဖြိုးကျော်၏ နောက်ကျောပြင်ကို ကြည့်လျက် ကောင်းထက်ဇော်သည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက် သည်။

မျက်နှာကြက်မှ လည်ပတ်နေသော ပန်ကာလေသည် ကောင်းထက်ဇော်၏ ရင်ထဲမှ အပူအား အေးချမ်းအောင် လုပ်နိုင်သည်မှာ တဖူးဖူးမှုတ်ထုတ်နေသော ဂနာမငြိမ်ဖြစ် နေသည့် ကောင်းထက်ဇော်၏ အမူအရာကို ကြည့်ခြင်းဖြင့် သိနိုင်ပါတော့သတည်း။

●

ကဗျာ-၁၅

## ချက်မသိက သမက် သူခိုးထင်

'တော်တော် ပွေပွေလီလီနိုင်တဲ့ ကောင်ကွာ၊ ပြဿနာ သူ့ဘာသာသူ ဖြစ်နေတဲ့ဟာကို သူပါ ရောပါနေချင်တော တာပဲ'

'ဒီကောင် ကောင်းဘက်ကဇာတ်လုပ်ပုံနဲ့ဘော့ ဒီပြဿနာ ပင်လယ်ဖျံနဲ့ ပတ်သက်လာပြီး ပိဘ်ချစ်လိုက်လို့ကတော့ တစ်နေ့ လေး ငါး ရှစ်သောင်းဝင်နေတဲ့ ဝင်ငွေကလေး ပြုတ် ရချေရဲ့'

ဟု စိတ်ထဲမှ တွေးလျက် ဖြိုးကျော်သည် အိမ်သာထဲသို ဝင်ခဲ့လေသည်။

ဖြိုးကျော်တို့ တည်ဆောက်ထားသော အိမ်သာမှာ အဆ အတန်း တော်တော်မြင့်မားလေ၏။





အိမ်သာထဲမှ တာပင်တိုင်အနံ့သည် ညည်းညူနေသော ဦးနှောက်ကို လန်းဆန်းသွားစေ၏။

သေးပေါက်ရန် တည်ဆောက်ထားသော မြောင်းမှာ ပန်းဖော်ထားသော ကျောက်ပြားတို့ဖြင့် ပြုပြင်ထား၏။

သေးစော်မနံရန် ရေက နံရံတွင် ကပ်ထားသော ပိုက်လုံးမှ ရေပန်းများဖြစ်ပြီး အမြဲထွက်နေလေရာ သေးတို့မှာ မြောင်း တစ်လျှောက် စီးနေသော ရေနှင့်အတူ ပါသွား၍ အနံ့ အသက်များ ပျောက်ကွယ်နေလေ၏။

သေးပေါက်ရန်နေရာကို တစ်ယောက်နှင့် တစ်ယောက် ခြားထားသော အုတ်နံရံဖြင့် ခါးဝက်ခန့် ကာဆီး၍ထား၏။

သေးပေါက်သူ၏ ရှေ့တည့်တည့်တွင် မှန်တစ်ချပ်နှင့် ဘီး တစ်ချောင်းစီလည်း ထားပေးထားသည်။

သေးပေါက်ရန်နေရာ၏ ညာဘက်တွင် ရေစက်တစ်ခုရှိပြီး ထိုရေစက်မှာ မျက်နှာသစ်လိုက သစ်၍ရသကဲ့သို့ ပိတ်ရန် ဖွင့်ရန် ရေဘဲလ်တပ်ထားလေ၏။

အရက်ကောင်တာတွင် အသောက်များသူတို့သည် မျက် နှာမှ အဆီများထွက်လာတတ်လေရာ ထိုအဆီကို ဤသေး ပေါက်ရန်ထားသော အခန်းထဲသို့ လာရောက်ကြပြီး မျက်နှာ သစ်ပစ်တတ်ကြသည်။

အဆီပြန်နေသော မျက်ခွက်ကို ရှင်းလင်းသုတ်သင် ပြုပြင် တတ်လေသည်။

သေးပေါက်၊ ချေးယိုသောအခန်းဟု ဆိုရသော်လည်း လူနေအိမ်များ၏ သနပ်ခါးချောင်နှင့်တူအောင် သန့်ရှင်းစွာ ထားသည်ကို တွေ့ရှိရလေ၏။

အရပ် ၆ ပေ ၆ လက်မခန့်ရှိသော တုတ်တုတ်ခိုင်ခိုင် လူတစ်ယောက်သည် အဆိုပါ သေးပေါက်သော အခန်းထဲသို့ ဝင်လာလေ၏။

ထိုလူဝင်လာသည်ကို ဖြိုးကျော်သည် မှန်ထဲမှ မြင်၍နေရလေ၏။

ထိုသူသည် တော်တော်ကလေး စိတ်အိုက်လာပုံ ပေါ်သည်။

နဖူးတွင်လည်း ချွေးစေးများ ကျလျက်ရှိ၏။ အပေါ်မှ ကုတ်အင်္ကျီကြီးကလည်း ပူရအိုက်ရသည့်အထဲ မည်းကဲ့သို့သော ချီးကို အပိုင်ယူထားသည်မသိ စတ်ထားပြန်၏။

အောက်ခံအင်္ကျီမှာ အဖြူရောင်ဖြစ်ပြီး ဘိုးကို လည်ပင်းမှာ တပ်ထားပြန်ရာ ဘူးယို ဘိုရှုးဖြစ်မှန်း သိသာလှသည်။

'ဖြော.... ဖြော.... ဖြော'

ရေစက်ငုတ်မှ ဘဲလ်ကိုဖွင့်ပြီး ရေကို လက်ခုပ်ဖြင့် ခံဆာ မျက်နှာကို သစ်လေ၏။





မျက်နှာ သစ်ပြီးလေသော် ကုတ်အင်္ကျီ ဘေးအိတ်ထဲတွင် ရှိသော လက်ကိုင်ပဝါကိုထုတ်ကာ မျက်နှာမှ ရေများကို သုတ်လေသည်။

ထို့နောက် ကုတ်အင်္ကျီရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ ယပ်ခတ်သကဲ့သို့ လှုပ်ရှားမှုပြုသည်တွင် ကုတ်အင်္ကျီ၏ ညာဘက်အိတ်ကပ်၏ ဘေးတွင် ကြိုးကွင်းကဒလား လုပ်ထားကာ ဓားတစ်ချောင်း ထည့်ထားသည်ကို မှန်ထဲမှ ကြည့်နေသော ဖြိုးကျော်က မြင်တွေ့လေ၏။

'ဗုဒ္ဓေါ.... လူသတ်ကောင်၊ ဒီကောင် လူသတ်ကောင်ပဲ၊ ငါတို့ ပင်လယ်ဖျံ စားတော်ဆက်ဟာ လူတစ်ယောက်ယောက်ကို ဒီကောင် သတ်ဖို့ ကြံရွယ်နေပြီ'

'ဟော.... ဟော.... ငါ့ဘက် တိုးလာနေပြီ၊ ဒုက္ခပဲ၊ ဒီတစ်ခါ ငါ့အလှည့်ထင်တယ်၊ မြတ်စွာဘုရား ကယ်ပါ'

ဖြိုးကျော်က မှန်ထဲမှ ကြည့်၍ မြင်ရသမျှကို နှုတ်မှ လိုက်လံပြီး ရွတ်ဆိုနေသည်။

လူထွားကြီးကလည်း ဟန်ပျက်နေသော ဖြိုးကျော်ကို မှန်ထဲမှ ဂရုတစိုက် ကြည့်နေ၏။

စိတ်ထဲမှ သိပ်ပြီး မသင်္ကာလှ။ သည်လူ တစ်ခုခုတော့ ကြံနေပြီဟု တွက်ဆကာ သေးပေါက်သော အခန်းကန့်ထားသည့် အုတ်ဆောမျှားကို တစ်ခုပြီးတစ်ခု ကျော်ဖြတ်၍ ကူးလာလေ၏။

'ဟာ.... တော်ပါသေးရဲ့၊ ကံကောင်းလိုက်တာနော်၊ ထူးကျော် ထူးကျော် ဝင်လာပြီ'

မှန်ထဲမှ စားပွဲထိုးထူးကျော် အိမ်သာခန်းကြီးထဲသို့ ဝင်လာသည်ကို မှန်ထဲမှ မြင်တွေ့နေရ၍ ဝမ်းသာသွား၏။

ထူးကျော်ဆိုသော စားပွဲထိုးသည် ဖိုးကျော် သေးပေါက်နေသော အခန်းနှင့်ကပ်လျက် နေရာသို့ ဝင်ရောက်လာ၏။

'ဟင်.... ဆရာ ဘာလုပ်နေတာပါလိမ့်၊ သေးလဲမပေါက်ပါဘူး၊ ဟိုလူကြီးကတော့ ဘာဖြစ်နေတာလဲဟ၊ တယောင်ကတန်းနဲ့၊ ငါ ဝင်လာတာပဲ ဘာဂလိုတိုတို ဖြစ်နေပါလား'

ဟု ထူးကျော် စိတ်ထဲမှ မြင်မြင်သမျှ ပုံစံမမှန်၍ တွေးဆနေမိလေ၏။

'ဆရာ ဘာဖြစ်နေတာလဲ၊ ကျွန်တော် ဘာကူညီရမလဲ'

လေသံတိုးတိုးကလေးဖြင့် ထူးကျော်က သူဌေးဖိုးကျော်ကို မေး၏။

ဖိုးကျော်ကလည်း တိုးတိုးကလေး ဆပ်၍ ထူးကျော်ကို ညွှန်ကြားချက်များ စတင်၍ပြုလေတော့သည်။

'ရှူး....တိုးတိုး၊ ပုံစံ မပျက်နဲ့'

'လူသတ်ကောင် လူသတ်ကောင် တွေ့နေပြီ'

ကတုန်ကယင်ဖြင့် ဖိုးကျော်က ထူးကျော်ဘက်သို့ ကပ်၍ ပြော၏။





စောစောက လူထွားကြီးကလည်း ဖိုးကျော်နှင့် ထူးကျော်တို့၏ အရိပ်အခြည်ကို မှန်ထဲမှ ဂရုတစိုက် ကြည့်နေ၏။

'တိုးတိုး.... တိုးတိုး သဖန်းပိုး လုပ်နေကြတယ်၊ ငါ့ဆီက ပစ္စည်းတွေလုဖို့ ကြံနေတယ် ထင်တယ်၊ စမ်းလိုက်ကြလေ၊ ဘယ်ဘက်ကစမ်းစမ်း မရခင်ဘူးသေးပဲ၊ တစ်သေးတည်း ရှိတယ်၊ တွေ့ကြသေးတာပေါ့'

ထွက်သမျှ စုံထောက်ဝတ္ထုတွေ ဖတ်၊ သိုင်းစာအုပ်တွေ ဖတ်၊ မြေလျှိုးမိုးပျံ ရုပ်ပြတွေဖတ်ကာ စုံထောက်ရူး ရူးနေသူ ဖြစ်၏။

ထိုလူထွားကြီး၏ ချိုင်းအောက်တွင် ၃၅၀ ပေးရသော အသံမြည်ပြီး မီးတောက်ထွက်သည့် စတီး ခြောက်လုံးပြူး တစ်လက်လည်း ပါ၏။

ထိုခြောက်လုံးပြူးကို ဖိုးကျော်နှင့် ထူးကျော်တို့ မမြင်။

'ခား.... ခား.... မောင်းချခား၊ သူ့ရဲ့ ညာဘက်အိတ်ပုန်းပေါ်မှာ ရှိတယ်၊ အဲဒီခားနဲ့ တို့လူတွေရဲ့ ဇီဝိန်ကို ခြွေခဲ့ရုံသာ ကော ကေးလားဆိုတဲ့ စာတွေပါ ရေးရေးသွားခဲ့တာ သူပဲ'

'ဒီလူကို ငါထိန်းထားလိုက်မယ်၊ မင်းက ကောင်းထက်ဇော်ကို အမြန်ဆုံးသွားခေါ်၊ မြန်မြန်လဲလာခဲ့နော်၊ ဗလချင်းပြိုင်ရင် ဒီလူကြီးကို ငါမနိုင်နိုင်ဘူး'

ဟု တိုးတိုးကလေး လေသံဖြင့်ပြောရာ ထူးကျော်သည် ကောင်းထက်ဇော်ရှိရာ ရုံးခန်းသို့ အမြန်ဆုံး ထွက်သွားလေ၏။

ထူးကျော်ထွက်သွားသည့်အခါ ဘသက်းသည်ဘောင်းဘီ ကြယ်သီးများ ပြန်လည်၍တပ်ပြီး စားသောက်ခန်းမထဲသို့ ပြန်ဝင်ရန် ထွက်သွားလေ၏။

'ဟိတ်....မခြေးနဲ့'

ဖြိုးကျော်သည် ပြန်သည်ထွက်ခွာစပြုနေသော ဘသက်း၏ ကုတ်အင်္ကျီကုပ်ပိုးကို ဖမ်းဆွဲထားလိုက်လေ၏။

'ကျား'

'ဒုတ်'

'လာမစမ်းနဲ့ ဘသက်းတဲ့ကွ'

'အား'

'ဝုန်း'

ကုပ်ပိုးကိုဆွဲထားသော ဖြိုးကျော်၏လက်ကို ဘသက်းသည် လက်နှစ်ဖက်ဖြင့် မိမိရရကိုင်ကာ ကိုယ်ခန္ဓာကြီးကိုရှေ့သို့ အနည်းငယ်ကုန်းလိုက်ပြီး မိမိ၏နောက်ကျောပေါ်မှ ကျော်ကာ ကိုင်ပေါက်လိုက်လေ၏။





လောက်ပေးသေးသည်။ ဖြိုးကျော်သည် ဘသက်း၏ လည်ကုပ်ကို မလွှတ်တမ်း မိမိရရ ကိုင်ဆွဲထားသဖြင့် ခွေးကျ ဝက်ကျ မကျဘဲ ဖြည်းဖြည်းဆေးဆေး သမံတလင်းပေါ်သို့ ကျသွားခဲ့လေ၏။

သို့သော် ခါးဘော့ တော်တော်ကလေး နာသွားခဲ့သည်။

ဖြိုးကျော်ကလည်း ခေသူမဟုတ်၊ သိုင်းကလေးမနတာက် တခေါက် တတ်ထားလေရာ သမံတလင်းပေါ်သို့ ပက်လက်ကျသည်နှင့် တစ်ပြိုင်နက် ရှေ့သို့ကုန်းနေသော ဘသက်း၏ မျက်ခွက်ကို ခြေဖြင့်ခတ်ကိုက်လေ၏။

'ဖောင်း'

'အား'

နှာခေါင်းကို ကန်မိလေရာ ဘသက်း၏ နှာခေါင်းမှ သွေးများ ယိုစီးကျလာတော့သည်။

'ခြော်....မင်းကဒီလိုလား၊ ဟောသလို မင်းရဲ့ခြေထောက်ကို လိမ်ချိုးလိုက်တော့ ဘာဖြစ်သေးသလဲကွ'

'ဂျွတ် ဂျွတ်'

'အား....သေပါပြီဗျ'

ဘသက်းအ ဖြိုးကျော်၏ခြေထောက်ကို လိမ်၍ချိုးလေ၏။

ထိုစဉ်ခိုက်

ကောခင်းထက်ဇော်ရောက်လာပြီး ဖိုးကျော်၏ခြေထောက်ကို လိမ်ချိုးနေသော ဘသက်း၏ မျက်ခွက်ကို ညာဖြောင့် လက်သီးတစ်လုံး ပစ်သွင်းလိုက်လေ၏။

'ဂွိန်း'

'အား'

'ဝုန်း'

ဘသက်းတစ်ယောက် ကောင်းထက်ဇော်၏ ညာဖြောင့် လက်သီးမိသွားရာ သေးပေါက်သည့် နေရာတွင် မနေခက် ကျောကပ်၍ မှိုလျက်သား ဖြစ်သွား၏။

မြန်လိုက်သည့် ကောင်းထက်ဇော်။

မိုးသီးမိုးပေါက်များ စဉ်ဆက်ကျသကဲ့သို့ ဘယ်ညာလက်သီး တွဲလုံးများက ဘသက်း၏

မျက်ခွက်။

ဗိုက်။

အရှိုက်နှင့် နံကြိုနံကြားတို့ကိုထိုးမိနေလေရာ ဘသက်းမှာ အရှင်ကြိုးပြတ် မတ်တတ်က လဲကျသွားလေတော့သည်။

ဘသက်း သတိမေ့သွားသောအခါ ကြိုးတစ်ချောင်းကိုယူ၍ ဘသက်း၏ လက်နှစ်ဖက်ကိုပူးပြီး လက်နောက်ပြန်ချည်ထားလိုက်သည်။





ဘသက်း၏ မျက်ခွက်မှာ နေ့ချင်းညချင်း ရောင်ကိုင်းသွားတော့သည်။

ဘသက်းတစ်ယောက် လုံးဝသတိမရတော့ပေ။

'အား....လုပ်ကြပါဦးကွ၊ ငါ့ခြေထောက် ခြေပွတ်တိုင် ညည်သွားပြီထင်တယ်၊ ထောက်လို့မရတော့ဘူး၊ ငါ့ကိုဆေးရုံ မြန်မြန်ပို့ကြပါ'

'အိုး....ကျွတ် ကျွတ် ကျွတ်'

ဖိုးကျော်က ကလေးလေးတစ်ယောက်ပမာ မနေမနားတမ်း အော်ဟစ်၍နေလေ၏။

'သေစရာရှိသေသွားပြီ၊ မင်းက ဘာလုပ်နေလို့ ဒီလောက် ကြာနေရတာလဲကွ'

ဖိုးကျော်က ကောင်းထက်ဇော်ကို အပြစ်တင်လိုက်သည်။

'ခင်ဗျားကရော ကြုံကြုံဖန်ဖန် ဒီထဲ ရောက်နေရတာလဲ'

ကောင်းထက်ဇော်က ဖိုးကျော်အား အများသုံးအိမ်သာထဲတွင် ရောက်နေသဖြင့် မေးခြင်းဖြစ်၏။

အမှန်မှာ မိမိတို့အတွက် ရေလောင်းအိမ်သာမှာ အပေါ်ထပ်တွင် သီးသန့်ရှိထားပြီး ဖြစ်သည်။

'ဟေ့ကောင် ငါဘာသာ ဘယ်အိမ်သာမှာပဲတက်တက်ပေါ့ကွ၊ ဒါနဲ့ဘာဆိုင်သလဲ၊ အခု ဝါ ဒီအိမ်သာမှာ တက်လို့ လူသတ်ကောင်ကို ရခဲ့တာပေါ့'

ဟု မသနထောင်လွှားသော စကားကိုဆို၏။

ကောင်းထက်ဇော်သည် ဖြိုးကျော်၏ ချိုင်းကြားမှ မ
ဖြိုးကျော်ကို မတ်တတ်ရပ်စေလိုက်သည်။

'အား'

'သေပါပြီဗျ'

'ဖြည်းဖြည်းလုပ်ပါကွ မသာကောင်ရ'

ဖြိုးကျော်က ကုန်း၍အော်သည်။

ကောင်းထက်ဇော်က နည်းနည်းမှ ဂရုမစိုက်။

ထူးကျော် အိမ်သာထဲသို့ ပြေးဝင်လာသည်။

'ပြည်သူ့ရဲကို ဖုန်းဆက်ပြီးပြီလား'

ဖြိုးကျော်က ပြေးဝင်လာသော ထူးကျော်ကိုမေး၏။

'ဆက်ပြီးပါပြီ ဆရာ၊ လာနေပါပြီ'

'အေး....အဲဒီကောင်ကြီးကို လူမသိအောင် နောက်
ပေါက်ကနေ ဆွဲခေါ်ပြီး ပြည်သူ့ရဲလက်ထဲအပ်လိုက်'

ဖြိုးကျော်က အမိန့်ပေး၏။

'ပီပေါ် ပီပေါ် ပီပေါ်'

ပြည်သူ့ရဲတပ်ဖွဲ့ကားမှ အချက်ပေးသံတို့က ဆူဆူညံ
ပြေးဝင်လာသည်။





သီချင်းဆိုနေသူများ။

ကနေသူများ။

အရက်သောက်နေသူများနှင့် ဘာဝမေ့ကာ ပျော်ပါးနေ
သူများမှာ ဤသို့ဖြစ်ပျက်နေသည်ကို လုံးဝမသိရှိကြပေ။

စိတ်လွတ်ကိုယ်လွတ် ပျော်ပါးနေကြဆဲပင် ဖြစ်လေ၏။

ဘသက်းတင်တော့ မေ့လျှိုကောင်းနေဆဲ။

ထူးကျော်သည် ဘသက်းကို ချိုင်းကြားမှကိုင်မြှောက်၍
ဆွဲ၏။

အားချင်းကမမျှ၊ ထူးကျော်မှာ ရှေ့သို့ မှောက်လျက်လဲ
ကျသွား၏။

'ဟကောင်....ဘာဖြစ်တာလဲကွ'

ကောင်းထက်ဇော်က နောက်သို့လှည့်ကြည့်ရင်း မေး
လိုက်သည်။

'ကျွန်တော်တစ်ယောက်တည်း မနိုင်ဘူး ဆရာ၊ ဒီကောင်
ကြီးက တော်တော်လေးတယ်'

ထူးကျော်က နှာခေါင်းရှုံ့ကာ ပြောသည်။

'မင်းကလဲ ဘာတစ်ခုမှ အားမကိုးရဘူး၊ မျက်နှာမလွှဲနဲ့
ဘူး၊ သောက်စားကြတော့ ပါးဖြန်းဖြဲ စားပြပါလိမ့်မယ်
တောက်'

'ဝုန်း'

'အောင်မယ်လေးဗျ'

'ဟကောင် ကောင်းထက်ဇော်၊ မင်း ငါ့ကိုသတ်နေတာ လား'

ကောင်းထက်ဇော်က အတိမေ့ပြီး ဖြိုးကျော်ကို တွဲထားရာမှ လွှတ်လိုက်မိရာ ဖြိုးကျော်မှာ ခြေထောက်မထောက်နိုင်သဖြင့် လဲကျသွားလေ၏။

'ဟာ....ဆောရီး ဆောရီး မေ့သွားလို့ပါဗျာ'

ကောင်းထက်ဇော်က ဖြိုးကျော်ကို တွဲရမလိုလို ဘသက်းကိုပဲ ကူညီပြီး မ,ရမလိုလို ဟိုယောင်ယောင် သည်ယောင်ယောင်ဖြစ်နေဆဲ ပြည်သူ့ရဲများ အိမ်သာထဲသို့ဝင်လာကြရာ အပေါက်ဝတွင် ပိတ်နေသော ဖြိုးကျော်ကို ဝင်၍တိုးလေ၏။

'ဟ....ဟ....ဟ....သောက်ပလုတ်တုတ်တုတ် ဘာကြီးတုံး'

အမှုလိုက်မောင်ပိုက်က ယောင်ယမ်း၍ အော်၏။

'ကိုမောင်ပိုက်က လုပ်လိုက်ရင် အရမ်းချည့်ပဲဗျာ၊ ကျုပ်မှာ ဟောဟိုက လူသတ်ကောင်နဲ့ တစ်ယောက်ချင်းဖိုက်တာ ဟိုကောင်လဲ သတိမေ့ ကျုပ်ခြေထောက်လဲ ခြေပွတ်တိုင်လည်သွားလို့ဗျ'

လက်မထောင်ထား ဖြိုးကျော်က ကြွားလုံးထုတ်၏။





'ဟာ....ဘသက်း၊ ဟာ....ဒီကောင် ဒီမှာ လာရှုပ်ပြန်ပြီ၊ ဒီကောင်က စုံထောက်ရှူးရှူးနေတာဗျ၊ လူသတ်ကောင်မဟုတ်ဘူး'

ဟု ပြောလိုက်ရာ ကောင်းထက်ဇော်နှင့် ထူးကျော်တို့မှာ မျက်လုံး ပြူးသွားကြရလေ၏။

'ဒုက္ခပါပဲကွာ'

အမှုလိုက်မောင်ပိုက်သည် ဘသက်း၏ ကုတ်အင်္ကျီကိုဆွဲမပြီး ဘသက်း၏ ချိုင်းကြားတွင်ရှိသော စတီးခြောက်လုံးပြူးကို ဆွဲထုတ်လိုက်လေ၏။

'ဟင်....သေနတ်ကြီးနဲ့ပါလား၊ ဒါကြီးထုတ်ပြီး မပစ်လိုက်တာ ကျွန်တော် ကံကောင်းတာပဲ'

ဟု ဖြိုးကျော်က ကြောက်ဒူးတုန်စွာ ပြော၏။

'ခင်ဗျားတို့က ဒီကောင့်ကို အရူးမှန်းသိရဲ့သားနဲ့ ဘာ့ကြောင့် ဒီသေနတ်ကြီးကို ကိုင်ခွင့်ပေးထားရတာလဲဗျ'

ဖြိုးကျော်က အမှုလိုက်မောင်ပိုက်ကို အပြစ်တင်လေ၏။

အမှုလိုက်မောင်ပိုက်က ဘာမှ အရေးမစိုက် မိမိ၏အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ပြီး ဆေးလိပ်တစ်လိပ်ထုတ်ကာ ပါးစပ်တွင်တပ်လိုက်ပြီး သေနတ်ကို ဖြိုးကျော်၏ဘက်သို့လှည့်၍ ခလုတ်နှိပ်လိုက်လေ၏။

'ဒိုင်း'

'အောင်မယ်လေး နောက်မပြောပါဘူးဗျ'

'ဟား….ဟား….ဟား'

ထူးကျော်နှင့် ကောင်းထက်ဇော်တို့က ဖြိုးကျော်၏အဖြစ်ကို ကြည့်ကာ အားရပါးရ ရယ်လေ၏။

ဖြိုးကျော်က မိမိ၏တစ်ကိုယ်လုံးကို သေနတ်ဒဏ်ရာ ရှာကြည့်၏၊ မတွေ့။ ထို့ကြောင့် အမှုလိုက်မောင်ပိုက်ကိုကြည့်လိုက်သည်။

အမှုလိုက်မောင်ပိုက်သည် ခြောက်လုံးပြူးဝမှ ထွက်နေသော မီးညွန့်ဏလေးဖြင့် ဆေးလိပ်မီးညှိနေသည်ကို တွေ့ရမြင်ရလေတော့မှ သေနတ်မှာ မီးခြစ်ဖြစ်မှန်းသိပြီး အရှက်ကြီးရှက်၍ နေလေတော့သည်။

ကောင်းထက်ဇော်သည် ရေစက်ခလုတ်ကိုဖွင့်ပြီး ရေကိုသက်ဝါးဖြင့်ခံယူကာ သတိမေ့နေသော ဘသဏ်း၏မျက်နှာပေါ်သို့ ပက်လိုက်သည်။

'ဖူး….ဖလူး….ဖလူး'

'ကျား'

'ဝုန်း'

'အား'





'ဒုတ်'

'အု'

ဘသဏ်းသည် သတိရလျှင်ရချင်း မျက်လုံးဖွင့်ကြည့်ရာ မိမိအား မိုး၍ကြည့်နေသော ကောင်းထက်ဇော်ကို မြင်တွေ့လေ၏။

ကောင်းထက်ဇော်သည် မိမိအား မညှာမတာထိုးသားသူဖြစ်ရာ အကြီးစားရန်သူဟု သတ်မှတ်ပြီး ထိုင်ရာမှ ရုတ်ခြည်းထ၍ ခေါင်းဖြင့် တိုက်ခလေ၏။

ကောင်းထက်ဇော်သည် ခြေတစ်လှမ်းရွှေ့ပြီး ရှောင်လိုက်လေရာ လွတ်သွားခဲ့သည်။

သို့သော်….

ကောင်းထက်ဇော်၏ နောက်မှ ရပ်နေသော အမှုလိုက်မောင်ပိုက်မှာ ဘသဏ်းသတိရပြီး ခေါင်းဖြင့် ထဝေ့သည်ကို မသိ၍ မရှောင်လိုက်နိုင်ပေ။

ထို့ကြောင့် အမှုလိုက် မောင်ပိုက်မှာ ဘသဏ်း၏ ခေါင်းဒဏ်ကို ခံရပြီး အုတ်နံရံဖြင့် တိုက်မိကာ တော်တော်နာသွားသဖြင့် စိတ်တိုပြီး ဘသဏ်း၏ ဦးခေါင်းကို မီးခြစ်သေနတ်ဒင်ဖြင့် ရိုက်ချလိုက်ရာ….

ဘသဏ်း၏ခေါင်းမှ သွေးများယိုစီးကျလာပြီး ဘသဏ်းတစ်ယောက် ပြန်၍ သတိမေ့ လဲကျသွားပြန်တော့သည်။

'ကောင်းတယ်၊ ဒီကောင် သတိမေ့နေတာပဲ ကောင်းတယ်၊ ဟော့ကောင်တွေ ဘာငေးကြည့်နေတာလဲ၊ ဒီကောင့်ကို အပြင်ဆွဲထုတ်ပြီး သတိရအောင်လုပ်၊ မောင်းထုတ်'

ဟု အမှုလိုက် ခေါင်ပိုက်ဆ မိမိ၏နောက်မှ လိုက်ပါလာကြသော တပ်သားများကို အမိန့်ပေးလေ၏။

တပ်သားများစာ ဘသက်းကို ဆွဲထုတ်သွားကြသည်။

'ကိုင်း....စာစ်ခုခု သွားစားလိုက်ကြရအောင်'

ဟု ပြောကာ ကောင်းထက်ဇော်သည် ငုတ်တုတ်ထိုင်နေရာမှ မထနိုင်သော ဖြိုးခကျော်ကိုတွဲခေါ်၍ ညှော်ခန်းထဲသို့ ဦးဆောင်ပြီး ထွက်ခဲ့လေတော့သတည်း။

●



အခန်း–၁၆

## ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းရ၏

မိုးက အချိန်အခါမဟုတ်ပါဘဲ တစ်ဖြောက်နှစ်ဖြောက် ကျနေသည်။

နေကလည်း ချစ်ချစ်တောက် ပူနေ၏။

'နေပူမိုးရွာ'

'သူခိုးလာ'

'လာတဲ့သူခိုး'

'လှ" နဲ့ထိုး'

'မိုးကြိုး'

ဆော့ကစားနေကြသော ကလေးများက ဘယ်သူရေး ထားမှန်းမသိသော ကဗျာ၊ သံပေါက်ကလေးကို ရွတ်ဆိုရင်း ဆော့ကစားနေကြ၏။

သိင်္ဂီရွှေစင်သည် ဆော့တစားနေသော ကလေးများကို လွတ်အောင် မနည်းရှောင်ပြီး ရေညှိတွေတက်၍ ရှုပ်ထွေး ပွေလီလှသော လမ်းကြားကလေးထဲသို့ သတိထားပြီး လျှောက်လှမ်းလာခဲ့သည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ တင်းကြမ်းပြည့်ကျပ် နေသော လူတစ်ယောက် မိမိ၏နောက်မှ ကပ်လိုက်လာသည် ကို သိင်္ဂီရွှေစင် မသိပေ။

သိင်္ဂီရွှေစင် စိတ်ရောက်နေသည်က ချောင်ကြိုချောင်ကြား တွင် တဲကုပ်ကလေးထိုးပြီးနေသော ခင်မောင်တိုးကိုသာ စိတ်ဝင်စားနေခြင်းကြောင့် ဖြစ်၏။

ရှေ့သို့ တစိုက်မတ်မတ်သွားနေသော သိင်္ဂီရွှေစင်ကို ကြည့်၍ ဂ္လာသာမစ္စ်ရိယကံဇော်က ပြုံးလိုက်လေ၏။

'အင်း...ပိုးဖလံမျိုးတွေ မီးကို တိုးနေတာပါလား။ ဒီကောင်မလေး ဘိန်းဖြူစွဲနေတာပဲ၊ အေးလေ၊ ဒီအမျိုး အစားယဲကဟာတွေ ဒီအတိုင်းဖြစ်တာ မဆန်းပါဘူး'

ဟု ဂ္လာသာမစ္စ်ရိယကံဇော်သည် မှတ်ချက်ချလေ၏။





ဂ္လာသာမစ္စ်ရိယကံဇော်သည် ထောင့်ချိုးတစ်ခုမှ တိုက် ကွယ်တွင် ရပ်လိုက်ပြီး၊ အောင်းဘီအိတ်ထဲမှ မီးခြစ်ကိုထုတ် ယူလိုက်၏။

မီးခြစ်တွင် နိုင်ငံခြား အမျိုးသမီးတစ်ယောက်၏ မတော် မလျော်ပုံ ကပ်ထားသည်ကို ရေကသိုက်ရှုသကဲ့သို့ စူးစူးစိုက် စိုက် ကြည့်နေ၏။

'သိင်္ဂီရွှေစင်.... သိင်္ဂီရွှေစင်.... မင်းရဲ့အလှအပဟာ ဒီမီး ခြစ်ပေါ် ကပ်ထားတဲ့ ကောင်မလေး အတိုင်းပါပဲလား၊ တော်တော်လှတာပဲ'

'အေးလေ လှတုန်းတော့ ကောင်းထက်ဇော်က မင်းကို အရှုံးအမူး ချစ်နေဦးမှာပေါ့ကွာ၊ ဒါပေမယ့် ဒီနေ့ မင်း သေသွားရင် မင်းရဲ့ ကောင်းထက်ဇော်က မင်းကို ရင်ခွဲရုံကို ပို့လိုက်မှာပါကွာ'

ဓာတ်ပုံကိုကြည့်ပြီး တရားရနေလေ၏။

သိင်္ဂီရွှေစင်သည် နောက်မှ ဂ္လာသာမစ္စ်ရိယကံဇော် တစ် ယောက် တရားပေါက်နေသည်ကို မသိ။

သူ သိသည်က ခင်မောင်တိုးဆီက သူ လိုချင်သောပစ္စည်း ရဖို့သာ အဓိကဘားလေ၏။

'ဒေါက်.... ဒေါက်.... ဒေါက်'

'ဟေ့.... ဘယ်သူလဲ'

သိင်္ဂီရွှေစင်က တံခါး ခေါက်လိုက်သည်။ အထဲမှ ခင်မောင်တိုးက မေး၏။

ဆေးဝယ်နေကျလူတွေရဲ့ အသံကို ခင်မောင်တိုး မှတ်မိသည်။

အသံကို ခန့်မှန်းပြီးမှ တံခါးဖွင့်ပေးသည်။ သို့မဟုတ်က ဒုက္ခကောင်းကောင်းတွေ့သွားမည် ဖြစ်သည်။

'ကျွန်မပါ'

'ကျွန်မဆိုတာ ဘယ်သူတုံး'

'သိင်္ဂီရွှေစင်ပါ'

'ပိုက်ဆံပါလာသလား'

'ပိုက်ဆံမပါဘဲ ရှင့်ဆီလာစရာမလား'

'အေး.... ခဏစောင့်'

အသံ တိတ်သွားသည်။

ဖွာဆန်ကြဲနေသော ဆံပင်တို့ကို ပွတ်ဆပ်ပြီး မရှည်သော စိတ်ကိုထိန်းပြီး မနည်း စောင့်နေရသည်။





အသွေးအသားတို့က ဆေးကိုတောင်တောင်ထလေး တောင့်တနေသည်။

'ကြာလိုက်တာနော်၊ ဒီလူကလဲ ဘာကိုများ အပ်ထားသလား မသိဘူး'

ဟု စိတ်ထဲမှ မကျေနပ်ချက်များကို ရေရွတ်နေမိ၏။

'ဂျောက်.... ဂလောက်'

ကန့်လန့်ဖြုတ်သံကြားရပြီး ဒင်္ဂါးဝိုင်းခန့်ရှိသော အထုပ်အလေးတစ်ထုပ်ကိုင်ပြီး ခင်မောင်တိုး ထွက်လာသည်။

'ကြာလိုက်တာတော်၊ ရှင့်ပစ္စည်းက ဘာကျများ အပ်ထားသလားတော်'

ဟု အပြစ်တင် ပြောဆိုပြီး ပိုက်ဆံကို ထုတ်၍ ပေးလေ၏။

'ဪ.... ဟုတ်လိုက်လေဗျာ၊ ခင်ဗျားတို့က လိုချင်တာပဲ သိတာကိုးဗျ၊ ဒီပစ္စည်းတွေက အမိန့်ရပစ္စည်းတွေ မဟုတ်ဘူး မမွှေချော်ရဲ့'

'သွား.... သွား.... မြန်မြန်ထွက်သွား၊ ဒီနေရာမှာ ကြာကြာ မနေနဲ့'

ခင်မောင်တိုးက ဆေးပေး၊ ပိုက်ဆံယူပြီး မြန်မြန် မောင်းထုတ်လေ၏။

အခန်းတံခါးကိုလည်း အမြန်ဆုံး ပိတ်သွားသည်။

ဣဿာမစ္ဆရိယ ကံဇော်သည် ဂျင်းအင်္ကျီအိတ်ထဲမှ လပ်ကီးစထရိုက် စီးကရက်တစ်လိပ်ထုတ်၍ မီးညှိလိုက်၏။

တရှိုက်ခက်မက် တစ်ဖွာ ဖွာလိုက်သည်။ ထို့နောက် ခေါင်းကို နည်းနည်းမော့ပြီး ဆေးလိပ်မီးခိုးကို အကွင်းကလေးများ ဖြစ်သွားအောင် လျှာကိုလိပ်ထုတ်ကာ မှုတ်ထုတ်လိုက်လေ၏။

မီးခိုးကွင်းကလေးများ ယှစ်ခုနှင့်တစ်ခု ထိခတ်ပြီး အလုအယက် လေထဲသို့ တက်သွားကြ၏။

ရှေ့သို့ရောက်အောင်

ထိပ်ဆုံးသို့ ရောက်အောင်

နောက်မှ ထွက်လာသော မီးခိုးကွင်းကလေးများက ရှေ့မှ မီးခိုးကွင်းများကို တိုးတိုက်ပြီး ဇွတ်အတင်းသို့ရောက်အောင် တိုးတက်ပါသော်လည်း

တစ်ခုနှင့်တစ်ခု ထိခိုက်မိပြီး လမ်းမှာပင် ပျက်စီးသွားကြလေ၏။

ဤသို့ လုတက်နေသော မီးခိုးများ တိုးတိုက်၍ ပျက်စီးသွားသောအခါတွင် နောက်မှ ထွက်လာသော မီးခိုးကွင်း





ကလေးက ဝေးမသိရန်မခတဲ ထိပ်ဆုံးသို့ ရောက်သွားလေ၏။

ထိပ်ဆုံးသို့ ရောက်သွားသောအခါတွင်လည်း တည်မြဲလျှသည်တော့ မဟုတ်။

တဖြည်းဖြည်း မှေးမှိန်ပြီး မီးခိုးကလေးမှာ လေထဲတွင် ပျောက်ကွယ်၍ သွားရပြန်လေ၏။

ဣဿာမစ္ဆရိယ ကံဇော်သည် မီးခိုးများကို ကြည့်ပြီး သံဝေဂ ရမိ၏။

သို့သော်

တဒင်္ဂသာရနေသော သံဝေဂ ဖြစ်၏။

မခံချင်စိတ် လှုံ့ဆော်ပေးမှုအရ ဤမမြဲသော သဘောတရားကို လက်မခံနိုင်ပေ။

'ခွပ်.... ခွပ်.... ခွပ်'

'ရှပ်.... ရှပ်.... ရှပ်'

ခြေသံကြားသဖြင့် ဣဿာမစ္ဆရိယကံဇော်သည် ခြေသံကြားရာဆီသို့ ကြည့်လိုက်သည်။

သိင်္ဂီ ရွှေစင်။

သီဂီရွှေစင် ပြန်လာပြီ။

အလုပ်စရတော့မည်။

ဂူဃာဒမစ္ဆရိယကံဇော်သည် သောက်လက်စ ဆေးလိပ်ကို ယူပြီး လက်ညှိုးဖြင့် တောက်ဆော အဝေးသို့ ပစ်ထုတ်လိုက်လေသည်။

လမ်းကွေ့သို့ သီဂီရွှေစင် ရောက်လာသောအခါ ရှေ့မှ ပိတ်၍ရပ်လိုက်သည်။

'ဘုရား....ဘုရား....ဘုရား'

သီဂီရွှေစင် လန့်သွားသည်။

'ရှင် ဘယ်သူလဲ'

မုတ်ဆိတ်မွေး ဗရပျစ်နှင့် ဖြစ်နေသော ဂူဃာဒမစ္ဆရိယကံဇော်ကို သီဂီရွှေစင် လုံးဝ မမှတ်မိ။

'ကံဇော်လေ မမှတ်မိဘူးလား'

ဂူဃာဒမစ္ဆရိယကံဇော်က သီဂီရွှေစင်ကို မေးလိုက်သည်။

'ရှင်'

'မှတ်မိပြီလား'





'ဟုတ်....ဟုတ်ကဲ့ မှတ်မိပြီ၊ ရှင် ကျွန်မဆီက ဘာယူချင်လို့လဲ'

'အသက်'

'ဘာ ဘာပြောတယ်'

'မင်းရဲ့ အသက်'

'ဟား....ဟား....ဟား....ငါ့ကို မင်း ဘယ်လို ထင်သလဲ၊ မင်းလို ကောင်မလေးမျိုးတွေ ငါ့ရဲ့ဘေးမှာ အပြည့်ရှိတယ်'

'မိုးပေါ်က သိကြားမင်းဦးမာဃမှာ နတ်သမီးတစ်ဖက် ငါးရာစီပဲရှိတာ၊ ငါ့ရဲ့ဘေးမှာက နတ်သမီးတွေ တို့ပြည်တစ်ဝန်းလုံးအပြည့် ရှိနေတယ်၊ အများကြီးရှိတယ်'

'တို့မှာ သုံးမကုန်လို့ အခု နိုင်ငံခြားကိုတောင်မှ ထွက်ကုန်အဖြစ်ပို့နေရပြီ၊ ဟား....ဟား....ဟား'

'မင်းဟာ ငါ့အတွက် အလကားပဲ'

ဟက်ဟက်ပက်ပက်ရယ်၍ ဂူဃာဒမစ္ဆရိယကံဇော်က ပြောသည်။

'ရှင် ဘာတွေလာပြီး ပြောနေတာလဲ၊ ရှင် ဆေးကြောင်နေပြီထင်တယ်'

မာန်ကိုယ့်ဒို့ ဟန်ကိုယ့်ဖို့ ဆိုသည့်အတိုင်း သိင်္ဂီရွှေစင်ကြောက်နေသော်လည်း မကြောက်ဟန်ပြု၍ နှုတ်လှန်ထိုးလေ၏။

ဣဿာမစ္ဆရိယကံဇော်သည် ညာဘက်ပခုံးပေါ်မှ ခွေးကို ပါးစပ်ဖြင့်ကိုက်၍ ဆွဲထုတ်လိုက်သည်။

ခွေးကို သွားဖြင့် မိမိရရကိုက်ထားပြီး မပီမသဖြင့် သိင်္ဂီရွှေစင်ကို ပြော၏။

'ဒီခွေးကို နင်သိလား၊ နင်တို့ ပင်လယ်ဖျံစားတော်ဆက်က အဆိုတော်တွေရဲ့ အသွေးအသားကို ဖောက်စားနေတဲ့ ခွေးလေ၊ ဟီး ဟီး ဟီး'

ဗလုံးဗထွေးပြောနေသော ဣဿာမစ္ဆရိယ ကံဇော်၏ စကားကို နားလည်အောင် သိင်္ဂီရွှေစင် တော်တော်နားထောင်ပြီး ယူရသည်။

'ဘာပြောတယ် သေသေချာချာပြောစမ်း၊ နင့်ပါးစပ်က ခွေးကြီး ဖယ်လိုက်စမ်းပါ'

သိင်္ဂီရွှေစင်ကပြောရင်း ကျောက်တက်ဖို့ ဘေးသို့ ရှောင်လိုက်သည်။

'ဟဲ...ဟဲ....ဟဲ....ဒီလိုလုပ်လို့ ဘယ်ရမလဲ'

ဣဿာမစ္ဆရိယကံဇော်သည် ပါးစပ်မှ ခွေးကို ညာလက်ဖြင့် ဖြုတ်လိုက်ပြီး ပြောလေ၏။





'ငါ့ခွေးက ကောင်းထက်ဇော်ရဲ့ အခိုင်းအစေတွေရဲ့ သွေးသားကို တော်တော်ကြိုက်တယ်လို့ ပြောတယ်'

'ရှင်....ရှင်....လူသတ်ကောင်'

သိင်္ဂီရွှေစင် တော်တော်ကလေး ထိတ်လန့်ကြောက်ရွံ့သွားပြီး နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်သည်။

ဣဿာမစ္ဆရိယကံဇော်က ရှေ့သို့ ခြေတစ်လှမ်း နှစ်လှမ်း တိုး၍ လိုက်လာ၏။

နောက်ဆုတ်တိုင်းကြောက်သည်ဟု ထင်ခဲ့သည်မှာ ဣဿာမစ္ဆရိယကံဇော်၏ အမှားပင် ဖြစ်နေ၏။

နောက်သို့ တစ်လှမ်းဆုတ်ခြင်းမှာ ရှေ့သို့ တစ်လှမ်းတိုးချင်၍ ဖြစ်သည်ကို ဣဿာမစ္ဆရိယကံဇော် မသိ။

သိင်္ဂီရွှေစင်သည် ဘယ်ခြေကို ဟန်ချက်ညီအောင် ထိန်းလိုက်သည်။ ဘယ်ခြေ ဟန်ချက်ညီပြီး ငြိမ်သွားသောအခါတွင် ညာခြေကို အားပါးတရလွှဲပြီး ဣဿာမစ္ဆရိယကံဇော်ပေါင်ခြံထဲရှိ မွေးရာပါပစ္စည်းကို မိမိရရ ကန်ထည့်လိုက်သည်။

'ဒုတ်'

'အူး'

မမျှော်လင့်ခဲ့။ ဤသို့ လုပ်လိုက်လိမ့်မည်ဟု ဣဿာမစ္ဆရိယကံဇော် လုံးဝမထင်မိ။

ထို့ကြောင့် သတိလည်းမထားမိလိုက်။ သတိလက်လွှ
ဖြစ်သွားခဲ့သည်။ ပို၍ဆိုးသည်က မိမိကိုယ်ကို မိမိ အထ
ကြီးသွားမိခြင်းနှင့် ရန်သူကို အထင် သေးခဲ့မိခြင်းတို့က
ဏ္ဍသာမဏ္ဍရိယကံဇော်ကို ဒုက္ခလှလှကြီး ပေးသွားခဲ့လေ၏

'ဥမ်း'

'ဒုတ်'

'အား'

လျှင်လိုက်သည့်ဖြစ်ခြင်း။ သည့်အလုပ် လုပ်စားနေသည့်
အမျိုးသမီးတစ်ယောက်အနေနှင့် ဤမျှလောက်တော့ ထမင်
စား ရေသောက် တတ်ထားရမည်မှာ သဘာဝကျလှပေသည်

နိုင်ငံခြား တီဗွီတွေထဲမှ ဟောင်ကောင်ဂျက်မတို့က သိင်္
ရှေခင်တို့လို အမျိုးသမီးများအတွက် သင်ဆရာများဖြစ်ခ
၏။

တိုက်ကွက်ချိုးစုံကို သင်ပေးသတဲ့သို့ လူမှုဆက်ဆံရေ
အားလုံး သင်ပေးခဲ့သည်။

ယခုလည်း ကြည့်တော့။ တစ်ပတ်လှည့်ပြီး ကန်လိုက်
သော ကန်ချက်မှာ မအားကို အကန်ခံရ၍ ရှေ့သို့ငိုက်
လာသော ဏ္ဍသာမဏ္ဍရိယကံဇော်၏ မျက်နှာကို မိမိရရအ
မိလေရာ ကံဇော် တစ်ပတ်လည်၍ သွားခလေ၏။

သိင်္ဂီရွှေစင်သည် ရသည့်အခွင့်အရေးကို လက်လွှတ်မခံ





တစ်ရှိန်ထိုး ထွက်ပြေးလေ၏။

ပါးစပ်မှသွေးများ တစ်ပေါက်ချင်း စီးကျလာ၏။

ဏ္ဍသာမဏ္ဍရိယကံဇော်သည် လက်ဖနောင့်ဖြင့် ပါးစပ်မှ
သွေးများကို သုတ်ဖယ်လိုက်သည်။

ပြုံးမိ၏။

သိင်္ဂီရွှေစင်ကို ဏ္ဍသာမဏ္ဍရိယကံဇော် များစွာ ကျေးဇူး
တင်သွားခဲ့သည်။

အဖိုးမဖြတ်နိုင်သော သင်ခန်းစာကို တစ်ဘဝလုံးအတွက်
ပေးသွားခဲ့ခြင်းကြောင့်ဖြစ်၏။

'ကောင်းပြီ သိင်္ဂီရွှေစင်၊ မင်း တစ်နေ့တခြား လှပြီး
ဝနေပါစေလို့ ဆုတောင်းပါတယ်၊ အခု ငါ့ကိုပေးသွားတဲ့
အကြွေး တစ်နေ့ မင်း ငါ့ကိုပြန်ဆပ်ရမှာပေါ့ကွာ'

ဟု ဏ္ဍသာမဏ္ဍရိယ ကံဇော်အ စိတ်ထဲမှ ကြိမ်းထားပြီး
တစ်နေရာသို့ တိမ်းရှောင်၍ သွားခဲ့လေတော့သတည်း။

## အတ္တ-၁၇

## ထူးထူးဆန်းဆန်း ကေန်းကမြင်ရှင်

ပင်လယ်ဖျံစားတော်ဆက်မှ မြတ်ထွန်းနှင့် စိမ်းလဲ့ပြာတို အသတ်ခံရပြီးသည့်နောက်တွင် အဆိုတော်အသစ်များ ရှာမ ဖြစ်နေ၏။

အဆိုတော်ဟောင်းများကလည်း ထွက်ကုန်ပြီ။

ပင်လယ်ဖျံနှင့် ဝေးဝေးရှောင်ကုန်ကြ၏။

ရန်ကုန်မှ စားတော်ဆက်များကလည်း မိမိတို့ဘာသာ အဆိုတော်များ ရှာယူကြ၏။

ပင်လယ်ဖျံမှ မခေါ်ယူကြတော့ပေ။





ကောင်းထက်ဇော်နှင့် ဖြိုးကျော်တို့၏ ပင်လယ်ဖျံသည် ပြဿနာများရှိလာသဖြင့် စားသောက်သူများလည်း နည်းပါးလာလေ၏။

ဆာဖြည်းဖြည်း ခန်းခြောက်လာလေ၏။

စီးပွားရေး ထိခိုက်လာတော့မှ ဖြိုးကျော်နှင့် ကောင်းထက်ဇော်တို့ ခေါင်းချင်းဆိုင်ကြရပြီ။

'ကိုယ့်လူ.... တို့ စားတော်ဆက်ကြီးဆတော့ ရတဲ့ဈေးနဲ့ ရောင်းပစ်ရတော့မှာပဲ၊ မင်း ဘယ်လိုသဘောရသလဲ'

ဖြိုးကျော်က ကောင်းထက်ဇော်ကို မေး၏။

'ဘာကို ဘယ်လိုသဘော ရရမှာလဲ'

နားမရှင်းသဖြင့် ကောင်းထက်ဇော်က မေး၏။

'မင်း ရှယ်ယာ ပြန်ခွဲမလား၊ ဒီစားသောက်ဆိုင်ကြီးကို မင်းတစ်ယောက်တည်း အပိုင် ဝယ်မလား၊ ဒါမှမဟုတ် တစ်ယောက်တစ်ဝက် ခွဲယူမလား'

ဖြိုးကျော်က အားမနာလျှာမကျိုး မေးလေ၏။

'ရှယ်ယာမခွဲဘူး'

ကောင်းထက်ဇော်က ဖြေ၏။

'ဒါဖြင့် အပိုင်ဝယ်မယ်ပေါ့'

'အပိုင်လဲမဝယ်ဘူး'

'ဟော....ဘယ်လိုကွ'

'တစ်ယောက်တစ်ဝက်စီလဲ ခွဲမယူဘူး'

'ဟော့ကောင်.... အခိုပ္ပာယ်မရှိဘဲစကားတွေ လာမပြောစမ်းနဲ့ကွာ၊ တစ်ခုခုတော့ လုပ်မှဖြစ်မှာပေါ့ကွ'

'ရှုံးနေတာကြီးကို ရှုံးမှန်းသိလျက်နဲ့ ဆက်လုပ်နေရင် အိမ်တိုင်ပါ ဖြုတ်ရောင်းရမှာပေါ့'

'ဘယ်မှာ ရှုံးလို့လဲ'

'ဘာကွ.... မရှုံးဘူး ဟုတ်လား၊ စားတဲ့သောက်တဲ့လူလဲ တစ်ယောက်မှ မလာတော့ဘူး၊ အဆိုတော်တွေလဲ ထွက်ကုန်ပြီ၊ အလုပ်သမားတွေလဲ တစ်ယောက်မှမရှိတော့ဘူး၊ ဟိုတယ်ခွန်က ပေးရတုန်း၊ အညစ်အကြေးခွန်က ပေးရတုန်း၊ ဒါမှမရှုံးရင် ဘယ်ဟာကို ရှုံးတယ် ခေါ်ရမှာတုံး'

ဖြိုးကျော်က စိတ်ဘိုစွာဖြင့် အော်ဟစ်ပြောဆိုလေ၏။

'ကျုပ် ဒီဟိုတယ်ကြီးထောင်တုန်းက လက်ထဲမှာ တစ်ပြားမှ မရှိခဲ့ဘူး၊ ဟော အခု ဒီဟိုတယ်ကြီးရှိနေသေးတယ်၊ ဒီတော့ ကျန်တော့် အဖို့ ဘယ်မှာ ရှုံးလို့လဲ'

ပခုံးကိုတွန့်ကာ ကောင်းထက်ဇော်က ဖြေ၏။





'တရားရဖို့တောင်းလိုက်တာ ကောင်းထက်ဇော်ရာ၊ ဒီဟာကြီးကို ဒီအတိုင်းထားရင် အရှုံးပဲ ပေါ်မှာပေါ့ကွ၊ အခုကြည့်စမ်း၊ မင်းထောင်မ သိဂ်ိရွှေစင်ကတောင်မှ မင်းဆီကို လာသေးလို့လား'

ဖြိုးကျော်က ချက်ပိုင်ပိုင်ဖြင့် ကောင်းထက်ဇော်ကို မေးလေ၏။

'ရှုပ်နေတာကို ရှင်းအောင်လုပ်တာ လွယ်ပါတယ် ဖြိုးကျော်ရာ၊ ဟိုအကောင်ကို တွေ့အောင်ရှာပြီး သတ်ပစ်ရမယ်'

ဟု ဒေါသကြီးစွာဖြင့် ကောင်းထက်ဇော်က ပြော၏။

'ဘယ်အကောင်ကိုလဲ'

'ဩြ်.... သိပြီ၊ မင်းပြောတာ ကံဇော်ကို မဟုတ်လား၊ မင်းကတော့ ခရုကို ခါးတောင်းကျိုက်ပြီး ဖမ်းချင်နေတဲ့ကောင်ပဲ'

'ထူးထူးဆန်းဆန်း ငအောန်းက မြင်ချင်ဆိုသလို အရည်မရ အဖတ်မရ အတွေးတွေ မင်းက သိပ်တွေးချင်တာပဲ'

'ဘာလဲဗျ၊ ထူးထူးဆန်းဆန်း ငကန်းက မြင်ချင်တယ်ဆိုတဲ့စကား၊ အဲဒါ ကျုပ် မရှင်းပါဘူး'

'ဟကောင်ရ၊ မင်း ထင်နေတဲ့ ကံဇော် မဖြစ်နိုင်ဘူးကွ၊ ကံဇော်က ဒီမြို့မှာ မမြင်ရတာ မင်း ကြိုးဝိုင်းထဲမှာ အသဲထိုးပြီးအတည်းကပဲလ'

'အေး.... မင်း နားလည်အောင်ပြောရရင် ဆေးနီးဆိုတာ မျက်စိမမြင်တဲ့ကောင်ကို ပြောတာကွ၊ အဲဒီ မျက်စိမမြင်တဲ့ ကောင်က ထူးဆန်းတဲ့အရာ ပစ္စည်းများဆိုရင် သူက မြင်ချင်နေတော့တာပဲ၊ အဲသလိုပဲ မဖြစ်နိုင်တာကို ဖြစ်ချင်နေတဲ့ မင်းဟာ မျက်စိကန်းနေတဲ့ကောင်က ထူးထူးဆန်းဆန်းကို မြင်ချင်နေတာနဲ့ တူနေလို့ ပြောတာကွ'

ဟု ဖိုးကျော်က ရှင်းပြ၏။

'ဗြော်.... လောဆ လောက၊ တော်တော်တရားရဖို့ ကောင်းပါလားနော်၊ သူခိုးက လူလူဟစ်သလိုဖြစ်နေပြီ၊ ရှီးလွန်းတော့ ဆသတဲ့၊ အလွန်းတော့ အေးသတဲ့'

'အမှန်တော့ ငါ့လူ ဖိုးကျော်ဟာ တော်တော်ရှီးပါ အပါလားနော်'

ဟု ကောင်းထက်ဇော်က ညည်းလေ၏။

'မင်း အဲဒါတော့ ငါ့ကို သက်သက်နှိမ်တာပဲကွ၊ မင်းက ငါ့စဏားနွားရ သိပ်ပြောတာပဲ၊ မင်းတွေးတာ မှန်တယ်လို့ ထင်နေတာကိုးကွ'

'ကိုင်း.... ခင်ဗျားနဲ့ ကျွန်တော် ငြင်းနေလို့ အမြတ်ထွက်မှာ မဟုတ်ဘူး၊ သိင်္ဂီရွှေစင်အိမ်ကို သွားမယ်၊ သူ ဘာကြောင့် မလာသလဲ မေးမယ်'





ဟု တဇောက်ကန်းပြောလေ၏။

'ဟော့ကောင်.... စကားကို လွဲမပစ်နဲ့ကွ၊ ဒီအဆောက်အဦကြီး ဘယ်လိုလုပ်မှာလဲ'

'ဒီအတိုင်းထားမယ်၊ ကံဇော်ကို ရှင်းလင်း သုတ်သင်ပြီးရင် ဒီစားတော်ဆက်ကို အသက်ပြန်သွင်းမယ်၊ အခု လော လောဆယ် ပိတ်ထားမယ်'

ဆုံးဖြတ်ချက်ချပြီးသည့်အတိုင်း ကောင်းထက်ဇော်က ပြော၏။

'အစိုးရကို အခွန်ဆောင်ဖို့ကိုစ္စ'

'ဆောင်ရမှာပေါ့ဗျ၊ မြတ်တူန်းက စားလာပြီး ရှုံးတော့မှ အခွန်မဆောင်ချင်ဘူးဆိုလို့ ဖြစ်မလား၊ သူများတွေ သိန်းပေါင်း မြောက်မြားစွာတောင်မှ လူခနကြိုသေးတာပဲဥစ္စာ၊ ဒီငွေလောက်ကို ခင်ဗျား မမျှောနိုင်ဘူးလား'

ကောင်းထက်ဇော်က မေး၏။

'ဝင်ငွေမရှိ ဘာမရှိနဲ့ကွာ'

'ဝင်ငွေဟုတ်လား၊ ဘဏ်မှာအပ်ထားတဲ့ ငွေတွေက တစ်လကို တောင်နဲ့ချီပြီး ဝင်နေတာတွေ ဘာလုပ်ဖို့လဲ၊ အခိုက် အတန့်တော့ ဒီလောက်ကို မျှောရမှာပေါ့'

'တောင်မြင်ရာစွန့်တဲ့ ကိုယ့်လူဖိုးကျော်၊ လာ တို့ သိပြီ ရွှေစင်အိမ်ကို သွားမယ်'

အောင်းထက်ဇော်သည် ဖြိုးကျော်နှင့် လေရှည်နေပါက အကျိုးမရှိနိုင်ကြောင်း သဘောပေါက်၏။

ထို့ကြောင့် သိင်္ဂီရွှေစင် နေထိုင်ရာ ပြည်တော်သာ တိုက်တန်းသို့ ထွက်ခဲ့လေတော့သည်။

ဖြိုးကျော်သည် မလိုက်ချင်ပေ။

သို့သော်....

သိင်္ဂီရွှေစင်ကို လုပ်ငန်းပြန်စင်အောင် စည်းရုံးနိုင်ပါက မိမိတို့၏ ပင်လယ်ဖျံဆလေး ကျွေးသောကို အသက်သွင်းသကဲ့သို့ ပြန်ရှင်နိုင်သေးကြောင်း တွေးတောမိသဖြင့် မလိုက်ချင် လိုက်ချင်ဖြင့် အောင်းထက်ဇော်၏ နောက်မှ လိုက်ခဲ့ရလေတော့သတည်း။

ကဏ္ဍ—၁

ဆုပ်စူး၊ စားရူး

---

အိပ်မပျော်သောညများက အသေချော်နှင့် အနန္တ ဖြစ်နေသည်။

သိင်္ဂီရွှေစင်၏ မျက်လုံးထဲတွင် မုတ်ဆိတ်မွေး ပါးမြိုင်းမွေး ဗရပျစ်နှင့် ကံဇော်၏ ပုံရိပ်က အမြဲတမ်းမြင်ပြီး ထမင်းလုံးတစ္ဆေခြောက်သကဲ့သို့ ထာဝရ ခြောက်လှန့်နေ၏။

'ရှင် ဘယ်သူလဲ'

'ကံဇော်လေ မမှတ်မိဘူးလား'

'ရှင်'

'မှတ်မိပြီလား'

'ဟုတ်— ဟုတ်.... ဟုတ်ကဲ့ မှတ်မိပြီ၊ ရှင် ကျွန်မဆီက ဘာယူချင်လို့လဲ'

'အသက်'

'ဘာ.... ဘာပြောတယ်'

'မင်းရဲ့ အသက်'

'ဟား ဟား ဟား ငါ့ကို မင်း ဘယ်လို ထင်သလဲ၊ မင်းလို ကောင်မလေးမျိုးတွေ ငါ့ရဲ့ဘေးမှာ အပြည့်ရှိတယ်၊ အများချည်းရှိတယ်'

'တို့မှာ သုံးမကုန်လို့ နိုင်ငံခြားကိုတောင်မှ ထွက်ကုန်အဖြစ် ပို့နေရတယ်၊ ဟား ဟား ဟား'

'မင်းဟာ ငါ့အတွက် အလကားပဲ'

'ရှင် ဘာတွေလာပြီး ပြောနေတာလဲ၊ ရှင် ဆေးကြောင်နေပြီထင်တယ်'

'ဗီဓားကို နင် သိလား၊ နင်တို့ ပင်လယ်ဖျံ စားတော်ဆက်က အဆိုတော်တွေရဲ့ အသွေးအသားကို ဖောက်စားနေတဲ့ ဓားလေ၊ ဟီး ဟီး ဟီး'

'ဘာပြောတယ်၊ သေသေချာချာ ပြောစမ်း၊ နင့်ပါးစပ်က ဓားကြီးဖယ်ပြီး ပြောစမ်း'



'ဟဲ ဟဲ ဟဲ ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ငါ့ဓားက ကောင်းထက်ဇော်ရဲ့ အခိုင်းအစေတွေရဲ့ သွေးသားကို တော်တော်လေး ကြိုက်တယ်လို့ ပြောနေတယ်'

'ရှင်.... ရှင်.... လူသတ်ကောင်'

'ဝုန်း ဒိုင်း'

'ဂျောင်း'

'အား'

ခုတင်ပေါ်မှ သိဂီရွှေစင် လိမ့်ကျသွားသည်။

အမြင့်ကကျသည်မို့ တော်တော် နာသည်။

ကြမ်းပြင်ပေါ်ရောက်မှ အိပ်ရာမှ နိုးလာ၏။

'အိပ်မက် မက်နေတာပါလား၊ ငါ သေရတော့မယ်၊ ပိုက်ဆံမရှိလို့ ဆေးမချရလို့ ငါ သေရတော့မယ်၊ အပြင်လဲ ငါ မထွက်ရဲဘူး၊ ကုံဇော်....ကုံဇော်ဆိုတဲ့ ကောင်က ငါ့ကို တော်တော်ငြိုးနေတာ'

'ကုံဇော်က ငါ့ကိုသတ်ဖို့ စောင့်နေတာ၊ ကောင်းထက်ဇော် ဗိုလ်ကြီးလဲ ငါ့ဆီ မလာတာ ကြာသွားပြီ၊ အင်းလေ သူ့မှာလဲ သူ့ အလုပ်သမားတွေ သေဘာနဲ့ ပတ်သက်ပြီး တော်တော် အလုပ်များနေပုံ ပေါ်တယ်'

'ငါ.... ငါ.... ဒီအတိုင်း အခန်းထဲအောင်းနေရင် ဆေးကြောင်ပြီး သေရတော့မယ်၊ ခင်မောင်တိုးဆီသွားပြီး ဆေးအကြွေးယူဦးမှပဲ'

'ဟင်.... မဖြစ်သေးပါဘူး၊ လမ်းမှာ ဟိုအကောင် ကံဇော်က စောင့်နေရင် ဒုက္ခ'

'တစ်ခါတုန်းက ငါက ဒီလိုတိုက်ကွက်ဆင်လိမ့်မယ်ဆိုတာ မသိလို့ သူ ခံလိုက်ရတာ၊ ဒီတစ်ခါ ငါသူ့ကိုနိုင်ဖို့ မလွယ်ဘူး၊ အဲဒီတုန်းက အခွင့်အရေးမျိုး ငါထပ်ရဖို့ မလွယ်ဘူး'

'ဒုက္ခ ဒုက္ခပါပဲ၊ ဒီအခန်းထဲနေလဲ သေမှာပဲ၊ ဆေးသွားစားလဲ သေမှာပဲ၊ သေမှာချင်းအတူတူ ငါ စားချင်တာလေး စားပြီး သေရတာက အဓိပ္ပာယ်ရှိပါလိမ့်ဦးမယ်၊ ငါ သွားမယ်၊ ခင်မောင်တိုးဆီ သွားမယ်'

ကြမ်းပြင်ပေါ် လဲကျနေရာမှ အားယူ၍ သိဂီရွှေစင် ထ၍ ရပ်၏။

—

အားအင်ချည့်နဲ့ကုန်ခန်းနေသဖြင့် မနည်းကြိုးစားပြီးမတ်မတ်ရပ်ယူရလေ၏။

အသားအရေကလည်း မွဲခြောက်ခြောက်ဖြစ်နေပြီ။

ဆံပင်တွေက သေ့ခြောက်ပြီး ရှုပ်ပွနေ၏။ နဂိုပုံမှန်ရုပ်မှပေါ်တော့။





အင်္ကျီလုံချည်တို့ကလည်း ပေကြေရှုပ်ပွနေသည်။ သိဂီရွှေစင်၏ရုပ်က ကြည့်ချင်စရာတစ်ကွက်မှ မရှိတော့။

မျက်ကွင်းကြီးတွေက ညိုမည်းနေ၏။ မျက်တွင်းက ခွက်နေပြီ။

ယခင်သိဂီရွှေစင်နှင့် ယခု သိဂီရွှေစင် နည်းနည်းလေးမှ တူတော့။

တွေ့နေကျ၊ မြင်နေကျလူများပင် ယခုအခါ လမ်းတွင် တွေ့ဆုံကြပါက မှတ်မိနိုင်စရာ တစ်ကွက်မှ မရှိတော့ပေ။

'ဂွိ....ဂွိ....ဂွိ'

'အော့....အော့'

သိဂီရွှေစင်၏ ဗိုက်ထဲမှ ပိုးပေါင်း မြောက်မြားစွာ အစာတောင်းနေကြပြီ။ မစားရတာလည်း တစ်ပတ်ကျော်သွားပြီ။

ပိုးပြီးဆိုးသည်က သွေးများဖြင့်ရောနေသော ဘိန်းဖြူကိုက အလျှင်မမီတော့သဖြင့် လိုအပ်ချက်များ တောင်းနေကြပြီ။

မျက်နှာကြီးသာ ဝမ်းထဲမှ တောင်းဆိုချက်များ၏ ဒဏ်ကို ခံနိုင်သဖြင့် ရှုံ့မဲ့နေသည်။

တံခါးမကြီးဆီသို့ ရောက်အောင် မနည်း အား ပြု ပြီး လျှောက်ခဲ့ရသည်။

တံခါးနှင့် မိမိ၏ခုတင်မှာ ခြေငါးလှမ်းစာမျှသာ ဝေး သော်လည်း ကုန်ခန်းနေသော အားအင်တို့ကြောင့် အပေါက် သို့ တော်တော်နှင့် မရောက်နိုင်ဘဲ ဖြစ်နေ၏။

ရှိသည့်ခွန်အားကို တအားဖျစ်ညှစ်ထုတ်ကာ ကြိုးစား လိုက်မှ အပေါက်ဝသို့ ရောက်ရှိလာတော့သည်။

သိင်္ဂီရွှေစင်သည် တံခါးပေါက်အနီးသို့ ရောက်သော် တံခါးမကြီးကို နားဖြင့်အပ်၍ ထောင်ရင်း အပြင်တွင် လူရှိမရှိ အကဲခတ်လေ၏။

အသက်ရှူသံလိုလို စကားပြောသံလိုလို ကြားရသဖြင့် ဂရုစိုက်သည်ထက်ပို၍ နားစိုက်ထောင်ပြီး ကြည့်မိ၏။

'ငါ့စိတ်တွေ ပုံမှန်အနေအထားမှာ မရှိတော့ဘူး၊ ငါ့တဝ ရေတိမ်နစ်ပြီ'

'ရှောင်လေဝေးဝေး မူးယစ်ဆေးဆိုတဲ့စကားကို ငါ နားမထောင်မိခဲ့လို့ ငါ့ဘဝဟာ စောစီးစွာ ပျက်စီးခဲ့ရတ ဖြစ်တယ်'

'ကြည့်စမ်း၊ အပြင်မှာ ဘာမှမရှိဘဲ ငါ့စိတ်ထဲမှာ ငါ့ကို သတ်မယ့် ကံဇော်ဆိုတဲ့လူ ရောက်နေတယ်လို့ ငါဆင်နေ တယ်'





'ငါ့စိတ်တွေ ကယောင်ချောက်ချားဖြစ်နေပါပေါ့လား'

ဟု တွေးကာ သိင်္ဂီရွှေစင်သည် အခန်းတံခါးကန့်လန့်ကို ဖြုတ်လိုက်သည်။

'ချောက်....ဂလောက်'

'အမေ့'

သိင်္ဂီရွှေစင် လန့်သွားမိ၏။

မိမိကြောင့် ဖြစ်ပေါ်လာသော ကန့်လန့်ဖြုတ်သည့် အသံ ကိုပင် နားအုံကွဲတော့မတတ် မြည်သွားသည်ဟု ထင်မှတ် ကာ လန့်၍ အော်မိလျက်သား ဖြစ်သွားလေ၏။

'ကျွိ'

တံခါးကို တဖြည်းဖြည်းချင်း ဆွဲ၍လှပ်၏။

ဆီမရှိသော တံခါး၏ ပတ္တာများက ကြွက်များစုပြုံပြီး အော်မြည်သကဲ့သို့ အသံများ ထွက်လာသည်။

'သိင်္ဂီရွှေစင်'

'အား....း

'မသတ်နဲ့ – မသတ်နဲ့'

'မလုပ်နဲ့....မဆောပ်နဲ့'

'သိင်္ဂီရွှေစင်၊ ဟော့....သိင်္ဂီရွှေစင်'

'ဝုန်း'

'ဒိုင်း'

'ဂျလောင်း'

'မသတ်နဲ့၊ မသတ်နဲ့'

'မပြေးနဲ့၊ သိင်္ဂီရွှေစင် မပြေးနဲ့'

ပြေးသူက တစ်ယောက်။

လိုက်သူက နှစ်ယောက်။

ကုလားထိုင်တွေ ဘိုက်မိပြီး သိင်္ဂီရွှေစင်တလိမ့်ခေါက်ကွေး လဲကျသွား၏။

နဖူးနှင့် ခုံစောင်းတိုက်မိပြီး သိင်္ဂီရွှေစင်၏ နဖူးကွဲသွားသည်။

သွေးများ စီးကျလာ၏။

လူနှစ်ယောက် ပြေးလိုက်လာသည့် ခြေသံက မိမိနှင့် နီးကပ်လာသဖြင့် မှုးဝေနေသည့် မျက်လုံးများဖြင့် နောက်က ပြေးလာသူများကို ကြည့်လိုက်သည်။





နဖူးမှ သွေးများက မျက်လုံးနှစ်လုံးထဲသို့ ဝင်လာသဖြင့် အနီရောင်များမှအပ ဘာမှ မမြင်ရတော့။

'မလုပ်နဲ့'

'မသတ်နဲ့'

'မသေပါရစေနဲ့ဦး'

'ကောင်းထက်ဇော်....ကောင်းထက်ဇော်၊ ကျွန်မအဖြစ်ကို လာကြည့်ပါဦး၊ ကျွန်မကို ကယ်ပါဦး'

အောင်မိအောင်ရာ အောင်ဟစ်လိုက်ပြီး သိင်္ဂီရွှေစင် တစ်ယောက် လွန်စွာ စိုးရိမ်ကြောက်ရွံ့မှုဒဏ်၊

အားနည်းသည့် ဒဏ်တို့ကြောင့် တဒင်္ဂမျှ လောကကြီးကို ကျောခိုင်းထွက်ခွာသွားလေတော့သည်။

'သိင်္ဂီရွှေစင်....သိင်္ဂီရွှေစင်'

နောက်မှလိုက်လာသူ နှစ်ယောက်မှာ သိင်္ဂီရွှေစင် ကြမ်းပေါ်သို့ လဲကျသွားသည့်အချိန်တွင် ရောက်ရှိလာလေ၏။

'သတိမေ့နေပြီ ကောင်းထက်ဇော်၊ ကောင်မလေး တော်တော် အားပြတ်နေတယ်၊ သူ တော်တော် ကြောက်နေပုံပေါ်တယ်ကွ၊ လုပ်လုပ်— မြန်မြန်လုပ်၊ ဆေးရုံပို့ရအောင်'

ဖြိုးကျော်က ဒူးထောက်ထိုင်လိုက်ပြီး ကောင်းထက်ဇော်ကို သတိပေး၏။

'ဆေးရုံမပို့ဘဲ ဆရာဝန်ပင့်ပြီး ဂလူးကို့စ်နဲ့ အားဆေးသွင်းမှဖြစ်မယ်၊ ခင်ဗျားသောက်နေကျ ပုလင်းပြားကလေး မပါဘူးလား'

ကောင်းထက်ဇော်က အမြဲတမ်း ဖြိုးကျော် တစ်ယောက်အားလေရာ ယူလာတတ်သည့် မန္တလေးမှထွက်သော ရမ်ပုလင်းပြားလေးကို မေးခြင်းဖြစ်၏။

'အေး....ပါတယ်ကွ'

အင်္ကျီအိတ်ကပ်ထဲမှ ရမ်ပုလင်းပြားကလေးကို ထုတ်၍ပေး၏။

အရက်မှာ လက်သုံးလုံးလောက်သာ ပါတော့သည်။

သို့သော် ကိစ္စမရှိ။

ပါးစပ်ထဲသို့ နည်းနည်းရောက်သွားခဲ့လျှင်ပင် သတိ ပြန်ပြီး ရလာနိုင်ဖွယ်ရာ ရှိသည်။

ကောင်းထက်ဇော်သည် ဖြိုးကျော်ထံမှ အရက်ပုလင်းကို ယူပြီး သတိမေ့နေသော သိင်္ဂီရွှေစင်၏ စေ့နေသောပါးစပ်ကို ဖြဲပြီး အရက်များကို လောင်း၍ထည့်လိုက်လေ၏။





အရက်များမှာ ဝမ်းထဲသို့ ချက်ချင်းဝင်မသွားသေးဘဲ ပါးစပ်ထဲတွင် ပြည့်လျှံလာကာ ဘေးသို့ ဖိတ်၍ ကျလာလေ၏။

'ဟဲကောင်ရ....နှိုင်းနှိုင်းဆဆလုပ်ပါကွ၊ နင့်အမေစာလိန်း သတိမေ့နေတဲ့လူကို ဇွတ်ထည့်နေတော့ ဘယ်သောက်နိုင်ပါ့မလဲကွ'

အရက်အနည်းငယ်သည် သိင်္ဂီရွှေစင်၏ ဝမ်းထဲသို့ ဝင်သွားသည်။

သိင်္ဂီရွှေစင် အနည်းငယ် သတိရလာပြီဖြစ်၏။

ခြေတွေ ဆန့်ထုတ်လာသည်။

လက်ချောင်းကလေးများ လှုပ်ရှားလာသည်။

'ရွှေစင်....သိင်္ဂီရွှေစင်'

လှုပ်၍ လှုပ်၍ ခေါ်နေ၏။

'ရှ....ရှ....ရှ....ရှင်'

'ငါ ကောင်းထက်ဇော်ပါ၊ မင်း သတိ ရလာပြီလား၊ မင်း ဒီလောက်ဖြစ်နေမှန်း ငါမသိလို့ပါ အချစ်ကလေးရယ်'

ကောင်းထက်ဇော်က သိင်္ဂီရွှေစင်၏ နဖူးဆံစထားလေးကို ဖွဖွကလေး နမ်းလိုက်သည်။

'အင့်'

သီဂီရွှေစင် တစ်ချက်ရှိုက်လိုက်သည်။

မျက်ရည်များ ပိုးဂိုးပေါက်ပေါက် ကျလာ၏။

ကောင်းထက်ဇော်က သီဂီရွှေစင်ကို ပွေ့၍ မိမိ၏ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

လွတ်ထွက်သွားမှာ ကြောက်ရွံ့မိ၏။

ထို့ကြောင့် သီဂီရွှေစင်က ကောင်းထက်ဇော်၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆွဲဖက်ထားလေ၏။

ဂွမ်းစိုင်ဂွမ်းခဲကလေးကို ဆွဲပွေ့လိုက်ရသကဲ့သို့ သီဂီရွှေစင်၏ ကိုယ်လုံးက ပေါ့ပါးလွန်းလှ၏။

'ရှမ်....ရှမ်....ရှမ် နည်းနည်းပေးပါ'

သီဂီရွှေစင်က အငမ်းမရ တောင်းလိုက်သည်။

'ဝမ်းထဲမှာ ဘာမှမရှိရင် သိပ်မသောက်နဲ့၊ အမူးလွန်သွားမယ်'

'ဟင့်အင်း၊ ဝမ်းထဲမှာ တစ်ခုခုရှိထားမှ ဖြစ်မယ်၊ ဒါကြောင့် ကောင်းတာ'

'ခက်ပါလား သီဂီရယ်၊ နင် ဒီလို တစ်ဇွတ်ထိုး လုပ်တာတွေကြောင့် ငါနဲ့ပြဿနာဖြစ်ရတာ'





ဟုပြောလျက် သီဂီရွှေစင်ကိုပွေ့ပြီး ဆိုဖာပေါ်သို့အထိုင်ခိုင်းလိုက်သည်။

'နင့်မှာ ဘယ်လိုအခက်အခဲတွေ တွေ့နေရသလဲ'

'ကျွန်မမှာ ငွေတစ်ပြားမှ မရှိတော့ဘူး၊ ဘာမှမစားရတာ ခု....နှစ်ရက်ကျော်သွားပြီ၊ နောက်ပြီး ကျွန်မကို သတ်မယ့် လူတစ်ယောက် လိုက်နေတယ်'

မျက်ရည်ကြားမှ မနည်းအားသွင်းပြီး ပြောနေရှာလေ၏။

လေသံသဲ့သဲ့မျှသာ ထွက်သည်။ ပြောသမျှ သဒ္ဒါပေါက်နားလည်အောင် တော်တော်ကလေး အားထားပြီး နားထောင်၍ ယူရလေ၏။

'ဘာ.... ဘာပြောတယ်၊ နင့်နောက်မှာ သတ်မယ့်လူတစ်ယောက် လိုက်နေတယ် ဟုတ်သား၊ သူ ဘယ်သူလဲ၊ နင် သိသလား ရွှေစင်'

ဖြိုးကျော် စိတ်ဝင်စားလာ၏။

ထို့ကြောင့် သတ်မည့် လူသတ်ကောင်ကို သိချင်သဖြင့် ဖြိုးကျော်က မေးလိုက်ခြင်း ဖြစ်သည်။

'သိတယ်၊ သူ ကိုယ်တိုင်က ကျွန်မကို သူ့နာမည် ပြောသွားတယ်'

'သူ ဘယ်သူလဲ၊ မြန်မြန်ပြောစမ်း'

ဖြိုးကျော် ရှေ့လောကြီးသွားသည်။

'ဖြည်းဖြည်းသက်သာလုပ်စမ်းပါ၊ အာစရိရဲ့၊ သေမယ့်မသာ မဟုတ်ပါဘူး၊ နည်းနည်း အနားယူပြီး ပြောပါစေ'

ဟု ကောင်းထက်ဇော်က သတိပေးယူရလေ၏။

'ဖွူး'

'ဆောရီးကွာ၊ ငါ ဆန္ဒစောသွားတယ်'

လေပူတွေ မှုတ်ထုတ်လိုက်သည်။

မိမိ မှားသွားမှန်းသိ၍ ဖြိုးကျော် တောင်းပန်လိုက်သည်။

'ရွှေစင် နှင့်နောက်က ဘယ်သူ လိုက်နေသလဲ'

'ကံဇော်'

'ဘာ,...'

'ဘာ.... ဘာပြောတယ် ကံဇော် ဟုတ်လား'

မယုံကြည်ပေ။

နားရှိ၍သာ ကြားလိုက်ရသည်။

ဖြိုးကျော် လုံးဝ မယုံကြည်ပေ။

ထို့ကြောင့် ပိုပြီးသေချာအောင် ကံဇော် ဟုတ်သလား ဟု မေးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်တယ်၊ ကံဇော်'

'လွန်ခဲ့တဲ့ တစ်ပတ်လောက်က ကျွန်မ ခင်မောင်တိုးအိမ်ကို ဆေးသွားဝယ်တော့ ထောင့်ကွေ့ကနေ ကျွန်မကို စောင့်ပြီး....'





သိဂ္ဂီရွှေစင်က အိပ်မက်ထဲထိ ဆိုက်ခြောက်နေသော ကံဇော်နှင့် မိမိတို့၏ အဖြစ်ကို ပြန်ပြောပြလိုက်သည်။

'တောက်'

'တွေ့ကြသေးတာပေါ့ ကံဇော်ရာ'

ဟု ပြောကာ ကောင်းထက်ဇော်သည် ဖြိုးကျော်နှင့် မျက်လုံးချင်း ဆိုင်မိအောင် ကြည့်လိုက်သည်။

မိမိ၏ မှားကွက်များကြောင့် ဖြိုးကျော်မှာ မျက်လုံးချင်း ကြာကြာမဆိုင်ရဲဘဲ ခေါင်းငုံ့သွားလေ၏။

'ငါ တစ်ခုခု သွားဝယ်လိုက်ဦးမယ်'

ဖြိုးကျော် ရှောင်ပေးဖို့ ကြံချယ်လိုက်သည်။

အမှန်တကယ်လည်း တစ်ခုခုစားဖို့ လိုအပ်နေကြပြီ ဖြစ်သည်။

'ကောင်းတယ် အာစရိ၊ အဲဒီ အစိအစဉ်ဟာ အကောင်းဆုံးပဲ၊ သူ့ဖို့ ဟောလစ်နဲ့ကြက်ဥ ဝယ်ခဲ့ပါ၊ ကျွန်တော်တို့ အတွက်တော့ ထမင်းကြော်ပဲ ဝယ်ခဲ့ဗျာ'

ဟု ပြောလိုက်သည်။

'ဆရာဝန် ခေါ်ခဲ့ရဦးမလား'

'ခေါ်ခဲ့လေ၊ လိုအပ်ရင် သွေးသွင်းရမယ်၊ သွေးထုတ်ဖို့နဲ့ သွေးသွင်းဖို့ ကိရိယာတွေပါ ဝယ်ခဲ့ပါ၊ ကျွန်တော့် သွေးနဲ့ သူ့သွေးက အတူတူပဲ'

ဟု ကောင်းထက်ဇော်က မှာလိုက်သည်။

မြို့ကျော်သည် ရေးကြီးသုတ်ပျာ ထွက်သွား၏။

ကောင်းထက်ဇော်သည် သွေးသွင်းရန်အတွက် သိင်္ဂီရွှေစင်ကို အိပ်ခန်းထဲသို့ ပွေ့ချီပြီး ခေါ်သွားလေတော့သတည်း။

* * *

အမှန်တော့ သိင်္ဂီရွှေစင်သည် ကောင်းထက်ဇော်နှင့် လုံးဝ မပတ်သက်ချင်တော့ပေ။

သို့သော် မပတ်သက်လို့ကလည်း မရသေး။

လောလောဆယ် ကောင်းထက်ဇော်ကိုပဲ အားကိုးရမည်၊ အမှီသဟဲပြုရပေဦးမည် ဖြစ်၏။

သေသေချာချာ စဉ်းစားကြည့်လိုက်တော့။

ကောင်းထက်ဇော်သည် သိင်္ဂီရွှေစင်အဖို့ ပဒိုင်းသီးနှင့် တူလှ၏။

ဆုပ်လျှင်လည်း၊ ရူးမည်။

စားလျှင်လည်း ရူးမည်။

မတတ်နိုင်။ ရူးခါမှရူးရော၊ ရူးခါမှရူးရော။ ဆုပ်ရဦးမည်၊ စားရဦးမည်ဖြစ်၏။





ဆက်၍ ဆက်၍ ဆုပ်ရ စားရပေဦးတော့မည်။ မဟုတ်ပါသား။

'ခြေဒ်.... ပဒိုင်းသီးလို လူစားရယ်၊ ကျွန်မ ရှင့်ကို ဘယ်လိုမှ ပစ်ပယ်လို့ မရနိုင်သေးပါလားနော်'

ဟု မှတ်ချက်ချလျက် ကောင်းထက်ဇော် ပွေ့ချီရာသို့ လိုက်ပါသွားရလေတော့သတည်း။

●

ကဏ္ဍ-၁၉

## ဒလ သင်္ဘောဆိပ်မှ အခေါင်းတစ်လောင်း

---

လူတွေ ဝိုင်းအုံနေသည်။

နံနက် ၆ နာရီတွင် ရေဘဝဲ ၃ ဇက်ကာလပ်ကြီးအား ဒလမြို့မှ ဈေးသည်များကို ရန်ကုန်ဆိပ်ကမ်းသို့ ပို့ပေးနေကျ ဖြစ်၏။

ယခုလည်း ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များနှင့် ရုံးစောစောတက်ရမည့် ရုံးသူရုံးသားများက ရေဘဝဲ ၃ ဇက်ကာလပ်ဆိပ်သို့ ဆင်းလာကြရာ လူကူးဆိပ်ခံတံတားအလယ်တွင် အမျိုးသမီးတစ်ယောက်၏ အလောင်းကို တွေ့ရှိလေရာ ထူးထူးဆန်းဆန်းဖြစ်၍ ဝိုင်းကြည့်နေကြခြင်းဖြစ်၏။

ဤသို့ ကြည့်သည့်အထဲတွင် ဒလမြို့မှ သတင်းထောက် ဇင်မောင်ကြီးလည်းပါ၏။





ဇင်မောင်သည် မကွေးသတင်းထောက်ဘဝမှ ရန်ကုန်သို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တွင် မြေနေရာဈေး အိမ်ငှားခဈေးများ ကြီးလွန်းသဖြင့် ဒလမြို့ အောင်မင်္ဂလာ ရပ်ကွက်၊ လမ်းနံပါတ် ၂၊ ရပ်ကွက်မီးသတ်စင်၏ ရှေ့တွင် အိမ်မြေကွက်တစ်ခုကို နှစ်သောင်းဖြင့်ဝယ်ပြီး အိမ်ဆောက်၍ နေခြင်း ဖြစ်၏။

သတင်းထောက်လုပ်သက် အနှစ် ၄၀ ကျော်ပြီဖြစ်ရာ လွန်စွာ စေ့စပ်သေချာသူတစ်ဦး ဖြစ်လေ၏။

ပါလာသော ကင်မရာဖြင့် သေဆုံးနေသော အမျိုးသမီး၏ အလောင်းကို လေးဖက်လေးတန်မှ စေ့စေ့စပ်စပ် ရိုက်ယူခဲ့၏။

သေဆုံးသူ အမျိုးသမီး၏ ရရှိထားသော ဒဏ်ရာများကိုလည်း တစ်ကွက်မကျန် အနီးကပ်ရိုက်ယူထားပြီး ယနေ့ထုတ်ဝေနေသော သတင်းစာနှစ်စောင်တွင် တိတိကျကျ ဖော်ပြထား၏။

၎င်း၏ ထင်မြင်ယူဆချက်များကိုလည်း သတင်းထဲတွင် ဖော်ကောင်လုပ်ထားရာ သတင်းမှာ မှုခင်းသတင်းဖြစ်၍ လူအတော်များများ စိတ်ဝင်စားစွာဖြင့် ဖတ်ကြလေ၏။

ထိုသို့ ဖတ်သူများထဲတွင် မြစ်ကြွေမြို့မှ ပင်လယ်ဖျံစား တော်ဆက်ပိုင်ရှင်များဖြစ်ကြသော ကောင်းထက်ဇော်နှင့် ဖြိုးကျော်လည်း ပါလေသည်။

သတင်း၏ ဖော်ပြချက်မှာ အတော်ကလေး ရှည်လျားလှပြီး စိတ်ဝင်စားစရာလည်း ကောင်းလှသည်။

အထူးသဖြင့် သတင်းမှာ ကောင်းထက်ဇော်တို့နှင့် ထိပ်တိုက် သက်ဆိုင်နေလေတော့သည်။

ဗိလသင်္ဘောဆိပ်မှ အလောင်းတစ်လောင်း

ယနေ့နံနက် ၆ နာရီခန့်တွင် ရက်စက်စွာ သတ်ဖြတ်ခြင်းခံထားရသော အမျိုးသမီးတစ်ယောက်၏ အလောင်းကို ဗိလ ရန်ကုန်ကူးသော ဆိပ်ခံတံတားပေါ်တွင် တွေ့ရှိရခြင်း၊

သေဆုံးသူမှာ ရန်ကုန်မြို့ပေါ်ရှိ စားသောက်ဆိုင်ကြီးတစ်ခုမှ အဆိုတော် ဝိုင်းချစ်စု ဆိုသူဖြစ်ကြောင်း။

ဝိုင်းချစ်စုတွင် သိန်းကျော်တန် လက်ဝတ်လက်စားများ ဝတ်ထားပါသော်လည်း ဘာတစ်ခုမှ ယူမသွားကြောင်းကို ထောက်ရှု၍ အချစ်ပြဿနာကြောင့် သတ်ခြင်းဖြစ်နိုင်ကြောင်း။

သေသူ ဝိုင်းချစ်စုတွင် ရှိသော ဒဏ်ရာများကို စစ်ဆေးကြည့်ရှုလိုက်သောအခါတွင် သေဆုံးသူ ဝိုင်းချစ်စုအား ချက်ချင်းသတ်မပစ်ဘဲ ကြောင်တစ်ကောင်က ကြွက်တစ်ကောင်ကို မစားမီ ဆော့ကစားသကဲ့သို့ ဓားဖြင့် ဆော့ကစားသွားသေးကြောင်းကို သေဆုံးသူ ဝိုင်းချစ်စု၏ ဒဏ်ရာများကို ကြည့်ရှုခြင်းဖြင့် သိရှိနိုင်ကြောင်း။





လှန်စွာ စိတ်ဝင်စားစရာ ကောင်းလှသည်မှာ သေဆုံးသူ၏ ရင်ဘတ်တွင် ဓားလားဆိုသည့် စာလုံးကို ဓားဖြင့်ရေးသားသွားခဲ့သည်ကို တွေ့ရကြောင်း။

ယခင်လများက မြစ်ကွေ့မြို့တွင် အသတ်ခံကြရသော ပင်လယ်ဖျံစားတော်ဆက်မှ အဆိုတော်များကဲ့သို့ပင် စာအနီးမှာ ထပ်တူထပ်မျှ တူရှိနေရာ ပင်လယ်ဖျံက စသည့် ပြဿနာ ဖြစ်နိုင်ဖွယ်ရာရှိကြောင်း။

လူသတ်ကောင်အား သက်ဆိုင်ရာမှ အပူတပြင်း စုံစမ်းနေကြောင်း။

မကြာမီ လူသတ်ကောင်အား လက်ဆုပ်လက်ကိုင်မိတော့မည်ဖြစ်ကြောင်း။

ဟု သတင်းတွင် ဖော်ပြထားလေ၏။

'တောက်…ရိုင်းလိုက်လေကွာ၊ ဒီမှာ ဖြိုးကျော်'

'ဘာလဲ ကောင်းထက်ဇော်'

'ခင်ဗျား သိဂီရှေ့စင်ကို ဂရုစိုက်ပါ၊ ကျွန်တော် ရန်ကုန် လိုက်သွားမယ်'

'ကောင်းပြီ ကောင်းထက်ဇော်၊ ဒီကောင့်ကို မင်း အသေရအောင် ဖမ်းခဲ့ပေ့'

'ခင်ဗျား သိင်္ဂီရွှေစင်ဆီ မသွားနဲ့'

'ဟေ....'

'ဘာပြောတယ်၊ မင်းက ငါ့ကိုတောင် မယုံဘူးလား'

'မဟုတ်ပါဘူးဗျ၊ မယုံလို့ မဟုတ်ပါဘူး'

'ဒါဖြင့် မင်းက ဘာဖြစ်လို့ ဒီစကားကိုပြောရတာတုံး'

ဖြိုးကျော် ကျွဲမြီးတိုသွားခဲ့သည်။

'ကျွန်တော် စကားပြော လောကြီးသွားလို့ပါ'

ကောင်းထက်ဇော်က တောင်းပန်စကား ပြောလိုက်သည်။

'မင်းစကားက အသွားမလွတ်၊ အနှောင့်မလွတ်ကြီးကွ'

'ဟုတ်ပါတယ်၊ ဒီလိုပါ အာစရိ၊ သိင်္ဂီရွှေစင်ဆီကို တိုက်ရိုက် မသွားဘဲ သိင်္ဂီရွှေစင်နောက်ကနေ ရှဒိုး အရိပ်လို လိုက်နေခဲ့ရင် ကာဇော်ကို ခင်ဗျားတွေ့နိုင်မယ်'

'ဒီအခါမှာ နီးရာတယ်လီဖုန်းအနေ ပြည် သူ့ ရဲ ကို အကြောင်းကြားပြီး ဒီကောင့်ကို ဖမ်းဖို့ပါ'

'နို့ ဒီကောင် ရန်ကုန်မှာ မဟုတ်ဘူးလား'

'အခု ရန်ကုန်မှာ ဟုတ်ပေမယ့် မနက်ဖြန် မြစ်ကျွေ့ကို ပြန်ရောက်နိုင်တယ်ဗျ၊ ရန်ကုန်နဲ့ မြစ်ကျွေ့က တစ်ရက် ခရီးပဲ ရှိတာ'





ဟု ကောင်းထက်ဇော်က ရှင်းပြ၏။

'အေး....ကောင်းပြီ၊ အဲဒီတာဝန် ငါတာဝန်ထားလိုက်၊ ကိုင်း....ကိုင်း....မြန်မြန်လုပ်၊ မင်းအခုချက်ချင်း ရန်ကုန်ကို လိုက်'

'ဪ....ဒါနဲ့ ရန်ကုန်ရောက်ရင် ဇင်မောင်ကြီးဆီ ရောက်အောင်သွားပြီး သူ့အကူအညီကိုလဲ ရအောင်ယူနော်'

'ဟုတ်ကဲ့ပါ'

'မင်း ဇင်မောင့်ကို တွေ့နိုင်တဲ့နေရာတော သိရဲ့လား'

'ဒလမှာလား'

'မဟုတ်ဘူး၊ ရန်ကုန်မှာ'

'ရန်ကုန်မှာတော့ မသိဘူးဗျ၊ ခင်ဗျားကော သိရဲ့လား'

'မသိရင်ကောကွာ၊ မသိလို့ မင်းကို မေးတာပေါ့၊ အဲဒီ ကောင်ကြီးက နံနက် ကိုးနာရီမှာ ဒလက ကူးလာပြီး ကြေးနန်းရုံးနဲ့ ဗဟိုထရားဥပဒေရုံးကြီးနဲ့ကြားက လမ်းဘေး လက်ဖက်ရည်ဆိုင်မှာ တစ်နေကုန် ထိုင်နေတတ်တယ်ကွ'

'ကျေးဇူးပဲ အာစရိရေ၊ ကျွန်တော် အခုပဲ လိုက်သွားတော့မယ်၊ ငွေလိုရင်လဲ ထုတ်ပေးလိုက်ဦးနော်'

'မင်းကိုလား'

'ဟာ....ခင်ဗျားက တော်တော်ဒုံးဝေးတာပဲ၊ သိဂီရွှေစင်ကို ပြောတာဗျ'

'ဟား....ဟား....ဟား....ငါသိပါတယ်ကွာ၊ သက်သက်မဲ့ နောက်တာပါ'

'အကျဉ်းအကျပ်ထဲမှာ ခင်ဗျားမို့ ရယ်စရာ ပြောနေနိုင်ရက်တယ်ဗျာ'

ဟု စိတ်ထဲမှတွေးလျက် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ကောင်းထက်ဇော်တစ်ယောက် ရန်ကုန်သို့သွားသည့် ကားဂိတ်သို့ ထွက်၍ သွားလေတော့သတည်း။

မြစ်ကြွတိုင်းသမဝါယမကား ညနေ ၅ နာရီတွင် စတင်၍ ထွက်လာလေ၏။

ကောင်းထက်ဇော်သည် ထိုကားဖြင့် ရန်ကုန်သို့ အရေးတကြီး လိုက်လာခဲ့သည်။

ည ၁၂ နာရီခန့်တွင် နတ်ယံသို့ ရောက်ရှိကြရာ ကောင်းထက်ဇော်သည် သေးပေါက်ရန်အတွက် နတ်ယံ ထမင်းဆိုင်၏ နောက်ဖေးသို့ ထွက်လာခဲ့သည်။

နတ်ယံ ထမင်းဆိုင်တွင် ရန်ကုန်မှလာသော တိုင်း သ/မ ကားနှင့် မြို့နယ် သ/မ ကားကိုဆုံပြီး ရောက်နေရာ လူတော်တော်စည်ကားနေလေ၏။





ထမင်းဆိုင်မှ စားပွဲထိုးများမှာ လူတွေ ပြုံကျနေသဖြင့် မနိုင်မနင်းဖြစ်နေ၏။

ညကလည်း ညဖြစ်လေရာ အိပ်ချင်စုံမှားဖြင့် ကားပေါ်မှလူများ ဆင်းလာကြပြီး လက်ဖက်ရည်၊ မုန့်ဟင်းခါးနှင့် အချက်ကြိုက်ဘဘ်သူတို့က အချက်ကိုမှာ၍ သောက်ကြလေ၏။

တချို့ ထိုင်စရာမရှိသဖြင့် မတ်တတ် စားကြ သောက်ကြရလေ၏။

ဒန်းလေစင်ပေါ်တွင် မုတ်ဆိတ်မွေး၊ ပါး မြိုင်း မွေးဗရုဗျစ်နှင့် ဘိုက်ဖိုကယ် မျက်မှန်တပ်ထားသူ တစ်ယောက်သည် ကောင်းထက်ဇော် ကားပေါ်မှ ဆင်းလာသည်ကို ကြည့်နေလေ၏။

ထိုလူက တစ်ချက်ပြုံးလိုက်သည်။

'ဒီကောင် သတင်းစာထဲက အကြောင်း ကိစ္စကြောင့် ရန်ကုန်ကိုလာတာပဲထင်တယ်၊ ဟား ဟား ဟား....ကောင်းထက်ဇော်....ကောင်းထက်ဇော် မင်း ဘော်တော် ရိုးတာပဲ၊ မိုးကြိုးပစ်တဲ့အသံကို အီးပေါက်တဲ့အသံနဲ့ လာပြိုင်လို့ကတော့ မင်း မောကြာဆိုက်သွားမှာပေါ့ကွာ၊ ဟား ဟား ဟား'

ဤသာဓုဒ္ဓရိယကံဇော်က ဟားတိုက်၍ ရယ်လိုက်လေ၏။

ထိုသို့ ဣဿာမစ္ဆရိယကံဇော် ရယ်နေချိန်တွင် ကောင်းထက်ဇော်မှာ တစ်လမ်းလုံး အောင့်ထားရသော ကျင်ငယ်ရေကို ဆိုင်၏နောက်ဖေးတွင် သွား၍စွန့်နေချိန် ဖြစ်လေ၏။

'ရန်ကုန်မှ မြစ်ကြွေ့မြို့ကို သွားမယ့် ခရီးသည်များ ခင်ဗျား၊ မြစ်ကြွေ့မြို့နယ် သမဝါယမကားအား ထွက်ပါတော့မယ်၊ တက်ကြပါ'

ဟု ထမင်းဆိုင်မှ ကောင်ကလေးက အော်လေရာ ဣဿာမစ္ဆရိယကံဇော်သည် ထိုင်နေရာမှ ကားဆီသို့ ထ၍လျှောက်လာလေ၏။

ဣဿာမစ္ဆရိယကံဇော် ကားပေါ် ရောက်သွားချိန်တွင် ကောင်းထက်ဇော် တစ်ယောက် ထမင်းဆိုင်ထဲသို့ ရောက်ရှိလာလေ၏။

ကောင်းထက်ဇော်သည် ရန်ကုန်သွားမည်ဖြစ်ပြီး ဣဿာမစ္ဆရိယကံဇော်သည် မြစ်ကြွေ့မြို့သို့ သွားမည်ဖြစ်သည်။

ဣဿာမစ္ဆရိယ ကံဇော်နှင့် ကောင်းထက်ဇော်တို့ နှစ်ယောက်မှာ ဂဏန်းနံပါတ် သုံးနှင့်လေးပမာ၊ ကျောချင်းကပ်၍ ရှေ့တည့်တည့်သို့ လျှောက်သူများပမာ ဝေးသွားကြပြီဖြစ်၏။

ကောင်းထက်ဇော်သည် ရေခဲစိမ် ပက်စီတစ်ပုလင်း မှာသောက်ပြီး ရင်ထဲမှအပူများကို ငြိမ်းသတ်နေလေ၏။





ဣဿာမစ္ဆရိယကံဇော်ကတော့ ဝမ်းသာမှုပီတိ၊ ကုလားထိုင်ပေါ်တွင်ထိုင်လျက် ယနေ့ မိမိလုပ်နေသော တန်ပြန်ထိုးစစ်ဆင်မှု၏ အောင်မြင်မှုကို တစိမ့်စိမ့် ပြန်တွေးနေမိ၏။

တစ်နေ့က ဝိုင်းချစ်စုကို မိမိသတ်ခဲ့ရသည့်အကြောင်းနှင့် ပတ်သက်ပြီး မိမိ မည်မျှ အရင်းအနှီးလုပ်ခဲ့ရသည်ကို လည်းကောင်း၊ မည်မျှကြာအောင် ဒုက္ခဆင်းရဲခံပြီး ဝိုင်းချစ်စု၏ ခြေလှမ်းများကို လေ့လာရသည်ကိုလည်းကောင်း ပြန်လည်၍ စားမြုံ့ပြန်နေမိလေ၏။

ဖူဆိုကားကြီးကတော့ ကြယ်ရောင် ထွန်းလင်းတောက်ပနေသော ကောင်းကင်ကြီး အောက်မှ မြေမည်းကြီးနှင့် သဏ္ဍာန်တူသည့် ကတ္တရာ လမ်းမကြီးပေါ်တွင် လျင်မြန်စွာ ပြေးသွားလျက် ရှိနေ၏။

ဣဿာမစ္ဆရိယ ကံဇော်သည် သည်တစ်ခါ ဝိုင်းချစ်စု၏ ကိစ္စနှင့် ပတ်သက်၍ များစွာ ပျော်ရွှင်နေသည်။

မိမိ လုပ်ခဲ့သမျှသော လုပ်ရပ်များထဲတွင်လည်း သည်တစ်ခါ အထိရောက်ဆုံးဟု ထင်မြင်ယူဆခဲ့သည်။

ဘာကြောင့်လဲဟု ဆိုရလေသော်။

ကောင်းထက်ဇော်တစ်ယောက် အိမ်မြောင် အမြီးပြတ်ဖြစ်ပြီး ရန်ကုန်သို့ ချက်ချင်း ထပြေးလာသောကြောင့် ဖြစ်လေ၏။

သည်တစ်ခါ မြစ်ကွေ့မြို့သို့ ပြန်လာခဲ့ရခြင်းက သိဂီရွှေစင်ကို နောက်ဆုံးအနေနှင့် သတ်ပြီးပါက ကောင်းထက်ဇော်ကို သတ်ရန်ဖြစ်၏။

ကောင်းထက်ဇော်ကိစ္စ ပြီးပါက ဖြိုးကျော်ကို ရှင်းရဦးမည်။

ဖြိုးကျော်သည် မိမိနှင့် မပတ်သက်။ မိမိ၏ငွေရှင် ကြေးရှင် ပန်ကာအတွက် ဖြစ်သည်။

အားလုံးကိစ္စ ပြီးသွားပါသော် မိမိသည် ကောင်းထက်ဇော်၏ နေရာသို့ ရောက်မည်ဖြစ်၏။

ပန်ကာသည် ဖြိုးကျော်၏နေရာကို ရောက်ချင်နေသူ ဖြစ်သည်။

ငွေရှိတိုင်းလည်း လုပ်၍ရသည့် ကိစ္စမျိုးမဟုတ်။

မြစ်ကွေ့မြို့တွင် ဣဿာမစ္ဆရိယ ကံဇော်သည် ကောင်းထက်ဇော်ကို ပြိုင်၍မရသကဲ့သို့ ပန်ကာသည် ဖြိုးကျော်ကို ပြိုင်၍မရပေ။

ဉာဏ်ချင်းပြိုင်၍ ရကောင်းရမည်။

ဂုဏ်ချင်းပြိုင်၍ ရကောင်းရမည်။

ငွေချင်းပြိုင်၍ ရကောင်းရမည်။

ဝီရိယချင်းပြိုင်၍ ရကောင်းရမည်။





လူတစ်ယောက်နှင့် တစ်ယောက်။

ကံချင်းပြိုင်၍တော့ ဘယ်တော့မှမရ။

ကံမနိုင်လျှင် သံတိုင်တောင်မှ ပြုတ်ကျနိုင်သည်။

လုံ့ထမ်းလာသည်ကို မြင်ရသော်လည်း ကံထမ်းလာသည်ကို မမြင်နိုင်။

ကံမရှိလျှင် ဉာဏ်ရှိတိုင်း မွဲသည်ဟု စကားပုံပင် ရှိသေးသည် မဟုတ်လော။

ထို့ကြောင့် ဣဿာမစ္ဆရိယ ကံဇော်သည် ကောင်းထက်ဇော်နှင့် ကံချင်းမပြိုင်တော့ပေ။ ဝီရိယချင်းပြိုင်၍ အသေသတ်ပြီး အနိုင်ယူလိုက်ဖို့ စိတ်ဆုံးဖြတ်လိုက်ပြီဖြစ်၏။

ကောင်းထက်ဇော်နှင့် ပတ်သက်သမျှ တစ်ယောက်ပြီး တစ်ယောက် ရှင်းခဲ့ပြီးဖြစ်သဖြင့် ဆောင်မကလေးများကလည်းကောင်း၊ ယောကျ်ား အလုပ်သမားများကလည်းကောင်း၊ ကောင်းထက်ဇော်နှင့် ပတ်သက်သော လုပ်ငန်းများကို ရှောင်ရှားလာပြီဖြစ်ရာ ကောင်းထက်ဇော်တို့၏ စီးပွားရေးမှာ သိသိသာသာကြီး ပျက်စီးလာပြီကို တွေ့ရှိရလေ၏။

‘ဝီရိယအကျိုး၊ ကံထက်ဝက်’

ဟု ဆိုရိုးရှိ၏။

မိမိ၏ မလျော့သော ဝီရိယအကျိုးကြောင့် ကံဆောင်းနေသော ကောင်းထက်ဇော်ကို နိုင်စပြုနေပြီ ဖြစ်သည်။

စာစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသကဲ့သို့ ဝိုင်းချစ်စုကို သတ်လိုက်သည့်အတွက် ကောင်းထက်ဇော် ရန်ကုန်သို့ ဆင်းလာသည်။

မြစ်ကွေ့မြို့တွင် သိင်္ဂီရွှေစင်တစ်ယောက်တည်းသာ ရှိတော့သည်။

လွတ်လွတ်ကျွတ်ကျွတ် သတ်ခွင့်ရမည်ဖြစ်သည်။

သိင်္ဂီရွှေစင်ကို ရှာရာတွင် ဝိုင်းချစ်စုလောက်မခက်။

ဘိန်းဖြူကိုင်သော ခင်မေငင်တို့၏ လမ်းကြားမှ သွားစောင့်နေလျှင် ကိစ္စအားလုံး ပြီးနိုင်သည်။

ဣဿာမစ္ဆရိယကံဇော်သည် ကင့်ပဲ့အိတ်ထဲမှ ရှမ်းပုလင်းမြားဆလေးကို ထုတ်ပြီး တင်ကျိုက် မော့သောက်လိုက်သည်။

ဣဿာမစ္ဆရိယကံဇော် စီးလာသော ဖူဆိုကားကြီးအစကားတောင်ကိုးကွေ့ကို ဝိုက်ကာငတ်စာ ကွေ့ကောက်၍မောင်းနေရာ တချို့ကွေ့များသည် ရေဝတီမြစ်ပြင်ကို ခေါင်းတည်ပြီး ဖြစ်ဖြစ်သွားသဖြင့် အသည်းထဲတွင် အေးစိမ့်စိမ့်ဖြစ်သွားခဲ့သည်။

ဣဿာမစ္ဆရိယကံဇော်သည် ဤကဲ့သို့ ဖြစ်ခဲ့သည်ကိုပင် အရသာတစ်မျိုးဟု ခံယူလေ၏။





'ဩော်.... ဝိုင်းချစ်စု ဝိုင်းချစ်စု၊ နာမည်နဲ့လိုက်အောင် အစ်ကို ကာလသားတွေက ဝိုင်းချစ်နေတော့တာပဲနော်၊ ငါ နှင့်ကို သတ်သင့် မသတ်သင့် အကြိမ်ကြိမ် စဉ်းစားပါသေးတယ်ဟာ၊ ဒါပေမယ့် နှင်က ကောင်းထက်ဇော်နဲ့ ပတ်သက်နေတော့ မသတ်သင့်ဘူးဆိုတဲ့ အလေးထက် သတ်သင့်တယ်ဆိုတဲ့ အလေးက သာသွားတယ်လေ'

'ငါ့ကို ခွင့်လွှတ်ပါဟာ၊ နှင် စောစောသေတော့ စောစော ကလေးပြန်ဖြစ်'

'နှင် ကြီးပြီးအလာနဲ့ ငါက ဟိုတယ်အထောင်နဲ့ အံကိုက်ဖြစ်မှာပါဟာ၊ ဒီတော့ ငါ့ဆီ အလုပ်လာလုပ်ပေါ့'

'ဟင်....ဒီလိုလဲ မဖြစ်သေးပါဘူး၊ ငါ့ ဟိုတယ်မှာ နှင် လုပ်တော့ ကောင်းထက်ဇော်က တစ်လှည့် ကလဲ့စားချေပြီး ငါ့အလုပ်သမားတွေနဲ့ ပတ်သက်သူတွေကို လိုက်သတ်တဲ့အခါ နှင်ပါသွားဦးမှာပေါ့'

ဟု တွေးတောပြီး ဟိုတစ်နေ့က ဝိုင်းချစ်စုအား သတ်ခဲ့ပုံများကို ရုပ်ရှင်ကြည့်သကဲ့သို့ မှေးမှိတ်ထားသော မျက်လုံးထဲတွင် ပြန်၍ မြင်ယောင်နေပေတော့သည်တကား။

ဓမ့ပျောက်လိုက်ချင်သော်လည်း လုံးဝ မေ့လို့မရပေ။

ဝိုင်းချစ်စုကို သတ်ခဲ့ပုံများကတော့ အောက်ပါအတိုင်း ဖြစ်ပေတော့သည်။

●

## အခန်း-၂၀

## ကြက်မနိုင် ကျီမီးနဲ့ရှို့

ပန်းဆိုးတန်းအောက်လမ်းရှိ ဘဏ်လမ်းခွဲကလေးမှာ မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

မြန်မာဆိုင်ကမ်း အာကာပိုင်ရုံးကြီးမှာလည်း လူခြေ တိတ်ဆိတ်နေပြီး ထီးထီးကြီး ရပ်တည်နေရာ စိတ်ကို ချောက်ချားသွားစေ၏။

မြန်မာ့ကလေးစကိတ်စီးကွင်း ဥယျာဉ်မှာလည်း တိတ်ဆိတ်နေ၏။ ညဉ့် ၁၂ နာရီထိုးပြီဖြစ်ရာ အသွားအလာ ကင်းရှင်းနေပေပြီ။ မြန်မာ့ကလေးစကိတ်စီးကွင်းနှင့် အားထားစားကွင်း၊ ပန်းဥယျာဉ်ထောင့် ပလက်ဖောင်းပေါ်တွင် ကုလားဘိန်းစားတချို့နှင့် အခြေအနေမဲ့ မြန်မာတချို့တို့ ကိုယ်



ပုဆိုး ကိုယ်ခြုံကာ ခြေဆင်းလဲလျော အိပ်ပျော်နေကြသည်ကို တွေ့ရှိရလေသည်။

ဣသာမဏ္ဍရိယကံဇော်သည် ထိုလူများကိုကြည့်၍ တရားရနေ၏။

ဆင်းရဲသူတွေမှာ တစ်နေ့စာတစ်နေ့ ကြက်များလို ယက်စားနေကြရပြီး ချမ်းသာသူများမှာ အစ်အီးကားကို အရောင်တစ်မျိုးပြီးတစ်မျိုး ပြောင်းစီးနေကြသည်ကို တွေ့ရှိလေရာ လူတန်းစား မညီမျှမှုများကို တွေ့မြင်နေရလေသည်။

မည်သူမပြု၊ မိမိမှုဆိုသကဲ့သို့ လုပ်ရဲလျှင် ခံရဲသူများ ချမ်းသာလာသည်ကို တွေ့ရှိရလေ၏။

ဣသာမဏ္ဍရိယကံဇော်တို့ ငယ်ငယ်က လူကြီးသူမများက ပြောဖူးသည်။

ချမ်းသာမည့်ကလေးက အသွားကလေး ဝင်းထိန်နေပြီး ဖြူဖြူဖွေးဖွေး တုတ်တုတ်ခန့်ခန့်နှင့် ချမ်းသာမွေးကလေးများက နားထင်ဘေးကလေးတွေမှာ ပေါက်နေသည်ဟု ပြောဖူး၏။

ယနေ့ မျက်မှောက်ခေတ်ကို ကြည့်လိုက်တော့ ချမ်းသာတဲ့ လူမှန်သမျှ များသောအားဖြင့် အီတီဇာတ်ကောင်လို ပုပုကွကွ မည်းမည်းကြုတ်ကြုတ်တွေ များသည်။

ဆုတ်ခေတ်ရောက်ပြီတဲ့။

သာသနာ တစ်ဝက်ကျိုးပြီတဲ့။

ငရဲ၊ ပြိတ္တာ၊ အသူရကာယ်ဘ ငရဲသားတွေ လူပြန်ဖြစ်လာကြပြီတဲ့။

သည်ငရဲသားတွေဟာ ငရဲပြည်မှာ မစားခဲ့ရ မသောက်ခဲ့ရ အငတ်ငတ် အပြတ်ပြတ် နေခဲ့ကြရပြီး လူ့ဘဝ ရောက်လာကြတော့ အားမနာ လျှာမကျိုး စားကြသည်တဲ့။

ဘယ်လောက်ပေးပေး ယူလို့အားမရနိုင်ဘူးတဲ့။ ဘယ်လောက် ချမ်းသာ ချမ်းသာ မတင်းတိမ်ဘူးတဲ့။ ညီတွေ၊ အစ်ကိုတွေ၊ အစ်မတွေ၊ အဖေတွေ အမေတွေ မခွဲခြားဘူးတဲ့။

စားစရာရှိ စားမှာပဲတဲ့။ ယူစရာရှိ ယူမှာပဲတဲ့။ ဘယ်သူ့မျက်နှာမှ မထောက်ဘူးတဲ့။ ငါကိုယ်တိုင်ကသည်း ငရဲသားတစ်ယောက်ယောက်ကနေ ဘဝပြောင်းခဲ့တာပဲ ဖြစ်မယ်။

'ငါ လူတစ်ဖက်သားကို မနာလို ဖြစ်နေတယ်၊ သတ်စရာရှိ သတ်ခဲ့တယ်၊ စားစရာရှိ စားခဲ့တယ်၊ အခုကြည့်၊ ဝိုင်းချစ်စုကို ငါသတ်ရဦးမယ်'

ဟု ဣဿာမစ္ဆရိယကံဇော်သည် ဘဏ် လမ်း ထောင့်မှာ တစ်ယောက်တည်း ရပ်နေရင်းမှ တောင်တွေးမြောက်တွေး တွေးနေလေ၏။





ထိုသို့တွေးတောနေခိုက် ဘဲလ်အဲယား ကားနက်ကလေးတစ်စီး မိမိ၏ရှေ့မှ ဖြတ်မောင်းသွားပြီး ဆိပ်ခံဗေဒတံတားတွင် သွားရပ်သည်ကို တွေ့ရှိရလေ၏။

'ကိုယ်လိုက်မပို့တော့ဘူးနော် ချစ်စု'

မန်နေဂျာခင်မောင်မြင့်က ဝိုင်းချစ်စုကို ပြောလိုက်သည်။

'ရတယ်လေ ဒက်ဒီ၊ ဒီနေ့ ကျွန်မ နားချင်တယ်၊ ဒက်ဒီ လိုက်မပို့နဲ့တော့နော်'

ဝိုင်းချစ်စုက မိမိဘေးမှ တံခါးကိုဖွင့်ပြီး ဆင်းလိုက်သကဲ့သို့ မန်နေဂျာ ခင်မောင်မြင့်ကလည်း မိမိ၏ ဘေးမှ တံခါးကို ဖွင့်ဆင်းလိုက်ပြီး နှစ်ယောက်သား ကားခေါင်း၏ ရှေ့တွင် ဆုံလိုက်ကြလေ၏။

မန်နေဂျာ ခင်မောင်မြင့်သည် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်ပြီး ဝိုင်းချစ်စုကို မိမိ၏ရင်ခွင်ထဲသို့ ဝင်လာရန် ဖိတ်ခေါ်လိုက်၏။

ဝိုင်းချစ်စုက အလိုက်သင့်ကလေးဝင်ပြီး ခေါင်းဆလေးကို မော့ပေးလိုက်သည်။

ချိုမြိန်သောအနမ်းတို့ဖြင့် လွတ် ထွက် မ သွား အောင် နှစ်ယောက်သား နှုတ်ဆက်နေကြလေသည်။

ဣဿာမစ္ဆရိယကံဇော်သည် ခင်မောင်မြင့်နှင့် ဝိုင်းချစ်စု တို့ အနားမှ ဖြတ်လျှောက်သွား၏။

အချစ်တွင် နားမပါပေ။

ဣဿာမစ္ဆရိယကံဇော် မိမိတို့၏ အနီးမှ ဖြတ်လျှောက်သွားသည်ကို အချစ်နယ်ကျွန်နေကြသော ခင်မောင်မြင့်နှင့် ဝိုင်းချစ်စုတို့ မကြားလိုက်သကဲ့သို့ သိလည်း မသိလိုက်ပေ။

ထို့ကြောင့် အချစ်တွင်နားမပါဟု ဣဿာမစ္ဆရိယကံဇော် ပြောလိုက်ခြင်း ဖြစ်၏။

ဣဿာမစ္ဆရိယကံဇော်သည် ခရီးသည်များ ဆင်းရန် ပြုလုပ်ထားသော ဆိပ်ခံတံတားကြီးမှ အောက်သို့ဆင်းသွားပြီး ဆိပ်ခံသမ္ဗန်ကြီးတွင် ကပ်ထားသော စက်ငှက်လှေ(ငှက်လှေပဲ့ထောင်)ပေါ်သို့ ဆင်းလိုက်သည်။

ပဲ့ထောင်မှာ ဟိုဘက်သည်ဘက် လှုပ်ယမ်းသွားရာ ပဲ့ထောင်ပေါ်တွင် အိပ်နေသော ပဲ့ထောင်စက်ဆရာ နိုးလာတော့သည်။

'ခင်ဗျား ဘယ်သူလဲ'

ပဲ့ထောင်သမားက မေးသည်။

ချက်ချင်း မဖြေသေးဘဲ ဣဿာမစ္ဆရိယကံဇော်သည် မိမိလာခဲ့ရာဆီသို့ မှန်းမျှော်ကြည့်လိုက်ရာ ကားစက်ခေါင်းရှေ့မှ





စုံတွဲမှာ နှုတ်ဆက်၍ ကောင်းနေကြဆဲဖြစ်နေသည်ကို တွေ့ရလေ၏။

'ဟော့လူ ကျုပ်မေးနေတာ မကြားဘူးလား'

ဒုတိယမ္ပိ စက်လှေသမားက ထပ်မေး၏။

'မင်း ဘာကြောင့်နေတာလဲ၊ ငါ ဝိုင်းချစ်စုရဲ့ မောင်ကြွားအခု ငါတို့ပြန်လာတာ၊ ဟိုဘက်ကမ်းကူးဖို့ မင်းကိုမှာထားတာ မဟုတ်လား'

ခပ်တည်တည်နှင့် ဣဿာမစ္ဆရိယကံဇော်က ဟောက်လိုက်သည်။

'ဟင်.... အဲ.... ဩော်.... ဟုတ်ကဲ့'

စက်လှေသမား ယောင်ကန်းကန်း ဖြစ်သွားပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတော့လေ၏။

အမှန်တော့ သည်ဆိပ်ကမ်းမှာ နေ့လယ်အခါတွင် ဒလဘက်သို့ကူးသော စက်လှေ မြောက်မြားစွာ ရှိသည်။

ယခုတော့ တစ်စင်းတည်းသော စက်လှေသာ ရှိလေရာ ဤစက်လှေသည် ဝိုင်းချစ်စုကို စောင့်နေသော စက်လှေဖြစ်ရမည်ဟု ဣဿာမစ္ဆရိယကံဇော် သေချာပေါက် တွက်လိုက်မိလေတော့သည်။

ထို့ကြောင့် စကားဖြင့်ဖိန့်လိုက်ရာ စက်လှေသမား အငိုက်မိသွားလေတော့၏။

'အင်း.... ဒီဘစ်ခါ တစ်ယောက်ပါလား'

'ဘာ.... ဘာပြောတယ်'

'ပြော်....ဟိုဟာ....ဟိုဥစ္စာ.... ဟင်း ဟင်း ဘာမှမဟုတ်ပါဘူး ဆရာ'

ပြောတုန်းကပြောပြီး ဣဿာမစ္ဆရိယ ကံဇော်သည် မေးလိုက်သောအခါ စက်လှေသမား ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်။

စက်လှေသမား ပြောမည်ဆိုလည်း ပြောလောက်ပါပေ၏။

ဝိုင်းချစ်စုံသည် နာမည်နှင့်လိုက်အောင် ယောကျ်ားများ ဝိုင်း၍ချစ်ခြင်းကို ခံနေရသူ ဖြစ်လေရာ

တစ်ညလျှင် တစ်ယောက် ပြောင်း၍ လာ တတ် သော ကြောင့် စက်လှေသမားက ပြောလိုက်ခြင်း ဖြစ်သည်။

'စက်နှိုးတော့ ငါ့လူ'

ဣဿာမစ္ဆရိယ ကံဇော်က စက်လှေသမားကို သတိပေးလိုက်သည်။

'မမလေးရော'





'ဟိုမှာလာနေတာ မမြင်ဘူးလားကွ'

ကားရှေ့တွင် နှုတ်ဆက်ပြီး၍ သည်ဘက် လှည့်လာပြီဖြစ်သော ဝိုင်းချစ်စုကို လက်ညှိုးထိုးပြလိုက်သည်။

စက်လှေသမားသည် လှမ်းကြည့်လိုက်ရာ တရွေ့ရွေ့နှင့် မိမိ၏ထံသို့ လာနေသော ဝိုင်းချစ်စုကို ခပ်လှမ်းလှမ်း မှောင်ရိပ်ထဲတွင် မြင်ရလေရာ

စက်နှိုးသော ဂေါက်ကိုယူ၍ ပဲ့ထောင်သမားသည် စက်နှိုးရန်အတွက် ပဲ့ထောင်စက်ဆီသို့ အာရုံစူးရောက်နေခိုက်

ဣဿာမစ္ဆရိယကံဇော်သည် စက်လှေသမား၏ မေ့ကြောဆီသို့ လက်ဝါးစောင်း ခုတ်ချလိုက်လေ၏။

'ဒုတ်'

'အင့်'

'တာ့တာ ငါ့လူ၊ နောက်ဘဝမှ တွေ့ကြသေးတာပေါ့'

'ဗွမ်း'

စက်လှေသမား မေ့သွားသောအခါ ရေထဲသို့ ကန်ချလိုက်ပြီး ဣဿာမစ္ဆရိယကံဇော်သည် ပဲ့ထောင်စက်ကို စတင်နှိုးလေတော့သည်။

'ဘွတ်.... ဘွတ်.... ဘွတ်'

စက်သံက လီဗာအတင်လွန်သွားသဖြင့် အသံကျယ်ကျယ် လောင်လောင်ထွက်သွားရာ လီဗာကို အနည်းငယ်လျှော့ လိုက်ရသည်။

'ကိုစံကွန့် မဟုတ်ပါလား'

ဝိုင်းချစ်စုက ပဲ့ထောင်ပေါ် သို့ခြေချမိလျှင်မိချင်းမေး၏။

ဝိုင်းချစ်စု ပဲ့ထောင်ပေါ် သို့ ရောက်သည်နှင့် မထိုင်ရ သေးမီပင် စက်လှေက ဆိပ်ခံဇဗာခုံကြီးမှ ခွာပြီး ဖြစ်နေ၏။

'အမေ့'

'အိုး.... ကံဇောင်းလို့ ရေထဲကျတော့မလို့၊ ထိုင်မှ မထိုင်ရ သေးဘူး မောင်းရသလား ရှင့်'

ဝိုင်းချစ်စုက စက်လှေသမားကို အပြစ်တင်လိုက်သည်။

'ကိုစံကွန့် နေမကောင်းလို့ ကျွန်တော့်ကို လွှတ်လိုက် တာ၊ ဒီနေ့ နေ့ဘက်ကျလှချည်လား'

ဂ္ဃသာမဏ္ဍရိယကံဇော်က ဝိုင်းချစ်စုကို အစရှံပြောင်း စေလိုက်သည်။

'ကြုံကြုံဖန်ဖန်ရှင်၊ ဒီနေ့စောတာ'

'ဩော်.... ဟုတ်လား၊ ကျွန်တော်က နေ့ဖက်ကျတယ် မှတ်လို့'

'ဩော်.... ဒါနဲ့ ဒီနေ့တော့ တစ်ယောက်မှ အဖော်ပါ မလာပါလား'





'ဒါ ရှင့်အလုပ်လား၊ ခွေးအလုပ် ခွေးလုပ်ပါ၊ မြည်း အလုပ် မြည်းလုပ်ပါလိမ့်မယ်'

စကားမပြောချင်သဖြင့် ဝိုင်းချစ်စုသည် ဂ္ဃသာမဏ္ဍရိယ ကံဇော်ကို ကျောပေး၍ ပဲ့ထောင်ဦးဘက်သို့ မျက်နှာလှည့် ပြီး ထိုင်နေလိုက်၏။

ဂ္ဃသာမဏ္ဍရိယကံဇော်သည် ဝိုင်းချစ်စုကိုကြည့်ပြီး ခေါင်း တညိတ်ညိတ်ပြုလုပ်ကာ ပြုံးလိုက်သည်။

ဂ္ဃသာမဏ္ဍရိယကံဇော်သည် ပဲ့ထောင်စင်၏ ပဲ့တံကို စက်လှေအား ဒလဘက်သို့ မျက်နှာမူလိုက်ပြီး အသေချည် ထားလိုက်သည်။

စက်ရှိန်ကို လျှော့လိုက်၏။

တစ်နာရီမိုင် ၂၀ နှုန်းစက်ကို ချိန်ပြီးနောက် ဝိုင်းချစ်စု ထိုင်နေရာဆီသို့ လျှောက်သွားလေသည်။

'ဟင်.... ရှင် ရှင် ဒါ ဘာလုပ်တာလဲ'

'နင့်ကို သတ်မလို့'

'ဘာ....'

ဝိုင်းချစ်စု ထရန်ပြင်လိုက်သည်။

'နည်းနည်းမှ မလှုပ်နဲ့၊ ရေနစ်ပြီး သေသွားချင်သလား၊ ဒါရေအန်မဟုတ်ဘူး၊ ပင်လယ်ဗျ၊ သိလား၊ ခြေမထောက် မိဘူး အမိ၊ တစ်ခါတည်း ငါးစာဖြစ်သွားမယ်'

ဣဿာမစ္ဆရိယကံဇော်က ခြိမ်းခြောက်လိုက်သည်။

ဝိုင်းချစ်စု လက်လျှော့လိုက်ရသည်။

မိမိ ရေမကူးတတ်သည်ကို ယခုမှ သတိရ၏။

'ကျွန်မနဲ့ ရှင်နဲ့ သိလဲ မသိဘူး၊ ရန်ငြိုးလဲ မရှိဘူး၊ ဒါနဲ့ တောင်မှ ဘာ့ကြောင့် သတ်ချင်ရတာလဲ'

ဝိုင်းချစ်စုက မေး၏။

'နင် ဘယ်သူ့ အဆက်အသွယ်နဲ့ ရန်ကုန်ကို ရောက်လာရတာလဲ'

ဣဿာမစ္ဆရိယကံဇော်က မေးလိုက်သည်။

'အစ်ကို ကောင်းထက်ဇော် အဆက်အသွယ်နဲ့ ရောက်လာတာ၊ ရှင်က ဘယ်သူလဲ'

ဝိုင်းချစ်စုက အပြန်အလှန်မေးခွန်းထုတ်လိုက်၏။

'ငါ ကောင်းထက်ဇော်ရဲ့ ရန်သူ ကံဇော်လို့ခေါ်တယ်၊ ငါ့ဆရာကတော့ ငါ့ကို ဣဿာမစ္ဆရိယကံဇော်လို့ခေါ်တယ်'

'ဟင် ဒါဖြင့် မြစ်ကွေ့မှာသတ်နေတဲ့လူဟာ ရှင်ပဲပေါ့'

'အေး.... ဟုတ်တယ်၊ နင့်ကို နင့်အဖော်တွေက မြန်မြန်လာခဲ့ဖို့ မှာလိုက်တယ်'

'ကျွန်မ အဖော်တွေဟုတ်လား၊ ဘယ်သူတွေလဲ'

'ဆုဖြိုးဝေ၊ မြတ်ထွန်းနဲ့ စိမ်းလဲ့ပြာတို့လေ၊ နင် မသိဘူးလား'





'အို.... ရှင် ရှင်'

'ဒုတ်....'

'ကေးလား'

'ဟား ဟား ဟငး....'

ဣဿာမစ္ဆရိယကံဇော် ဟားတိုက်၍ ရယ်လိုက်၏။

ကားအတူစီးလာသော ဧရီးသည်များ အိပ်ငိုက်နေရာမှ လန့်နိုးကြပြီး အဓိပ္ပာယ်မရှိ အော်ကြီးဟစ်ကျယ်ရယ်လိုက်သော ကံဇော်ကို မလိုမုန်းထား မျက်လုံးများဖြင့် ဝိုင်း၍ ကြည့်ကြလေ၏။

ကားက မြစ်ကွေ့မြို့ရှိ အဝေးပြေးကားဂိတ်ကိုဖြတ်ကျော်ကာ 'သူရစိုး' ကားဂိတ်တွင် ရပ်လိုက်သည်။

ဣဿာမစ္ဆရိယကံဇော်သည် ဝိုင်းချစ်စုကို သတ်ခဲ့စဉ်က ကိစ္စများ ဦးနှောက်ထဲတွင် တဝဲလည်လည်ဖြင့် ပြန်လည်မြင်ယောင်နေပြီး အစဉ်းစားလွန်လာခဲ့သဖြင့် မြစ်ကွေ့မြို့သို့ ပြန်လည် ခြေချမိသည်ကို မသိရှိလိုက်ဘဲ ဖြစ်သွားရခြင်း ဖြစ်လေသတည်း။

ဣလာသာမစ္ဆရိယကံဇော်က ခြိမ်းခြောက်လိုက်သည်။

ဝိုင်းချစ်စု လက်လျှော့လိုက်ရသည်။

မိမိ ရေမကူးတတ်သည်ကို ယခုမှ သတိရ၏။

'ကျွန်မနဲ့ ရှင်နဲ့ သိလဲ မသိဘူး၊ ရန်ငြိုးလဲ မရှိဘူး၊ ဒါနဲ့ တောင်မှ ဘာ့ကြောင့် သတ်ချင်ရတာလဲ'

ဝိုင်းချစ်စုက မေး၏။

'နင် ဘယ်သူ့ အဆက်အသွယ်နဲ့ ရန်ကုန်ကို ရောက်လာရ တာလဲ'

ဣလာသာမစ္ဆရိယကံဇော်က မေးလိုက်သည်။

'အစ်ကို ကောင်းထက်ဇော် အဆက်အသွယ်နဲ့ ရောက်လာ တာ၊ ရှင်က ဘယ်သူလဲ'

ဝိုင်းချစ်စုက အပြန်အလှန်မေးခွန်းထုတ်လိုက်၏။

'ငါ ကောင်းထက်ဇော်ရဲ့ ရန်သူ ကံဇော်လို့ခေါ်တယ်၊ ငါ့ဆရာကတော့ ငါ့ကို ဣလာသာမစ္ဆရိယကံဇော်လို့ခေါ်တယ်'

'ဟင် ဒါဖြင့် မြစ်ကွေ့မှာ သတ်နေတဲ့လူဟာ ရှင်ပဲပေါ့'

'အေး.... ဟုတ်တယ်၊ နင့်ကို နင့်အဖော်တွေက မြန်မြန် လာခဲ့ဖို့ မှာလိုက်တယ်'

'ကျွန်မ အဖော်တွေဟုတ်လား၊ ဘယ်သူတွေလဲ'

'ဆုဖြိုးဝေ၊ မြတ်ထွန်းနဲ့ စိမ်းလဲ့ပြာတို့လေ၊ နင် မသိဘူး လား'





'အို.... ရှင် ရှင်'

'ဒုတ်....'

'ကေးလား'

'ဟား ဟား ဟား....'

ဣလာသာမစ္ဆရိယကံဇော် ဟားတိုက်၍ ရယ်လိုက်၏။

ကားအတူစီးလာသော ရီးသည်များ အိပ်ငိုက်နေရာမှ လန့်နိုးကြပြီး အဓိပ္ပာယ်မရှိ အော်ကြီးဟစ်ကျယ်ရယ်လိုက် သော ကံဇော်ကို မလိုမုန်းထား မျက်လုံးများဖြင့် ဝိုင်း၍ ကြည့်ကြလေ၏။

ကားက မြစ်ကွေ့မြို့ရှိ အဝေးပြေးကားဂိတ်ကိုဖြတ်ကျော် ကာ 'သူရစိုး' ကားဂိတ်တွင် ရပ်လိုက်သည်။

ဣလာသာမစ္ဆရိယကံဇော်သည် ဝိုင်းချစ်စုကို သတ်ခဲ့စဉ်က ကိစ္စများ ဦးနှောက်ထဲတွင် တဝဲလည်လည်ဖြင့် ပြန်လည် မြင်ယောင်နေပြီး အစဉ်းစားလွန်လာခဲ့သဖြင့် မြစ်ကွေ့မြို့သို့ ပြန်လည် ခြေချမိသည်ကို မသိရှိလိုက်ဘဲ ဖြစ်သွားရခြင်း ဖြစ် လေသတည်း။

●

## ကဏ္ဍ-၂၁

## ပျောက်သောသူ ရှာလျှင်တွေ့

လူတွေ ဝိုင်းနေသည်။

'မဆိုင်တဲ့လူတွေ မကပ်ကြပါနဲ့၊ နည်းနည်း ဝေးဝေး ကလေး ရှောင်ပေးကြစမ်းပါ'

ဆိပ်ခံတာဝန်ခံက ဝိုင်းကြည့်နေကြသော လူထုကြီးကို ဘေးသို့ အဖယ်ခိုင်းလေ၏။

'စက်လှေသမား စံကွန့်တဲ့၊ ဝိုင်းချစ်စုကို ညတိုင်းလာကြိုတဲ့ စက်လှေသမားတဲ့ကွ'

တစ်ယောက်စကား တစ်ယောက်နား ကြားကြရလေ၏။

အလောင်းမှာ ဆိပ်ခံဗောတံတားနှင့် ငြိနေပြီး ခုနစ်ရက်ပြည့်၍ ပေါ်လာခြင်းဖြစ်၏။

ကောင်းထက်ဇော်သည် လူတောထဲသို့ တိုးဝင်လာပြီး ရေပေါ်ပေါ်နေသော အလောင်းကို ကြည့်လိုက်၏။





'ဘာဒုက္ခရာမှ မရှိဘူးကွ၊ ရေနစ်ပြီးသေတာတဲ့'

တစ်ယောက်က ပြော၏။

'ဟာ....မဖြစ်နိုင်တာကွာ၊ ဒီပွဲထောင်သမားတွေက ရန်ကုန်နဲ့ ဒလ လက်ပစ်ကူးနေတဲ့ကောင်တွေကွ၊ ဘယ်လိုမှ ရေနစ်ပြီး မသေနိုင်ဘူး'

တစ်ယောက်က ပဟေဠိကို အဖြေညှိကြည့်၏။

'အေး....မင်းက မဖြစ်နိုင်ဘူးပြောနေ၊ စံကွန့်ကတော့ ရေနစ်ပြီး သေနေပြီ'

တစ်ယောက်က ငြင်းချက်ထုတ်သည်။

'သတိမေ့အောင်လုပ်ပြီး ရေထဲကန်ချခဲ့လို့ ဖြစ်မှာပေါ့ဗျ'

တစ်ယောက်က အဖြစ်နိုင်ဆုံး အဖြေကို ဖော်သည်။

'ဟုတ်တယ် လူသတ်ကောင်က ဝိုင်းချစ်စုကိုသတ်ပြီး ဒလဘက်က ဗောခံတံတားပေါ်မှာ ထားခဲ့တယ်၊ ညတွင်းချင်း ရန်ကုန်ဘက်ပြန်ကူးလာပြီး ပွဲထောင်ကို ဒီနေရာမှာပဲ ပြန်ထားခဲ့တယ်၊ ကိုင်း....ဘယ်လောက်ပိုင်တဲ့ လူသတ်ကောင်လဲ'

တစ်ယောက်က လူသတ်ကောင်ပိုင်ပုံကို အမွှန်းတင်သည်။

'ဟုတ်လိုက်လေကွာ ပြောနေလိုက်ကြတာ၊ မင်းတို့ကိုယ်မင်းတို့ ရဲစုံထောက်ကြီးတွေဖြစ်တဲ့ လူဆိုးထိန်းမောင်ကြီးတို့ ဆားပွလင်းနှင်းမောင်တို့များ မှတ်နေကြသလားကွ'

ဟု လူတစ်ယောက်က ရှုတ်ချပြန်၏။

ဘာပဲပြောပြော ကောင်းထက်ဇော်အတွက် ထိုစကားများသည် များစွာ အထောက်အကူပြုသည်။

နောက်ဆုံးပြောသောလူ၏ စကားသည် ဖြစ်နိုင်၏။

အကယ်၍သာ ကံဇော်သည် ဒလမှာသာနေပါက သူ စိမ်းဖြစ်၍ ၎င်းအား လူအများ ဂရုစိုက်နိုင်မည်၊ ချက်ချင်း အဖမ်းခံရမည်။

ဒလသည် တောမကျ မြို့မကျမြို့ဖြစ်၍ သူစိမ်းတစ်ယောက် ရောက်လာပါက ချက်ချင်းသိနိုင်၏။

ရန်ကုန်ဆိုသည်က မြန်မာပြည်၏ ပထမမြို့တော် မြို့ပေါင်းစုံ နယ်ပေါင်းစုံမှ လူမျိုးပေါင်းစုံ နေ့စဉ် အဝင်အထွက်ရှိ၏။

'ငါသာ ကံဇော်ဆိုရင် ရန်ကုန်ကိုပဲ ချက်ချင်းပြန်ပြီး မီးရထားနဲ့ မြစ်ကြေ့ကို ပြန်လစ်မှာပဲ'

ဟု ကောင်းထက်ဇော် တွေး၏။

ဒိတ်ခနဲ နှလုံးတုန် ရင်ခုန်သွားသည်။

'သိင်္ဂီရွှေစင်'

သိင်္ဂီရွှေစင်ကို သတိရသွားခဲ့သည်။

ဖြိုးကျော်က သောက်အ။ ဘာကိုယ်ခံပညာမှ တတ်သူမဟုတ်။ ဘယ်သူမှ ကံဇော်ကို နိုင်အောင်မတတ်နိုင်။





ထို့ကြောင့် ကောင်းထက်ဇော်သည် ဇော်ဘွားကြီးကုန်းရှိ အဝေးပြေးကားဂိတ်သို့ အမြန်ဆုံးသွားရန်အတွက် ပန်းခြံ၏ အရှေ့ဘက်ရှိ ရန်ကုန်ထောက်ကြန့်ကားဂိတ်သို့ အလျင်အမြန်ပြန်၍ ပြေးခဲ့ရလေ၏။

'ဒီနေ့ မြစ်ကြေ့ကို ပြန်လိုက်မှ ဟိုအကောင့်ကို မိမယ်၊ အခုလောက်ဆို သိင်္ဂီပဲသေပြီလား ဖြိုးကျော်ပဲ သေပြီလား မသိဘူး' ဟု စိတ်ထဲမှ အမေးပုစ္ဆာပေါင်းများစွာ မေးလျက်ရှိပေတော့သည်။

ဤသို့ဖြင့် ညနေ ၅ နာရီ ရန်ကုန်မှ မြစ်ကြေ့မြို့သို့ထွက်သော တိုင်းသမဝါယမကားပေါ်သို့ ကောင်းထက်ဇော် ထိုင်မိလျက်သား ဖြစ်နေလေတော့သတည်း။

◉

## အခန်း-၂၂

## ရာဇဝတ်ဘေး ပြေးမလွတ်

'တောက်.... သောက်ကောင်မ၊ တော်တော် အလုပ်ရှုပ်တာယ်၊ သူ့နောက်လိုက်ရတာ ဖတ်ဖတ်ကိုမောနေပြီ'

ဖြိုးကျော် စိတ်တိုမိလေ၏။

သိင်္ဂီရွှေစင်ကလည်း ခြေမြန်သည်။

မိမိ၏နောက်မှ ဖြိုးကျော် နောက်ယောင်ခံပြီး လိုက်နေသည်ကို စိုးစဉ်းမျှမသိ။

သူကြောက်နေသည်က ဂူသာမဏ္ဍရိယကံဇော်။

ကံဇော်တစ်ယောက် မျက်ခြည်ပြတ်အောင် ဆိုပြီး မြင်းလှည်းဖြင့်တစ်ဖုံ၊ ဘတ်(စ်)ကားဖြင့်တစ်မျိုး၊ ဆိုက်ကားဖြင့်တစ်နည်း။

လမ်းကြို လမ်းမြောင် လမ်းကြားတို့မှ မနားမနေသွားနေ၏။





နောက်ဆုံး ဆိုက်သော ဘူတာမှာ ဓဆးရောင်းသော ခင်မောင်တိုး၏ နေအိမ်ပဲဖြစ်၏။

'ငါသာ ကံဇော်ဆိုရင် ဒီနေရာကပဲ စောင့်နေလိုက်မှာပဲ၊ အခုတော့ ငါက ကံဇော် မဟုတ်တော့ ဟိုကောင် ကောင်းထက်ဇော်ရဲ့ မှာစကားကြောင့် သူ့နောက်က တကောက်ကောက် လိုက်နေရတယ်'

ဖြိုးကျော် ညည်းလေ၏။

'ဒီကောင်မ ပိုက်ဆံပြတ်သွားရင် ခြေရှည်မှာ မဟုတ်ဘူး၊ ဒီတစ်ခါကုန်ရင် မပေးတော့ဘူး'

ဟု ဖြိုးကျော် စိတ်ဆုံးဖြတ်လိုက်သည်။

ဤသို့ ဖြိုးကျော် ဒုက္ခ ခံနေသည်မှာ သိင်္ဂီရွှေစင်ကို သံယောဇဉ်ရှိလွန်း၍ မဟုတ်။

ကောင်းထက်ဇော်၏ စကားကို နားထောင်ချင်လွန်း၍လည်းမဟုတ်။

ကံဇော် သတ်သည်ဆိုသည့် စကားကို ယနေ့ထိမယုံသေး၍ဖြစ်၏။ ဖြိုးကျော်သည် လက်တွေ့သမားဖြစ်၏။

ဘာမဆို လက်တွေ့ကျကျမှယုံ၏။

သိင်္ဂီရွှေစင်၏နောက်မှ လိုက်နေပါက တစ်နေ့နေ့ လူသတ်ကောင်ကို တွေ့ရမည်ဟု ယုံကြည်၏။

ထိုအခါတွင် ထိုလူသတ်ကောင်အား မိမိ၏စီးပွားရေးကို ဘာ့ကြောင့် ဖျက်ဆီးနေပါသလဲဟု မေးမေးပြီး စိန်ဗိုလ်တင့်

နှင့် စိန်စတင်းတို့၏ လက်သံကဲ့သို့ လက်သံပြောင်ပြောင်နှင့် နားရင်းပါးရင်းကိုရိုက်ပြီး မေးချင်လွန်း၍ဖြစ်၏။

ကောင်းကက်ဇော် ထွက်သွားခဲ့သည်မှာ သုံးရက်သာ ရှိသွားသည်၊ ဘာမှ ထူးခြားမှုမတွေ့။

သီဂီရွှေစင်၏ထံသို့ ဘယ်ခွေးကစ်ကောင် ကြောင်တစ်မြီးမှ မလာ။ မလိုက်။ သက်သက် အချိန်တွေပုပ်နေသည်။

ဖြိုးကျော် ကောင်းကင်ကို မော့ကြည့်လိုက်သည်။

ကြယ်တွေ စုံနေပြီ။

လမင်းကြီးကလည်း ထိန်ထိန်သာနေ၏။

အိတ်ထဲမှ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိဖွာနေမိ၏။

'မီသီဂီရွှေစင် ဘာလုပ်နေပါလိမ့်၊ ပြန်ထွက်မလာသေး ပါလား'

ဖြိုးကျော်သည် သီဂီရွှေစင် ဝင်သွားသော ခင်မောင်တိုး၏ အိမ်ကိုကြည့်၍ တစ်ယောက်တည်း မေးမိ၏။

'အင်း—လက်ဖက်ကောင်း ကြိုက်ရင် ပလောင် တောင် တက်နေ့ရမယ်တဲ့၊ စိတ်ရှည်ရှည်နဲ့ စောင့်မှပဲ'

ဟုတွေးလျက် မရှည်သော စိတ်ကို ရှည်အောင် မွေး၍ စောင့်နေရလေ၏။

'ဒုတ်'

'ခွပ်'





'ဒုတ်'

'ခွပ်'

'ဂျောင်....ဂျလောင်'

'ဒုတ်'

'ခွပ်'

'ဂျောင်....ဂျလောင်'

အဝတ်တွေက ညစ်ထေးထေး။

သက္ကလတ်ဦးထုပ်အပျော့ အစုတ်ကြီးက နဖူးတစ်ခြမ်းအုပ် နေသည်။

လက်တစ်ဖက်မှာက ဝါးဆစ်ပိတ်တုတ်ကောက်ကို ကိုင် လျက်၊ လက်တစ်ဖက်မှာက ဒန်ခွက်စုတ်တစ်လုံး ကိုင်လျက် လွယ်အိတ်အစုတ်ဖြင့် လူတစ်ယောက် မိမိအနီးသို့ လာရပ် သည်။

'လူကလေး၊ ခင်မောင်တိုးအိမ် ဘယ်နားမလဲ'

အသံချည့်ချည့်နဲ့နဲ့တုန့်တုန့်ယင်ယင်ဖြင့် ထိုလူကမေးသည်။

'ဟောဟိုဟာပဲ'

ဖြိုးကျော် သည်လို အနုတ်စုတ် ဂုတ်စုတ် ကောင်မျိုးနှင့် စကားမပြောချင်။

သို့သော်လည်း မပြောမဖြစ်၍ ခင်မောင်တိုး၏ အိမ်ကို လက်ညှိုးထိုးပြီး ပြောပြလိုက်လေ၏။

'ဆေးလိပ်မီး တစ်တို့လောက်'

ပြောင်းဖူးဖက် ဆေးလိပ်ကြီးကိုကိုင်လျက် ဖြိုးကျော်ထံမှ မဆောက်လက်စဆေးလိပ်ကို ပါးစပ်မှ ဆွဲချွတ်ပြီး ငွေတိယူ လိုက်၏။

'ခင်ဗျား.... ခင်ဗျား'

ထိုလူကြီးက ဖြိုးကျော် ဘာမှ မပြောနိုင်မီ ဖြိုးကျော်၏ ဆေးလိပ်ကို ပါးစပ်မှာသောက်လျက် ခင်မောင်တိုး၏ အိမ် အက်သို့ ဆက်လက်ထွက်ခွာသွား၏။

'ဒုတ်'

'ခွပ်'

'ဒုတ်'

'ခွပ်'

'ဂျေခင်.... ဂလောင်'

'တောက်.... လူပေါ် ခွေးကြောသွားပြီ၊ ငါ လိုက်ပြီးရိုက် ရှရင်တော့ မကောင်းတော့ဘူး'

'ဆေးလိပ်ကို ပြန်ယူရအောင်ကလဲ သူ သောက်ပြီးသား ငါ မသောက်ချင်ဘူး၊ လွယ်ထားတဲ့ လွယ်အိတ်ထဲမှာလဲ ဘာတွေမှန်း မသိဘူး၊ တဂျောင်ဂျောင် တဂွမ်ဂွမ်နဲ့'

ဟု မှတ်ချက်ချ၏။





ထိုလူကြီးသည် ခင်မောင်တိုး၏ အိမ်ရှေ့သို့ ရောက်သော် ဖြိုးကျော်ကို ပြန်လှည့်ကြည့်၏။

လက်ယပ်ပြ၍ နှုတ်ဆက်လိုက်သည်။

ဖြိုးကျော်ကလည်း ယောင်ပြီး ပြန်၍ နှုတ်ဆက်မိ၏။

'တောက်.... ငါနှယ်နော် မတူမတန် ဒီလက်နှယ် ဖြတ် ပစ်ဖို့ ကောင်းတယ်'

ဟု ပြောကာ လက်ယပ်ပြန်ပြမိသော မိမိ၏ ညာလက်ကို ဘယ်လက်ဖြင့် ရိုက်ချလိုက်မိသည်။

ဤသို့ ဖြိုးကျော် ဖြစ်ပျက်နေသည်ကို ရပ်၍ကြည့်နေသော တုတ်ဆောက်နှင့်လူဏ မြင်သဖြင့် ပြုံး၍ပြ၏။

ဖြိုးကျော်သည် ရှောယောင်၍ ပြုံးမိပြန်၏။

'ဩော်.... ဒီမျက်နှာက ပြုံးမိပြန်ပြီ'

'ဖြန်း'

ဖြိုးကျော် ကိုယ့်မျက်နှာကိုယ်ပြန်ရိုက်ပြီး တစ်ဖက်သို့ လှည့် လိုက်သည်။

ထိုလူကြီးကို မမြင်ချင်၍ ဖြစ်၏။

'အင့်'

'အိုး'

'ဂျောင်.... ဂလွမ်'

'ဗုဒ္ဓေါ.... ဘာဖြစ်တာလဲဟ'

သိင်္ဂီရွှေစင်က ခင်မောင်တိုး အခန်းထဲမှ ထွက်လာ၏။

ထိုလူကြီးက အခန်းထဲသို့ ဝင်လိုက်၏။

အဝင်နှင့် အထွက်။

နှစ်ယောက်သား တိုက်မိပြီး ထိုလူကြီး၏လွယ်အိတ် လွတ်ကျသွားသည်။

အသံကြား၍ လှည့်ကြည့်သော ဖြိုးကျော် လန့်အော်၏။

'သွားပြီ.... သေပြီ.... သိင်္ဂီရွှေစင် သေပြီ'

ဖြိုးကျော် အပြေးအလွှား ခင်မောင်တိုး၏ အိမ်သို့ ထွက်ခဲ့သည်။

စောစောက လူကြီးက ကံဇော် ဖြစ်ရမည်။

ကံဇော်ကအနားကပ်ပြီး သိင်္ဂီရွှေစင်ကို ဓားနဲ့ထိုးလိုက်ပြီ။

ထိုသို့ထင်သဖြင့် အခရာတကြီး ဖြိုးကျော် ပြေးသွားခြင်း ဖြစ်သည်။

လွတ်ကျသွားသော လွယ်အိတ်ကို သိင်္ဂီရွှေစင် က ကောက်ပေး၏။





'ဆောရီးနော် အဘ၊ သမီး မမြင်လို့ တိုက်မိတာ ခွင့်လွှတ်ပါ'

ဟု သိင်္ဂီရွှေစင်က တောင်းပန်၏။

ထိုလူကြီးက ခေါင်းညိတ်ပြပြီး ခွင့်လွှတ်ကြောင်း အသိအမှတ်ပြုစေ၏။

ထိုလူကြီးသည် ခင်မောင်တိုး၏ အိမ်ထဲသို့ ဝင်သွားလေ၏။

'နင် နင် ဘာမှ မဖြစ်ဘူးနော် ရွှေစင်'

'ဟင်.... ဆရာ ဖြိုးကျော်'

'အေး.... ဟုတ်တယ်'

'ဆရာ ကိုခင်မောင်တိုးဆီ လာတာလား'

'မဟုတ်ပါဘူး၊ နင့်နောက်လိုက်လာတာ'

'ဘာလုပ်ဖို့'

'စိတ်မချလို့ပေါ့ဟ'

'ဒုသ န သော မကြောက်ဘူး လား၊ ဆရာ့တပည့်မိန်းမဆိုတာလဲ သိထားဦးလေ'

'တယ်.... ယောက်ကောင်မ၊ နင့် ယောက်ျား ကောင်း ထက်ဇော်က နင့်နောက်က အမြဲ နောက်ယောင်ခံပြီး လိုက်ပေးပါဆိုလို့ဟ'

'ဟီဟိ.... သိပါဘူးတော်၊ ပိုက်ဆံတွေ ခဏခဏသုတ်ပေးနေရလို့ တန်ရာဘနိဖိုးများ ပြန်ယူချင်လို့လားလို့ပါ'

ဟု ခရာဘာတာ အူဘူတူဖြင့် သိဂ်ီရွှေစင်က ပြောလေ၏။

'တော်စမ်းပါ၊ လာ သွားကြမယ်'

ဖြိုးကျော်က သိဂ်ီရွှေစင်၏လက်ကိုဆွဲ၍ ထွက်လာလေ၏။

တိုက်ချိုးအကွေ့သို့ အရောက်

မည်းမည်းအရိပ်ကြီးတစ်ခုက ရှေ့မှတားဆီးထားလေ၏။

'ကံဇော်'

'ဟုတ်တယ်၊ ကျုပ် ကံဇော်ပဲ၊ ခင်ဗျားတို့နှစ်ယောက်ရဲ့ သေမင်းတမန် ကံဇော်ဆိုတာ သိတယ်မဟုတ်လား'

မှောင်မှောင်မည်းမည်းတွင် ဓါးထောက်၍ ကံဇော်က လမ်းပိတ်ပြီး ရပ်နေ၏။

သိဂ်ီရွှေစင်သည် ထွက်ပြေးရန် နောက်သို့လှည့်လိုက်သည်။

'ကျွေး....'

'ဒုတိ....'

'အား....'

နောက်သို့လှည့်လိုက်သော သိဂ်ီရွှေစင်၏ နောက်ကြောကို လေထဲပျံဝဲ၍ ဆနိလိုက်၏။





ရှေ့သို့ သုံးလေးပတ် ကျွမ်းပစ်ပြီး သိဂ်ီရွှေစင် ကျသွားသည်။

'ခွေးကောင် သေပေတော့'

ဖြိုးကျော်က ကံဇော်ကို ဝင်၍ထိုး၏။

ကံဇော်အ ဘယ်ခြေဆန့်၍ပြေးဝင်လာသော ဖြိုးကျော်၏ ဝမ်းဗိုက်ကို အနှံချက်မိမိဖြင့် ကန်လိုက်သည်။

ဖြိုးကျော် အခဝေကြီး လွင့်သွားသည်။

ကံဇော်သည် မြေပြင်ပေါ်တွင် လဲကျနေသော သိဂ်ီရွှေစင်၏ ဆံပင်ကို ဆွဲယူပြီး မျက်ခွက်ကို မော့စေလိုက်၏။

'ထွီ....'

သိဂ်ီရွှေစင်က ကံဇော်၏ မျက်ခွက်ကို တံတွေးဖြင့် ထွေးလိုက်သည်။

'ဖြန်း....'

'အမေ့....'

ကံဇော်က သိဂ်ီရွှေစင်ကို လက်ပြန်ရိုက်ချလိုက်သည်။

သိဂ်ီရွှေစင် ခံရချက်ပြင်းပြင်းဖြင့် လဲကျသွား၏။

ပါးစပ်မှ သွေးများ ယိုစီး ဖိတ်ကျလာသည်။

ဖြိုးကျော်သည် သင်္ဂြိုဟ်ရွှေစင်ကို မဲနေသော ကံဇော်အား နောက်မှနေ၍ တွေ့ရာတုတ်ချောင်းကိုကောက်ပြီး ရိုက်လိုက်သည်။

'ဖြောင်း....'

'ဟား ဟား ဟား....'

တုတ်က အဆွေးဖြစ်သည်။

ကံဇော်၏ ခေါင်းနှင့် တွေ့ထိသွားသောအခါ တုတ်က ကျိုးသွား၏။

ကံဇော်သည် ဟားတိုက်၍ရယ်ပြီး ဖြိုးကျော်၏ မျက်နှာကို မိမိ၏ ညာဖြင့်လက်သီးဆုပ်ချက် သွင်းလိုက်သည်။

ဖြိုးကျော်သည် နှာခေါင်းရိုးကျိုးပြီး သွေးများထွက်ကာ ဖင်ထိုင်လဲကျသွားလေ၏။

'သတ်မယ်၊ မင်းတို့နှစ်ယောက်စလုံး သတ်ပစ်မယ်'

အိတ်ထဲမှ ဓားကိုထုတ်လိုက်ပြီး သင်္ဂြိုဟ်ရွှေစင်ထံသို့ တိုးကပ်သွား၏။

'မသတ်နဲ့၊ မသတ်နဲ့'

ဖြိုးကျော်က ငယ်သံပါအောင် အော်ဟစ်သည်။

လဲကျနေရာမှထပြီး ကံဇော်ထံသို့ ပြေးဝင်၏။





ကံဇော်သည် ခြေထောက်ကို ဆန့်ထုတ်ပြီး နောက်ပြန် ကန်လိုက်သည်။

'ဒုတ်....'

'အင့်....'

'တော်တော်ရှုပ်တဲ့ကောင်၊ မင်းကို အရင်သတ်မယ်'

ဖြိုးကျော်၏ အရှိုက်ကို ဆန့်မိပြီး ဖြိုးကျော် နောက်သို့ လန်ကျသွားသည်။

ကံဇော်သည် မြေပြင်ပေါ်တွင် ပက်လက်လန်၍လဲကျနေသော ဖြိုးကျော်ကို ဓားဖြင့် တအားထိုးချလိုက်သည်။

'ဒုတ်'

'အား'

'ဂျောင်....ဂလွမ်....ဂလွမ်'

စောစောက အဘိုးကြီးသည် မိမိတွင်ပါလာသော တုတ်ချောက်ကြီးဖြင့် ဓားဖြင့်ထိုးရန် လုပ်လိုက်သော ကံဇော်ကို ရိုက်ချလိုက်သည်။

ကံဇော် ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။ ခေါင်းမှ သွေးများ ဖြာဆင်းလာသည်။

'မင်း ဘယ်သူလဲ'

မတ်တတ်ကြီး ရပ်ကြည့်နေသော အဘိုးကြီးကိုကြည့်၍ ကံဇော်က မေး၏။

အဘိုးကြီးသည် ဆောင်းထားသောဦးထုပ်ကို ချွတ်လိုက်၏။ စုတ်ပြတ်နေသော အဝတ်အစားများကို ခွာလိုက်သည်။

မျက်နှာတွင် သုတ်လိမ်းထားသော အိုးမည်းများကို အဝတ်ဖြင့် သုတ်သင်ရှင်းလင်းလိုက်သည်။

'ကောင်းထက်ဇော်'

'မင်း ကောင်းထက်ဇော် မဟုတ်လား'

ကံဇော် လန့်၍ အော်သည်။

'ဟုတ်တယ် ကံဇော်၊ မင်း ငါ့ကို ဒုက္ခပေးနေတာတွေ ရှင်းဖို့ မင်းကို လိုက်ရှာနေတာ ကြာပြီ၊ ငါ ဒလကိုတောင် ရောက်ခဲ့သေးတယ်'

'မဆီမဆိုင် မင်း လက်ချက်နဲ့ ဆုံးသွားတဲ့ ပွဲထောင်သမား အလောင်းတောင်မှ မနေ့ကမှ ရေထဲကပေါ်တယ်၊ အဲဒီလူကပဲ မင်း မြစ်မကွေ့ကိုပြန်သွားတဲ့အကြောင်း ပြောသွားတယ်'

'ဘာကွ....သေတဲ့လူက စကားပြောသလား'

'ဟကောင်ရ သေတဲ့လူတွေဖော်သွားတဲ့အမှုမြန်မာပြည်မှာ ဒုနဲ့ဒေး ရှိခဲ့ဖူးတယ်ကွ၊ အဲဒါ မင်းယုံသလား'





'ဖျော....ဖျော....ဖျော'

အလစ်တွင် ကံဇော်က သဲဖြင့်ကုန်း၍ ကောင်းထက်ဇော်၏မျက်လုံးထဲသို့ ပက်လိုက်သည်။

အငိုက်တွင် ခံလိုက်ရ၏။

'အား'

'အွှး....ဥှး....ဥှး'

စပ်လွန်းသဖြင့် ကောင်းထက်ဇော် အော်လေ၏။

'ဒုတ်'

'အင့်'

ကံဇော်သည် ကောင်းထက်ဇော်အား ဘယ်ပြန်ညာပြန် စိတ်ရှိတိုင်း လက်သီးဖြင့် ထိုးလေ၏။

မမြင်ရသဖြင့် မည်သို့မှ ပြန်၍မခုခံနိုင်ဘဲ ဖြစ်နေသည်။

သဲများ၏ ခိုးလိုးခုလုဖြစ်မှုကြောင့် မျက်ရည်များ ကျလာ၏။ မျက်ရည်နှင့်အတူ သဲများ ထွက်ကုန်သည်။

'ငါလာပြီကွ'

ဖြိုးကျော်အား လေထဲမှခုန်၍ ကောင်းထက်ဇော်ကို ထိုးနေသော ကံဇော်အား ကန်လိုက်၏။

ကံဇော်သည် ဘယ်ခြေရွှေ့၍ တစ်လှမ်းတိုးပြီး ရှောင်လိုက်သည်။

'ဝုန်း'

'အင့်'

'အား'

ဖြိုးကျော်သည် ကံဇော်ကို မကာန်မိဘဲ ကောင်းထက်ဇော်ကို ဆန့်မိပြီး နှစ်ယောက်သား ထပ်လျက်လဲကျသွားလေ၏။

'နှစ်ယောက်စလုံး သေပေတော့'

ကံဇော်သည် ဓားမြှောင်ကို ပခုံးအင်္ကျီအိတ်ထဲမှထုတ်၍ အပေါ်မှထပ်လျက် ဖြစ်နေသော ဖြိုးကျော်၏နောက်ကြောကို အားရှိသမျှထည့်၍ ထိုးချလိုက်သည်။

'ဖုန်း'

'အူး'

'ဝုန်း'

ကောင်းထက်ဇော်သည် ပက်လက်လန်ကျပြီး လဲကျနေရာမှ ဓားဖြင့်ထိုးရန် ကုန်းလာသော ကံဇော်၏ဝမ်းဗိုက်ကို ဆန့်လိုက်သည်။

ကံဇော် နောက်သို့ သုံးလေးလှမ်း ဆုတ်သွားသည်။





ဖြိုးကျော်က ကောင်းထက်ဇော်၏ အပေါ်မှ ထပ်နေရာ ကံဇော်သည် ကောင်းထက်ဇော်၏ ခြေထောက်ကိုမမြင်ပေ။ ထို့ကြောင့် ဤသို့ကန်လိုက်သည့် ကန်ချက်ကို မမြင်လိုက်သဖြင့် မရှောင်လိုက်နိုင်ပေ။

'ဖယ်စမ်းပါဦးဟ ဇိမ်ခံနေတယ်'

အပေါ်မှ ထပ်လျက် မဖယ်ဘဲ နေသော ဖြိုးကျော်ကို ကောင်းထက်ဇော်က တွန်းချ၏။

'အား....နာလိုက်တာ၊ ဖြည်းဖြည်းလုပ်ပါကွ'

အောက်သို့ လိမ့်ကျသွားသော ဖြိုးကျော်ကအော်၏။

'အစ်ကို....အစ်ကို'

သီဂီရွှေစင်က ယာခုမှ ကောင်းထက်ဇော်မှန်း သိသဖြင့် ကောင်းထက်ဇော်ကို နောက်ကျောဘက်မှ ပြေးဖက်လေ၏။

'ဟ....ဖက်မထားနဲ့၊ လွှတ်ပါဟ၊ နှစ်ယောက်စလုံး သေကုန်တော့မှာပဲ'

ကောင်းထက်ဇော်က ရှုန်း၏။

ရုန်းထွက်လို့မရ။ သီဂီရွှေစင်က ဇွတ်ဖက်ထားသည်။

'ဟား....ဟား....ဟား.... နင်တို့ လင်မယား သေကြပေတော့'

ကံဇော်သည် ဓားဖြင့်ထိုးရန် ပြေး၍ဝင်လာသည်။

သွားပြီ။

သေဖို့ပဲရှိတော့သည်။ ရှောင်၍လည်းမရ၊ နောက်ကျော ဘက်မှ ကောင်းထက်ဇော်၏ လက်နှစ်ဖက်ကိုပါ သိမ်းကြုံး ဖက်ထားသောရာ ဘယ်သို့မှ ရှောင်မရတော့ပေ။

သိဂီရွှေစင်သည် ဆေးကြောင်နေပြီ ဖြစ်သည်။

သူ ဘာမှမသိ။

ကောင်းထက်ဇော်ကိုပဲ သိသည်။

ကွဲကွာနေသော ကောင်းထက်ဇော်ကို မလွှတ်တမ်း ဖက်ထားသည်။

ဤကဲ့သို့ အချဉ်းအကျပ် ဖြစ်နေသည်ကို ဖိုးကျော် အားလုံး မြင်တွေ့နေရသည်။

သည့်ကိစ္စတွင် မိမိမပါလို့ကတော့ ဘယ်လိုမှ မဖြစ်တော့ မှန်းသိ၏။

ထို့ကြောင့် မြေကြီးပေါ်မှပင် လှိမ့်ပြီးပြေးဝင်လာသော ကံဇော်၏ခြေမှ တုံးသုံးလုံးခံလိုက်သည်။

ရှေ့လာကြီး၍ပြေးဝင်လာသော ကံဇော်သည် ဖိုးကျော် ကို ခလုတ်တိုက်ပြီး ဟန်ချက်ပျက်ကာ ရှေ့သို့ မှောက်လျှား ထိုးလဲကျလာလေ၏။

'ကျား'

'ဒုတ်'

'အင့်'





'ဝုန်း'

'အမေ့... သေပါပြီတော့'

ကောင်းထက်ဇော်သည် မလွှတ်တမ်း မိမိကို ဖက်ထား သော သိဂီရွှေစင်ကို အမြီးသဟဲပြုကာ ရှေ့သို့မှောက်လျှားထိုး လဲကျလာသော ကံဇော်၏မျက်နှာကို ခြေနှစ်ချောင်းဖြင့် စုံကန်လိုက်၏။

ပြေးဝင်လာသော ကံဇော်၏အရှိန်။

တွန်းထားသော သိဂီရွှေစင်၏ တွန်းအား။

ခုန်လိုက်သော ကောင်းထက်ဇော်၏ အင်အား။

ခွန်အားသုံးခုတို့ ပေါင်းစုမိလိုက်သောအခါ ကံဇော်မှာ မချိမဆံ့ ခံလိုက်ရလေ၏။

မြေပြင်ပေါ်သို့ ပက်လက်လန် လဲသွားသော သိဂီရွှေစင် မှာ သတိမေ့သွားလေ၏။

'ထိုးဟေ့... ထိုးကွ၊ ငါဖက်ထားမယ် ထိုးဟေ့'

ဖိုးကျော်သည် မြေပြင်ပေါ်မှ လူးလဲထပြီး နောက်သို့ လန်ကျလာသော ကံဇော်ကို နောက်မှဖက်ထားလေ၏။

ကံဇော်သည် လက်ထဲမှဓားဖြင့် ဖိုးကျော်၏ ပေါင်ကို နောက်ပြန် ထိုးချလိုက်သည်။

'ဒုတ်'

'အောင်မယ်လေး... တကယ်ထိုးတယ်ဗျ'

ဟု ဖိုးကျော်က ကုန်း၍အော်၏။

နှာလွန်း၍ အော်မိသော်လည်း ဖြိုးကျော်သည် ကံဇော်ကို ဖက်ထားရာမှ မလွှတ်ဘဲ တိုး၍သာ ဖက်တွယ်ထား၏။

'ဒုတ်'

'ဒုတ်'

'ဒုတ်'

ကံဇော်က ဓားဖြင့် ဖြိုးကျော်၏ပေါင်ကို အဆက်မပြတ် ထိုး၏။

ထိုးချင်သလောက် ထိုးတော့။

နေရာမှာပင် ပွဲချင်းပြီး သေလျှင် သေစေတော့ လုံးဝ မလွှတ်။

ဖြိုးကျော်သည် ကံဇော်ကို ဖက်ထားရာမှ လုံးဝမလွှတ်။ ဇွတ်တိုး၍သာ ဖက်ထားသည်။

ဤသို့ဖြစ်ပျက်သည်မှာ စက္ကန့်ဝက်မျှသာ ကြာသည်။ ထိုးချက်တာ မြန်လှ၏။

ကောင်းထက်ဇော်သည် လဲကျသ တိမ့်မှနေသော သင်္ဂြိုဟ်ရေ ... ရွေစင်ကို သတိမထားနိုင်၊ မိမိရှေ့မှ ပြဿနာကို ဖြေရှင်းနိုင်ဖို့သာ အရေးကြီးလှ၏။

'ကျား'

'ဒုတ်'

'ဖွး'





ကောင်းထက်ဇော်သည် လေထဲတွင် တစ်ပတ်လှည့်လိုက်ပြီး ညာခြေကို ကံဇော်၏ခေါင်းပေါ်မှ ကျော်လွှားလိုက်ပြီး ဘယ်ခြေဖနောင့်ဖြင့် ကံဇော်၏မျက်နှာကို မိမိရရ ဆန့်ယိုက်ဆည်။

ကံဇော်၏ ရွှေသွားများကျွတ်ပြီး လေထဲသို့ ပျံဝဲထွက်သွား၏။

ဖြိုးကျော်နှင့် ကံဇော်သည် ကောင်းထက်ဇော်၏ ကန်ချက်ကြောင့် နှစ်ယောက်စလုံး မြေပြင်ပေါ်သို့ တလိမ့်ခေါက်ကွေး လဲကျသွားသည်။

ကံဇော်၏လက်မှ ဓားလွင့်ကျသွား၏။

ဖြိုးကျော်သည် ကံဇော်လွှတ်ကျသွားသောဓားကိုကောက်ပြီး အချက်ပေါင်း မရေမတွက်နိုင်အောင် ကံဇော်၏ အသည်းနှလုံးနေရာသို့ ချိန်ရွယ်ကာ ထိုးသတ်လိုက်တော့သည်။

'ကိုင်းကွာ'

'စွပ်'

'ဒါက ငါ့မန်နေဂျာ မြတ်ထွန်းအတွက်'

'စွပ်'

'ဒါက စိမ်းလဲ့ပြာအတွက်'

'စွပ်'

'ဒါက ဆုဖြိုးဝေအတွက်'

'စွပ်'

'ဒါက ငါ့အတွက်ကွ'

'စုပ်'

• 'အင့်....အင့်....အ....အ....အ'

လူမိုက် လမ်းဆုံးသွားချေပြီ။

'တော်တော့ တော်တော့ ဖိုးကျော်'

ဆောင်းထက်ဇော်က အော်ဟစ်ပြီး ဓားဖြင့်ထိုးနေသော လက်ကို ဆွဲထားလိုက်သည်။

'လာ....လာ....ဆေးရုံကို မြန်မြန်သွားမှ၊ နို့မဟုတ်ရင် ခင်ဗျား သွေးလွန်ပြီး သေလိမ့်မယ်'

ဆောင်းထက်ဇော်သည် မိမိချုတ်ထားသော အင်္ကျီကို ဆောက်၍ဖြဲပြီး ဓားထိုးခံထားရသော ဖိုးကျော်၏ပေါင်ကို စည်းပေး၏။

အဝတ်ဖြင့် စည်းလိုက်သော်လည်း သွေးမှာပူနေသဖြင့် သွေးထွက်သန့်နေလေ၏။

'အင်း....ဟင်း ဟင်း၊ ကိုဆောင်းထက်ဇော်၊ ကိုဆောင်းထက်ဇော်'

သိင်္ဂီရွှေစင် သတိပြန်ရလာပြီ ဖြစ်သည်။

သတိရလျှင် ရချင်း ဆောင်းထက်ဇော်ကို တလေ၏။

ဆောင်းထက်ဇော်သည် သိင်္ဂီရွှေစင်ထံ ပြေး၍ ပွေ့ထူသည်။





'ဟာအေးခင်.... ငါက သေရမယ့်လူကွ၊ မင်း တော်တော်နှာပွတဲ့ အကောင်ပဲ'

ဟု ဖိုးကျော်က ရန်တွေ့၏။

'ခဏလေးပါဗျ၊ ထထ ရွှေစင်၊ ငါတို့ ဆေးရုံကို သွားကြမယ်'

'ဟို ဟို.... ကံဇော်ရော ဟင်'

'သေပြီ'

'ရှင်....'

'ဟကောင်.... အလွမ်းသယ်မနေနဲ့ကြနဲ့ကွ၊ ငါ့ကို ဆေးရုံ မြန်မြန်ပို့ဦး'

'ကိုဖိုးကျော်ကြီး ဘာဖြစ်သွားသလဲ'

'ဓားထိုးခံရလို့'

'ဟင်.... သေပြီလား၊ ထူသေရင် ကျန်ခဲ့တဲ့ တိုက်တွေ ပစ္စည်းတွေ ကိုဆောင်းထက်ဇော်တစ်ယောက်တည်းပိုင်မှာပေါ့နော်'

'အေးပေါ့၊ ဟုတ်တာပေါ့'

'ဟာ.... ဒါဖြင့် ပွတာပဲ၊ တို့ သူဌေးဖြစ်ပြီ'

သိင်္ဂီရွှေစင်သည် အားရပါးရထခုန်ပြီး ကလေ၏။

'ဟာ... နိမိတ်မရှိ နမာမရှိ ပါးစပ်ပုပ်ကြီးနဲ့၊ သောက်ဆောင်မ၊ သေပေတော့'

ဖြိုးကျော် လဲကျနေရာမှ အနာကို ဘာတီမေ့ပြီးအာနေ သော-
သိင်္ဂီရွှေစင်အားရိုက်ရန် ပြေးလာလေ၏။

ပေါင်က ခေါ်ဒဏ်ရာကြောင့် ထောက်၍မရ။

ရှေ့သို့ တပ်ထိုး လဲကျသွားသည်။

ကောင်းထက်ဇော်သည် လဲကျလာသော ဖြိုးကျော်ကို
ဆီးဖမ်းပြီး ပခုံးပေါ် သို့ ထမ်းလိုက်သည်။

'လာ လာ.... သိင်္ဂီရွှေစင်၊ ဒီကောင်ကြီးကို ဆေးရုံပို့ရ
အောင်'

ဟု ပြောကာ သိင်္ဂီရွှေစင်လက်ကိုဆွဲ၍ ဖြိုးကျော်အား
ထမ်းပြီး ဆေးရုံသို့ ပြေးထွက်ခဲ့သည်။

'ဒီအတိုင်းထားခဲ့ ပြီးရော၊ အလကားလူပင်ပန်းအောင်'
ဟု သိင်္ဂီရွှေစင်က ပြော၏။

'ဟာ.... ဒီဟာမနေ့တော့၊ ငါ သေတော့မှာပဲ'

'ဟိ ဟိ ဟိ....'

သိင်္ဂီရွှေစင်က ရယ်သည်။

ကောင်းထက်ဇော်သည် မကြိုက်မှန်းသိ၍ နေခက်ပြောင်
ကျီစယ်နေသော သိင်္ဂီရွှေစင်၏ ပခုံးကိုဖက်ကာ မှောင်ရိပ်ထဲ
သို့ တိုးဝင်၍ သွားခဲ့လေတော့သတည်း။

နှ၁း ဦးစို့။

မကျွေးညိုစိမ့်